www.burmeseclassic.com

မိုးယုရှား
စာပေတိုက်

# လမင်းမိုမို

ချစ်ကြိုး ခိုင်ခိုင်ချည်




www.burmeseclassic.com

www.burmeseclassic.com

**လမင်းမိုမို**

**ချစ်ကြိုးနိုင်နိုင်ချည်**

ပထမအကြိမ်၊ ၂၀၁၄ စက်တင်ဘာလ

**ဖြန့်ချိရေး**

မိဖုရားစာအုပ်တိုက်

ဖုန်း - ၀၉၅၀၀၁၉၈၃

**မျက်နှာဖုံး**

Lလင်း

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀ ကျပ်

ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်၊ အမှတ်(၅/ခ)၊ ဖေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ အမှတ်(၁၄၀)၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

လမင်းမိုမို ၈၉၅.၈၃

ချစ်ကြိုးနိုင်နိုင်ချည် လမင်းမိုမို၊ ရန်ကုန်။

တကောင်းစာအုပ်တိုက်၊ ၂၀၁၄

၂၈၈-စာ၊ ၅ x ၇ လက်မ။

ချစ်ကြိုးနိုင်နိုင်ချည်

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို



## ချစ်ကြိုးခိုင်ခိုင်ချည်

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ပွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## (၁)

"တိ ... တိ"

နှစ်ချက် ခပ်ကျယ်ကျယ် ဆင့်တီးလိုက်သော ဟွန်းသံကြောင့် ထီးကလေးကို ရှေ့ငိုက်ငိုက် ဆောင်းထားရာမှ အနည်းငယ်လေး မ,ပင့်ပြီး ခွေက အသံလာရာဆီ ငဲ့ကြည့်လိုက်မိပါသည်။

ချက်ချင်းပဲ ဒိတ်ခနဲ တုန်သွားသော ရင်နှင့်အတူ ခြေလှမ်းတွေပင် မှားမလိုဖြစ်ကာ ခလုတ်တိုက်တော့မလို တုံ့သွားရရင်း လျှောခနဲကျလာသော မှန်တစ်ဝက်အထက်က မျက်နှာတစ်ဝက်တစ်ပျက်ကို မျက်စောင်းလေး လှမ်းထိုးလိုက်မိပါသည်။ ချက်ခုံးနှင့် မျက်လုံးလောက်သာ မြင်ရရုံနှင့်ပင် ပြုံးတုံ့တုံ့ဖြစ်နေတဲ့မျက်နှာ ဆိုတာ သိသာအောင် သူ့မျက်လုံးတွေက ရွှန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေက နှုတ်ခမ်းလေး တင်းတင်းစေ့ကာ "ဘာလဲ" ဆိုတဲ့ပုံ မေးတစ်ချက်ဆတ် မေးလိုက်ပါသည်။ မျက်ခုံးနှစ်ခုတို့က စိတ်မရှည်သလို ညို့သွားကာ မှန်က အောက်အထိ ဆက်လျှောကျလာရင်း ဘာမထီက လက်ညှိုးလေးတစ်ချောင်း သူ့ဘက်သူ တဆတ်ဆတ်ကွေးလှုပ်ကာ လာခဲ့ဖို့ အချက်ပြ ခေါ်လေသည်။

ရွှေက ဟိုရှေ့နားက ဖယ်ရီဆီ တစ်ချက်လှမ်းကြည့်ကာ ဖယ်ရီကိုပါ သူသတိပြုမိအောင် ဖယ်ရီဘက်သို့ မေးတစ်ချက်ဆတ်ပြလိုက်ပြန်ပါသည်။ ဘာမထီက မျက်မှောင်ကြီးကုတ်သွားပြီး ခေါင်းကို ခပ်ကြမ်းကြမ်းယမ်းသည်။ ပြီးတော့ ခေါင်းတစ်ချက် ညိတ်ခေါ်သည်။ မရဘူး လာခဲ့ပေါ့။

ရွှေသည် ရင်လေး တဒိတ်ဒိတ်နှင့် ဘာလုပ်ရမယ်မသိ။ သူ့ကိုမြင်လျှင် ငယ်ငယ်က ကျောင်းတုန်းက ဆယ့်လေး ငါးနှစ်အရွယ်တုန်းက ရင်ခုန်ခဲ့တဲ့ ပုံစံမျိုးအတိုင်း အမြဲတစေ ရင်တွေက ပရမ်းပတာ ခုန်ပေါက်လာမြဲ ထုံးစံသည် နှစ်ပေါင်းများစွာကြာတဲ့အထိ မပျက်ယွင်းသေးပေ။

"တိ ... တိ"

ဘာမထီက ဟွန်းကို တမင်တကာ အသံရှည်ကြီးဆွဲပြီး တီးလိုက်ပြန်ရာ ရွှေသည် လူတွေသတိပြုမိမှာ ရှက်ရွံ့စိတ်နှင့် ဟိုဟိုဒီဒီ ကမန်းကတန်းကြည့်ကာ ခြေပဲဆောင့်မိတော့မလိုနှင့် သူ့ကားနား အပြေးကလေး ကပ်လာခဲ့ရပါတော့သည်။

"ဘာလဲ ... ဘာဖြစ်နေတာလဲ၊ ဘာကိစ္စရှိလို့လဲ"





"တော်သေးတာပေါ့၊ နှစ်ယောက်လုံး အဝေးကနေပဲ Sign language တွေနဲ့ပြရင်း မိုးချုပ်သွားမလားလို့၊ တကယ်ပဲ"

"ဖယ်ရီထွက်တော့မယ်၊ ဘာလဲ ... ပြော ... မြန်မြန်ပြော"

"ဖယ်ရီကို နင့်ရဲ့ Sign language နဲ့ သွားတော့လို့ လက်လှမ်းပြလိုက်၊ လာ ... ကားပေါ်တက်"

"ဘာလုပ်ဖို့လဲ"

"ဟာ ... ငါ့ကားနဲ့လိုက်ခဲ့၊ ဖယ်ရီနဲ့ မလိုက်နဲ့၊ ဒါပဲလေ၊ ကဲ ... နင်ကြာနေတာနဲ့ ဟိုမှာ ဖယ်ရီကလှမ်းကြည့်နေပြီ"

ဘာမထီ့ခေါင်းက ကားထဲက ထွက်လာကာ ဖယ်ရီဘက် လှမ်းမျှော်ကြည့်လေလျှင် ရွှေသည် သူ့ခေါင်း မိုးစိုမှာ စိုးရိမ်စိတ်နှင့် ထီးကို ကမန်းကတန်း သူ့ခေါင်းဘက်လုံအောင် တိုးရွှေ့မိုးပေးလိုက်ပါသည်။ ဘာမထီက ပါးစပ်နား လက်ဝါးနှစ်ဖက်နှင့်ကာကာ ...

"သွားတော့ဗျို့ မလိုက်ဘူး သွားတော့ ... သွားတော့"

"ဟဲ့ ... ဘာမထီ"

"ဘာလဲ၊ လာပါဆို ... ကားပေါ်တက်ပါဆိုမှဟာ နင်က ပြောရဆိုရ သိပ်ကျပ်တာပဲ၊ ဘယ်တော့မှ တစ်ခွန်းတည်းနဲ့ ပြောမရဘူး၊ ဒီတိုင်းသာ တစ်သက်လုံးဆိုရင် ငါတော့ လေကုန်အာပေါက်ရချည်ရဲ့၊ ကဲ ... တက်ပါ မမရဲ့၊ မိုးတွေရွာနေတာကို"

"ဖွဲဖွဲလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲဖွဲ ... သည်းသည်းလေ၊ နင် လက်လှမ်းပြလိုက် သွားတော့လို့၊ သူတို့က ငါလှမ်းအော်ပေမယ့် သေချာရဲ့လား အကဲခတ်နေတာ၊ ကဲ ... ကဲ ... မြန်မြန် အချိန်မရှိဘူး"

ဘာမထိက လက်ခုပ်နှစ်ဖက် တဖျပ်ဖျပ်တီးလျက် လော်ဆော်လိုက်လျှင် ရွှေသည် ကယောင်ကတမ်း ယောင်ယောင်မှားမှားနှင့်ပင် ထီးကို ပခုံးမှာညှပ်လိုက်ရင်း လက်တစ်ဖက်နှင့် သွားတော့ ... သွားတော့ဟု ဖယ်ရီဆီ လှမ်းလုပ်ပြလိုက်ရပါသည်။

"အမယ်လေး ... သူ့မှာ ခြင်းတစ်ဖက် ထီးတစ်ဖက် အိတ်တစ်ဖက် ဆိုင်းလဲန်းငွေ့ချိကတစ်ဖက် ရှုပ်ယှက်ကို ခတ်နေတာပဲ၊ ကဲ ... တက်တော့၊ ဟိုဘက်ကိုသွား"

ရွှေသည် စိတ်ရှုပ်သော သက်ပြင်းလေးလည်းချကတုန်ကယင်သော ရင်ကလေးလည်းဖို ဘာမထိုစကားကို ရှက်ကိုးရှက်ကန်းနှင့်ပင် မငြင်းနိုင်က ကားရဲ့တစ်ဖက်ကို ပတ်လျက်ဘာမထိ လှမ်းဖွင့်လိုက်သော ရှေ့ခန်းတံခါးမှ ဝင်ထိုင်လိုက်ရပါသည်။ ဘာမထိက ရွှေ့လက်ထဲကခြင်းကို လှမ်းယူကာ နောက်ခန်းခုံပေါ် လှမ်းတင်လိုက်သည်။ ထီးကို အဆစ်ချိုးပိတ်ကာ ခြေထောက်နား ချထားလိုက်ရင်း ...

"နင့်ကားတော့ ရေတွေစိုကုန်ပြီ"

"ကားကို ရေစိုတာ ဆန်းလို့လား"

"သြော် ... ကားအတွင်းထဲကို ပြောတာ"





"နင်တစ်ယောက်လုံး ကားပေါ်ပါလာမှတော့ ငါ့ကားအတွင်းထဲကို ရေစိုရုံမကလို့ ရေပဲလျှံလျှံ ရေပဲမြုပ်မြုပ် ဘာမှအရေးမကြီးတော့ဘူး၊ ကဲ ... ခါးပတ်ပတ်"

"ဟင် ... မပတ်ချင်ပါဘူး"

"သြော် ... ဒီမိန်းကလေးတော့၊ ပတ်ပါဆို၊ ငါပတ်ပေးလိုက်ရမလား"

"ဟင် ... မလုပ်ပါနဲ့"

ရွှေက ထိုင်ခုံခါးပတ်ကို ကမန်းကတန်း ပတ်လိုက်ပါသည်။ ကားမောင်းထွက်လာတဲ့တိုင်အောင် ရင်တဒိတ်ဒိတ်ကမငြိမ်နိုင်သေး။ အပျိုပေါက်လေးလည်း မဟုတ်တော့ပါဘဲနဲ့ ဒီအသက် ဒီအရွယ် ဒီရင့်ကျက်မှုနဲ့လည်း ဒီလူနဲ့တွေ့ရင်ဖြင့် ဒီရင်က ခုန်ပေါက်ဆဲပါပဲ။

တကယ်တော့ ဘာမထိနှင့် ရွှေ ပြန်ဆုံတွေ့ဖြစ်တာ သိပ်မကြာသေးပါ။ အဲဒီ မကြာလှတဲ့ အချိန်ကာလ လပိုင်းအတွင်းမှာ ဘာမထိဟာ ဟိုးအရင်ကလိုပဲ ရွှေရဲ့နှလုံးသားတို့ကို လှုပ်ရှားတုန်ခါ ပူနွေးစေအောင် စေစားဖန်တီးနိုင်ပြန်တာ။ ရွှေသည် လက်ချောင်းလေးတွေချင်း ဆုပ်ယှက်ရင်း ငြိမ်သက်စွာပါလာသည်။

"နင် ချမ်းနေတာလား၊ အဲကွန်း လျှော့ပေးရမလား"

"ဟင့်အင်း ... မချမ်းပါဘူး"

"ဒါဖြင့် လူက ဘာလို့ အတောင့်လိုက်လေး ဖြစ်နေရတာလဲ ... ခိ ခိ ခိ"



www.burmeseclassic.com

www.burmeseclassic.com



"နင်နော် ... ငါ့ဟာငါ ထိုင်နေတာကို သူက ရယ်စရာ ဖြစ်နေတယ်"

ဘာမထီက သူ့ခုံနံဘေးက မိန်းကလေးကို ရွှန်းရွှန်းစားစား လှည့်ကြည့်လိုက်ရင်း ...

"နင်ကလေ ခုချိန်ထိ စကားပြောတာဆိုတာ ကလေးကျနေတာပဲ၊ နင် ကျော်ဇော သိတယ် မဟုတ်လား"

"အင်း ... သိတယ်၊ ဟို ... ဝဝကောင်လေး"

"ကျော်ဇောတို့နဲ့ ငါနဲ့ဆို အမြဲငြင်းခုန်ရတယ်၊ နင်နဲ့ပတ်သက်ပြီး"

"ဟင် ... ဘာကိုလဲ"

"သူတို့က ပြောတယ်၊ နင်က ဒီပြူးတီပြူးကြောင် ဘုမသိဘမသိ ပေကလတ်ပုံစံကို တမင်ပဲလုပ်ပြီး ဖန်တီးယူထားတာတဲ့၊ ငါက မဟုတ်ဘူး အဲဒါ အစစ်လို့၊ ကျောင်းတုန်းကတည်းက ငြင်းလာခဲ့ကြတာ အခု ပြန်ဆုံကြတော့လည်း ငြင်းတုန်းပဲ၊ ကျော်ဇောက ပြောတယ်၊ နင်က အအပတုံးလေး မဟုတ်ဘူး၊ လောကကြီးအကြောင်း သိမြင်ရင့်ကျက်မှုရှိပြီးသားတဲ့၊ နင်မသိဘူး ထင်ရတာတွေ နင်အကုန်သိတယ်တဲ့၊ ယုန်ကလေးလို အပြစ်မသိတဲ့ အဖြူအစင်လေးတော့မဟုတ်ဘူးတဲ့လေ၊ နင် ဒေါသဖြစ်ရင်လည်း အရမ်းကြောက်ဖို့ ကောင်းတာတဲ့၊ ဒီကောင်နဲ့နင် ဒီကြားထဲမှာ ဆုံနေကြလို့လား"





မြွေက သက်ပြင်းတစ်ချက်ကို ချလိုက်မိပါသည်။

"သူပြောတာ ဟုတ်တာတွေလည်း ဟုတ်တာပဲ၊ ငါ အအပတုံးလေး မဟုတ်ပါဘူးနော်၊ လောကကြီးအကြောင်းလည်း ဒီအရွယ်ရောက်မှတော့ ငါ သိသင့်သလောက် သိပြီပေါ့ဟာ၊ ငါ အဖြူအစင်လေး ဟုတ်မဟုတ်တော့ ကိုယ့်ဘာသာလည်း ကိုယ်သိပ်မသိပါဘူး၊ ငါလည်း ပုထုဇဉ်လူသားတွေအားလုံးအတိုင်း မနာလိုတတ်တယ်၊ စိတ်ပုပ်တတ်တယ်၊ ဒေါသဖြစ်တတ်တယ်၊ အပြစ်ဆိုတာလည်း ... လူပဲ ဘယ်ကင်းနိုင်ပါ့မလဲ၊ ဒါပေမဲ့ ငါ့ရဲ့ဒီမျက်နှာပုံစံကတော့ သူ့ဟာသူ ဖြစ်နေတာလေ၊ ငါ ဟန်ဆောင်မထားပါဘူး"

"ငါ သိတာပေါ့ဟာ၊ နေပါဦး ဖြေဦးလေ၊ ကျော်ဇောနဲ့ နင်နဲ့က ဒီကြားထဲ ဆက်သွယ်ရင်းနှီးမှုရှိလား"

"ရင်းတော့ မရင်းနှီးဘူးလေ၊ ဒီလိုပဲ မကြာ မကြာလေးတော့ အမှတ်တမဲ့ တွေ့တတ်ပါတယ်၊ ဟိုးတစ်နှစ်က ငါ စတိုးဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ဖြစ်တဲ့ အချိန်တုန်းက ကျော်ဇောတို့က ဘေးနားမှာ ဘီယာဆိုင် ဖွင့်ထားတာလေ၊ ငါတို့အလုပ်ပြန်ချိန် ငါးနာရီ ခြောက်နာရီဆို သူတို့ဆိုင်မှာ ယောကျ်ားတွေက မူးစတောင် ပြုနေပြီ၊ တချို့မိန်းကလေးတွေ ဝမ်းရေးအတွက် အလုပ်ခွင်ကနေ အိမ်ပြန်မရောက်သေးခင် တချို့ယောကျ်ားလေးတွေ အားအားယားယားနဲ့ ဘီယာဆိုင်ထိုင် အပန်းဖြေနေကြပြီဟ ရယ်ရတယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆိုင်ရှေ့ကဖြတ်ရင် မူးနေတဲ့လူတွေက စတာ နောက်တာ ခံရတယ်လေ၊ တစ်ခါကျတော့ ငါသည်းမခံနိုင်တာနဲ့ အဲဒီလူတစ်ယောက်ကို လမ်းဘေးကအုတ်ခဲကျိုးနဲ့ ကောက်ပေါက်လိုက်တာ"

"ဟင် ... အုတ်ခဲနဲ့ ... ဟား ဟား၊ နင်ကလည်းဟာ ... ရွှေရာ"

"ဟုတ်တယ်လေ မိန်းကလေးတစ်ယောက်ကို နှမချင်း မစာမနာ စော်ကားမော်ကား ပြောတာကိုး၊ ငြိမ်ခံနေရင် နောင်လည်း ပြောနေတော့မှာပေါ့၊ မိန်းမသားတွေကို စော်ကားတဲ့ ယောက်ျားတွေဆို ငါ သိပ်မုန်းတယ် ဘာမထီ၊ အဲဒီတုန်းက ငါ ဒေါသကြီးတာကို ကျော်စော မြင်ဖူးသွားလို့ ပြောတာဖြစ်မှာပေါ့ ... အဟင်း"

ဘာမထီက ရွှေ့မျက်နှာကလေးကို ငုံ့ကြည့်လိုက်ပါသည်။ အလုပ်ပြန်ချိန်မို့ တစ်နေကုန် ပင်ပန်းထားတဲ့ ရွှေ့မျက်နှာကလေးဟာ အပြင်အဆင် အခြယ်အသလည်းမရှိ၊ ဆံပြန်ကာ ပကတိနဂိုနေ ပြောင်ရှင်းနေသည်။ နောက်ကို ဆွဲစည်းထားတဲ့ ဆံပင်တိုလေးတချို့က စည်းမမိကာ လွတ်တချို့ ဝဲတချို့ ကပိုကရို။ မျက်လုံးဝိုင်း နှုတ်ခမ်းထူလေးနှင့် ဘာမှန်းမသိ ချစ်ဖို့ကောင်းသော ရွှေ့မျက်နှာဝှာလေးကို ဟိုးငယ်ငယ်ကတည်းက ဘာမထီ ချစ်စနိုးရှိလှပါသည်။ ဆယ်တန်းတုန်းက ရည်းစားစာလေးတောင် စာအုပ်ကြားညှပ်ကာ ပေးဖူးခဲ့ပါရဲ့။ ဘာအဖြေမှ





မရခဲ့ခင် ဆယ်တန်းဖြေဆိုအပြီးမှာ သူတို့ မမျှော်လင့်ဘဲ ဝေးကွာသွားခဲ့တာ။

"နင့်အလုပ်က အဆင်ပြေရဲ့လား ရွှေ"

"ပြေတယ်လေ၊ မပင်ပန်းပါဘူး၊ ပြီးတော့ ဒီကုမ္ပဏီက ငါတို့ကျောင်းတုန်းက မိုးသော် နင်မှတ်မိလား၊ သူ့အဖေ ကုမ္ပဏီလေ၊ အလုပ်က ငါ့ဟာငါ ရတာ၊ မိုးသော်တောင် မသိပါဘူး၊ မိုးသော်ကလည်း ဒီရုံးမှာ မလုပ်ပါဘူး၊ တစ်ခါတလေ သူ ရုံးကို သူ့အဖေဆီလာရင်တောင် သူ နှုတ်ဆက်မှာစိုးလို့ သူဌေးရဲ့သားနဲ့ သိနေတယ် ဖြစ်မှာစိုးလို့ ငါ့မှာ ပုန်းပြီးကွယ်ပြီး နေရတယ်၊ သူ့အဖေကလည်း သဘောကောင်းတယ်၊ ငါက ဒီရုံးမှာ စာရင်းကိုင်အစ်မကြီးရဲ့လက်ထောက်လေ၊ ငါစာရင်းတွေ ဇယားတွေ လုပ်ပေးရတယ်၊ ဒါပါပဲ၊ မှားသွားရင် အဆူခံရတာကလွဲလို့ အဆင်မပြေတာ မရှိပါဘူးဟ"

ဘာမထီက ရွှေ့ကို ကြင်ကြင်နာနာ ပြုံးကြည့်ရင်း...

"နင် လခဘယ်လောက်ရလဲ၊ အဲ ... ငါမေးတာ ရိုင်းများရိုင်းလား"

"မရိုင်းပါဘူးဟာ မေးလို့ရပါတယ်၊ တစ်သိန်းရှစ်သောင်း၊ အဲဒါ နှစ်လပဲ ရှိသေးတယ်၊ အဲဒီအရင်က တစ်သိန်းခွဲပဲရတာလေ၊ အခု ငါ့ကို လစာတိုးပေးထားတာ နှစ်လရှိပြီ၊ နင်ကော လခဘယ်လောက်ရလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမထီက ခေါင်းတစ်ချက်ကုတ်ကာ တဟက်ဟက် ရယ်လိုက်ရင်း ...

"နင်က ငါ လခဘယ်လောက်ရလဲ မေးရအောင် ငါ ဘာအလုပ်လုပ်လဲ သိလို့လား"

"မသိဘူးလေ ... ပြောပြလေ"

"နင့်ကို ပြန်တွေ့တာ သုံးလပြည့်တော့မယ်၊ ခုထိ ငါဘာလုပ်လဲလည်း တစ်ခါမှ မမေးဘူး၊ နင့်ကြည့်ရတာ စိတ်မဝင်စားတဲ့ပုံနဲ့"

"မမေးတာက ဟိုလေ ... နင်က သူဌေးပုံ ပေါက်နေတယ်ဆိုတော့လေ၊ ငါက မေးရမှာ အားနာသလိုလို ရှိန်သလိုလိုဖြစ်နေလို့ပါ၊ စိတ်မဝင်စားလို့တော့ မဟုတ်ပါဘူး၊ စိတ်ဝင်စားတာပေါ့ သိချင်တာပေါ့၊ မေးရင်ကောင်းပါ့မလားလို့ပါ၊ ခုမှ နင်မေးလို့ စကားစရပြီး ငါလည်းမေးတာ"

"ဒေဝီက နင့်ကို မပြောပြဘူးလား ငါ့အကြောင်း"

"ဟင့်အင်း၊ ဒေဝီက ငါနဲ့ အမြဲမတွေ့ပါဘူး၊ တစ်ခါတလေမှ သူကလာတာ၊ သူ့ဆီလည်း ငါ မသွားချင်ပါဘူး၊ သူ့ပတ်ဝန်းကျင်က တစ်မျိုးပဲလေ၊ ဟိုးအရင် ငယ်ငယ်ကတည်းကလည်း သူနဲ့ငါက အမြဲတမ်း တည့်နေတာမျိုးမှ မဟုတ်တာ"

ရွှေ့မျက်နှာလေးက မှုန်တေတေ ဖြစ်လာရင်း ...





"သူက ... သူကတစ်မျိုးပါဟာ၊ တစ်ခါတစ်ခါကျ သူ့ကို ငါ သိပ်စိတ်ကုန်တာပဲ၊ အခုဆို သူက သူ့ကားလေးသူမောင်းပြီး ထည်ထည်ဝါဝါ အဆင့်မြင့်မြင့်နဲ့ ငါနဲ့စကားပြောရင်တောင် တစ်မျိုးပဲ၊ တစ်လတစ်ခါလောက်ပဲ အိမ်လာတာပါ၊ နောက်ဆုံးလာတုန်းကတော့မေးတယ်၊ ဘာမထီနဲ့တွေ့လားတဲ့၊ ငါက တွေ့တယ်လို့ ပြောလိုက်တော့ သူနဲ့လည်းတွေ့တယ်တဲ့၊ ကြည့်ကျက်နေနော်တဲ့၊ အဖေကဘာမထီ့ကို ကြည့်လို့ရတာ မဟုတ်ဘူးတဲ့"

"ဟင် ... နင့်အဖေက ငါ့ကို ဘာလို့ ကြည့်မရတာလဲ ရွှေရယ်"

"ဟိုလေ ... ဟိုးငယ်ငယ်က နင် ငါ့နောက်က လိုက်လာတာတို့၊ ငါတို့အိမ်ရှေ့က တမင်တကာ ဖြတ်တာတို့၊ ဟို ... အဲဒါမျိုးတွေလေ၊ အဲဒါကို ဒေဝီက အဖေ့ကိုတိုင်တော့ အဖေက ဒေါကန်တာပေါ့၊ ငါ့ကိုလည်း ဆူတာပေါ့၊ နင် ငါတို့လမ်းထဲဝင်လာတာနဲ့ အဖေအပြင်က ပြန်လာတာဆိုရင် နင့်ကို ဘုကြည့်ကြည့်တယ် မဟုတ်လား"

"အာ ... ဒါက နှစ်ပေါင်းကြာရှည် ပဝေသဏီကဟာတွေပဲ၊ အဲဒီတုန်းက အဲဒီတုန်းပေါ့၊ နင်ရော ငါတို့ရော ငယ်သေးတော့ နင့်အဖေက ဘယ်ကြိုက်ပါ့မလဲ၊ အခုက အခုလေ၊ ငါ့ကိုကြည့်မရစရာ ဘာရှိလို့လဲ၊ မှတ်မိချင်မှတောင် မှတ်မိမှာ"



www.burmeseclassic.com

www.burmeseclassic.com



“မသိဘူးလေ၊ ဒေဝီ ပြောတာကို ပြောပြတာ”

“နင်ကလည်း နင့်အဖေရဲ့သဘောထားကို ဒေဝီပြောမှပဲ နင်က သိရတာလား”

“ဟဲ့ ... သူ့ဦးလေးပဲလေ၊ သူတို့နှစ်ယောက်က ပိုတောင် စည်းလုံးသေး၊ အဖေကလည်း ဒေဝီလာရင် ပြုံးလို့ရွှင်လို့ သဘောတွေကျလို့၊ အရက်ပုလင်း အကောင်းစား ယူယူ လာတတ်တာကိုး၊ သူ့တူမကိုလည်း သူသိပ်အထင်ကြီးတာ၊ ငါ့ကိုလည်း အမြဲယှဉ်ပြောပြီး ဒေဝီက တော်တယ်လို့ပြော တယ်၊ အေးပါ ... သူ့တူမဒေဝီက တော်ပါတယ်လေ၊ ဟုတ်ပါတယ်”

နှုတ်ခမ်းလေး တမင်မဲ့ရွဲ့ကာ ပြောနေသော ရွှေ့ ပုံစံကို ရယ်ချင် အသည်းယားကာ ချစ်စနိုးနှင့် ဘာမထီက ရွှေ့ ခေါင်းကို တစ်ချက်တွန်းပစ်လိုက်သည်။

“ဟဲ့”

ယိုင်သွားသောခေါင်းကို ပြန်မတ်ရင်း ရွှေက ရယ် ဟဟနှင့် ဘာမထီ့ကို ထုရိုက်တော့မလို လက်ကလေးမြှောက်တက် လာပြီးမှ ငြိမ်နေလိုက်ပါသည်။ သူတွန်းလိုက်တဲ့ အရှိန်ကြောင့် မဟုတ်ဘဲ သူ့လက်နဲ့ လာထိလိုက်တဲ့အတွက် မူးမိုက်တောင်သွား ချင်ပါရဲ့။

“ဒါဆို နင့်အဖေကို ငါလည်း အရက်ပုလင်း အကောင်း စားတွေ လက်ဆောင်လာပေးဦးမှပဲ၊ ဒါမှ ငါ့ကိုပါ တော် တယ်ဖြစ်သွားအောင်”





“တူတူ ... တူတူ”

“ခဏနော်”

ရွှေက ဘာမထီ့ထံ လှည့်ခွင့်ပန်ရင်း သူ့ပိုက်ဆံအိတ် ထဲက ဖုန်းလေးကိုဖွင့်ကာ နားနားကပ်လိုက်ပါသည်။

“ဟဲလို ... အဖေ ... ဟုတ်”

“ရွှေ ပြန်လာနေပြီလား၊ ကားပေါ်မှာလား”

“ဟုတ်အဖေ ... ဟုတ်ကဲ့ လာနေပြီ”

“ဖြူဥလေး နေသိပ်မကောင်းဘူး၊ ကျောင်းအပြန် မိုးမိလာ ပြီး နှာတချေချေ ဖြစ်နေတယ်၊ ကိုယ်လည်း နွေးတယ်၊ ဆေးခန်းပြရမလား မသိဘူး၊ ဘယ်မှဝင်မနေနဲ့ မြန်မြန် ပြန်လာခဲ့”

“ဟုတ် အဖေ၊ ဘယ်မှမဝင်ပါဘူး၊ ရောက်တော့မှာပါ”

တစ်ဖက်က ဖုန်းချသွား၍ ရွှေလည်း ဖုန်းကိုပိတ် လိုက်လျှင် ဘာမထီက မျက်ခုံးတွေတွန့်ရှုံ့ ခေါင်းကို ဖွပစ်လိုက် ရင်း ...

“ဘာလို့ မဝင်ရမှာလဲ၊ မိုးအေးအေးနဲ့ နင့်ကိုခေါ်ပြီး ကိုရီးယားဆိုင်မှာ ရာမင်ဝင်စားမလို့ဟာ နင်ကလည်း”

“အာ ... မရတော့ဘူး ဘာမထီရဲ့၊ ဖြူဥ နေမကောင်း လို့တဲ့”

“ဘယ်သူလဲ ဖြူဥ ဆိုတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဥ ဆိုတာ ငါ့ညီမလေး ဆိုပါတော့၊ အမိုး မွေးစားထားခဲ့တဲ့ ကလေးလေးပါ ဘာမထီရယ်"

"ဟင် ... နင့်အမိုးက ကလေးမွေးစားသွားတယ် ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ဖြူဥက အခု ကိုးနှစ်ရှိပြီလေ၊ လေးတန်းတောင် တက်နေပြီ၊ သူ သုံးနှစ်လောက်ကတည်းက အမိုးက ဆုံးသွားတာ ဆိုတော့လေ၊ သူလေးက သနားဖို့ ကောင်းပါတယ်၊ သိပ်လိမ္မာတဲ့ ကလေးလေး"

"အေးဟာ ... နင့်အမိုး ဆုံးသွားတာ စိတ်မကောင်းဘူး၊ အမိုးက အရမ်းသဘောကောင်းပြီး ချစ်ဖို့ကောင်းတာ၊ ကလေးက နင်တို့အမျိုးထဲကပဲလား"

"အင်း ... အမျိုးမကင်းဘူးပေါ့ဟာ"

○ ☙ ○





(၂)

"ဘယ်သူလဲဗျ၊ ဒီတစ်ယောက်က"

ဦးမိုးမြင့်သူ မေးခွန်းကြောင့် ဘေးက ဦးခင်မောင်လတ်က တဟဲဟဲရယ်ကာ ဦးမိုးမြင့်သူကို လှည့်ကြည့်ရင်း ...

"ကိုမိုးမြင့်သူ ... ခင်ဗျား ဒီဆိုင်ကို မရောက်ဖူးဘူးထင်တယ်"

"ရောက်တော့ ရောက်ဖူးပါတယ်၊ တစ်ကြိမ်ပဲ၊ အဲဒီတုန်းကလည်း သူ့ကိုမတွေ့လို့ပါ"

"သူက အပိတ်လောက်ပဲဆိုတာ၊ ကြားအချိန်ထဲမှာဆိုရင် request တောင်းမှ ထွက်ဆိုတော့တာဗျ"

"တော်တော်အဆင့်ကောင်းတာပဲဗျ၊ လူကလည်း တော်တော်ကိုလှတာပဲ"

"ဟဲ ဟဲ ... အစ်ကို၊ ကိုစည်သူကြီး သိတယ်မဟုတ်လား"

"ဘယ်စည်သူလဲ၊ ကော်ဖီမစ်စ်လား ... သစ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်သူက ကိုဝဏ္ဏဦးဘက် ငဲ့ကြည့်၍ ပြန်မေးလိုက်ပါသည်။

"ကော်ဖီမစ်စ်လေ၊ အဲဒီ ကိုစည်သူကြီးတောင် ချဉ်းကပ်နေတယ် ကြားတယ် အစ်ကိုရ"

"အောင်မြင်သွားပြီလား"

"ဒါတော့ ခင်ဗျားနဲ့ခင်ရင် မေးကြည့်ပေါ့ဗျာ ... ဟားဟား၊ ဘာလဲ ခင်ဗျားရော စိတ်ဝင်စားနေတာလား"

ဦးမိုးမြင့်သူက ပြုံးလိုက်ရင်း ...

"သူက အပျိုလား"

"ဟား ဟား ... ဒါလည်း အစ်ကို့ဘာသာ မေးကြည့်ပေတော့၊ နောက်တာပါဗျာ၊ ပိုင်ရှင်ရှိတယ် မကြားဖူးပါဘူး၊ အိမ်ထောင်မရှိဖူးတာလည်း သေချာပါတယ်"

တစ်ဝိုင်းထဲ အတူထိုင် စားသောက်နေကြသူတွေရဲ့စကားတွေကို ဘာမထီက ခပ်ငြိမ့်ငြိမ့်ပဲ နားထောင်နေလိုက်ပါသည်။ မလှမ်းမကမ်း စင်နိမ့်နိမ့်ကလေးပေါ်မှ ဒေဝီရဲ့သီချင်းသံက ခပ်ငြိမ့်ငြိမ့်လေး ထွက်ပေါ်နေပါသည်။ ခုံကလေးပေါ်ထိုင်ရင်း ခပ်ငြိမ်ငြိမ်လေးပဲ သီဆိုနေတဲ့ ဒေဝီရဲ့အသံရော ဟန်ပန်ရောဟာ ဘာမှပြောစရာမရှိ။

ဘာလို့ ဒီလောက်ထိအောင် ပြောင်းလဲလှပလာပါလိမ့်လို့ပင် ဘာမထီက အံ့ဩနေပါသည်။ ဒေဝီ့ကို လွန်ခဲ့တဲ့လေးလလောက်ကပဲ ဒီဆိုင်မှာပဲ ဘာမထီ ပြန်လည်တွေ့ဆုံခဲ့ပါ





သည်။ တအံ့တဩ သွားနှုတ်ဆက်ခဲ့ရပါသည်။ မတွေ့ဖြစ်ကြတာကိုးနှစ်ကျော် ရှိသွားခဲ့သည့်အတွင်း အင်မတန် ချောမောလှပကာ "Let us"ဆိုတဲ့ ဝိုင်ဘားမှာ ကျော်ကြား လူကြိုက်များနေတဲ့ သီချင်းဆိုသူ တစ်ယောက်အဖြစ် ဒေဝီက အောင်မြင်နေလေသည်။

"မင်းသမီးတောင် ဖြစ်ရင်ဖြစ်သွားမှာနော် ... ခင်ဗျား"

"ဟုတ်လား ... ဘာလို့လဲ၊ ရုပ်ရှင်ရိုက်တော့မလို့လား"

"အဲလိုတော့ မဟုတ်ပါဘူး၊ ဟို ငုံဆေးကြော်ငြာကလေ သူ သီချင်းဆိုနေတာနဲ့ရိုက်ပြီး ကြော်ငြာသွားတာလေ၊ လွှင့်နေတာ လူကြိုက်များနေတာပဲ၊ ကြော်ငြာတွေတော့ ရိုက်ဦးမလိုလို ကြားတယ်"

"အသံက တော်တော်ကောင်းတာပဲ"

"လူလည်း တော်တော်လှပါတယ် ... ဟဲ ဟဲ ဟဲ"

"တော်တော်လေး သဘောကျနေရင်လည်း ပန်းကုံးလေး ဘာလေး သွားချီးမြှင့်လိုက်လေဗျာ"

"ပန်းကုံးတော့ သွားမစွပ်ချင်ပါဘူးဗျာ"

"ပန်းကုံးမစွပ်ချင်ရင် crown လေး စွပ်လည်းရတယ်၊ ကိုယ်တိုင် မတက်ချင်ရင်လည်း ကောင်လေးတစ်ယောက်ကို ချီးမြှင့်ခိုင်းလို့ ရပါတယ်"

"ဟိုချာတိတ်တွေကိုလား"

"ဒါပေါ့ ... ခေါ်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်သူတို့အုပ်စု ဒေဝီ့ကို ပန်းကုံးစွပ်ဖို့ ကရောင်းစွပ်ဖို့ လူခေါ်ကြ မေးကြ စီစဉ်ကြနှင့် စားပွဲနားမှာ ရုံးစုရုံးစုဖြစ်နေပါသည်။ ဘာမထီက သက်ပြင်းတစ်ချက် ချလိုက်မိသည်။ စီးပွားရေးသဘောအရ နီးစပ်ခင်မင်ဆက်ဆံဖြစ်နေပေမယ့် လူရင်းတော့လည်း မဟုတ်တဲ့ ဦးမိုးမြင့်သူဟာ လူလွတ်တစ်ယောက်တော့ မဟုတ်ပါ။

အင်းလေ ... ကိုယ်နဲ့မဆိုင်ပါဘူး။ ပန်းကုံးပဲ စွပ်ချင်တဲ့သူ စွပ်မှာပေါ့။ စားသုံးသူလူမျိုး တစ်ရာ့တစ်ပါးကို "လူပျိုများသာ ပန်းကုံးစွပ်ရန်"လို့ ကန့်သတ်ထားလို့ ရတာမှ မဟုတ်တာ။ ဒီစားပွဲဝိုင်းမှ တက်သွားသော ကရောင်းလေးတစ်ခုကို ဆိုင်ကဝန်ထမ်းလူငယ်က စင်ပေါ်တက်ပြီး ဒေဝီ့ဦးခေါင်းထက်၌ တပ်ဆင်ပေးလေရာ ဒေဝီက သီချင်းဆိုရင်းကပင် စားပွဲဘက်သို့လှမ်း၍ ခေါင်းကလေးညွှတ်သည်။

အဲဒီနောက်တော့ ဦးမိုးမြင့်သူ တောင်းလိုက်တဲ့ သီချင်းကို နောက်တစ်ပုဒ် ဆက်ကာဆိုနေပါသည်။

"ကိုဘာမထီ"

"ဗျ"

"တိတ်နေပါလား ဒီနေ့"

"မတိတ်ပါဘူးဗျ"

"ခင်ဗျားရဲ့ ဝိုင်ဘားလေးကတော့ တော်တော်အောင်မြင်တယ်ဗျာ၊ ကြည့်ပါဦး လူကိုပြည့်နေတာပဲ၊ ခင်ဗျားအိုင်ဒီယာ ကောင်းတယ်"





"ကျွန်တော့်အိုင်ဒီယာ မဟုတ်ပါဘူး၊ ကိုကျော်ကြီးအိုက်ဒီယာပါဗျာ၊ ကိုကျော်ကြီး လုပ်ချင်တယ်၊ လုပ်ဖြစ်မယ်၊ အတူရှယ်ယာပါမလား ဆိုလို့သာ ကျွန်တော်လည်း သူပြောတဲ့ငွေလောက်တော့ နိုင်တဲ့အတိုင်းအတာလေးထဲမို့ ငွေသာထည့်လိုက်တာ၊ အားလုံး ကိုကျော်ကြီးပဲ စီစဉ်ပြင်ဆင်တာပါ၊ ဒက်ကရေးရှင်းတွေ ဘာတွေ အားလုံး သူ့အိုက်ဒီယာပါပဲ။ ကျွန်တော်နဲ့ ကိုအက်ဒီက အားလုံးပြီးစီး၊ ဆိုင်ဖွင့်လည်းပတ် အောင်မြင်နေပြီးမှ လက်တင်လေး အမြတ်လာစောင့်ယူသလိုပါပဲ၊ ဖွင့်ပွဲတောင် ကျွန်တော် မရောက်လိုက်ပါဘူး၊ ကိုအက်ဒီကမှ ဖွင့်ပွဲပါ လာဖွင့်ပေးလိုက်နိုင်သေးတယ်"

"စင်ကာပူမှာ စီးပွားရေး သောင်းကျန်းနေတာပေါ့လေ"

"အာ ... အဲလိုမဟုတ်ပါဘူးဗျာ၊ စင်ကာပူက ကျွန်တော်နဲ့ ကိုအက်ဒီရဲ့ ထမင်းဆိုင်လေးကလည်း ကံလိုက်သွားလို့ အောင်မြင်သွားလို့သာပါဗျာ၊ ဒီလောက်ကြီး လုပ်ငန်းအကြီးကြီးတော့လည်း မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဘာမထီကတော့ ကြည့်လိုက်ရင် ကုပ်ကုပ် ကုပ်ကုပ်နဲ့၊ ဒီဆိုင်ရော ဟိုမှာရော သူ့ဆိုင်တွေက အရမ်းအောင်မြင်နေပြီ၊ ဒါကြောင့်သာ သူ ငွေပိုတာလေး လာထည့်ထားပါရစေဆိုပြီး ကျွန်တော်တို့ဆီ ရောက်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ... ကိုဝဏ္ဏကလည်းဗျာ၊ ဒီလို မဟုတ်ပါဘူး၊ ကျွန်တော်က စီးပွားရေးသမား အစ်ကိုကြီးတွေဆီက နည်းလေးနာလေး အတုခိုးချင်လို့ လာပေါင်းလို့ရအောင် လူရာဝင်ရုံလေး ငွေခြစ်ကုပ်စုပြီး လာကပ်ရတာပါ"

"အပိုတွေ ပြောမနေစမ်းပါနဲ့ ဘာမထီရာ၊ အသက်လေးကငယ်ငယ်လေးနဲ့ ဘယ်သူ့အတွက် ဒီလောက်ငွေရှာနေတာလဲ၊ ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ နာမည်က ထွက်လာ တက်လာတာ၊ သမီးရှင်တွေ မျက်လုံးတွေ ဘာတွေ ပြူးပျက်ထွက်ကုန်ပြီနော်၊ ရည်းစားရှိတယ်လည်း သတင်းမကြားတော့ ဟိုကဖိတ် ဒီကခေါ်တွေ့နဲ့ ကြားပါတယ် သတင်းတွေ"

"ဟာ ... ကိုဝဏ္ဏကလည်း၊ အဲလိုကြီးလည်း မဟုတ်ပါဘူး၊ သားက ငယ်ပါသေးတယ်ဗျာ ... ဟဲ ဟဲ"

"ဒီသားက ငယ်ပေမယ့် မလွယ်ဘူးနော်၊ သူ့ခြေလှမ်းပြန်ကြည့်ထားရမလိုပဲ၊ သွက်တယ် ... သွက်တယ်"

"ဘာမထိ"

သူတို့စကားနှင့် သူတို့အာရုံနှင့် ရယ်ကာမောကာလေဆက်အရှိန်ရနေဆဲ နောက်နားက ခေါ်သံကြောင့် စကားသံတွေ ပြတ်တိတ်ကာ အားလုံး လှည့်ကြည့်လိုက်ကြသည်။ သူတို့ဝိုင်းနား ဒေဝီ လာရပ်တာထက် ဘာမထီ့နာမည် ခေါ်လိုက်တာကို အံ့အားတသင့် ဖြစ်နေကြပါသည်။

ဘာမထီက လက်ဝါးနှစ်ဖက်ပွတ်ကာ ပြုံးရင်း ...





ငှ"အေး ... နင် အသံတော်တော်ကောင်းတာပဲ ဒေဝီ"

ဒေဝီက လှလှလေး ပြုံးလိုက်ရင်း ...

"မိတ်ဆက်ပေးပါဦး ဘာမထီ၊ ဒေဝီ့ကို အားပေးတဲ့ ချီးမြှင့်တဲ့ အစ်ကိုတွေနဲ့"

"အား ... ဟုတ်သားပဲ၊ ဒါက ကိုဝဏ္ဏဦးတဲ့၊ ဒါက ဦးခင်မောင်လတ်၊ အဲ ... ကိုခင်မောင်လတ်ပါနော ... အစ်ကို၊ ဆောရီး ဆောရီး၊ ဒါက ကိုမြတ်လင်းတဲ့၊ ဒါကကိုမိုးမြင့်သူ၊ စီးပွားရေးလုပ်ငန်းရှင် အသီးသီးပါပဲ၊ နင့်အသံကို တော်တော်ချီးကျူးနေကြတာ၊ တကယ်လည်း ကောင်းတာပဲ ဒေဝီ"

"ဒီလောက် ခင်မင်ရင်းနှီးရက်နဲ့ ခုနက မသိသလို တိတ်နေသေးတယ် မှင်နဲ့ ဘာနဲ့၊ ဒေဝီနဲ့ ခင်ပါတယ်လို့ တစ်လုံးမှ မပြောဘူးလေ"

"တကယ့် အသံရော လူရော ဘာမှ ပြောစရာမရှိတဲ့ စတားကိုမှ ကိုယ့်ဆိုင်မှာ ရအောင်ဆွဲခေါ်ထားလိုက်တာပေါ့၊ ဟုတ်လား ဘာမထီ၊ အပိုင်ချုပ်ထားလိုက်တာပေါ့"

"အာ ... ဟာ ... အဲလို မဟုတ်ပါဘူးဗျာ ကိုဝဏ္ဏရာ"

ဒေဝီက မျက်ခုံးလေးပင့်တက်သွားရင်း ...

"ဟင် ... ဒါ နင့်ဆိုင် ... ဟုတ်လား၊ ပိုင်ရှင်က ဦးကျော်မင်းသူ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒီလိုပါ ... ကျွန်တော်နဲ့ ဒေဝီက High school တုန်းက သူငယ်ချင်းတွေပါဗျာ၊ ဆယ်တန်းပြီးတော့ ကွဲသွားကြတာ ကိုးနှစ် ဆယ်နှစ် ရှိပါပြီ၊ ကိုကျော်ကြီးက ဒီမှာ ဆိုင်ကိစ္စ သူပဲဦးစီးရင်း ဖျော်ဖြေရေးအတွက် အဆိုတော်ရွေးတာ ဂစ်တာသမားရွေးတာ အားလုံး သူ့ဟာသူပဲ စီမံခန့်ခွဲ လုပ်ကိုင်ထားတာ၊ ကျွန်တော်က အသေးစိတ်မသိဘူးဗျ၊ ဟိုးတလောကမှ ဆိုင်ကိုလာရင်း ဒေဝီ သီချင်းဆိုနေတာ သိတာ၊ သူနဲ့တွေ့ပေမယ့် သူ့ကိုတောင် ဆိုင်ထဲ ရှယ်ယာပါတယ် ဘာညာမပြောဖြစ်တာပါ ...

ငါက ပိုင်ရှင်ကြီး မဟုတ်ပါဘူးဟ ဒေဝီရ၊ နင်ပြောတဲ့ ဦးကျော်မင်းသူပါပဲ၊ ငါက ရှယ်ယာလေးနည်းနည်းတင် ထည့်ထားတာပါ"

"ဒီကောင်က လျှို့ထားတာဖြစ်မယ် ညီမ၊ လျှို့တတ်တယ် ဒီကောင်လေးက၊ နောင်ဆို သီချင်တာ သေချာကုပ်နှိပ်ပြီး သာမေး ... ဟား ဟား"

အဲဒီနောက် ဘာမထီတို့ဝိုင်းက တစ်ဖွဲ့လုံးနှင့် ဒေဝီတို့ အချင်းချင်း မေးတာ မြန်းတာ စူးစမ်းတာ မိတ်ဖွဲ့တာ နောက်ပြောင်တာတွေက အတန်ကြာကြာတိုင်အောင်ပင်။ ဒေဝီဆိုတာလည်း ခေသူမဟုတ်ဆိုတာ ပြန်တွေ့ကြတဲ့ အကြိမ်အနည်းငယ်မျှနှင့် ဘာမထီ အကဲခတ်နိုင်ပြီးပါပြီ။ ဘယ်လိုလူမျိုးတွေကို ဘယ်လိုဆက်ဆံရမည်ဆိုတာ ပါးနပ်ကျွမ်းကျင်အဆင့် ရှိပါသည်။





ဒီလူစုထဲမှာတော့ ကိုဝဏ္ဏနှင့် ဘာမထီက လွဲရင် ကျန်တာတွေက အိမ်ထောင်သည်တွေပါ။ ကိုဝဏ္ဏပင်လျှင် စေ့စပ်ထားတဲ့ ချစ်သူရှိပြီးသား။ မကြာခင် မင်္ဂလာပွဲဆင်နွှဲရန် စီစဉ်လျာထားပြီးသားပါ။ သို့ပေမဲ့ ဒီလိုနေရာမျိုးမှာ ပါးနပ်သောအထာတစ်ခုသာ လိုအပ်တာ။ အိမ်ထောင်သည်တို့ကလည်း အိမ်ထောင်သည်တို့၏ သိက္ခာအထာနှင့် ဝမ်းထဲက စိတ်ထဲက ကျိတ်ပြီးတော့သာ ဒေဝီ့အလှကို ခံစားတာမျိုး ဖြစ်သည်။

ဒေဝီသည်လည်း ဒီအသက်အရွယ် အမျိုးသားတွေ သူ့ကို ဘယ်လိုတဟဲဟဲလုပ်လုပ် ဘယ်လိုမျက်လုံးနဲ့ကြည့်ကြည့်။ ဒီလိုကြည့်တိုင်း ဟဲတိုင်း ကိုယ့်ကိုကျနေမယ့် လူပျိုလူလွတ်ထင်နေရလောက်အောင် အရိုးခံ အ,အလေး မဟုတ်ပေ။ သူ့အထာလေးနဲ့သူ တရင်းတနှီးနေလို့ရသလောက် ဘောင်ထဲက တရင်းတနှီးပေါ့။

ဘာမထီက ထိုလူစုနှင့် ဒေဝီ့ အပြောအဆို အရယ်အမောတို့ကို ဘေးက ပွဲကြည့်ပရိသတ် လုပ်နေလိုက်ပါသည်။ ဒေဝီ့ကိုလည်း ပညာလေး အထာလေးတွေ မဆိုးဘူးလို့ အမှတ်ပေးနေမိပါသည်။ အတွေ့အကြုံလည်း မနည်းလောက်ဘူးလို့ မှတ်ချက်ချနေမိပါသည်။ အတန်ကြာတော့ ဒေဝီ့လက်ထဲ ထိုလူတစ်စု၏ ဗစ်ဇစ်တင်းကတ်လေးခုလည်း ဆုပ်ကိုင်မိပြီ။ ထိုသူတွေအဖို့တော့ ဒေဝီဟာ ဒီဆိုင်မှာ သီချင်းဆိုတာ သိပြီးတဲ့နောက် အဆက်အသွယ်ရဖို့ရာ မခက်။ ဒီတော့ နှုတ်ဆက်ကြ ပြန်ကြဖို့ပြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမထီ မပြန်သေးဘူးလား"

"ကျွန်တော် မပြန်သေးဘူးဗျ၊ ကိုကျော်ကြီးက ဒီနေ့ မိုးချုပ်မှရောက်မယ် ပြောထားလို့ ကျွန်တော် ခဏစောင့်ဦးမယ်၊ တွေ့ဖို့ ချိန်းထားလို့ပါ"

"ဒီလိုလား၊ ဒီလိုဆိုလည်း ကျန်ခဲ့ပါကွာ၊ ဒါဆို ကိုယ်တို့ ပြန်မယ်၊ ဒေဝီ ကိုယ်တို့ပြန်ဦးမယ်"

"ဟုတ်ကဲ့ရှင်၊ နောက်လည်း သီချင်းလာနားထောင်ပါနော်"

"စိတ်ချပါဗျာ၊ ရောက်လာဦးမှာပါ"

ကိုဝဏ္ဏဦးက ဘာမထီ့ ပခုံးကို ဖျတ်ခနဲရိုက်ကာ အဓိပ္ပာယ်တစ်ခုနှင့် ကျီစယ်သလို ကြည့်ပြီးနောက် သူတို့လူစု ထွက်ခွာသွားကြပါသည်။ ဒေဝီနဲ့ ရင်းနှီးခင်မင်မှုကို အရှိထက် လည်း ပိုမိုတွက်ရင် တွက်ကြပေလိမ့်မည်။ ရှင်းပြနေဖို့လည်း သိပ်မလိုပါပေ။

ဒေဝီက ဘာမထီ တစ်ယောက်တည်း ကျန်ရစ်သော စားပွဲက နေရာလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ဒီဆိုင်မှာ တော့ ဒေဝီက အထူးအခွင့်အရေး ရပုံရှိတဲ့ အဆိုတော် ဖြစ်ပုံရ သည်။ သူ့ကို လူကြိုက်များလှတာ၊ သူ့ကြောင့် လာတဲ့ပရိသတ် ဧည့်သည် မနည်းတာလည်း ကိုကျော်ကြီးထံမှ ဘာမထီ သိထား ပါသည်။

"နင်က နင်လည်း ရှယ်ယာပါတဲ့ဆိုင် ဆိုတာတောင် ငါ့ ကိုမပြောဘူး"





"စကားမှ မစပ်တာဟာ၊ အလကားနေ ပြောနေဖို့လည်း လိုမှမလိုအပ်တာ"

"ဟယ် ... ငါ ဒီမှာဆိုနေတာ မြင်တာနဲ့ ပြောဖို့က စကား စပ်နေပါပြီနော်"

"ကြုံတော့လည်း ပြောပြမလို့ပါဟာ"

"နင်က စင်ကာပူမှာ စားသောက်ဆိုင် ဖွင့်ထားတာဆိုတာ တောင် ပြောသေးတာပဲ"

"ဒါက စတွေ့တွေ့ချင်းတုန်းက နင် အခု ဘာလုပ်နေလဲလို့ နင်က မေးတာကိုး၊ ဒါကြောင့် ငါစလုပ်တဲ့ အလုပ်လေး ပြောပြတာ၊ အဲဒီဆိုင်ကတော့ ငါက ဟိုမှာကျောင်းတက် နေတဲ့အချိန်ကတည်းက ကိုအက်ဒီ ဆိုတဲ့ အစ်ကိုကြီးက ဦးစီးပေးပြီး ငါပါလုပ်နေတာ၊ ဒါကြောင့် အဲဒါကတော့ ပြောဖြစ်တာပေါ့ဟာ"

"ငါ့ကို နင့်ဗစ်ဇင်းတင်းကတ်လေး ကွန်တက်နံပါတ်လေး ပေးထားဦးလေ"

"အား ... ငါ့ကတ် ပါမလာဘူးဟာ၊ နင့်ကတ်ရှိရင်ပေးလိုက်၊ ငါ လှမ်းပြီး Miss call ပေးလိုက်မယ်"

"အင်းပါ ငါ့ကတ်ပေးလိုက်မယ်၊ တကယ်လည်းဆက်ဦး"

"အေးပါ"

"တခြားရော ဘာစီးပွားရေးတွေ လုပ်နေသေးလဲ သူဌေး ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဘာမှသူ့ဌေးမဟုတ်သေးပါဘူးဟာ"

"နင် ရွှေတဆုပ်နဲ့ရော တွေ့ဖြစ်သေးလား"

"အင်း ... တစ်ခါတစ်ရံ တွေ့ပါတယ်"

"ဘယ်မှာတွေ့တာလဲ၊ အိမ်မှာလား အပြင်မှာလား"

"တစ်ခါတလေ သူတို့ရုံးဘက်ရောက်တာနဲ့ ရုံးဆင်းချိန်ကြုံရင်တွေ့တာမျိုးပါ၊ အဲဒီဘက်မှာ ငါ့သူငယ်ချင်း တစ်ယောက်ရုံးလည်းရှိလို့ ရောက်တတ်တယ်"

"အမယ် ... တမင်သွားတွေ့ရင်လည်း တွေ့တယ်ပေါ့ဟယ်၊ သတိတော့ထားဦးနော်၊ နင့်ရွှေက ဂေါက်ကြောင်မ"

"ဟင် ... ဘာလို့ ဂေါက်ကြောင်မလဲ"

"အင်း ... မပြောချင်ပါဘူးဟာ၊ ဒီလိုပဲပေါ့၊ သူ့အကြောင်းကို နင်သိတဲ့ အပေါ်ယံထက် ပိုသိချင်တာ ရှိလာရင်တော့ ငါ့ကိုမေးပေါ့၊ ငါတို့ မတွေ့ကြတာ ကိုးနှစ်ကျော် မဟုတ်လား၊ ကိုးနှစ်ကျော် ဆယ်နှစ်ဆိုတဲ့ အချိန်ဟာ လူတစ်ယောက်ကို အများကြီး ပြောင်းလဲစေနိုင်တာလေ"

ဘာမထီက ဒေဝီ့ကို ပြုံး၍ကြည့်ကာ အသာအယာ ခေါင်းညိတ်ပြလိုက်ပါသည်။

○ ❀ ○





(၃)

"ရွှေ"

"ရှင် ... အဖေ"

ရွှေက မီးပူတိုက်စရာ အဝတ်ပုံကြီးထဲ ချွေးဒီးဒီးကျ ခေါင်းနစ်နေရာမှ ထူးလိုက်ပါသည်။

"လာဦး"

မီးပူကိုထောင် ခလုတ်ပိတ်ကာ ရွှေက ရှုပုပ်ပုပ်နှင့် ဆိုင်ရာက ထ,လိုက်ပါသည်။ ပိတ်ရက်မှာမှ လျှော်စရာရှိတဲ့ အဝတ်ပုံကြီးစုလျှော်၊ မီးပူတိုက်စရာရှိတဲ့ အဝတ်ပုံကြီးစုတိုက်၊ အိမ်ရှင်း လှည်းကျင်း စသဖြင့် အိမ်မှုကိစ္စတွေကို တရစပ် မရပ်မနား လုပ်ရပါသည်။ ဒီကြားထဲ အဖေ တောက်တိုမယ်ရခိုင်း သမျှတွေကိုလည်း လျှာထွက်မတတ် လုပ်ရသေးသည်။

နေ့စဉ်နဲ့အမျှ ဖွဖွထားတဲ့ အဖေ့စာအုပ်စင် စာအုပ်ပုံတို့ဟာ ရှင်းလင်းလို့ကိုမပြီး။ ရှေးပဝေသဏီက ဂျာနယ်ဟောင်းတွေထဲက ဘယ်ဆောင်းပါး ပြန်ရှာပေးဦး ဆိုတာက တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့စာမူစာရွက်တွေကို စာမျက်နှာတပ်ပေးရတာ။ ကွန်ပျူတာရိုက်ပြီးသော စာမူကြမ်းကို အမှားပြင် ပရုဖ်ဖတ်ပေးရတာ။ နောက် ... ပြောပြလို့ ခေါင်းစဉ်တပ်လို့မရတဲ့ အလုပ်တွေ။

ဒီနေ့ မီမီတို့က ဂျန်ရှင်းစကွဲသွားမည် ချိန်းတာကို လိုက်သွားချင်လှသော်လည်း လျှော်စရာအဝတ်ပုံကြီးနှင့် မီးပူတိုက်ဖို့ အဝတ်ပုံကြီးကို မျက်စောင်းထိုးကာ လိုက်မသွားဖြစ်ပဲ ကိုယ့်အသိနှင့်ကိုယ် ကျန်ရစ်ခဲ့ရကတည်းက စိတ်ကတယ်မကြည်။

"အဖေ ... ဘာလဲ"

ရုပ်က မှုန်တေတေ ဖြစ်နေလိမ့်မည်။

"ညည်းက ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ မီးပူတိုက်နေတာ"

"ငါ့မီးခြစ် ဘယ်မတုံး"

အဖေ ဘယ်နားချထားခဲ့လဲ အဲဒီမှာ ရှိမှာပေါ့လို့ ဖြေလိုက်ချင်ပေမယ့် မဖြေရဲတဲ့အတွက် အဖေ့စာရေးစားပွဲတစ်ဝိုက်က အရုပ်တော်ပုံတွေကြား ရှာဖွေရန်ပြင်ရင်း ...

"ဩော် ... ကြည့်၊ အဖေကလည်း ဒီမှာလေ"

"ဘယ်မှာလဲ"

"အဖေ့ရှေ့မှာ၊ ဟိုအင်္ဂလိပ်စာအုပ်ကြီးနဲ့ ပိနေတယ်၊ အစွန်းလေးထွက်နေတယ်၊ တစ်ခုခုမရှာခိုင်းခင် ရှေ့နားတစ်ဝိုက်က ပစ္စည်းလေးတွေတော့ လှန်လှော မကြည့်ဦးမှပေါ့ အဖေရယ်"





အဖေက မီးခြစ်ကိုလှမ်းယူ စာကြည့်မျက်မှန်ကို နှုးပေါ်ပင့်တင်ကာ ဆေးပေါ့လိပ်တိုကို မီးညှိရှိုက်ဖွာလိုက်တာမို့ နှာက လှည့်ထွက်သည်။

"ဟဲ့ ... ရွှေ"

"ဘာလဲ အဖေရ"

"စိတ်ကိုဆွဲဆန့်ထားစမ်း၊ ဒီကောင်မလေး ဘာတစ်ခုကိုမှ ဘယ်တော့မှ စိတ်မရှည်ဘူး"

အဖေ့သမီးပဲဟာလို့ စိတ်ထဲက ကျိတ်ကာစောဒကတက်လိုက်ပါသည်။

"သွား ... ငါ့ကို ငါးတန်ခြောက်လေး မီးဖုတ်ပေးစမ်း ရွှေ"

"ဟင် ... အဖေကလည်း၊ ကြက်သားဟင်း ချက်ထားတာကို"

"ဘာဟင်းချက်ချက်လေ၊ ထမင်းနဲ့စားဖို့မှ မဟုတ်တာ၊ ကဲ ... ကဲ ... အထွန့်တွေ တက်မနေနဲ့ မြန်မြန်သွားဖုတ်၊ မောင်ရန်နိုင် လာမယ်၊ သူ့ အရက်ဝယ်လာမယ် ပြောတယ်၊ မြည်းရအောင်လို့၊ နောက် ဘာရှိလဲ၊ အသုပ်လေး အကြော်အလှော်လေး ရှိတာထပ်လုပ်ပေးဦး"

"ဟာ ... အဖေကလည်း၊ သူလာရင် အဖေတို့ အပြင်သွားသောက်ကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်ဆိုသည်မှာ အဖေရဲ့ထုတ်ဝေသူ ပတ်ဘလစ်ရှာ ဖြစ်ပါသည်။

"ရွှေ ... ညည်း ဘာသိလို့တုန်း၊ တစ်ခါတလေ အပြင်ဆိုင်မှာ သွားသောက်တာ အေးအေးဆေးဆေး မရှိဘူး၊ စကားကောင်းကောင်း ပြောမရဘူး၊ အိမ်မှာက ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေးရှိတယ်၊ သူကိုက အိမ်မှာအေးအေးဆေးဆေး သောက်ချင်တာလေ"

"ဒါဆို သူ့အိမ်သွားသောက်ပေါ့"

"ရွှေတဆုပ် ... ငါစိတ်တိုလာတော့မယ်၊ သူ့အိမ်မှာက သူ့မိဘ ညီအစ်ကိုမောင်နှမတွေနဲ့ လွတ်လပ်ပါ့မလား၊ သွားသောက်လို့ ရမလား"

"ဒီအိမ်တောင် လာသောက်လို့ ရသေးတာပဲ၊ ဒီမှာလည်း အဖေ့သမီးတွေ မြေးတွေ ရှိတာပဲဟာ၊ တကယ်ပဲ၊ အိမ်လာ အရက်သောက်တာ မကြိုက်ပါဘူး"

"ခြံထဲ ပလတ်စတစ်ခုံလေး စားပွဲဝိုင်းလေး ချထားပေးဦး"

ရွှေက ဘောက်ဆတ်ဆတ်နှင့် မီးဖိုဘက် လှည့်ဝင်လာပါသည်။ အရက်လာသောက်တာလည်း မကြိုက်။ ကိုယ်အလုပ်ရှုပ်ရ ပြင်ဆင်ပေးရ သိမ်းရဆည်းရတာလည်းမကြိုက်။ ရီတီတီလေး ဖြစ်လာရင် ရီဝေဝေ မျက်လုံးတို့နှင့် လူကိုတစ္ဆန်းစားစား ကြည့်တာကိုလည်း မကြိုက်။ ပါးစပ်က ပွစိပွစိရေရွတ်ကာ အိမ်တွင်းဘက် ဝင်လာသော ရွှေသည် ဖြူဥရဲ့ အရုပ်တစ်ခု





ကို ခလုတ်တိုက်မိကာ ဟပ်ထိုးဖြစ်သွားလျှင် ဒေါသက ပိုထွက်လာပါသည်။

"ဖြူဥ ... ဟဲ့ ... ဖြူဥ"

"ရှင် ... တီတီ"

"ရှင်မနေနဲ့ အခုလာ၊ နင့်အရုပ်တွေကို ဆော့ပြီးရင် ဆော့တဲ့နေရာ ပစ်ချထားခဲ့တာ ဘာအကျင့်လဲ ... ဟင်၊ ပြန်သိမ်းလို့ ပြောထားတယ် မှလား၊ စည်းကမ်းကို တစ်စက်မှ မရှိဘူး၊ ဒီဟာကိုင် ဟိုနေရာချ၊ ဟိုဟာကိုင် ဒီနေရာချ၊ အခုလာသိမ်းစမ်း၊ ညှော်သည်လာမှာ"

ကျောင်းပိတ်ရက်မို့ ကာတွန်းခွေ ထိုင်ကြည့်နေပုံရသော ဖြူဥက ဧည့်ခန်းကွေ့လေးထဲမှ ထွက်လာရင်း ...

"သမီး ခဏနေ ပြန်ဆော့ဦးမှာ"

"မဆော့နဲ့တော့၊ ခဏနေ ထမင်းစားပြီးရင် စာလေးဘာလေးကျက်ဦး၊ ကျောင်းပိတ်ရက်ဆို စာလေးဘာလေးကျက်မယ် စိတ်မကူးဘူး၊ တစ်နေကုန် အရုပ်ဆော့လိုက်၊ ဂိမ်းဆော့လိုက်၊ တီဗီကြည့်လိုက်၊ ဖွလိုက်၊ မုန့်စားလိုက်"

ဖြူဥက စူကောက်ကောက်နှင့် သူ့အရုပ်ကို ကောက်သိမ်းပါသည်။ ပါးစပ်ကလည်း ရွှေတဆုပ် အတုခိုးကာ ပွစိ ပွစိ။

"ဟဲ့ ... နင် ဘာတွေ ပတွတ် ပတွတ် လုပ်နေတာလဲ"

"တီတီရွှေ့ကို မချစ်တော့ဘူးလို့"

"အမယ်လေး ... ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တီတီဒေဝီကိုပဲ ချစ်တော့မယ်"

"ချစ် ... သွားချစ်၊ သိပ်ချစ်ရင်လည်း သူနဲ့ပဲ သွားနေတော့"

"ဟဲ့ ... ရွှေ၊ ကလေးကို ဘာတွေမဲနေပြန်ပြီလဲ၊ ဆူညံနေတာပဲ၊ နားကိုငြီးနေတာပဲကွာ၊ ညည်း နေ့တိုင်း ရုံးဖွင့်မှကောင်းမယ်"

ရွှေက ရှုပ်ပုပ်ပုပ်လေးနှင့်ပင် အဖေနှင့် ညည့်သည်အတွက် မြည်းဖို့ရာလေးတွေ ရှာကြံစဉ်းစားစီစဉ်ရပါတော့သည်။

"တီတီ"

"ဘာတုံး"

"သမီး ဗိုက်ဆာပြီ"

"ဗိုက်ဆာရင် နင်ချစ်တဲ့ တီတီဒေဝီကို ဖုန်းဆက်လိုက်ပေါ့၊ ခေါက်ဆွဲကြော်တစ်ထုပ်လောက် ဝယ်လာကျွေးပါလို့"

"ဒီနေ့က တီတီဒေဝီ လာမယ့်နေ့မှ မဟုတ်တာ။ သမီးပြောလည်း လာပို့ပေးမှာမှ မဟုတ်တာ၊ တီတို့ကြက်သားဟင်းနဲ့ပဲ ထမင်းစားမယ်"

"နင် ငါ့ကိုလည်း မချစ်ဘဲနဲ့ ဘာကိစ္စ ငါ့ကို ထမင်းလာကျွေးခိုင်းနေတာလဲ"

"အလကား ပြောတာ၊ တီတီရွှေ့ကိုပဲ ချစ်တယ်"

"ဗိုက်ဆာမှ အပိုတွေ ဗလောင်းဗလဲ လာပြောမနေစမ်းပါနဲ့ဟယ်"





"အပိုမဟုတ်ပါဘူး၊ တီတီရွှေ့ကို ဆူတဲ့အချိန်ကလွဲရင် ချစ်တယ်"

"အောင်မယ် ... ငါက နင့်ကို မဆူရတော့ဘူးလား၊ နင်ချစ်အောင် ငါကမဆူဘဲ အောင့်ထားရမှာလား၊ နင် ဘာလို့ဖွသေးလဲ၊ ငါ အလုပ်တွေ တစ်ပုံကြီး လုပ်နေရတာ နင်ဖွထားတာတွေ လိုက်လျှောက်ကောက်သိမ်းနေရရင် ငါ့လုပ်စရာရှိတာတွေ ဘယ်လိုလုပ် ဒီနေ့ပြီးတော့မှာလဲ၊ တီတီက ဒီတစ်ရက်ပဲ ရုံးအားတာ သမီးသိရဲ့သားနဲ့"

"သမီး နောက်မဖွတော့ပါဘူး"

ရွှေက ဖြူဥကို လှည့်ကြည့်လိုက်ပါသည်။ နှုတ်ခမ်းလေးတွန့်ကာ ငိုမဲ့မဲ့နှင့် မျက်နှာငယ်လေးနှင့် ကြည့်နေသောဖြူဥကိုမြင်လျှင် ရင်ထဲချက်ချင်း စိတ်မကောင်းကာ သနားသွားပါသည်။ ဖြူဥလေးခမျာ တကယ်တော့ ရွှေတစ်ယောက်ကိုသာပဲ တွယ်တွယ်တာတာ အဖော်ပြုရတာပါ။ အဖေက သူ့အာရုံနှင့်သူ ဘယ်သူ့မှ စိတ်ဝင်တစား နွေးနွေးထွေးထွေး မရှိလှဘဲ တသီးတသန့် နေတတ်တဲ့သူမို့ ဒီကလေးလေးကို ချစ်ပုံလည်းမပြ၊ မုန်းပုံလည်းမပြ၊ စိတ်တိုတယ်လည်းမရှိ သနားတယ်လည်းမရှိ။ နေသာသပ လေညာကပုံစံ။

ဒေဝီဆိုတာက တစ်လ တစ်ကြိမ်၊ နှစ်ကြိမ်ဆိုတာ ရှားရှားပါးပါး လာတတ်တဲ့သူ။ လာလျှင်တော့ အဖေ့ဖို့ ဖြူဥဖို့ စားသောက်ဖွယ်ရာတွေ လက်ဆောင်တွေ ဝယ်ခြမ်းလာတတ်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမေ့ကိုဖြစ်စေ ဖြူဥကိုဖြစ်စေ အချိန်များများ မပေးနိုင်ပါ။

ညနေဘက်မှ သီချင်းဆိုရတဲ့ ဒေဝီဟာ များသောအားဖြင့် နံနက် နေ့လယ်တွေ အားလပ်နေတဲ့အခါ ဘာလုပ်နေပါလိမ့်။ သူနေထိုင်ကြီးပြင်းခဲ့ရာ ဒီအိမ်ကို မလာနိုင်ဘဲဖြစ်နေရအောင် ဘယ်လောက် အလုပ်တွေရှုပ်နေရလို့တုန်း။ အနည်းဆုံး ဖြူဥကျောင်းပိတ်ရက်တွေ သူအားတဲ့ နံနက်ခင်းပိုင်းမျိုး ကားနဲ့ လာခေါ်သွားပြီး ကစားကွင်းလေးပို့ ရုပ်ရှင်လေးပြ စသဖြင့်လုပ်ပေးနိုင်လျှင် ဒီကလေး ဒီလောက် မငွားငတ်ရမှာမဟုတ်။

"တကယ်နော်"

"ဟုတ်ကဲ့"

"ဒါဖြင့် ပြီးရော၊ ဒါဆို တီတီ့ကိုကူ၊ အဘိုးတို့အတွက် ခြံထဲမှာ ခုံလေးတွေ စားပွဲလေးတွေ သယ်ချပေး"

"ဟုတ်ကဲ့"

"တီတီ ထမင်းခူးထားပေးမယ်နော်"

"ဟုတ်ကဲ့"

ဖြူဥက ပြေးထွက်သွားပါသည်။ ရွှေတို့အိမ်ကလေးဟာ အုတ်ညှပ်ပျဉ်ထောင်အိမ် အနွမ်းလေးပေမယ့် ခြံလေးက ပေခြောက်ဆယ်ပတ်လည်လောက်မို့ မြေပိုလေး အတော်အသင့်ရှိသည်။ အိမ်ဘေးမှာ ပန်းပင်ကလေးတွေရှိပြီး အိမ်ရှေ့ဘက်မှာတော့ မြေပိုနေရာ၌ မြက်ခင်းလေးရှိသည်။ ဟိုတုန်းကတည်းက





အမိုးမိဘအစဉ်အဆက် ဘိုးဘွားပိုင်ခြံမြေလေးမို့ နေရာကောင်းကလေးမှာ တန်ဖိုးအတော်ရှိနေလောက်ပြီဖြစ်တဲ့ ဆိတ်ငြိမ်အိမ်ကလေးပါ။ ဘေးပတ်လည်မှာ သူဌေးတွေ ဝင်လာကာ တိုက်ဟိုင်းဟိုင်းမားမားကြီးတွေ ဝန်းရံနေတဲ့ကြားထဲက သာသာယာယာနေချင့်စဖွယ် အိမ်ကလေး။

"တီတီရေ ... အဘိုးရေ ဧည့်သည်လာတယ်"

"ဟော... ရွှေရေ၊ မောင်ရန်နိုင် လာပြီထင်တယ်၊ ခေါ်ဦး"

ဟင်းခနဲ သက်ပြင်းကြီး ချမိရသည်။ အဖေထွက်ခေါ်လိုက်တော့ ဘာဖြစ်သွားမှာလဲ။ အဖေ့စာရေးစားပွဲနေရာနှင့် ဧည့်ခန်းအိမ်တံခါးဝတို့ ဘယ်လောက်ဝေးနေလို့လဲ။ ကိုယ်တိုင်ထိုင်ရာမှမထ ခိုင်းတတ် လွှဲတတ်လှတဲ့ နေရာမှာတော့ အဖေကပီအိပ်ချ်ဒီပင်။ သူ စာရေးဖို့ စာဖတ်ဖို့ကလွဲလျှင် ကျန်တာအားလုံးအပျင်းထူတဲ့ အဖေ။

ရွှေက ဧည့်ခန်းလေးဆီ ထွက်လာပါသည်။ အိမ်တံခါးဝမှာ အထုပ်တွေဆွဲပြီး ရပ်နေသူကိုမြင်လျှင် ပါးစပ်လေးအဟောင်းသားဟပြီး အံ့အားသင့်သွားမိလေသည်။

"ဟင်"

"အဟင်း"

ဘာမထီက နှုတ်ခမ်းစေ့ပြုံးကာ ရွှေ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တဲ့အတွက် ရွှေသည် မျက်နှာလေးနီမြန်းရှက်မွန်သွားရပါသည်။ မီးပူတိုက်ဖို့ ပူအိုက်လှတဲ့အတွက် ဖောင်း



www.burmeseclassic.com

www.burmeseclassic.com



မြင်းပါးလျှနေသော တီရှပ်ဖြူဖားဖားကြီးနှင့် ဘောင်းဘီတိုပွပွ အကွက်လေး ဝတ်ဆင်ထားသော ရွှေရဲ့ ကပိုကရို ဖြစ်ကတတ်ဆန်း အသွင်အပြင်ကို ဘာမထီက ပြုံးစစဖြစ်သွားတဲ့အတွက် ရွှေသည် ဘယ်နားပြေးပုန်းရမယ် မသိအောင် အကြံအိုက်သွားရပါသည်။

"မောင်ရန်နိုင်လားဟေ့"

"မ ... မဟုတ်ဘူး အဖေ"

ဦးမိုးနောင်က ဧည့်ခန်းဆီ ထွက်လာလေပြီ။ ရွှေသည် ဘာမထီကို ရှုံ့တွတွလေးကြည့်ရင်း ...

"ဘာ ... ဘာ ... ဟို ... ဘာကိစ္စ"

ဘာမထီက ရွှေ့ထံမှ မျက်နှာလွှဲကာ ဦးမိုးနောင်ထံ လှမ်း၍ ဦးညွှတ်ပြုံးပြလိုက်ရင်း ...

"ကျွန်တော် ရွှေ့သူငယ်ချင်း ဘာမထီပါခင်ဗျ အန်ကယ်"

"ရွှေ့သူငယ်ချင်း ! "

"ဟုတ်ကဲ့ပါခင်ဗျ"

ဦးမိုးနောင်က မူပျက်နေတဲ့ ရွှေ့ကိုငဲ့ကြည့်ရင်း ...

"ရွှေ ... သူငယ်ချင်းဆို ခေါ်လေ၊ ထိုင်ခိုင်းဦးလေ"

ရွှေ ဘာမှမပြောရသေးမီပင် ဘာမထီက ဦးမိုးနောင် စကားကြောင့် ခေါင်းညိတ်ကာ ဧည့်ခန်းမှာ အကျအန ဝင်ထိုင် လိုက်ပါသည်။ ဧည့်ခန်းကျွန်းစားပွဲပေါ် သူ့အထုပ်တွေ တင်လိုက် ရင်း ...

"တွေ့ရတာ ဝမ်းပါတယ်ခင်ဗျ အန်ကယ်"





"အေး"

ဦးမိုးနောင်က ရွှေ့ကို အကဲခတ်သည်။ ရွှေ့ရဲ့ဟန် ပန်မူရာကို ဘာမထီက ရယ်ချင်လာသည်။ ဘာတွေအလန့်တကြား အနေခက်နေတယ်မသိ။ ဟန်မပျက်ကလေး လူခြေမဆည်နိုင်ဘဲ ကိုးရိုးကားရား ဖြစ်နေတဲ့ ရွှေ့ရဲ့အတွေ့အကြုံမရှိဟန်ကို အကဲ ခတ်နိုင်ကာ သဘောကျလာမိပါသည်။ ရွှေ့ကိုဦးတည်ပြီး အိမ်ကို လာလည်တဲ့ ယောကျ်ားသားဧည့်သည် တစ်ကြိမ်တစ်ခါမှ ရှိဖူးပုံ မရတာမျိုးပါလား။

"ရွှေ ... ထိုင်လေ၊ ဧည့်သည် ဧည့်ခံဦးလေ"

"ဟို ... အဖေ၊ ရွှေ နောက်ဖေးမှာ ဟင်းအိုးကြီးတန်းလန်း နဲ့မို့လို့၊ အဖေ ခဏနော်"

ဘာမထီကို ဘာမျှဦးတည်မပြောဘဲ သူ့အဖေကိုသာ ကပေါက်တိကပေါက်ချာပြောပြီး လှည့်ပြေးဝင်သွားတဲ့ ရွှေ့ကို ဦးမိုးနောင်က အံ့အားတသင့် လိုက်ကြည့်နေပြီးမှ ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။

"ဧည့်သည်လာစရာ ရှိလို့လေ၊ သူ့ကို စားစရာ သောက် စရာလေး အန်ကယ် လုပ်ခိုင်းထားတာ၊ ဒီကောင်မလေးက ပျာယာပျာယာနဲ့ ဒီလိုပဲ၊ အင်း ... ဆိုပါဦး၊ မင်းတို့က ဘယ်တုန်းက သူငယ်ချင်းလဲ"

"အထက်တန်းကျောင်းတုန်းကတည်းကပါ အန်ကယ် ဆယ်တန်းထိ တူတူပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … အထက်တန်းကျောင်းတုန်းကဆိုတော့ ဒေဝီနဲ့ ရော သိလား"

"ဟုတ်ကဲ့ အန်ကယ်၊ ဒေဝီနဲ့လည်း သူငယ်ချင်းပါပဲ"

"ဩော် … ဒါဆို ပဲခူးက ပဲခူးသားပဲလား၊ အခု ရန်ကုန် ရောက်လာတာလား"

"မွေးတာတော့ ရန်ကုန်မှာပါပဲခင်ဗျ၊ ကျွန်တော် ခြောက် တန်းနှစ်မှာ ဖေဖေက ပဲခူးမှာတာဝန်ကျတော့ ကျွန်တော် တို့လည်း ပဲခူးမှာပဲ လိုက်နေဖြစ်တာပါ၊ ဆယ်တန်းဖြေ ပြီးတော့ ရန်ကုန်ပြန်ပြောင်းသွားကြတာပါ အန်ကယ်၊ ပဲခူးမှာ ငါးနှစ်လောက် နေခဲ့တာပါ"

"ဩော် … အန်ကယ်က သူတို့ငယ်တုန်းက သင်္ဘောလိုက် ခဲ့သေးတာဆိုတော့ အဲဒီတုန်းက သင်္ဘောတက်လိုက် ဆင်း လိုက်နဲ့ သူတို့သူငယ်ချင်းတွေ စုံအောင်မသိဘူးကွယ့်၊ ဒါဆို ဘာလဲ … ခုမှပြန်တွေ့ကြတာလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ပြန်တွေ့တာ နှစ်လကျော်ကျော်ပဲရှိပါ သေးတယ်၊ ဆယ်တန်းအောင်စာရင်းတွေ မထွက်ခင် ရွှေ တို့က အမိုးရဲ့ဇာတိရွာလေး ခဏပြန်ကြတုန်းမှာ ကျွန်တော် ကလည်း ဖေဖေတို့နဲ့ ရန်ကုန်ပြန်ပြောင်း၊ အဲဒီနောက်ပိုင်း ကျွန်တော်က စင်ကာပူမှာ ကျောင်းသွားတက်ဖြစ်တာနဲ့ ကွဲသွားကြတာပါ အန်ကယ်"

"ဩော် … ဒီလိုလား၊ သူ့အမိုးနဲ့လည်း သိတယ်ပေါ့"





"ဟုတ်ကဲ့ … အမိုးရဲ့လက်ရာ မုန့်ဟင်းခါးလည်း ခဏ ခဏ စားဖူးပါတယ်"

"ဩော် … ဒါဆိုရင် သူငယ်ချင်း အရင်းတွေပဲ၊ ဒါနဲ့ အခု ဘာလုပ်နေလဲ၊ ဝန်ထမ်းလား ကိုယ်ပိုင်အလုပ်လား"

"ကိုယ်ပိုင်ပါပဲ အန်ကယ်၊ ဟိုနည်းနည်း ဒီနည်းနည်းပါပဲ၊ စင်ကာပူမှာရော ရန်ကုန်မှာရော စားသောက်ဆိုင်လေးတွေ မိတ်ဆွေတွေနဲ့ ရှယ်ယာဖွင့်ထားပါတယ်၊ လောလောဆယ် တော့ စက်သုံးဆီ အင်ဂျင်ဆီ Brand တစ်ခု ဒီကိုမိတ် ဆက်ပြီးသွင်းဖို့လည်း လုပ်နေပါတယ်၊ ခေတ်နဲ့ အချိန်နဲ့ လိုက်လျောညီထွေရှိမယ် ထင်တာလေးတွေ လုပ်နေတဲ့ သဘောပါပဲ အန်ကယ်"

"အေး … ကောင်းပါတယ်၊ ကိုယ်ပိုင်အလုပ်လုပ်ရတော့ လွတ်လွတ်လပ်လပ် ရှိတာပေါ့"

"အန်ကယ်လည်း သင်္ဘောမလိုက်ဖြစ်တော့ဘူး၊ စာပဲရေး တော့တယ် ထင်တယ်ခင်ဗျ"

"အသက်က ကြီးလာပြီလေ။ သင်္ဘောတော့ မလိုက်နိုင် တော့ဘူးပေါ့ကွာ၊ စာရေးတာကတော့ အရင်ကတည်းက ဝါသနာဆိုတော့ သင်္ဘောလိုက်တုန်းကတည်းက အားသလို လေးရေးပြီး တစ်အုပ်စ နှစ်အုပ်စ ထုတ်ဖြစ်တာဆိုတော့ အခုတော့ ဒါကိုပဲ ဓောက်ချလုပ်ဖြစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ကိုယ်တိုင် ထုတ်တာလား၊ ထုတ်ဝေသူနဲ့လား ခင်ဗျ"

"တချို့စာအုပ်တွေ ကိုယ်တိုင်ထုတ်လိုက်တာလည်း ရှိတယ်၊ ထုတ်ဝေသူကတောင်းလို့ ပေးထုတ်တာလည်းရှိတယ်၊ ထုတ်ဝေသူလည်း များများစားစား မဆက်ဆံချင်ပါဘူး။ ကိုယ်သဘောကျတဲ့ ကိုယ်နဲ့စိတ်ချင်းအစပ်တည့်တဲ့ ထုတ်ဝေသူ တစ်ဦးစ နှစ်ဦးစပါပဲ၊ များသောအားဖြင့်တော့ "……စာပေ"လေ၊ အဲဒီတိုက်ကိုပဲ ပေးဖြစ်ပါတယ်"

"စာအုပ်လုပ်ငန်း ထုတ်ဝေရေးလုပ်ငန်းကော ကောင်းလား အန်ကယ်၊ အခြေအနေကောင်းရင် တစ်ဖက်တစ်လမ်း အနေနဲ့ စိတ်ကူးကြည့်ရင် ကောင်းမလားလို့"

အာလူးကောင်။

နောက်ဘက်မှ လုံးစေ့ပတ်စေ့ ကြားနေရသော ရွှေ့က နှုတ်ခမ်းလေးမဲ့ကာ ထောပနာမိပြီး ရယ်တောင်ရယ်ချင်လာပါသည်။ စာရေးဆရာကို လုံးချင် အဖွဲ့ကျချင်တော့ ထုတ်ဝေသူပဲ လုပ်တော့မလိုလို စကားပစ်နေတာ မသိတာကျလို့။

"ဟော ... မင်းက စာအုပ်လည်းထုတ်ချင်သေးတာလား"

"စိတ်ကူးယဉ်ကြည့်တာပါ အန်ကယ် ... အဟဲ"

"စာအုပ်လုပ်ငန်းက ဝါသနာလည်းကြီးမှ ရပ်တည်လို့ ကောင်းတာကွ၊ တစ်အုပ်တလေ ထုတ်ချင်တာလောက်နဲ့တော့ မလုပ်ပါနဲ့ကွာ၊ ရေရှည်တည်မည် ဆုံးဖြတ်မှလုပ်တာ ကောင်းပါတယ်"





"ဟုတ်ကဲ့ပါ အန်ကယ်၊ ဟိုလေ ... အန်ကယ်၊ ရွှေ့ဆီ လာလည်မယ် စဉ်းစားတော့ ရွှေ့ဖေဖေက စာရေးဆရာ ဆိုတာနဲ့ ဟို ... စာရေးဆရာဆိုတော့ တစ်ခါတစ်ရံတော့ ဦးနှောက်ဆေးတာမျိုး သောက်တတ်မလားလို့ အရက်ပုလင်း လက်ဆောင်ယူလာခဲ့ပါတယ်၊ မှားသွားရင်တော့ စိတ်မရှိပါနဲ့ အန်ကယ်"

ဦးမိုးနောင်က မျက်ခုံးပင့်သွားပြီး ဘာမထိရှေ့ကို တွန်းလိုက်တဲ့ အထုပ်တွေထဲက ဘူးကြီးကို လှမ်းကြည့်ကာ ...

"ဟော ... အရက်ပုလင်း လက်ဆောင်ပေးတာတော့ မှားတယ် ဘယ်ရှိပါ့လဲကွ၊ ဟား ဟား ... ဒါပေမဲ့ မင်းအရက်က ဘလူးလေဘယ်လ်ကြီးပါလား၊ ဒီလို သိန်းကျော်ဈေးကြီးတဲ့ အရက်မျိုးတော့ မသောက်ပါဘူးကွာ၊ ပြန်ယူသွားပါ၊ တန်ဖိုးကြီးတာကြီး မလုပ်ပါနဲ့"

"မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော်လည်း အလုပ်ကိစ္စ ပတ်သက်သူတွေဆီက လက်ဆောင်ရတာပါ၊ ဈေးကြီးပေးဝယ်တာ မဟုတ်ပါဘူး၊ ကျွန်တော်က မသောက်တတ်တော့ လက်ဆောင်ပြန်ပေးဖို့ပဲ ရည်ရွယ်ထားတာမို့ပါ၊ ဒါတွေကတော့ စားသောက်စရာလေးတွေပါ"

အိတ်ထဲက ပစ္စည်းတွေက သောက်တတ်သူတွေအတွက် အသုံးတည့်လှသော အာလူးကြော်ဘူးတွေ သီဟိုဠ်စေ့အထုပ်ကြီးတွေ စည်သွပ်အသားဘူး၊ နိုင်ငံခြားဖြစ်ဝက်အူချောင်းတွေ ချိစ်တွေလို ပစ္စည်းတွေချည်းသာ။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... မင်းဟာတွေက များလှချည်လား၊ သူစိမ်းညှိ
သည်ဆီက ဒီလောက် လက်ဆောင်တွေ လက်ခံရတာတော့
မကောင်းလှပါဘူး၊ မလုပ်ပါနဲ့ကွာ၊ ဟဲ့ ... ရွှေ ... လာစမ်း
ပါဦး၊ ညှိသည်ကိုပစ်ပြီး ဝင်သွားလိုက်တာ ပြန်ကိုပေါ်
မလာတော့ဘူး၊ လာပြောချည်ဦး ညည်းညှိသည်လက်
ဆောင်တွေကို”

“ဘာမှထွေထွေထူးထူးတွေ မဟုတ်ပါဘူး အန်ကယ်ရယ်”

ရွှေသည် ဗန်းကလေးနှင့် ကော်ဖီပန်းကန်ထည့်ကာ သယ်ဆောင်ရင်း အီလည်လည်ရုပ်ကလေးနှင့် ထွက်လာပါသည်။ အပြင်ထွက်ရမှာ ရှက်သလို မျက်နှာပူသလိုလို ဖြစ်နေတဲ့အတွက် ဖြူဥကို အချိန်ဆွဲပြီး ထမင်းပြင်ကျွေးနေတာ။ မထွက်လို့ကလည်း မရနိုင်ဘူးလေ။ အဖေက ရွှေ့ကို လှမ်းအကဲခတ်နေတဲ့အတွက် ပိုပြီးနေရခက်နေသည်။

“လာ ... လာ ... ညှိသည်ကို စကားပြောဦးမှပေါ့၊ မင်း
လည်း သူငယ်ချင်းဆီ လာလည်တာ လာလည်လို့ ရပါ
တယ်ကွာ၊ ဒီလိုလက်ဆောင်တွေ နောက်ယူမလာပါနဲ့
ဟုတ်လား၊ မလိုပါဘူးကွာ”

ဦးမိုးနောင်က နေရာကထပြီး ခြံဝင်းလေးထဲ ဆင်းလာပါသည်။ ခြံပြင်မှာရပ်ထားတဲ့ မော်ဒယ်မြင့်မြင့် ကားကြီးကိုလည်း လှမ်းမြင်သည်။ ကောင်လေးရဲ့ သွင်ပြင်မှုယာကလည်း မိကောင်းဖခင်သားသမီးပုံ ပေါက်သည်။ ကိုယ်ပိုင်လုပ်ငန်းတွေ





နှင့် ဟန်ဟန်ပန်ပန်လည်း ရှိပုံရသည်။ သူ့ဘာမှ ဝင်စွက်နေစရာ အကြောင်းမရှိလှပါ။ ရွှေလည်းပဲ ငယ်တော့တယ်မှ မဟုတ်ဘဲ။

“နင် ဘာလို့ ဒါတွေယူလာတာလဲ ဘာမထီရာ”

“အစိမ်းသက်သက်ကြီး အိမ်ကိုပထမဆုံးအကြိမ် လာလည်
တာ လက်ချည်းပဲ တက်မလာချင်လို့ပါ ရွှေရာ၊ ဒါတွေက
ဘာမို့လို့လဲ၊ ဘာမှစဉ်းစားမနေနဲ့”

ရွှေရဲ့ဘာအဓိပ္ပာယ်မှန်းမသိသော မျက်စောင်းလေးကို ဘာမထီက ချစ်စနိုး ပြုံးစိစိနှင့် ကြည့်မိသည်။ ခုလို ရွှေနှင့် ပြန်အတွေ့မှာ သူ့နှလုံးသားတို့ဟာ ဟိုးအရင်ကအတိုင်း ပူနွေး သက်ဆတ် သက်ဝင်လှုပ်ရှားစွာ ရင်ခုန်သံတွေကို မွေးဖွားတုန်း ဖြစ်နေတာ သူကိုယ်တိုင်ပင် တအံ့တဩ ဖြစ်နေရတာပါ။ ဝေးသွားနေတုန်း အချိန်တွေက သတိရအောက်မေ့မှုတွေ ရှိခဲ့ပေမယ့် ပြန်လည်ဆုံတွေ့တဲ့အခါ ဒီလောက်အထိ မပြောင်းလဲတဲ့ သံယောဇဉ် အမျှင်တန်း ငြိတွယ်နေဦးမယ်ဆိုတာ သူ့ကိုယ်သူ ကြိုမသိခဲ့ပါ။

“ခုန အန်ကယ်က ပြောသွားတယ်၊ နောက်လည်း လာ
လည်လို့ ရတယ်တဲ့”

“အဲဒီတော့ ဘာဖြစ်လဲ”

“ရော ... ဘာဖြစ်ရမလဲ၊ လာလည်လို့ရရင် လာလည်မှာ
ပေါ့၊ အန်ကယ်က ငါလာလည်ဖို့ကို ခွင့်ပြုတယ်ဆိုရင်
နင်လာလည်ဖို့လည်း ခွင့်ပြုမှာပဲ”

“ဟင် ... နင့်အိမ်ကို လာမလည်ချင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ခုချက်ချင်းလည်း ငါ့အိမ်လိုက်လည်ဖို့ မခေါ်ပါဘူး ရွှေရယ်၊ ဒါပေမဲ့ အပြင်ကိုတော့ တစ်ခါတလေ လိုက်လည်ပေါ့၊ လည်တယ်ရယ်လို့လည်း မဟုတ်ပါဘူး၊ အဓိက,ကနင်နဲ့တွေ့ရဖို့ပါ၊ အေးအေးဆေးဆေး ရှိကြတဲ့ အချိန်လေးတစ်ခု ငါတို့ သတ်မှတ်ပြီး ညှိပြီး ပုံမှန်တွေ့ဖြစ်အောင် ဖန်တီးရအောင် ရွှေ"

ရွှေ့မျက်နှာလေးက ပန်းသွေးရင့်သန်းကာ ...

"အဲလိုမျိုး လိုအပ်လို့လား၊ တစ်ခါတလေတော့ ငါတို့ တိုက်ဆိုင်ရင် တွေ့ဖြစ်ကြမှာပဲ ဥစ္စာ"

"အဲလို တိုက်ဆိုင်မှ တွေ့ဖြစ်တာမျိုးက ငါ့အတွက်မလုံလောက်ဘူး"

"ဘာလို့လဲ"

ရွှေရဲ့တိုးတိတ်တဲ့ အမေးကို ဘာမထိ ဖြေခွင့်မရလိုက်ခင် အိမ်တံခါးဝသို့ လူရိပ်တစ်ခု ဖျတ်ခနဲ ရောက်ရှိလာပါသည်။ မမျှော်လင့်ဘဲ ဝင်ရောက်လာတဲ့ ဒေဝီက အံ့အားတသင့်မော့်ကြည့်လိုက်တဲ့ ရွှေနှင့် ဘာမထိကို ခပ်အေးအေးပြုံးပြလိုက်ရင်း ...

"ဘာမထိ ရောက်နေတာကိုး လာလည်တာလား၊ နင်နဲ့ငါ စိတ်ချင်းတိုက်ဆိုင်လိုက်တာ၊ ရွှေ့ဆီလာလည်ဖို့ တစ်နေ့တည်း စိတ်ကူးပေါက်ကြတယ်၊ ငါလည်း ဆိုင်မသွားခင် ခဏဝင်လာလိုက်တာ"





ရွှေရော ဘာမထိပါ လှပကြော့မော့ မွေးပျံ့တောက်ပြောင်နေသော ဒေဝီ့ကို အငေးသား ကြည့်နေမိကြပါသည်။

○ ❀ ○



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဒေဝီက ဗီရိုထဲက လက်ကိုင်အိတ်သုံးလေးလုံးကို ဆွဲယူကာ ကြမ်းပေါ်ပစ်ချလိုက်ရင်း ...

"ရော ... အဲဒီအိတ်တွေလည်း ငါမကိုင်တော့ဘူး သန္တာ၊ နင်ယူရင် ယူလိုက်လေ"

"ဟင် ... အကောင်းကြီးတွေ ရှိသေးတာကို"

"အေး ... ဒါပေမဲ့ Branded တွေ မဟုတ်တော့ သိပ်တော့ မတန်ပါဘူး၊ ငါ မကိုင်ချင်တော့ဘူး၊ အဲဒီဝတ်စုံတွေလည်း အတူတူပဲ၊ တချို့ကတော့ နင်နဲ့တော်ရင်တော်မှာပေါ့၊ တချို့လည်း နင်နဲ့ကျပ်ရင် ကျပ်မယ်၊ နင်ယူသွားလေ၊ ပေးချင်တဲ့လူရှိလည်း ပေးပေါ့"

"နင့်အင်္ကျီတွေ ဂါဝန်တွေက ရယ်ဒီမိတ်တွေ၊ ငါမဝတ်တာလည်း ငါ့ညီမတွေ ပေးလို့ရတယ်၊ တစ်ပုံကြီးပဲ၊ ကျေးဇူးပဲဟာ"





"နင် ဒီအထုပ်အပိုးတွေနဲ့တော့ ပြန်ရလိမ့်မယ်၊ ဖြစ်ရဲ့လား"

"ကားငှားသွားမှာပေါ့ဟယ်"

"Taxi ခ ပေးလိုက်ရမလား"

"အမယ်လေး ဒေဝီရယ်၊ အင်္ကျီတွေရော အိတ်တွေရော ဖိနပ်တွေရော ပေးတာတွေယူပြီး တက္ကစီခပါ တောင်းဦးမယ်ဆိုရင် ငါ ကောင်းနိုင်ပါတော့မလား၊ ဒါတွေရမှတော့ တက္ကစီခ နှစ်ထောင့်ငါးရာလောက်တော့ ရင်းနှီးမြှုပ်နှံလိုက်ရတော့မှာပေါ့ ... ခစ် ခစ်"

ဒေဝီက ကြမ်းပြင်ပြောင်ပြောင်ပေါ်ပဲ သန္တာ့လိုပင် ထိုင်ချလိုက်ကာ ခရမ်းနုရောင်နံရံလေးကို မှီထိုင်လိုက်ပါသည်။

"သန္တာ"

"ဟေ"

"နင့်ပွဲစားအလုပ်က အဆင်ပြေရဲ့လား"

"ဒီလိုပေါ့ဟာ၊ နဲ့သမားပွဲစားပေါ့၊ ပိန်ဖောင်းပေါ့၊ ဘာလဲ နင်တိုက်ခန်းတွေ ဘာတွေဝယ်မလို့လား၊ အို ... နင်က ဒီလိုအခန်းမျိုးတောင် ပိုင်နေမှတော့ တိုက်ခန်း ဘယ်ဝယ်တော့မလဲ၊ မြေကွက်တွေ ဘာတွေ ဝယ်ချင်လား၊ သူများကိုမပြောနဲ့၊ ငါ့ကိုပြောနော်၊ နင်လိုချင်တဲ့ဟာမျိုး ငါရှာပေးမှာပေါ့၊ ဘယ်လောက်တန်လောက် လိုချင်လဲသာပြော"

"မဝယ်နိုင်ပါဘူးဟာ၊ နင့်မြေကြီး"

"အမယ် ... နင် ဒီလောက်သုံးစွဲနေတာကြည့်ရင် ဘယ်လို ထောနေလဲ၊ မြင်နေရတာပဲဟာ၊ ဘာလို့မဝယ်နိုင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မဝယ်နိုင်ပါဘူးဆို၊ နင်ကလည်း အလကားစွတ် အထင်ကြီးနေပြန်ပြီ၊ ဒီလိုအခန်းမျိုး ပြောရအောင် ဒါက ကော ကွန်ဒိုခန်းကြီးမို့လို့လား၊ ဒီအခန်းက ဝယ်တုန်း သုံးရာကျော်ပါဟ"

"ဟဲ့ … နင်ဝယ်တာ လွန်ခဲ့တဲ့ သုံးနှစ်ကလေ ဒေဝီရဲ့ အခု ရှစ်ရာ ကိုးရာ ထောင်နားကပ်ပြီဟဲ့၊ ဒီနေရာမှာ ဆယ့်ရှစ်ပေခန်းဆိုတာ ဈေးနည်းမယ် ထင်လို့လား၊ နင် ဒါကိုရောင်းပြီး မြေကြီးလေးဝယ် အိမ်ဆောက်သင့်တယ်"

"ပွဲစားကလည်း ပွဲတွေစားဖို့ပဲ၊ ဒီအခန်းရောင်းတာ နင် တစ်ခါပွဲစားလုပ်မယ်၊ မြေဝယ်တော့ တစ်ခါပွဲစားလုပ်မယ် တော်ပြီလား၊ ဒါရောင်းပြီး ငါက ဘယ်သွားနေရမှာလဲ"

"အခန်းငှားနေပေါ့ ငါငှားပေးမယ်၊ ဟီး ဟီး၊ သုံးကြိမ် သုံးခါ ပွဲစားလုပ်ဖို့ ကြံနေတယ် မထင်ပါနဲ့ဟဲ့၊ အိမ်က တဖြည်းဖြည်းဆောက်ရင် ရနိုင်တာပဲ၊ မြေကြီးဆိုကော အခုလောက် ဝယ်ထားမှ၊ နောက်လေးငါးနှစ်ဆို ဒီအခန်း တက်မယ့်ဈေးနဲ့ နင် လယ်မြေတောင် မရတော့ဘူး"

"ထားလိုက်စမ်းပါဟာ၊ ဒါတွေ ငါ စိတ်မဝင်စားဘူး၊ ငါ မေးမလို့၊ နင် ဟိုတလောက ပြောတယ်လေ၊ နင်ကပွဲစား ဆိုတော့ ဟိုလည်းရောက် ဒီလည်းရောက် သူငယ်ချင်း ဟောင်းတွေနဲ့ သိပ်တွေ့တာပဲဆို၊ အများကြီးပဲ ပြန်ဆုံ တယ်ဆို"





"အင်းလေ၊ ငါက ကျောင်းသားဟောင်းတွေ ပြန်ဆုံတဲ့ပွဲ တွေလည်း နှစ်တိုင်းသွားတာကိုး၊ အများကြီးပဲလေ ပြန်ဆုံ တာ၊ နင် ဘယ်သူ့တွေ့ချင်လို့လဲ"

"ဘယ်သူတွေနဲ့ ပြန်တွေ့ဖြစ်လဲ"

"အများကြီးပါဆို၊ တစ်ယောက်ချင်းနာမည်တပ် ပြောနေ ရရင် ဘယ်ပြီးမလဲ ဒေဝီရဲ့"

"နင် ဘာမထိကိုရော တွေ့သေးလား"

"ဘာမထိ ! အမယ်လေး ဘောစိနဲ့ ငါက မဆက်သွယ်ဘဲ နေပါ့မလား၊ ဒီကောင်က သွားလိုက် လာလိုက် လုပ်နေတာ လေ၊ စင်ကာပူမှာ ခပ်ကြာကြာနေပြီး ပထမဆုံးအကြိမ် ပြန်လာတဲ့အခေါက်ကတည်းက ငါနဲ့တွေ့တယ်။ သူက စင်ကာပူမှာလည်း စားသောက်ဆိုင်ဖွင့်ထားတာ၊ ဒီမှာလည်း စားသောက်ဆိုင် ဖွင့်ထားတာ၊ အခုလည်း စက်သုံးဆီသွင်း ဖို့ လုပ်နေတယ်၊ ငါတောင် သူ့ကိုပြောထားတယ်၊ နင် ကုမ္ပဏီရုံးခန်းဖွင့်မယ်ဆို ဝယ်ဝယ် ငှားငှား ငါ့ဆီကယူလို့ ဟဲ ဟဲ"

"နင့်ဆီက တိုက်ခန်းအစုတ်လေးတွေလောက်ကို သူက ရုံးဖွင့်ပါ့မလား"

သန္တာ့မျက်နှာက ရှုပ်ပုပ် ဖြစ်သွားပါသည်။ ငယ် သူငယ်ချင်းမို့ ပေါင်းနေ ခင်နေသော်လည်း ဒေဝီနှင့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့လေသံ အတင်အစီးကို အမြဲခံနေရကျပင်။ သို့ပေမဲ့ သူပြောသလိုပင် သန္တာက ပွဲစားအလုပ် လုပ်နေသော်လည်း အဆက်အသွယ်တွေ သိပ်ကောင်းကာ တန်ဖိုးမြင့်ကြီးတွေ ကိုင်နိုင်သူတော့ မဟုတ်။ ပေါပေါချောင်ချောင် တန်တန်လွယ်လွယ် ထွက်တတ်တဲ့ တိုက်ခန်းလေးတွေ တန်ဖိုးနည်းမြေကွက်လေးတွေသာ ပွဲစားလုပ်နိုင်စွမ်း ရှိသေးတဲ့ အနေအထားပင်။ ပုံမှန်လေး အလုပ်တော့ဖြစ်ပေမယ့် မိသားစုကြီးကြီးမှာ အစ်မကြီးဖြစ်တဲ့ သန္တာဟာ အဖေ့ဝန်ထမ်းလခ၊ အမေ့ဝန်ထမ်းလခ၊ သူ့ပွဲခတို့နှင့် တစ်မိသားစုလုံးစရိတ်ကို ကျားကန်ထားရတာ။

အပေးအကမ်း ရက်ရောလှတဲ့ အစွန့်အကြဲ မနှေးတတ်တဲ့ ဒေဝီလို သူငယ်ချင်းမျိုးကို ရံဖန်ရံခါ သူ့စကားတွေကို အောင့်ပေမယ့် ပုန်ကန်တော်လှန်နိုင်စွမ်းတော့ မရှိပါပေ။ ပစ္စည်းတစ်ခုကို ခဏပဲသုံးတဲ့ ဒေဝီ့ထံက အသုံးတည့်ပစ္စည်းကောင်းတွေ မကြာခဏ ရတတ်သည်။ အရေးပေါ် ငွေလိုအပ်တဲ့အခါ ဒေဝီ့ထံမှ ငွေပြေးဆွဲနိုင်သည်။ ဒါကြောင့်လည်း စကားလုံးအတင်စီးကိုတော့ အောင့်သိပ်ကြိတ်မှိတ် သည်းခံရတတ်သည်။

“နင်ကလည်း ... ငါ့မှာ အဆက်အသွယ်တွေ အများကြီးပါ၊ နင် ဘယ်လောက်တန် ငှားချင် ဝယ်ချင်လဲ ပြောလိုက်၊ ငါ့မှာအပ်ထားတာ မရှိတောင် ဆက်သွယ်ပြီး ရှာနိုင်ပါတယ်ဟ”





“သူက ဘာပြောလဲ”

“သူကတော့ အေးပါပဲ ပြောတာပေါ့၊ သူ့ရုံးခန်း မဖွင့်သေးပါဘူး၊ ဒါပေမဲ့ သူ့မိတ်ဆွေတစ်ယောက် စမ်းချောင်းဘက်မှာ အခန်းရှာတာတော့ ငါ့ဆီလှမ်းမေးပြီး ဆက်ပေးပါတယ်ဟ၊ ငါ အလုပ်တော့ ဖြစ်လိုက်ပါသေးတယ်၊ နေပါဦး ... နင်က အခု ဘာမထိုအကြောင်း စိတ်ဝင်တစားမေးနေပါလား၊ သူနဲ့ နင်နဲ့ရော တွေ့သလား”

“အင်း ... တွေ့ပါတယ်”

“ဒါနဲ့ ငါ စပ်စုပါရစေဦး၊ ကျောင်းတုန်းက ဘာမထိက နင်တို့ညီအစ်မမှာ ဘယ်သူ့ကိုကြိုက်ခဲ့တာတုန်း”

ဒေဝီက သန္တာ့ကို မျက်စောင်းထိုးလိုက်ပါသည်။ သန္တာလာလျှင် ဟိုစပ်စပ်စုစု ဒီစပ်စပ်စုစုတွေ အမေးထူလှတာသိပေမယ့် ဒေဝီကိုယ်တိုင်ကလည်း သတင်းပလင်းစုံလှတဲ့ သန္တာ့ကို အင်ဖော်မေးရှင်းအတွက်သက်သက် စပ်စပ်စုစု ပြန်လုပ်နိုင်ဖို့ဝင် ခုထိ ပေါင်းသင်းရင်း ဝင်ထွက်ခွင့် လက်ခံထားတာပဲလေ။ သန္တာက ဒေဝီ့အတွက် အသုံးတည့်လှပါသည်။ ကိုယ်လက်ဆောင်ရတဲ့ပစ္စည်းတွေ မကြိုက်သမျှ ပြန်ရောင်းခိုင်းလို့ ရတာလဲ၊ ဒီသန္တာပဲရှိတာ မဟုတ်လား။

ကိုယ်တိုင် လုပ်ဖို့ကိုင်ဖို့ မတင့်တယ်သမျှလည်း သန္တာ့ကို ခေါင်းငှားလိုက်လို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာလား"

"မသိလို့လေ၊ နင်နဲ့လားလို့ထင်ရပေမယ့် ရွှေ့ကိုလို့လည်း ယူဆစရာတွေ ဖြစ်နေတာ"

"သန္တာရယ် ... နင်တော့ ဒီဦးနှောက် ဒီအမြော်အမြင် လောက်နဲ့ ဒီဆင်ခြင်ဉာဏ်နဲ့ မိုးကြိုးချုပ်တော့မှာပဲ"

"ဘာလဲဟ"

"ငါနဲ့ရွှေ့ကို နင်ယှဉ်ကြည့်ဦးလေ၊ နင် ဇဝေဇဝါဖြစ်နေတာကိုက နင် ပိန်းနေတာပဲ"

"အခုယှဉ်ကြည့်ရင်တော့ နင်က အရောင်အဆင်းတွေနဲ့ အပြင်အသတ် သာနေတာပေါ့၊ ဒါပေမဲ့ ကျောင်းတက်နေတုန်းကတော့ သူမသာ ကိုယ်မသာပဲလေ၊ တစ်ယောက်နဲ့တစ်ယောက်က ယှဉ်ရလောက်အောင် ကွာတာမှမဟုတ်တာ၊ အမှန်အတိုင်း ပြောရရင် ငါက ဘာမထိ ရွှေ့ကို ကြိုက်တာလို့ ပိုထင်တာ"

သန္တာကလည်း ဖွတ်တရွတ်ပဲ ပြောချလိုက်ပါသည်။ ဒေဝီ ကြိုက်မှာမဟုတ်မှန်း သိပေမယ့် မပြောဘဲ မနေနိုင်ဘူးလေ။ ခုချိန်မှာတော့ ဟိုးတလောက ရွှေ့ကို လမ်းမှာတွေ့တုန်းက ရွှေ့ပုံစံလေးဟာ သန့်ပြန့်တာလေးကလွဲပြီး မပြောင်ရောင်လှ။ ရွှေ့ရဲ့ ချစ်စရာနဂိုအလှလေး ရှိနေတာမို့သာ ရွှေက တင့်တင့်တယ်တယ်လေး ဖြစ်နေရတာပါ။





ဒေဝီကတော့ ဒေါက်ဖိနပ်ဆန်းတွေ၊ လက်ကိုင်အိတ်ကြီးတွေ၊ နေကာမျက်မှန်ကြီးတွေ၊ ဒူးအထက် ဂါဝန်တိုလေးတွေနဲ့ ဖြိုးခြောက်ထားသလိုကို လှပနေတာမို့ ရွှေနှင့်ယှဉ်လို့ မရတော့ပါပေ။ သို့ပေမဲ့ ... အင်း ... သို့ပေမဲ့ပေါ့။ သန္တာက ထုတ်မပြောရဲလို့သာပင်။ ထုတ်ပြောရဲလို့ကတော့ ဒေဝီ ကြည့်ကောင်းလှပအောင်ပြောင်နေတာကို ရွှေ ဘယ်လိုမှ မမီနိုင်ပေမယ့် ရွှေ့ရဲ့ ရိုးသားသန့်စင်မှုကိုရော နင်မီနိုင်သေးလို့လား ဒေဝီရယ်လို့ ပြောချင်သေးတာ။

သတင်းစုံတဲ့သူပီပီ ဒေဝီတစ်ယောက် ဘယ်သူနှင့် ဘယ်လိုငြိကာ တိုက်ခန်းရတာ၊ ကားရတာ စသည်ဖြင့် ဟုတ်သလား မဟုတ်လေသလား မသိသော ကောလာဟလတို့ကို ကြားလိုက်ကြားပါသည်။ ရာနှုန်းပြည့် မှန်သလား၊ ရာနှုန်းပြည့်မှားသလား တစ်ဝက်တစ်ပျက် အမှန်အမှားလားတော့ ကိုယ်လည်း အကယ်ရှင် မဟုတ်၍ မသိနိုင်ပေ။ သို့ပေမဲ့ ဒေဝီနှင့် ပေါင်းသင်းဝင်ထွက် ဆက်ဆံနေတာဆိုတော့ ရာနှုန်းပြည့် အမှားတော့ မဟုတ်နိုင်ဘူးရယ်လို့ ဆင်ခြင်သုံးသပ်ထားပြီးပြီ။

"ဘာမထိက ငါ့ကို လာတွေ့ပါတယ်"

"ဟင် ... ဟုတ်လား"

"အင်း... ငါ နင့်ကို ရှည်ရှည်လျားလျားတွေလည်း ရှင်းပြမနေတော့ပါဘူး၊ စောင့်သာကြည့်နေလို့ပဲ ပြောတော့မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆိုလိုတာက နင်နဲ့ ဘာမထိ အခု ..."

"နင် သူငယ်ချင်းဟောင်းတွေကြားထဲ လျှောက်အာမချော
နဲ့နော်၊ မင်္ဂလာဆောင်ရင် မဖိတ်ဘဲ ချန်ခဲ့လိုက်မယ်"

"ဟင် ... အဲ ... အဲ ... လိုလား၊ ဘာမထိ ပြန်ရော
ကာစက ငါနဲ့တွေ့တော့ သူ နင်တို့နဲ့လည်း ပြန်မဆုံဖြ
သေးပါဘူး၊ သူက မေးသေးတယ်၊ ရွှေတို့ ဒေဝီတို့ ညီ
အစ်မနဲ့ရော တွေ့သေးလားတဲ့၊ ဒေဝီနဲ့တော့ ငါတွေ့ဖြ
တယ်လို့ ပြောလိုက်တယ်လေ၊ သူက ဟိုးတစ်နှစ်က ပြ
ရောက်ရောက်လာချင်း နင့်ကို ဘာလို့ မဆက်သွယ်တာလဲ"

"နင်မသိတဲ့ ပြဿနာလေးတွေ နည်းနည်းရှိလို့ပေါ့"

"ဘာပြဿနာလဲဟင်"

"အဓိကတော့ ရွှေ့ပြဿနာပဲ၊ နင် ဒီထက်ပိုမသိချင်
တော့၊ ဒါနဲ့ နင် တခြားရော ဘယ်သူတွေနဲ့ ပြန်ဆုံဖြ
သေးလဲ"

"ငါက သူငယ်ချင်းတွေ အားလုံးလိုလိုနဲ့ ပြန်တွေ့ဖြစ်တာ
ပဲလေ၊ ကျောင်းသားဟောင်းတွေ့ဆုံပွဲ နှစ်တိုင်းသွားတာကို
နင် ဘာလို့ တစ်နှစ်မှ မလာဘဲ နေတာလဲဟ၊ လာခဲ့ပေါ
ဒီနှစ်"

"ငါ အဲဒီလိုပွဲတွေ ဝါသနာမပါပါဘူး၊ မလာချင်ပါဘူး"

ဒေဝီက မျက်နှာခပ်လှလှလေးမှုန်ကာ ပြောလိုက
ရင်း ...





"တခြားတန်းခွဲတွေက လူတွေနဲ့ရော၊ ဥပမာဟာ စီတန်း
က အောင်ဘု ဆိုရင် အခု မိတ်ကပ်လိမ်းတဲ့မာမီ ဖြစ်သွား
ပြီလေ ... နော်"

"အေးဟယ် ... ဟုတ်ပါ့၊ ငါလေ အောင်ဘုကို ခြောက်
သွားလိမ့်မယ်ကို မထင်ပါဘူး၊ အဲဒီတုန်းကတည်းကတော့
သူက ရှိုးတော့များတယ်လေဟာနော်၊ ဒါပေမဲ့ ဒီလောက်
တော့ မထင်မိဘူးပေါ့၊ နန်းကလျာရော နင် သိလား၊
ဟိုတလောက လက်ထပ်သွားတယ် သဘော်သီးနဲ့"

"ဟုတ်လား၊ ငါနဲ့ မခင်ဘူး၊ သဘော်သားဆိုလို့ သူငယ်
ချင်းတွေထဲက သဘော်သားတွေ ဘယ်သူတွေ ဖြစ်ကုန်ကြ
လဲ"

"အများကြီးပဲကို၊ စိုးလင်းတို့ တစ်အုပ်စုလုံးလိုလို သဘော်
တွေ လိုက်ကြတာပဲလေ၊ ဒီကောင်တွေ ငပေငတေတွေပေ
မယ့် စာတော့လုပ်ကြတယ်လေ၊ ရေကြောင်းဝင်ကြတာလေ။
နင် ဘာလို့မေးတာလဲ၊ အမယ် ... ငါသိပါတယ်၊ နင့်ကို
အသေအကြေလိုက်တဲ့ ဖြိုးမင်းကို နင် သတိရပြီးမေးတာ
မဟုတ်လား ... အဟဲ၊ ဟုတ်တယ်လေ သူလည်း သဘော်
တက်ပြီ၊ နင် သိတယ် မဟုတ်လား"

"ငါမသိပါဘူး တွေ့လည်းမတွေ့ပါဘူး၊ စိတ်လည်းမဝင်
စားပါဘူး"

ဒေဝီက သန္တာ့ကို မျက်စောင်းလေးရွယ်ကာ ပြော
ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတောင် ဟိုတလောက တစ်ခေါက်ပြန်ဆင်းလာတယ်လေ၊ ငါနဲ့တွေ့ပါတယ်၊ ငါ့ကိုတောင် ရန်ကုန်မှာ တိုက်ခန်းလေးတစ်ခန်းလောက် ဝယ်ချင်တယ် ရှာပေးဖို့ ပြောသေးတယ်၊ ဒါပေမဲ့ ငါပြတဲ့နှစ်ခန်းလောက်ကို ကြေးထူပြီး မဝယ်ဖြစ်ပါဘူး၊ ကြည့်ရတာ နင့်အကြောင်းမေးချင်လို့ သက်သက် ငါ့ကို အခန်းအကြောင်းပြတာပဲ ဖြစ်မယ်သိလား၊ မေးလိုက်တာ မွှန်ထူနေတာပဲ"

"နင်နော် ... နင် ဒီကောင်ကို ငါ့လိပ်စာတို့ ဖုန်းနံပါတ်တို့ ပေးလို့ကတော့ သေခန်းပြတ်ပဲ"

"မပေးပါဘူး၊ ပေးစရာလား၊ နင် ပေးချင်မှ ပေးမှာပေါ့၊ ဒီကောင်က ခုထိ နင့်ကို သေအောင်ကြိုက်ပုံပဲ၊ အရှုးအမူး မေးတာပဲ၊ နင်တို့ ဘယ်ပြောင်းသွားတာလဲ ဆိုတာ"

ဒေဝီက မျက်လုံးလေးပြူးလာအောင် ဒေါသတကြီးလေး အသံမာကာ ...

"မပြောနဲ့၊ သူနဲ့ဘာဆိုင်လို့လဲ၊ မပြောနဲ့ဆို တစိုးတစိမှ မပြောမိစေနဲ့နော်၊ ငါ အရမ်းစိတ်ဆိုးမှာ၊ ဒီကောင့်ကို အရမ်းမုန်းတာ"

"အေးပါဟာ၊ သိပါတယ်ဟာ၊ ဘာမထို့ကိုပဲ နင်ကြည်တာ ငါသိပါတယ်ဟဲ့"

○ ✿ ○





(၅)

"ဟယ်လို"

ရွှေက အသံအုပ်အုပ်လေးနှင့် ထူးလိုက်ပါသည်။ ...မှာဖြစ်၍ အပြင်က ပုဂ္ဂလိကကိစ္စ ဖုန်းပြောလျှင် သေရေး ရှင်...ရေး နာရေး မဟုတ်ပါက ရွှေ့အထက်လူကြီး မမက သိပ်မကြိုက်...တတ်ပါ။ သို့ပေမဲ့ ခေါ်နေတဲ့သူက ဘာမထိ ဆိုတော့လည်း ရွှေ့...စိတ်က ဥပေက္ခာမပြုနိုင်သလို ဖြစ်ရလေသည်။

"ရွှေ ခုနတစ်ခါ ခေါ်သေးတယ် မကိုင်ဘူး"

"ရွှေ အလုပ်လုပ်နေတယ်လေ"

"အလုပ်လုပ်ရင်း ဖုန်းလေးတော့ ကိုင်လို့ရပါတယ်ကွာ"

"အပြင်ဖုန်းတွေကိုင်ရင် လူကြီးက မကြိုက်ဘူး"

"နင်တို့လူကြီးကလည်း စိတ်ကောင်းမရှိလိုက်တာ"

"ကဲ ... ကဲ ... ဘာလဲပြော ... မြန်မြန်ပြော"

"နင်က အဲလိုကြီး ငါဖုန်းဆက်တာကို စိတ်ရှုပ်နေတော့ ဖိလင်တောင် အောက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဘာမထီရယ်။ နင့်ကြောင့် စိတ်ရှုပ်တာ မဟုတ်ပါဘူး၊ ငါ့အထက်က မမကြောင့်ပါ၊ နင်ပြောစရာ ရှိတာပြောလေ"

"ငါ့ကို စကားတစ်ခွန်း ပြောပေးပါ"

"ဟင် ... ဘာစကားလဲ"

"ဟက်ပီးဘာ့သ်ဒေးလို့"

"ဟင်"

တဟင်ဟင်နှင့် အမြဲပင် မရဲတရဲ ရှက်ကိုးရှက်ကန်း ရှိလှတဲ့ ရွှေ့ဟန်ပန်လေသံလေးတွေကို ဘာမထီ အသည်းယားလှပါသည်။

"ဘာဟင်လဲ ... ပြောလေ"

"ဟင် ... ဘာလို့ ပြောရမှာလဲ"

"အာ ... ရွှေကကွာ၊ ငါ့မွေးနေ့မို့ ပြောခိုင်းတာပေါ့"

"ဟင် ... ဟုတ်လို့လား"

"ကျွတ်"

ဘာမထီ ဒီတစ်ခါတော့ ကျွဲမြီးတိုသွားရပါသည်။ ဒုက္ခပဲ ဒီကောင်မလေးတော့။ မွေးနေ့ရှင်က ကိုယ့်မွေးနေ့မဟုတ်ပဲ ပြောပါ့မလား။ သူ့မွေးနေ့ကို ရွှေ ဘယ်လိုမှ မသိနိုင်တာ သေချာတာမို့ Wish လုပ်ခံရဖို့ ကိုယ်တိုင်က လှမ်းအသိပေးရတဲ့ မျက်နှာပူစရာအဖြစ်မှာ ခုလို ဟိုဘက်က မယုံမရဲ လုပ်နေတော့ ကျွဲမြီးတိုလာတာပေါ့။

"ဟုတ်လို့လားလို့ ရုတ်တရက်ကြီး"





"မွေးနေ့ပဲကွာ၊ တဖြည်းဖြည်းရောက်တာ ရုတ်တရက်ကြီး ရောက်တာ ရှိလား၊ သူ့ဟာသူ အချိန်တန်လို့ ရောက်လာတာပဲ၊ နီးကပ်လာတာ နင်မှ မသိတာ၊ ဒါနဲ့ပဲ ရုတ်တရက်ကြီး မွေးနေ့က ရောက်လာတယ် ဖြစ်ရောလား၊ ရုတ်တရက်ဖြစ်ဖြစ် လျှပ်တစ်ပြက်ဖြစ်ဖြစ် ဝုန်းခနဲ ဒိုင်းခနဲရောက်ရောက် ငါ့မွေးနေ့တော့ ဒီနေ့ရောက်နေတာပဲ၊ တော်ပြီကွာ ... မပြောချင်လဲနေတော့ ရွှေရာ"

"မဟုတ်ဘူးလေ ... ဟယ်လို ... ဘာမထီ"

ရွှေသည် လိုင်းပြတ်သွားတဲ့ ဖုန်းလေးထဲ ဟယ်လို ဟယ်လိုနှင့် အသံအုပ်အုပ်လေး ဆက်ခေါ်နေသော်လည်း ဘာမထီက ဖုန်းချသွားပြီဖြစ်ရာ မျက်နှာလေး ခပ်အိုအိုနှင့် စိုးရိမ်တကြီး ကျန်ရစ်ရပါသည်။

ဒုက္ခပဲ။ ဘာမထီ စိတ်ဆိုးသွားတာလား။ ရွှေကလည်း ဘာမထီနှင့် ပတ်သက်လာလျှင် ဘာတွေ ပူထူရှက်ရွံ့နေမိတယ် သိ။ လူကိုပဲမြင်မြင် အသံကိုပဲကြားကြား လူကပူပူထူထူ ပရမ်းတာဖြစ်ပြီ။ ငယ်ငယ်ကထက်တောင် တုန်လှုပ်နေမိသေးတာ။

ကိုးတန်း ဆယ်တန်း အရွယ်တုန်းက ရွှေ့အပေါ် ဘာမထီ စိတ်ဝင်စားတာ၊ အများထက်ပိုကာ အရေးထား ဂရုစိုက်တာ နောက်ဆုံး ဘယ်သူမှမသိအောင် ရင်ခုန်စရာ စာလေးတွေ တစ်တဆိတ် အရောက်ပို့ခဲ့တဲ့အထိ လက်ခံယူခဲ့ရပေမယ့် အခု ကောက်ကြီး ရှက်ရွံ့တုန်လှုပ်တယ်လို့ မရှိခဲ့။ စိတ်ထဲမှာ ရှေ့နှပ်



www.burmeseclassic.com

www.burmeseclassic.com



စွာ ကြည်နူးစွာ ကိုယ့်ကိုယ်ကိုယ်တောင် ယုံကြည်ချက်လေးတ
မျိုးနှင့် ဂုဏ်တွေယူမိသေးတာ။ အဲဒီတုန်းက အထက်တန်းကျော
သားဆိုတာ သူလည်းတူတူ ကိုယ်လည်းတူတူ အားလုံးဟာ သ
တယ် နာတယ် မြင့်တယ် နိမ့်တယ် ဆိုတာမျိုး ထူးထူးခြားခြ
ခံစားဖို့မှ မသိတတ်ခဲ့တာ။

အဲဒီကတည်းက သူ့အပေါ် ရွှေလည်း ရင်ခုန်မိတ
စိတ်ဝင်စားမိတာ ရှိခဲ့ဖူးပေမယ့် ဆယ်တန်းဖြေပြီး နွေရာ
ကျောင်းကြီးပိတ် ကွဲကွာသွားကြကတည်းက ပြန်မတွေ့ဆုံဖြစ်
တော့တဲ့အခါ တဖြည်းဖြည်းတော့ မေ့မေ့လျော့လျော့ ဖြစ်ခဲ့
သည်။ ရံဖန်ရံခါမှာသာ အမှတ်မထင် အောက်မေ့သတိရ
စိတ်ကလေးနှင့် သူ့ကို မြင်ယောင်ကာ လွမ်းသလိုလိုလေး ဖြ
နိုင်ခဲ့တာမျိုး။ ကိုယ်တိုင်လည်း အရွယ်လေးရောက်လတာနှင့်အ
ကိုယ့်ကိုယ်ကိုယ် ရပ်တည်ဖို့ "လောကကြီး"ဆိုတာကို ရင်ဆိုင်
ရတဲ့ အချိန်ကာလတွေမှာ ရွှေသည် ကိုယ့်ကိုယ်ကိုယ် ယုံကြ
ချက် မရှိနိုင်ခဲ့ပေ။

တစ်အိမ်တည်း အတူနေခဲ့တဲ့ ညီအစ်မဝမ်းကွဲ
ပြောလို့ရတဲ့ ရွယ်တူမိန်းကလေးနှစ်ယောက်ထဲမှာ တစ်ယောက်
တရိပ်ရိပ်အောင်မြင်ဝံ့ကြွားမှုတွေက နောက်တစ်ယောက်ရဲ့ ကို
ပိုင်ယုံကြည်ချက်တို့ကို အနည်းနှင့်အများ ဖွဲ့ယူသွားခဲ့ပါသည
ဒီနှစ်ယောက်ပဲ ထင်းထင်းကြီး ယှဉ်ရသလို ဖြစ်တဲ့အခါ ဒေဝီ
အလှအပ၊ ပါးနပ်လူရည်လည်မှု၊ အောင်မြင်မှု၊ ကျော်ကြား





င်ငွေ၊ သတ္တိခွဲမာန်တို့ကို ငေးကြည့်ရင်း အံ့ဩရင်းက ရွှေ့ရဲ့
Self confidence တို့ဟာ တစ်နေ့တခြား တရိပ်ရိပ် လျော့ရဲ
ခဲ့တာဖြစ်သည်။

အဖေ့ထံကလည်း ဒေဝီ တော်တယ်၊ ဒေဝီကထက်
တယ် ဆိုတဲ့ ချီးမွမ်းကျေနပ်စကားတွေသာ ကြားခဲ့ရသည်ဖြစ်ရာ
ကိုယ်ညံ့တယ်လို့ အလိုလိုထင်လာတာမျိုးပင်။ ရွှေ့အနေနှင့်
အဖေ့ကို ချစ်ခင်လှတယ် ဆိုပေမယ့် ကိုယ်ဟာ အမိုး ကောက်ယူ
မွေးစားလို့ အဖေနှင့်အမိုးတို့ရဲ့ သမီးနေရာ ရောက်ခဲ့ရတယ်ဆို
တာ ကျောင်းစတက်တဲ့ အရွယ်ကပင် အမိုး လေသံဝဲဝဲအေးအေး
လေးနှင့် ရှင်းပြခဲ့တာမို့ ကိုယ့်ကိုယ်ကိုယ် မွေးစားသမီးရယ်လို့
သိထားသည်ဖြစ်ရာ ဒေဝီအပေါ် သူကတူမပဲ ကိုယ်ကသမီးရယ်
လို့ မတင်စီးဝံ့ပါ။

အသက်တစ်နှစ် ကြီးလာတိုင်း တစ်နှစ်စာ သတ္တိ
နှန်းအားတို့ ပြည့်ဝလာတယ် မရှိဘဲ မျက်နှာရိပ် မျက်နှာကဲတွေ
ကြည့်ကာ ရံဖန်ရံခါမှာ စိတ်ထဲရှိတဲ့အတိုင်း အပြင်ပဥ္စ သရုပ်မ
ဆောင်ရဲခဲ့။ ဘာမထိကို ပြန်တွေ့တဲ့အခါ စိတ်တွေဖိုလှိုက်လှုပ်
ရှားလွန်းရပေမယ့် သူ့အနေအထားနှင့် ကိုယ့်အနေအထားယှဉ်
တာ မရွံ့မရဲစိတ်က ကြီးစိုးနေတာ အမှန်ပေ။

ဒီတော့ ဘာမထိနှင့် ဆက်ဆံရတဲ့ အချိန်တိုင်းမှာ
ခဏ်ခုံတစ်ရာ မှားယွင်းသွားမှာ စိုးရိမ်တဲ့စိတ်က လူကိုချုပ်နှောင်
နေပါသည်။ ဘာမထိ စိတ်များဆိုးသွားပြီလား။ သူ့မွေးနေ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မွေးနေ့ရှင်ကို Happy Birthday တစ်ခွန်း ပြောဖို့ရာ ဒီလောက် ဝန်လေးမနေသင့်ခဲ့ပေ။ ရက်နေ ရွှံ့နေမှုဟာ တစ်ခါ တစ်ရံ တစ်ဖက်သားကို သွားရောက်ဖိစီးစေမလား မသိ။

ရွှေသည် အားတင်းကာ ဘာမထို့ဖုန်းနံပါတ်ကို ပြန်နှိပ်ခေါ်ဖို့ ပြင်လိုက်မိပါသည်။

"ရွှေတဆုပ်"

"ရှင်"

"ရှုံ့မဲ့လိုက် ခေါင်းကုတ်လိုက် ဘာဂနာမငြိမ် ဖြစ်နေတာ တုံး၊ အလုပ်ခိုင်းထားတာ ပြီးပြီလား"

"မပြီးသေးပါဘူး မမခိုင်"

"မြန်မြန်လုပ်လေ"

ရွှေက ဖုန်းကိုချပြီး မော်နီတာကို မျက်နှာအပ်၊ ကီးဘုတ်ပေါ် လက်ဖြန့်တင်လိုက်ရပါသည်။ စာရင်းတွေရိုက်နေ ရင်း အမှားမှားအယွင်းယွင်း။ ဘေးမှာချထားသော ကယ်လ်ကူ လေတာကို နှိပ်တာပင် တလွဲတွေနှိပ်၊ သုညသုံးလုံးတွဲနှိပ်ရမှာကို နှစ်လုံးတွဲနှိပ်မိ။

ကိုယ့်ကိုယ်ကိုယ်ပင် အမြင်ကတ်လာကာ စာရင်း ကိုင်အရာရှိ မမခိုင်ကို ခိုးကြည့်လိုက်ပါသည်။ အငယ်တွေ ရုံးချိန် ဖုန်းပြောရင် မကြိုက်တတ်ပေမယ့် သူကတော့ ရုံးချိန်ဖုန်းပြောနေ ပါလား။ ရွှေက ဖုန်းကို မသိမသာ ကောက်ယူကာ မတ်တတ် ထရပ်လိုက်သည်။





အိမ်သာထဲ သွားဆက်မည်။

"ဟဲ့ ... ရွှေ၊ ဘယ်လဲ"

"ဟို ..."

"ဖိုင်အနီရောင်ပေးစမ်း၊ ဟိုဘက်က ... ဟိုဘက်ကဟာလေ၊ ငွေစာရင်းဖိုင်လ် မဟုတ်ဘူး၊ ကုမ္ပဏီတွေရဲ့ ကွန်တက် နံပါတ်တွေပါတဲ့ ဖိုင်လေ"

"ဟုတ်"

ရွှေက နေရာပြန်လာ ဖိုင်လ်ကိုယူပြီး မမခိုင်ရှေ့ချ လိုက်ပါသည်။

"ရှာစမ်းပါ ရွှေရယ်၊ '......'ဟိုတယ် ဖုန်းနံပါတ်"

လုပ်ငန်းသဘောအရ ဆက်သွယ်ရတတ်သော သိ ထားသင့်သော ဖုန်းတွေကို အက္ခရာစဉ်နှင့် မှတ်ထားတဲ့အထဲက ရွှေက ရှာဖွေလိုက်ပါသည်။

"အေးပါ ... အခုရှာနေတယ်၊ နင်ကလည်းလေ ဒိုင်ယက် ထရီလေးတစ်အုပ်လောက် ဝယ်ထားတာ မဟုတ်ဘူး၊ တစ်ဆိတ်ရှိ ငါ့ပဲ ဟိုဟာမေး ဒီဟာမေးနဲ့၊ ငါ့ကို နင့် ဂူဂယ်လ်မှတ်လို့ ငါ့ဆီကပဲတစ်ဆင့် ရှာနေတာလား၊ အဲဒီ ကဒ့ ခန်းမဈေးက မဆိုးပါဘူး၊ ဒါပေမဲ့ ငါတို့က ဝပ်ရှော့ပ် လေးတစ်ခုလုပ်ဖို့ရှိလို့ အခန်းကျဉ်း အနေတော်လေးပဲ စုံစမ်းတာ၊ နင်က စေ့စပ်ပွဲဆိုတော့ ခန်းမကြီးကြီးတော့ မေးရမှာပေါ့၊ ရပြီလား ရွှေ ... ကြာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မမခိုင်က တစ်ဖက်ကို ဖုန်းပြောနေတာက ရွှေ့ကို လှည့်မေးသည်။

"ဟုတ် ... ရပါပြီ ... ဒီမှာပါ"

"အေး ... သွား ... သွား ... စာရင်းမြန်မြန်သွင်း၊ ပြီးရင်ပြ"

ရွှေ့မှာ နေရာမှာ ပြန်ထိုင်ပြီး ဖုန်းလေးပြန်ချထား လိုက်ရပြန်ပါသည်။ တကယ်ပါပဲ။ အိမ်သာထဲသွားဆက်မလို့ဟာ ခုတစ်ခါ ပြန်ထထွက်ဖို့ကိုလည်း တွန့်နေပါသည်။ စိတ်ထဲ တထင့်ထင့် အနှောင့်အယှက်ဖြစ်နေသည်မှာ ဘာမထီများ စိတ်ဆိုးသွားမလား။ ခဏအကြာတွင်တော့ ရွှေသည် ကွန်ပျူတာကီးဘုတ်ပေါ်မှ လက်များကို ဖုန်းပေါ်က ကီးပက်လေးတွေဆီ ပြောင်း၍ တဖျပ်ဖျပ် နှိပ်လိုက်ပါသည်။

"Happy Birthday"

စာလေးကို ပို့လိုက်ပြီးမှ ရင်တခုန်ခုန်လေး ကျေနပ်ကာ နေလို့ထိုင်လို့ ရသွားပါသည်။ ရွှေ့မျက်နှာလေးက ပန်းသွေးစိုစို ပြုံးမြမြ။

တစ်ဖက်မှာ ဆိုဖာရှည်ပေါ် အလျားလိုက် ဖြတ်အိပ်နေရင်း မှုန်ကုပ်ကုပ်နှင့် အလိုမကျဖြစ်နေသော ဘာမထီသည် လေချွန်သံလေးနှင့် စာဝင်လာလျှင် လန့်သွားမိကာ ဖုန်းထဲကစာကို ကမန်းကတန်း ဖွင့်ဖတ်လိုက်မိပါသည်။

"Happy Birthday"

စာတန်းလေးကိုမြင်လျှင် ဘာမထီ မျက်နှာက ချက်ချင်းပဲ ကျေနပ်ပြုံးနှင့် ဝင်းပစ္စင်ပျသွားရပါသည်။





"You better give me a present"

ချက်ချင်း စာတဖျပ်ဖျပ် ပြန်ရိုက်ကာ ပို့လိုက်ပြီးမှ ချက်ချင်းပဲ နောင်တရသွားသော်လည်း ထွက်သွားသောစာကို ပြန်ဖမ်းလို့မရနိုင်။

"Just Kidding"

နောက်ဆက်တွဲ ထပ်ပို့လိုက်ပြီး တစ်ယောက်တည်း ဘာဟက်ဟက် ရယ်မောလိုက်မိလေသည်။ သနားပါတယ်။ လခတစ်သိန်းရှစ်သောင်းတဲ့။ သူ ရုံးခန်းဖွင့်တဲ့အခါ ရွှေ့ကို ရုံးမှာ ခေါ်ခန့်ထားရင် ကောင်းမလား။ ကောင်းတာပေါ့။ လခလည်း များများပေးလို့ရမည်။ သူ့မျက်စိအောက်မှာလည်း အချိန်ပြည့် မြင်နေရနိုင်မည်။

ဘာမထီက ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်ပါသည်။

"ဟယ်လို ... ဟော့ကောင် ... ရန်နိုင်"

"အေး ... ဘာမထီ ပြော"

"ရုံးခန်းလိုက်ကြည့်တာ အဆင်ပြေလား"

ရန်နိုင်ဟာလည်း ဆယ်တန်းကတည်းက သူငယ်ချင်းပင်။ သူ ကုမ္ပဏီရုံးခန်းဖွင့်တဲ့အခါ ရန်နိုင့်ကို ရာထူးတစ်နေရာပေး၍ သူနှင့်အတူ လက်တွဲအလုပ်လုပ်ဖို့ ရည်ရွယ်ပြီး ပြောထားသားပါ။ အခုလည်း ရန်နိုင်ပဲ ရုံးခန်းငှားဖို့ အဆောက်အအုံ အခန်း စသည်ဖြင့် ရှာဖွေနေကာ ဝန်ထမ်းအချို့ကို ခန့်ဖို့ကိုလည်း ရန်နိုင့်ကိုပဲ စီစဉ်ခိုင်းထားပါသည်။ သူက ရှေ့တစ်ပတ် ခင်ကာမှ



www.burmeseclassic.com

www.burmeseclassic.com



ခဏပြေးရဦးမှာမို့ ဒီကကိစ္စ ဖိဖိစီးစီး မလုပ်နိုင်ပါ။

"အေး ... ဒီနေ့ တစ်ခန်းတွေ့တယ် မဆိုးပါဘူး ကွန်ဒို ငါတို့က သိပ်အကျယ်ကြီးလည်း မလိုလောက်ဘူးဆိုတော့ သူ့ဈေးနဲ့သူ သင့်ရုံလေးပေါ့ကွာ၊ Square feet ၁၄၀ လောက်တော့ ရှိပါတယ်။ မင်း ... သန္တာဝင်း သိလား ပြီးခဲ့တဲ့ ဆရာကန်တော့ပွဲနဲ့ ကျောင်းသားဟောင်း ဂဲသ ရင်းတုန်းက တွေ့မှာပါ၊ ဆံပင်ကောက်ကောက်လေးနဲ့လေ"

"အေး ... သန္တာဝင်း ငါသိပါတယ်"

"သူပြတဲ့ထဲကပဲ၊ သူလည်း ပွဲခလိုချင်တော့ မဟားဒယား ပတ်ရှာတာပဲကွာ၊ သူ့ချိတ်ဆက်တစ်ယောက်နဲ့ လိုက် တာထဲက ဒီတစ်ခန်းတော့ မဆိုးဘူး ထင်တယ်၊ နက်ဖြ မင်းအားရင် လိုက်ပြမယ်"

"အေးပါ ... ကြည့်တာပေါ့၊ Staff တွေ ခန့်ဖို့ရော"

"ရုံးခန်းအထိုင်ကျမှ လူစခေါ်မယ်၊ လေးငါးယောက်ပဲဟာ စိတ်မပူပါနဲ့၊ မြန်မြန်ပြီးမှာပါ"

"စိတ်မပူပါဘူး၊ အလုပ်ခန့်ဖို့ တစ်နေရာလောက် ချန်ထား ပေး၊ ငါခန့်ချင်တာ တစ်ယောက်ရှိလို့"

"ယောကျ်ားလေး မိန်းမလား၊ ယောကျ်ားလေးက တင် ယောက်လောက်ပဲ လိုတာနော်"

"မိန်းကလေးပါ"

"ဘယ်သူလဲ ... ဘာရာထူးလဲ၊ မားကက်တင်းလား"





"ဟင့်အင်း... ရာထူးနည်းနည်း နေရာရတာလေး...အဟက်"

"ဘာလဲက ... မင်းဟာက ဘာရာထူးတုန်း"

"သူက အခုတော့ စာရင်းကိုင်လက်ထောက်ကွာ၊ ကုမ္ပဏီကြီးကြီးမှာပါ၊ ငါတို့ဆီကိုခေါ်ရင် စာရင်းကိုင်အနေနဲ့ ခေါ်လို့ရမလား"

"ရတော့ ရမှာပါ၊ ဒါပေမဲ့ ငါတို့ကုမ္ပဏီက အခုမှစမှာလေ၊ စာရင်းကိုင်ကို လခများများပေးရတဲ့ စီနီယာ အကောင့်တန့်ခန့်ဖို့ မလိုပါဘူး၊ ဘယ်သူတုန်း အမျိုးထဲကလား"

"မဟုတ်ပါဘူး၊ မင်း ရွှေတဆုပ်ကို သိလား"

"ဩော် ... သိတယ်လေ၊ ဘာလဲ သူ့ကိုခန့်ချင်တာလား၊ မင်းကတော့၊ ကျောင်းတုန်းက ဇာတ်လမ်းက မပြီးသေးဘူးလား"

"ပြီးစရာလားကွ၊ မကြာခင်ကမှ ပြန်တွေ့ကြတာလေ"

"ရွှေတဆုပ်က ဒေဝီနဲ့ ညီအစ်မတွေဆိုတာ မင်းသိလား၊ ဒေဝီက မင်းတို့ဆိုင်မှာ ဆိုတယ်လေ၊ ဒေဝီကလည်း ဖယားမရှင်းဘူး၊ အသံနည်းနည်းထွက်တယ်နော် ဘာမထိ၊ ရွှေတဆုပ် ဆိုတာလည်း အံ့ပုန်းလေး၊ ဘယ်လိုလေးလဲ မသိဘူး၊ ကျောင်းတုန်းက ဘာသဘောရှိရှိ ကိစ္စမရှိပေမယ့် မင်း အခုလို အလုပ်လုပ်တဲ့ကိစ္စမှာတော့ သူ့ကိုကြောင်ပြီး ခေါ်ထည့်ခန့်ထားဖို့ထိ လိုလို့လား၊ စဉ်းစားစမ်းပါဦး



www.burmeseclassic.com

ဘာမထိရာ"

"ဟော့ကောင် ... ငါ ရွှေ့ကို ပေါ့ပေါ့ပါးပါးလေး ကြောင်နေတာ မဟုတ်ဘူး၊ ရွှေ့ကို ငါ ခုထိချစ်တုန်းကွ"

"ဟေ"

"ဘာဟေလဲ ... မင်းကလည်း ငါ တကယ်ပြောနေတာ"

"တကယ်ဖြစ်လေ သေချာစဉ်းစားဖို့ လိုလေပဲ ဟော့ကောင်၊ သေချာလို့လားကွာ၊ တော်ကြာမှ မကြိုက်တော့ရင် အလုပ်က ပြန်ဖြုတ်လို့ မလွယ်ဘူးနော်၊ အလုပ်သမားဥပဒေနဲ့ ငြိမယ်"

"မင်းကလည်းကွာ၊ ပြောရခက်လိုက်တာ။ ရှက်တောင်ရှက်လာပြီ၊ ဘာပဲဖြစ်ဖြစ် ရွှေ့ကို အကောင့်တဲ့နဲ့ခန့်ဖို့ လျာထားလိုက်ပါကွာ"

"ရောဂါပဲ ... မင်းကတော့"

"အချစ်ရောဂါပေါ့ကွာ ... ဟက် ဟက်"

"ဟော့ကောင်၊ သူတို့က တစ်မျိုးတွေနော်၊ ဒေဝီကလည်း ဧယား၊ ရွှေတဆုပ်က အဖေ့ဘက်ကပါတာဆိုလား အမေ့ဘက်က ပါတာဆိုလား၊ ငယ်ငယ်တုန်းက တစ်မျိုးတစ်မည် ကြားဖူးတယ်ကွ၊ သေချာမသိလို့၊ ပြီးတော့ အခုလည်း အိမ်မှာ မွေးစားသမီးလေး ဆိုလား ဘာလား ကလေးတစ်ယောက်က ရှိသေးတယ်၊ ဘာတွေမှန်း မသိဘူး"

"မင်းက ဘယ်လိုလုပ် ဒါတွေသိတာလဲ"





"သိတာပေါ့၊ သူတို့နဲ့ တစ်အိမ်ကျော်က ငါ့ကြီးတော်အိမ်"

"ဒေဝီ သူ့ဟာသူ ဧယားဖြစ်ဖြစ် ဧရက်ဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ ရွှေက အဖေဘက်ကပါပါ အမေဘက်ပါပါ ဘယ်ကပါပါ ငါစိတ်မဝင်စားဘူး၊ အိမ်မှာမွေးစားသမီး ရှိတာကလည်း မိုင်းနပ်စ်ဖြစ်စေတဲ့ ချို့ယွင်းချက်လားကွ မင်းကလည်း၊ ရွှေတို့အမိုးက လုံချည်ပြာသူနာပြုစစ်စတာကြီး ဆိုတော့ ကလေးတွေ ဘာတွေ ကြုံကြိုက်တိုက်ဆိုင်လို့ မွေးစားဖို့ ဖြစ်နိုင်တာမျိုးပဲ"

"ဒါတော့ ဒါပေါ့လေ၊ ပြီးတော့ ရွှေ့အနေအထားလောက်နဲ့ မင်းမားသားက အဆင်ပြေပါ့မလား"

"ပြေပါတယ်ကွာ၊ မပြေလည်း ခွတ်ယူပြီး စင်ကာပူသွားအခြေချမှာပဲ"

"အေးတာပဲ၊ တကယ့်ကောင်ကွာ"

○ ၆ ○



www.burmeseclassic.com

www.burmeseclassic.com



(၆)

စင်ကာပူ ခဏသွားတုန်း ရန်ကုန်မှာကိုင်တဲ့ဖုန်းက
မပိတ်ခဲ့မိဘဲ ကိုယ့်အခန်းအံဆွဲထဲ ဒီတိုင်းထည့်ထားခဲ့မိတဲ့အတွက်
ပြန်ရောက်လာတဲ့အခါ ဖုန်းထဲမှာ Miss calls အများအပြားတွေ့
ရပါသည်။ လေးရက်တာ အချိန်အတွင်း Miss calls ပေါင်းများ
စွာထဲမှာ နေ့စဉ်နေ့တိုင်း တစ်နေ့ သုံးလေးခါ ခေါ်ထားတဲ့ ဖုန်း
နံပါတ် အစိမ်းတစ်ခုကို ဘယ်သူပါလိမ့်ဟု အံ့ဩနေခဲ့တာ။

အခု ဒီဖုန်းကောလ် ထပ်ဝင်လာတော့ ဘာတွေ
အရေးတကြီး ပြောစရာရှိနေတဲ့ ဘယ်မိတ်ဆွေများပါလဲဟု ကမန်း
ကတန်း ဖွင့်ထူးလိုက်လျှင်တော့ တစ်ဖက်ကခေါ်နေသူဟာ အံ့အား
သင့်ဖွယ်ရာ ဒေဝီဖြစ်လို့ နေလေသည်။ ဘာမထီ တအံ့တဩနှင့်

"နင့် Miss calls တွေ အများကြီးပါလား၊ ငါတော်
ဘယ်သူများလဲလို့ အံ့ဩနေတာ၊ ငါ ဒီမနက်ပဲ စင်ကာပူ
က ပြန်ရောက်တာ"





"ဪ ... ထင်တော့ ထင်သားပဲ၊ နင် ခရီးသွားနေတယ် ထင်တယ်လို့"

"အေး ... ဟုတ်တယ်၊ အရေးကြီးတာ ရှိလို့လား၊ ငါ့ဖုန်းနံပါတ် ဘယ်ကရလဲ"

"သန္တာဝင်းဆီကလေ၊ နင်က ငါ့ကို အရေးလုပ်ပြီး miss call တစ်ချက်တောင် လှမ်းမပေးတော့လည်း ငါကသိတဲ့ သူဆီက မေးရတာပေါ့ဟာ"

"ဪ ... ဪ ... ဟုတ်တယ်၊ သူ ငါ့ဖုန်းနံပါတ်သိတယ်၊ နင် ဘာပြောစရာရှိလို့လဲ ဒေဝီ"

"ပြောစရာလေး မေးစရာလေး ရှိလို့ပါ၊ ငါတို့ အေးအေးဆေးဆေးတွေ့ပြီး စားရင်းသောက်ရင်း စကားပြောရအောင်လား ဘာမထီ၊ တစ်နေရာရာမှာ ချိန်းရအောင်လေ"

ဘာမထီက တစ်ခဏ နှုတ်ဆိတ်ငြိမ်သက်သွားပါသည်။ ဦးနှောက်ထဲမှာလည်း တွေးစရာ စဉ်းစားစရာတွေ တထပ်ထပ် ပြေးလွှားသွားသည်။

"တိုင်ပင်စရာလေး ရှိတာမို့လို့ပါ"

"ဪ ... အင်း ... ဒါဖြင့် နောက်ရက်မှ သတ်သတ်ထပ်ချိန်းကြရအောင်လား ဒေဝီ၊ ငါက ခုလောလောဆယ် ငါတို့ရုံးခန်းဖွင့်ဖို့ ဒက်ကရေးရှင်း ပြင်ဆင်နေတဲ့ဆီရောက်နေလို့၊ ဒီနေ့ အလုပ်လေး နည်းနည်းများမှာမို့ဟ"

"အဲလိုဆိုရင်လည်း အိုကေလေ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပြီးသောအခါ ဘာမထီက ဖုန်းနှင့် မေးစေ့ကို ထောက်ကာ ထောက်ကာ စဉ်းစားခန်း ဝင်မိသည်။ တိုင်ပင်စရာ ရှိရလောက်အောင်တော့ ဒေဝီနှင့် သူ မရင်းနှီးလှတာအမှန်။ ဘာ တွေများ တိုင်ပင်ချင်နေတာပါလိမ့်။

ဘာမထီသည် ရုံးခန်းထဲ ရောက်နှင့်ပြီးဖြစ်သော နေရာမချရသေးတဲ့ ဖန်နှစ်ချာတွေထဲက ကုလားထိုင်တစ်လုံးဆွဲ ယူကာ အခန်းကန့်မှာ တပ်ဆင်နေသည့် မှန်ချပ်အနား ချကာ အနီးကပ် ကြည့်နေလိုက်ပါသည်။ ဈေးသင့်သင့်နှင့် ငှားရမ်းလိုက် သော ဒီအခန်းကို ရုံးခန်းအဆင်အပြင်ဖြစ်အောင် အတွင်းပိုင်း မွမ်းမံပြင်ဆင်မှုတွေတော့ ထပ်လုပ်ရသည်။

အခန်းတွင်း ဒီဇိုင်းဟာ ခပ်ရှင်းရှင်းလေးပင်။ နဂို ပါလာတဲ့ အခန်းကန့်နံရံတွေက လျှာထိုးပြားတွေ ဒေါင်လိုက်နှင့် ခပ်ရိုးရိုး ခပ်ဟောင်းဟောင်း ဖြစ်နေ၍ ဒါတွေကိုဖြုတ်ကာ မှန် ချပ်စိမ်းစိမ်းဖန့်ဖန့်တွေနှင့် အစားထိုးသည်။ အတွင်းက blinder လေးချထားလိုက်မည်။ ရုံးခန်းနှင့်လည်း ပိုအပ်စပ်သလို အပြင် ဘက်က တစ်စားပွဲမှာ ရှိနေမည့် ရွှေ့ကိုလည်း မသိမသာ အလွယ်တကူ လှမ်းကြည့်လို့ ရမည်။

ရွှေ့ဘက်က ဘယ်လိုမှန်း မသိသေးဘဲ ဘာမထီ ကတော့ သူ့ဘက်က တစ်ကိုယ်တည်း တစ်ဖက်သတ် အလုပ် ခန့်ကာ နေရာတောင် သတ်မှတ်ပြီးပြီ။

"ဧည့်သည်လာပါတယ် ဆရာ"





လက်သမားတွေရဲ့ လုပ်ငန်းထဲ စိတ်ဝင်တစား ငေးမြောနေသည်မှာ ဘယ်လောက်ကြာသွားမှန်းပင် မသိဘဲ အခန်း တံခါးဝနားက သတင်းပေးသံကြားမှ လှမ်းကြည့်လိုက်သော ဘာမထီက ပါးစပ်ပင် အဟောင်းသား ဟသွားရပါသည်။ သူ့ကို ပြုံးပြုံးနှင့်ကြည့်နေတဲ့ ဒေဝီကိုကြည့်ကာ စိတ်ထဲမှာ တစ်မျိုးဖြစ် သွားရသည်။

နောက်မှချိန်းမယ် အလုပ်ရှိလို့ဟု ပြောလိုက်ပါ လျက် အလုပ်ရှိရာအထိ လိုက်လာခဲ့တဲ့ ပိုင်စိုးပိုင်နင်း တစ်ဖက် သတ်ဆုံးဖြတ်မှုကို ဘာမထီက မနှစ်မြို့လှပေ။ လှပလင်းလက် မွှေးကြိုင်နေတဲ့ ဒေဝီကို အလုပ်သမားတွေကလည်း ကွက်ကြည့် ကွက်ကြည့်နှင့်။ ဘာမထီက ခံမှုလေးကန်ကန်ထ,သည်။

"အဟင်း ... ရောက်လာတော့ အံ့ဩသွားမှာပဲ"

"သန္တာဝင်းဆီကပဲ ရုံးခန်းတည်နေရာကို သိရတာပဲလား"

"ဒါပေါ့"

ပြုံးစိစိလေး မျက်လွှာမေးစင်း ပုတ်ခတ် ဖြေလိုက်ပုံ မှာ သွက်လက်မြူးဖျနေသည်။ ခုလို လျှပ်တစ်ပြက် ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာရတာကို သူ့ဘာသာ အတော်သဘောကျ နေပုံပင်။

"ဘာတွေများ အရေးကြီးနေလို့လဲဟ"

ဘာမထီက နောက်ထပ်ကုလားထိုင်တစ်ခုကို သွား ဆွဲထုတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝရန်တာဘက် ထွက်ထိုင်ရအောင်လေ"

"အေး ... ထိုင်လေ"

ခုံနှစ်ခု တစ်ဖက်တစ်ချက်မ,ကာ ဒေဝီ့အလိုကျ ဝရန်တာမှာ ချလိုက်သည်။

ဝရန်တာက ကျယ်လွင့်ကာ မျက်နှာချင်းဆိုင်မှာ တိုက်မြင့်မရှိ၍ အဝေးကို ကျယ်ကျယ်ပြောပြော လှမ်းမြင်ရသည်။

"ကြည့်လို့ကောင်းလိုက်တာနော် လှလိုက်တာ၊ ဟိုနားမှာ ကြည့်စမ်း၊ အဲဒီနားလောက်မှာ ငါဆိုတဲ့ စားသောက်ဆိုင်၊ နင့်ဆိုင်လေး၊ 'Let us'ဝိုင်ဘာလေးပေါ့ ဟုတ်တယ်မဟုတ်လား၊ ဟိုးခေါင်မိုးနီနီလေး ဖြစ်မယ်"

"အင်း ... ဟုတ်သားပဲ"

"ဆိုင်ကနေ လှမ်းကြည့်ရင် မမြင်ရနိုင်ပေမယ့် နင် ဒီ ဝရန်တာကနေထွက်ပြီး လှမ်းကြည့်ရင်တော့ ဆိုင်ကိုမြင် နေရတယ်၊ ထွက်ထွက်ကြည့်နော်"

ဘာမထီက ဒေဝီ့ဘက် ဖြည်းဖြည်းလှည့်ကာ စူးစူး စိုက်စိုက် ကြည့်လိုက်သည်။

"ဘာအတွက်လဲ"

"အဟက်ဟက် ... ဘာအတွက်ရယ် မဟုတ်ပါဘူးဟာ၊ နင့်ဆိုင်ကို နင်ကြည့်တာပဲလေ၊ ငါလည်း အဲဒီနေရာမှာ ရှိနေတာ ဒါပါပဲ"





ဒေဝီက ကုလားထိုင်တစ်ခုမှာ မတ်မတ်လေးထိုင်ရင်း ဝရန်တာမှ အဝေးဆီ ငေးမျှော်ကြည့်နေသည်။ ဘာမထီက ဝရန်တာလက်ရန်းစတီးတန်းလုံးကြီးတွေပေါ် တံတောင်ဆစ်နှင့် ခုံကုန်းကုန်းထောက်ရင်း ပြုံးတုံ့တုံ့နှင့် ရှေ့ကို ငေးနေမိပါသည်။ တစ်မျိုးလေးသော ဆဌမအာရုံက သူ့ကို တစ်စုံတစ်ရာ သတိပေးနေလေပြီ။

တကယ်တော့ ရှစ်တန်း ကိုးတန်း ဆယ်တန်းကာလထဲမှာ ဘာမထီသည် ရွှေတဆုပ်ဆိုတဲ့ အူကြောင်ကြောင်ကောင်လေးတစ်ယောက်ကိုသာ ခိုးခိုးကြည့်နေမိခဲ့သော်လည်း ဒေဝီ့ကိုလည်း (ရွှေတဆုပ်နှင့် ဆက်စပ်၍ပဲဖြစ်စေ) သတိတော့ပြုမိခဲ့သည်။ အလကားနေ ခလုတ်တိုက်နေတတ်တဲ့ ရွှေတဆုပ်နှင့် တခြားစီ ကြော့ကြော့မော့မော့ရှိလှတဲ့ ဒေဝီက ကောင်လေးတွေ ပါးစပ်ဖျားမှာ ပိုပြီးရေပန်းစားခဲ့တာ မဟုတ်လား။

ဒေဝီ့ကိုလည်း ဘာမထီက ရင်းရင်းနှီးနှီး ဆက်ဆံခဲ့တာပင်။ ဒါဟာ ရွှေတဆုပ်ရဲ့အစ်မဝမ်းကွဲဆိုတဲ့ အသိကြောင့်သာ ဖြစ်ခဲ့သည်။ ယောကျ်ားလေးဖြစ်၍ ဒေဝီရဲ့ကောင်ကလေးအချို့နှင့် စာပေးစာယူကိစ္စလေးတွေ ကျောင်းဘောလုံးကွင်းစပ်ကျောင်းထောင့်ကုက္ကိုပင်ကြီးအောက် ဖိုးခနဲ ဖျတ်ခနဲ အချိန်းအတွေ့ကိစ္စလေးတွေကို ကြားဖူးနား၀ ရှိနေခဲ့သလို ရိုးတိုးရိပ်တိတ်လည်း မြင်တွေ့ဖူးနေခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အထင် ဆယ်တန်းလောက်မှာ ဒေဝီဟာ ရည်းစားထားဖြစ်ခဲ့တယ် ထင်သည်။ အတိအကျ မဟုတ်ပေမယ့် ဒေဝီနဲ့ ဘယ်သူနဲ့ဆိုတဲ့ ကောလာဟလသတင်းစားမျိုးတော့ နားထဲရောက်ဖူးသည်။ တစ်ကြိမ်မှာတော့ ရည်းစားနဲ့ချိန်းတွေ့တာ ဆရာမမိ၍ ရုံးခန်းတောင် ရောက်ခဲ့ဖူးသလိုလို သူ ရိုးတိုးရိတ်တိတ် ဇဝေဇဝါ ဖြစ်နေသည်။ သေချာ မမှတ်မိပေ။

ဒေဝီ ရည်းစားထားထား မထားထား ချိန်းတွေ့တွေ့ မတွေ့တွေ့က သူ သိပ်စိတ်ဝင်တစား ရှိလှတဲ့ အရေးကိစ္စထဲ မပါ၍ သူ သဲသဲကွဲကွဲကြီးတော့မသိ။ သူ ပြန်တွေ့ချိန်မှာ ဒေဝီဟာ သူ ရှယ်ယာပိုင်ဆိုင် ပါဝင်တဲ့ဆိုင်မှာ သီချင်းဆိုခြင်းဖြင့် လူကြိုက်များ အောင်မြင်နေတဲ့သူတစ်ယောက် ဖြစ်နေပြီ။ ခဏခဏ မတွေ့ဖြစ်ပေမယ့် ဟိုကြား ဒီကြား သတင်းစကားလေးတွေရယ်၊ သူကိုယ်တိုင် အကဲခတ်မြင်တွေ့ရတဲ့ အခြေအနေတို့ကြောင့်ရယ် ဒေဝီဟာ အချဉ်တော့ဖြင့်မဟုတ်တာ တရေးရေးမှန်းဆမိနေပါသည်။

"ဘာမထီ"

"အေး ... ပြောလေ"

"ဦးမိုးမြင့်သူက အိမ်ထောင်နဲ့ မဟုတ်လား"

"........"

ဘာမထီသည် ဘာမှပြန်မပြောနိုင်ဘဲ ဒေဝီ့ကိုငေးကြည့်လိုက်မိပါသည်။ သူ့ကိုပြန်ကြည့်နေတဲ့ ဒေဝီ့မျက်ဝန်းများက ပဟေဠိ ဆန်လှသည်။

"အင်း ... ဟုတ်တယ်၊ ဘာဖြစ်လို့လဲ ဒေဝီ"





"ဘာမထီ"

"........"

"ငါ့အသက်မွေးဝမ်းကြောင်းအလုပ်က ပိုက်ဆံရပါတယ်၊ ဝင်ငွေကောင်းပါတယ်၊ ဒါပေမဲ့ မိန်းမပျိုတစ်ယောက်အဖို့ မလုံခြုံလှဘူး၊ ငါ့ကို အကာအကွယ်ပေးပါနော်"

ဘာမထီသည် ပညာသားပါလှတဲ့ အဓိပ္ပာယ်ရှိလှတဲ့ စကားရဲ့အနက်ကို ကမန်းကတန်း သွေးရူးသွေးတန်း ခွဲခြမ်းစိတ်ဖြာရပါသည်။ ခေါင်းနပန်းကြီးလာသလိုလို ပူပူထူထူ ဖြစ်လာသလိုလို ဒေဝီ့ကိုလည်း တော်တော်ဖျားသွားရပါသည်။ သူ့စကားဟာ ရှေ့တိုးဖို့လည်းလွယ်၊ နောက်ဆုတ်ဖို့လည်း မခက်တဲ့ မသဲကွဲ မရေရာတဲ့ အဓိပ္ပာယ်မျိုးစုံကောက်လို့ ရတဲ့စကား။

"ငါပြောတာ ကြားရဲ့လား၊ နားရော နားလည်ပေးနိုင်လား"

"အား ... နင် ဘယ်လိုအခက်အခဲတွေ ရှိနေလို့လဲ၊ ဘာပဲဖြစ်ဖြစ် ငါတို့က ငယ်သူငယ်ချင်းတွေပဲလေ၊ နင့်မှာ အကူအညီ အကာအကွယ် လိုအပ်တယ်ဆိုရင် ငါ တတ်နိုင်တဲ့ဘက်က ပေးရမှာပဲပေါ့ ဒေဝီ"

"ဒီလောက် ကြားရရင်ပဲ ဝမ်းသာလှပါပြီ၊ ငါ ရပ်တည်နေရတဲ့ဘဝက ယိမ်းယိုင်ဖို့ လွယ်တယ်၊ ခြေလှမ်းမှားဖို့လည်း လွယ်တယ်၊ ကိုယ် တကယ်မဟုတ်ဘဲနဲ့လည်း နာမည်ပျက် နာမည်ဆိုး အတတ်ခံရတတ်တယ်၊ ရှေ့မှာ အကာအကွယ်တံတိုင်းတစ်ခုလို နင်ရှိနေပေးနိုင်မယ်ဆိုရင် ကျေနပ်စရာပဲ၊ အားရှိစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင်လိုအပ်တာ ကူညီပေးနိုင်လိမ့်မယ် ထင်ပါတယ်၊ ဒါပေမဲ့ ငါ အကြံပေးချင်တာက နင့်အဲသက် ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ် ဒေဝီ၊ နင့်အဖို့ တစ်ယောက်တည်း နေထိုင်ဖို့ စောနေသေးတယ် ထင်တယ်၊ နင့်ဦးလေးလည်း ရှိနေတာပဲ၊ ရွှေတို့နဲ့ အတူပေါင်းနေဖို့ သင့်တယ်လို့ ငါထင်တာပဲ၊ မိသားစုရှိတာ အုပ်ထိန်းသူရှိတာက တချို့သော အန္တရာယ်တွေကို အလိုအလျောက် အဟန့်ဖြစ်စေတယ်၊ တော်ရုံလူလည်း မစော်ကားဝံ့ဘူးပေါ့ဟာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နင် ရွှေ့အကြောင်း မသိသေးပါဘူး ဘာမထီရာ"

"ရွှေ ? ... ရွှေက ဘာဖြစ်လို့လဲ"

"ရွှေက မွေးစားသမီးဆိုတာ နင် သိလား"

ဘာမထီက အံ့အားတသင့်နှင့် ဒေဝီ့ကို အကဲခတ်နေရင်းက ခေါင်းဖြည်းဖြည်း ယမ်းလိုက်ပါသည်။

"ဟင့်အင်း ... ငါ မသိဘူး"

"ရွှေ့ကို ဦးလေးနဲ့ အမိုးနဲ့က မွေးစပေါက်ကလေးတည်းက မွေးစားခဲ့တာ၊ ရွှေက မိဘမဲ့၊ ဆေးရုံမှာ သူ့အမေက မွေးပြီး စွန့်ပစ်ထားခဲ့ခဲ့ရတဲ့ ကလေးကို အမိုးက သနားပြီး ခေါ်မွေးစားခဲ့တာ"

"အဲဒါကို ရွှေရော သိလား"





"သိတာပေါ့၊ သူ့ကိုလည်း အသိပေးထားတာပဲ၊ နင်မေးကြည့်လေ၊ ငါက ငါ့မိဘတွေ အက်ဆစ်ဒဲန့်နဲ့ သေဆုံးကုန်လို့ ငါ့ဦးလေးဆီ ရောက်လာတာ၊ အရွယ်လေးတွေ ရောက်လာတော့ ရွှေ့စိတ်မှာ ငါ့ကို အမြဲယှဉ်ပြိုင်တယ်ဟာ၊ ပြောရမယ်ဆိုရင် မွေးစားသမီးနဲ့ တူမဆိုတာ တူမက သွေးစပ်သေးတာ မဟုတ်လား၊ သူက ငါ့အပေါ် ဘယ်တော့မှ အမြင်မကောင်းခဲ့ဘူး၊ ဦးလေးဆီက မေတ္တာစေတနာ ပိုင်ဆိုင်မှု အားလုံးဟာ တူမဆီကိုပဲ စီးဆင်းသွားတော့မှာလားဆိုတဲ့ မကြည်လင်တဲ့ သံသယတွေနဲ့ တွဲနေနေရတာ ငါ မွန်းကျပ်လို့ ကင်းကင်းရှင်းရှင်းနေဖို့ အဲဒီအိမ်ကထွက်လာတာ"

ဘာမထီက ဒေဝီ့ကို စိုက်ကြည့်နေမိသည်။

"ကိုယ့်ဘာသာ တစ်ယောက်တည်း ကိုယ့်ခြေထောက်ပေါ် ရပ်တည်အောင်မြင်လာပြီးတဲ့နောက်တော့ အဲဒီအိမ်ကို ငါလည်း ပြန်မခိုဝင်ချင်တော့ဘူးပေါ့ဟာ"

"အခုဆို သူအောင်မြင်ပြည့်စုံနေသားပဲ၊ သူလည်း အရင်လို မြင်တော့မယ် မထင်ပါဘူးလေ၊ ငါ့အထင်တော့ နင် အဲဒီကိုပြန်ပြီး မိသားစုနဲ့သိုက်သိုက်ဝန်းဝန်း နေလိုက်ရင် နင့်မှာရှိနိုင်တဲ့ အန္တရာယ်တွေ မလုံခြုံမှုတွေ တော်တော်များများ ဘေးကင်းသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီကို ပြန်မတက်ချင်တော့တဲ့ တခြားခိုင်လုံတဲ့ အကြောင်းလည်း ရှိပါသေးတယ်"

"ဘာလဲ"

"အဲဒါကတော့ နင့်ကို ပြောပြဖို့ စောသေးဦးမယ် ထင်တယ် ဘာမထီ"

ဘာမထီက ပခုံးတစ်ချက် တွန့်လိုက်မိရင်း ...

"ထားပါတော့လေ၊ နင် တစ်ယောက်တည်း နေရတာ ပိုအသားတကျ အဆင်ပြေနေတယ်ဆိုရင်တောင်မှ အိမ်မှာ အဖော်အလှော်လေး ဘာလေး ခေါ်ထားရင် ရတာပဲ၊ အာ မကိုးရတောင် အဟန့်ပေါ့ဟာ၊ မိန်းကလေး ဒီအရွယ် တစ်ယောက်တည်း အိမ်ခန်းတစ်ခန်းမှာ နေတာကတော့ လူတွေအကဲခတ်စရာ သွေးတိုးစမ်းစရာ အနေအထား တစ်ခုကို အလိုအလျှောက် ရောက်စေတာပဲလို့ ငါထင်တယ်"

"အင်း ... အဲလို အဖော်လေး ခေါ်ထားနိုင်အောင်တော့ ငါ စဉ်းစားပါ့မယ်၊ နင့်စကားကို ငါနားထောင်ပါ့မယ် ဘာမထီ"

"အာ ... နားထောင်ရမယ်တော့ မဟုတ်ပါဘူး၊ ငါကအကြံပေးတာပါ"

"အဲလို အမြဲအကြံပေးပါဟာ၊ ငါ့မှာရှိသမျှကိစ္စတွေ အားလုံးကိုလည်း အမြဲတိုင်ပင်ပါရစေ"





"အေးပါ ... ငါ အပန်းမကြီးပါဘူး"

"အဝေးမှာနေပေမယ့် ငါ ရွှေ့အတွက် အမြဲခေါင်းထဲရှိပါတယ်၊ ခုချိန်မှာ ငါ အမြဲတမ်း ဆုတောင်းတဲ့ ကိစ္စတစ်ခုကတော့ ရွှေ့ကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ့် တူတူတန်တန် လူတစ်ယောက်ယောက်နဲ့ သူ့ကို အခြေတကျလေး ဖြစ်စေချင်တဲ့ ဆန္ဒပဲ"

ဒေဝီစကားကို ဘာမထီက နားထဲ အချိုးတကျမရှိသလို နားခါးသလို ခံစားလိုက်ရကာ ...

"အာ ... နင်ပြောပုံက ရွှေကပဲ ယောကျ်ားကောင်းကောင်း မရနိုင်တဲ့ အနေအထားရှိနေတဲ့ မိန်းကလေး ကျနေတာပဲ"

ဒေဝီက ဘာမထီကို ခပ်တည်တည်လေး စိုက်ကြည့်လိုက်ပါသည်။

"နင်ဘာသိလို့လဲ ဘာမထီ၊ နင်က ဘေးလူသူစိမ်းပါ၊ ငါ ရွှေ့အတွက် စိုးရိမ်ပူပန်တာကို နင်က ပေါ့တီးပေါ့ဆမတွေးပါနဲ့"

ဘာပြန်ပြောရမည် မသိဘဲ ဘာမထီက နှုတ်ဆိတ်လိုက်ရပါသည်။

○ ၆ ○



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ရော့"

ကားပေါ်ကို တက်ထိုင်ပြီးသည်နှင့် အိတ်နှိုက်လိုက် ခြင်းနှိုက်လိုက် ဘာတွေအလုပ်ရှုပ်နေတယ်မသိတဲ့ ရွှေ့ကို ဘာမထီ က ကိုယ်ပါစောင်းလှည့်ကာ စိမ်ပြေနပြေ ကြည့်နေလိုက်တာပါ။ ရွှေ့ကြည့်ရတာ သူ့ကို မျက်နှာချင်းမဆိုင်ချင်တာနဲ့ပဲ အချိန်ဆွဲ ကာ အလုပ်ရှုပ်ချင်ယောင် ဆောင်နေတယ် ထင်လို့ပင်။

အတော်ကြာ ဟိုနှိုက် ဒီနှိုက်နှင့် အတော်ကြီး အချိန်တွေကုန်ပြီးမှ ရော့ဆိုတဲ့ သံပြတ်နှင့်အတူ ဘာမထီ့လက်ထဲ အထုပ်တစ်ထုပ် ရောက်လာသည်။ လှမ်းကမ်းပေးတာ မဟုတ်ဘဲ လက်ထဲထိုးထည့်လိုက်သလို ရောက်လာတဲ့အထုပ်ကို ဘာမထီက ကြောင်အမ်းအမ်း ဆုပ်ကိုင်ထားလိုက်ရကာ ...

"ဘာလဲ"

"နင့်ဟာနင်ကြည့်ပေါ့"





ဘာမထီက အလကားနေ ရှက်ကိုးရှက်ကန်း ဖြစ်နေတဲ့ ကောင်မလေးကို ဆက်စိုက်ကြည့်ပြီး မစချင်တာနှင့် အထုပ်လေးကို ဖွင့်ဖြေကြည့်လိုက်ပါသည်။ ထွက်လာသော ဘူးညည်လေးထဲမှာ အသားရောင်ရင့်ရင့် ခြေအိတ်လေးတစ်စုံ။ ဘာမထီက ပြုံးကာ ရွှေ့ကိုငဲ့ကြည့်လိုက်လျှင် ရွှေ့ပါးမို့လေးနှစ်ဖက်က ပန်းသီးနှစ်လုံးကဲ့သို့ နီမြန်းမြန်း ဖြစ်နေကာ ...

"နင် ကြိုက်လား"

"အင်း ... ကြိုက်ပါတယ်၊ ဒါက ဘာလဲ"

"ခြေအိတ်လေ၊ မြင်တာနဲ့ နင်မသိဘူးလား"

"မြင်တာနဲ့ ခြေအိတ်မှန်းတော့ သိတာပေါ့၊ ဘာလို့ပေးတာလဲလို့ မေးတာ"

"မွေးနေ့လက်ဆောင်လေ"

"ဟင် ... မွေးနေ့လက်ဆောင်၊ မွေးနေ့ပြီးသွားတာကဖြင့် ဆယ်ရက်ကျော်သွားပြီလေ မမရယ်"

"ဒါပေမဲ့ နင့်မွေးနေ့ကိုမှ မသိတဲ့ဟာ၊ မွေးနေ့ပေါ်တော့ အတိအကျ ဘယ်ပေးနိုင်ခဲ့မလဲ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ငါ့မွေးနေ့ပြီး နောက်တစ်ရက် မှန့်လိုက်ကျွေးပါရစေလို့ တောင်းတောင်းပန်ပန်နဲ့ ပြောပြီး နင်နဲ့ငါ ဆုံသေးတာပဲဟာ၊ အဲဒီနေ့ကဝယ်ပေးရင် ပိုတောင် အဆင်မပြေဘူးလား၊ ခုတော့ အဝေးကြီး မေ့တောင်နေပြီ မွေးနေ့ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်ပြီး ချက်ချင်းပေးလို့ ရတာမှ မဟုတ်တာ ကြာတာပေါ့"

"ဟင် ... ဘာလို့ချက်ချင်းပေးလို့မရတာလဲ"

"ခြေအိတ်မှာ နာမည်လေး ထိုးရသေးတာပေါ့"

"ဟင်"

ဘာမထီက မြူးထူးစွာ ပြုံးလိုက်မိကာ ခြေအိတ်ကို ဆွဲထုတ်၍ သေချာဖြန့်ကြည့်လိုက်ပါသည်။ အသားရောင်ရင့်ရင့် ခြေအိတ်တဲ့ ခြေကျင်းဝတ်အရစ်နေရာလောက်မှာ ပိုးချည်ရွှေညို ရောင်လေးနှင့် ရေးထိုးထားသော "BARMAHTI"ဆိုတဲ့ စာလုံးလေးကို သဘောတကျ ဖြစ်သွားရကာ ...

"နင် ထိုးထားတာလား ရွှေ"

"အင်းပေါ့ ... ဘယ်သူက ထိုးပေးမှာလဲ"

"အဟင်း ... ချစ်ဖို့ကောင်းလိုက်တာ နင်က၊ ငါကခြေအိတ်ဆို အသားရောင် ချော့ကလက်ရောင်ဖျော့ ကော်ဖီရောင်လေးတွေမှ ကြိုက်တာ"

"ငါသိတယ်လေ၊ အဲဒါလေးတွေပဲ အမြဲဝတ်တာတွေ့နေတာပဲ"

"နာမည်လေးထိုးပေးတဲ့ နင့်စိတ်ကူးလေးကို ကြိုက်လိုက်တာ၊ နာမည်ထိုးတယ်ဆိုတာ လက်ကိုင်ပဝါတို့ ဘာတို့မှာပဲ ထိုးတာ ကြားဖူးတာလေ"





"လက်ကိုင်ပဝါကျတော့ ဟိုလေ ... သူငယ်ချင်းအပေါင်းအသင်းတွေ လက်ဆောင်မပေးရဘူး ဆိုလားလို့၊ ငါကြားဖူးတာလေ"

"မကြားဖူးပါဘူး အဲလို"

ဘာမထီက ခါးပတ်ကြိုးဆွဲပတ်လိုက်ရင်းက ရွှေ့ [illegible]က် ခေါင်းကိုယိမ်းကာ ခပ်တိုးတိုးနှင့် ...

"ရည်းစားကို မပေးရဘူးပဲ ကြားဖူးတာပါ"

ရွှေ့မျက်နှာက ရဲရဲမှုန်သွားကာ ထုံးစံတိုင်း သူ့အိတ် [illegible] ဟိုနှိုက်သလို ဒီနှိုက်သလို အလုပ်မရှိ အလုပ်ရှာနေပြန်ပါသည်။ ဘာမထီက ခပ်တိုးတိုးရယ်မောကာ ကားကိုမောင်းထွက်လာသည်။ [illegible]ကို ရှက်အောင်စရတာ ပျော်စရာ ကောင်းလှပါသည်။ ရွှေ [illegible]နေတာကလည်း ချစ်စရာ ကောင်းလှသည်။

"နင်ထိုးထားတာလေးကို ငါ ကြိုက်တယ် သိလား၊ တခြားခြေအိတ်လေးတွေမှာလည်း ထိုးချင်လိုက်တာ၊ ဒါပေမဲ့ ခြေအိတ်အဟောင်းတွေကျတော့ နင့်ကိုထိုးခိုင်းလို့ ဘယ်ကောင်းပါ့မလဲနော်၊ အဲဒီတော့ နင် နောက်ထပ် ဒီလိုခြေအိတ်တွေ အများကြီး ထပ်ဝယ်ပေးဦး၊ အသစ်ထပ်ဝယ်ပြီး အများကြီး ထိုးပေးနော်"

"ဟင်"

"ဘာလဲ"

"ဈေးကြီးတာကို၊ အသစ်အများကြီး ထပ်ဝယ်ပေးရဦးမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးက ဘယ်လောက်ကြီးလို့လဲ"

"ခုနစ်ထောင့်ငါးရာတောင်မှ၊ အရမ်းဈေးကြီးတာပဲ၊ ငါက ခြေအိတ်ဆိုတာ တစ်ထောင် ထောင့်ငါးရာပဲ ပေးရမယ် မှတ်နေတာ၊ သေချာရွေးပြီးမှ ဈေးမေးလိုက်တော့ ခုနစ်ထောင့်ငါးရာဆိုတော့ လန့်သွားတာပဲ၊ ရင်တုန်တုန်နဲ့ဝယ်လာရတာ ... ဟွန်း"

"တော်သေးတာပေါ့ တစ်ဖက်တည်း ဝယ်မလာလို့"

"မရောင်းလို့ပေါ့ဟဲ့၊ တစ်ဖက်တည်းသာရောင်းရင် ငါက တစ်ဖက်တည်း ဝယ်ချင်ဝယ်လာမှာ ... ဟီး"

"နင်နော် ... ငါ အသည်းယားအောင် လာပြောမနေနဲ့၊ ငါ သိပ်အသည်းယားလာရင် နင်မလွယ်ဘူး"

"အောင်မာ"

ဘာမထီက အူမြူးမြူးနှင့် ရယ်မောနေမိကာ ရွှေသည်လည်း ပြုံးစိစိလေး ဖြစ်နေပါသည်။ ရုံးဆင်းချိန်ရော တစ်ခါတစ်ရံလည်း ဖုန်းကြိုဆက်ကာ တစ်ခါတစ်ရံလည်း ကြိုမပြောဘဲ ဘာမထီ ရောက်လာတဲ့ ညနေတိုင်းတွင် ရွှေ ပျော်ရွှင်ရပါသည်။ ဖယ်ရီကို လွှတ်လိုက်ကာ သူ့ကားပေါ် သူ့နံဘေးမှာ ထိုင်စီးလိုက်ပါရတာကိုလည်း ရွှေ ကျေနပ်ပါသည်။ စားကောင်းသောက်ဖွယ်တွေ လိုက်ကျွေးတတ်တာကြောင့်လည်း ရွှေ ကျေနပ်ပါသည်။ ရွှေ့အပေါ် ဂရုတစိုက် အရေးတယူ ဆက်ဆံ လေးတွေကြောင့်လည်း ရွှေ ကျေနပ်ပါသည်။

"ရွှေ ... ဒီညနေ နင် မုန့်ကျွေး"





"ဟယ်"

"ဘာဟယ်လဲ၊ နင်ပဲ ဟိုတစ်နေ့က ပြောတယ်လေ၊ ငါချည်းပဲ ကျွေးနေတာ နင် အားနာတယ်ဆို၊ နင်လည်းတစ်လှည့် ကျွေးချင်တယ်ဆို"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဒီနေ့ ငါ့မှာ ပိုက်ဆံနည်းနည်းပဲ ပါတာ၊ နင့်လို ပိုက်ဆံတွေအများကြီး အိတ်ထဲထည့်ပြီး အပြင်လျှောက်သွားနေနိုင်တာမှ မဟုတ်တာ၊ ပြီးတော့ နင့်ကို ငါ တစ်ခုခု ကျွေးရမယ်ဆိုရင် ဖြစ်ကတတ်ဆန်းလည်း မကျွေးချင်ပါဘူး ဘာမထီရယ်၊ နောက်နေ့ကျတော့ ငါ ပိုက်ဆံထည့်ယူလာမယ်လေ အဲဒီကျတော့ နင်စားချင်တာ ကျွေးမယ်"

"နင်ကလည်း ရုံးသွားတာလည်း အပြင်သွားတာပဲပေါ့ ရွှေရဲ့၊ အိမ်ကထွက်လာရင် အပြင်ပဲပေါ့၊ အပြင်သွားတယ်ဆိုတာ အရေးပေါ်ကိစ္စ လိုရမယ်ရဆိုတာ ကြုံနိုင်တာပဲ၊ အဲလိုကြုံလာရင် ပိုက်ဆံမပါတော့ ဘယ်လိုလုပ်မလဲ၊ ပိုက်ဆံက လိုလိုမယ်မယ်များများ ယူခဲ့ပေါ့"

"ငါတို့က နင့်လို သူဌေးမှ မဟုတ်တာ ဘာမထီရယ်၊ အိတ်ထဲမှာ ပိုက်ဆံတွေ အများကြီးလည်း ထည့်မထားတတ်ပါဘူး၊ တစ်ခုခု ဝယ်စရာ သုံးစရာရှိရင်တော့ ထည့်လာရမှာပေါ့၊ ဘာမှလဲ သုံးစရာမရှိဘဲ လမ်းမှာ ကျပျောက်တာတို့ ခါးပိုက်နှိုက်တာတို့ဖြစ်ရင် ဘယ်လိုလုပ်မှာလဲ ဖယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



က ညနေပဲ ပြန်ပို့တာလေ၊ မနက်ကျ ဘတ်စ်ကားစီးရသေးတယ်၊ ခါးပိုက်နှိုက်ကြောက်ရသေးတယ်"

"ဟာကွာ၊ ကပ်စီးနဲရင် ကပ်စီးနဲတယ်ပေါ့"

"နင်နော်"

ရွှေရဲ့ မျက်စောင်းလေးကြောင့် ဘာမထိက ချစ်စနိုးရယ်မောမိပါသည်။

"ကဲပါဟာ၊ နင့်မှာ မုန့်ဟင်းခါးဖိုးလောက်တော့ ပါမှာပေါ့၊ မိုးလည်းအေးအေးနဲ့ ငါ့ကို လမ်းဘေးက မုန့်ဟင်းခါးပူပူလေးတော့ လိုက်ကျွေးနိုင်တယ်မို့လား"

"နင်က လမ်းဘေးက ဆိုင်ကုပ်လေးမှာ ထိုင်စားနိုင်ရင်တော့ ငါ ကျွေးနိုင်ပါတယ်"

"ဘာလို့ မစားနိုင်ရမှာလဲ၊ ငါ မုန့်ဟင်းခါး အရမ်းကြိုက်တာ၊ ကဲ ... ဒါဖြင့် ဘယ်ကိုမောင်းရမလဲ"

"ဒါဆိုရင် ... အင်း ... ရန်ကင်းဘက်ကိုမောင်း၊ ညနေဘက်ဖွင့်တဲ့ မုန့်ဟင်းခါးကောင်းကောင်းလေး ငါသိတယ်"

"အဲလိုလုပ်စမ်းပါ၊ အဲလိုမှ ငါကချစ်တာ"

"နင်နော် ... ဘယ်လိုဖြစ်နေလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး၊ အမှန်အတိုင်း ပြောတာလေ"

ဒီလိုနှင့် လမ်းဘေးပလက်ဖောင်းတစ်နေရာပေါ် လေးထောင့်တဲအမိုးကြီးအောက် ဖွင့်ကာရောင်းချနေတဲ့ မုန့်ဟင်းခါးဆိုင်လေးတွင် သူတို့ထိုင်ဖြစ်ကြပါသည်။





ရေနွေးကြမ်းပန်းကန်လေး ကျင်းပေး သုတ်ပေး၊ ရေနွေးငှဲ့ပေး ရေတတ်သီးမှုန့်ထည့်ပေးနှင့် ဂရုတစိုက် အနွံတာခံသော အမူအရာ အပြုအမူလေးတွေရှိသည့် ရွှေ့ကို တစိမ့်စိမ့်လေးငေးကြည့်ရင်း ဘာမထိုရင်ထဲက ချစ်မြတ်နိုးခြင်းတွေက တသိမ့်သိမ့် တိုးပွားကာ ရင်တွေပူနွေး ရှိန်းမြနေပါသည်။

"ရွှေ"

"အင်း"

"ငါ့အကြောင်း ငါ့မိသားစုအကြောင်းက ဘာမှသိပ်ထူးထူးထွေထွေမရှိဘူးဟ၊ ငါ့အဖေက စင်ကာပူဆေးရုံမှာ ဆရာဝန်။ ငါ့အမေက အခု ဟိုမှာတစ်လှည့် ဒီကိုပြန်လာတစ်လှည့်နေတယ်၊ ငါကလည်း ဟိုမှာ ဆိုင်တစ်ဆိုင် ရှယ်ယာရှိသေးတော့ တစ်ခါတစ်ရံတော့ သွားနေရမယ်၊ ဒါပေမဲ့ ငါ ဒီမှာပဲ အထိုင်ကျအောင် အလုပ်ကို အခြေချမယ်၊ ဒီလောက်ပဲ၊ ဒီလောက်ဆို ငါ့အကြောင်း ပြောစရာကုန်ပြီ၊ နင့်အကြောင်းလည်း နင်ပြောနိုင်သလောက် ငါသိချင်တယ်၊ ငါတို့ တစ်ယောက်အကြောင်း တစ်ယောက် သိထားကြမှ တစ်ယောက်အပေါ် တစ်ယောက် ပိုနားလည်နိုင်မယ်၊ လိုလို့လားလို့ နင်မမေးနဲ့၊ နင်မေးတော့မှာ ငါသိတယ်၊ လိုတယ်၊ အရမ်းလိုအပ်တယ်၊ ငါ နင့်ကို ... ..."

"နေဦး"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ဆက်မပြောပါနဲ့ဦး ဘာမထိ၊ နင် ဘာမှရှေ့ဆက်မပြောခင် တကယ်ပဲ ငါ့အကြောင်းတွေ သေချာသိဖို့ လိုအပ်ပါသေးတယ်။ ငါက နင့်လောက် ရိုးရိုးစင်းစင်း ရှင်းရှင်းလင်းလင်း ဘဝနဲ့ လူဖြစ်လာတာ မဟုတ်ဘူး ဘာမထိ"

"ငါပြောမယ့်စကားက နင် ဘယ်လိုပဲ လူဖြစ်လာလာ ပြောင်းလဲသွားမှာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဟုတ်ပါတယ် နင်ပြောတာ ငါ အရင်နားထောင်ပါ့မယ်"

"နင် အထူးတလည် သိချင်တာ ရှိလားဟင်"

ဘာမထိက တခဏ စဉ်းစားနေလိုက်ပြီးမှ "အင်း ... ရှိတယ်"ဟု ခေါင်းညိတ်ပြလိုက်ပါသည်။

"နင် စပြောရခက်နေမလားလို့ အစထောက်ပြီး မေးခွန်းထုတ်မှာနော်၊ နင် ဘယ်လိုမှ မဖြစ်နဲ့"

"အင်း ... ငါ မဖြစ်ပါဘူး"

"နင်က ... အင်း ... နင်က မွေးစားသမီးဆို"

ရွှေက နှုတ်ခမ်းလေးစေ့ကာ ပြုံးလိုက်ရင်း ...

"အင်း ... ဟုတ်တယ်၊ နင့်ကို ဘယ်သူပြောတာလဲဟင် နင် ဘယ်လိုလုပ် သိတာလဲ၊ လျှို့ဝှက်ထားတာ မဟုတ်ပေမယ့် တွေ့သမျှလူကိုလည်း ငါတို့ပြောမနေခဲ့ဘူးဆိုတော့ မသိတဲ့လူက များတာ"

"ငါ့ကို ... ငါ့ကို ဒေဝီ ပြောတာပါ"





"ဒေဝီ"

"အင် ... နင်လည်း သိတယ်လို့ သူပြောလို့ ငါကမေးတာပါ"

"အင်း ... ငါ့ကို ငယ်ငယ်ကတည်းက အမိုးက ပြောပြထားတာပါ၊ ဒါပေမဲ့ အမိုးရော အဖေရော ငါ့ကို သမီးရင်းလို သဘောထားကြပါတယ်၊ အမိုးကတော့ ငါ့ကိုချစ်ကိုချစ်ပါတယ်၊ အဖေကတော့ ယောက်ျားဆိုတော့ သူ့ဟာသူ နေတတ်သလိုပေါ့ဟာ၊ ဒါပေမဲ့ အဖေလိုပါပဲဟာ၊ ငါ့စိတ်ထဲမှာတော့ အမိုးနဲ့အဖေက မိဘရင်းလိုပါပဲ၊ မိဘရင်းဆိုတာကိုလည်း ငါ မြင်မှမမြင် သိမှမသိဖူးတာ၊ ဒီထက်ကောင်းတဲ့ မိဘဆိုတာလည်း မရှိနိုင်တော့ပါဘူး"

တွေတွေကလေးငိုင်ကာ ပြောတဲ့ ရွှေ့အမူအရာလေးကြည့်ရင်း ဘာမထို ရင်ထဲမှာ ထိခိုက်ခြင်းတစ်မျိုးကို ခံစားရပါသည်။ ဘာကြောင့်များ သူ မြတ်နိုးရသူကလေးဟာ မိရင်းဘရင်းတို့လက်မှ ဝေးကွာပြီး အခြားသော မွေးစားမိဘတို့လက်ထဲ ကြီးပြင်းရောက်ရှိဖို့ ကံပါခဲ့ပါလိမ့်။

"နင်က အမိုးတို့ရဲ့ မွေးစားသမီးလေးဆိုတာ သိလိုက်ရတော့ ငါ နင့်ကိုသနားသလိုမျိုးတော့ ဖြစ်သွားမိတယ်၊ ဒါပေမဲ့ နောက်တော့ ငါ ပြန်တွေးပါတယ်၊ ဒါ ဘာမှ မဟုတ်ဘူးလို့၊ မိဘရင်းနဲ့ မနေရဘဲ မွေးစားမိဘနဲ့နေခဲ့ရလည်း ဘာဖြစ်လဲ၊ အမိုးတို့က မိဘရင်းတွေလိုပဲဟာ၊



www.burmeseclassic.com

www.burmeseclassic.com



နင်လည်း ဒါကို အားငယ်စရာ ဝမ်းနည်းစရာ အဖြစ်အပျ
လို မတွေးနဲ့နော် ... သိလား"

"အမိုးက သိပ်တော်တာပဲ၊ ငါ့ကို ငါးနှစ်ခြောက်နှစ်အရွ
ကတည်းက ဒီအကြောင်းသိအောင် နားလည်အောင်
ပြောခဲ့တယ်၊ ငါ အသက်ဆယ့်ငါးနှစ်လောက်ရောက်မှ
ပြောခဲ့ရင် ငါ အရမ်းပိုခံစားရမှာ၊ အဲဒီအချိန်လောက်
ပြောခဲ့တော့ ငါ သိပ်ထူးထူးခြားခြား မခံစားတတ်
အချိန်မှာ သိလိုက်ရပြီး အရွယ်လေးနည်းနည်း ပိုရော
လာတော့လည်း အမိုးရော အဖေရောက ငါ့အပေါ်ကော
နေကြတာဆိုတော့ ငါ့အဖို့ ဝမ်းနည်းစရာ သိပ်မဖြစ်ခဲ့
ပေါ့ ဘာမထိရယ်"

"ဒေဝီကရော နင့်အပေါ် ကောင်းရဲ့လား"

"ဒေဝီက ... အင်း ... ဒေဝီက ဆယ်နှစ်သမီးလောက်
အဖေ့ဆီ ရောက်လာတယ်လေ၊ ဒေဝီက အဖေ့ညီမအ
ရဲ့သမီးလေ၊ သူ့အဖေနဲ့အမေက ကားအက်ဆီဒင့်
ဖြစ်ပြီး နှစ်ယောက်လုံး ဆုံးသွားတာ၊ ငါ့ထက်တောင်
အဖြစ်ဆိုးသေးတယ် မဟုတ်လား ဘာမထိ၊ သူ အိမ်ရော
လာတော့ သနားစရာလေး၊ အမိုးကိုရော သူ့ဦးလေး
အဖေ့ကိုရော အကပ်မခံဘူး၊ သူ့မိဘတွေ မရှိတော့ဘူး
တာကို လက်မခံနိုင်တာ၊ အရမ်းလည်း ဂျစ်ကန်ကန်
တယ်၊ အမိုးနဲ့အဖေက မှာထားလို့ ငါက သူ့နားသွားက





ဖို့ခေါ်ရင် ငါ့ကို တွန်းထုတ်တယ်၊ မုန့်သွားပေးရင် မုန့်ကို
လွှင့်ပစ်တယ်၊ အဲဒီတုန်းက အဖေက သဘော်လိုက်နေသေး
တော့ အဖေခရီးသွားရင် ငါက အမိုးနဲ့အိပ်တာလေ၊ သူ
ရောက်လာတော့ အမိုးကပြောတယ်၊ ရွှေလေးကိုပဲ အမိုးက
ချစ်တယ် ဂရုစိုက်တယ် ထင်သွားရင် ဒေဝီအားငယ်နေမှာ
စိုးလို့ အမိုးနဲ့ လာမအိပ်နဲ့တော့နော်တဲ့၊ ကိုယ့်ဘာသာအိပ်
တော့နော်တဲ့"

"အမိုးက စိတ်ကောင်းသိပ်ရှိတယ်နော်"

"ဟုတ်တယ်၊ အမိုးက အရမ်းစိတ်ကောင်းတာပဲ၊ ငါ့ကို
သိပ်ချစ်ပေမယ့် ဒေဝီ့အပေါ် အရမ်းငဲ့ညှာထောက်ထားခဲ့
တယ်၊ အမိုးမဆုံးခင် ငါ့ကို သေချာမှာတယ်၊ ဒေဝီဟာ
အဖေ့တူမအရင်းနော်တဲ့၊ ရွှေလေးမှာ အဖေ့ကျေးဇူးတွေ
အများကြီးရှိတာ နားလည်ရင် အဖေ့တူမ ဒေဝီ့ကို အမြဲ
စောင့်ရှောက်ရမယ်၊ ဒေဝီ့အပေါ်ပါ ကျေးဇူးကြွေးရှိတယ်
မှတ်ရမယ်တဲ့၊ ဒေဝီ့မှာ အခက်အခဲ ဒုက္ခဆိုတာ ဖြစ်ပေါ်
လာရင် ကာကွယ်စောင့်ရှောက် ဖြေရှင်းပေးရမယ်တဲ့"

"အဟင်း ဟင်း ... ဒါပေမဲ့ ဒေဝီက အခက်အခဲ ဒုက္ခဆို
တာ ရှိလာမယ့်ပုံ မပေါ်ပါဘူးဟာ၊ ပြေလည်သာယာနေ
တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ငါ့ထက်တောင် အများကြီး ပြေလည်ပါ
တယ်၊ သူ ပြေလည်နေတာပဲ ဝမ်းသာပါတယ်၊ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲရှိလာရင် သူက ဘေးကမဲမဲမြင်ရာ သူ့ရန်သူ လုပ်ပစ်တတ်လို့ အနီးစပ်ဆုံး ငါ့မှာ အမြဲအမဲခံရလွန်းလို့ လေ၊ အမိုးကို သိပ်သတိရတာပဲ ဘာမထိ၊ အမိုးရှိစေချင် တယ်၊ ဘာပြဿနာမျိုးဖြစ်လာလာ ရတယ် ရတယ် ဖြေ ရှင်းမယ် ဆိုတာချည်းပဲ၊ သတ္တိလည်းရှိ ပြတ်လည်းပြတ် သား၊ စိတ်ကောင်းစေတနာလည်းရှိ၊ တစ်ခါတလေ တချို့ အချိန်တွေမှာ အမိုးသာရှိရင် ဆိုတဲ့ စိတ်ဆန္ဒထောင့်တမျ မျိုး ခဏ ခဏ ဖြစ်မိတယ်ဟာ၊ ငါ့စိတ်ထဲမှာ စိုးရိမ် သောက တစ်ခုခုဖြစ်လို့အမိုးရေ လုပ်ပါဦး ဆိုတာနဲ့ ဩော် ... ရွှေလေးကလည်း ဒါလေးများဆိုပြီး ပြုံးပြနေ တာပဲ၊ အဲဒီကျရင် သိပ်အားရှိတာပဲ သိလား"

ပြောရင်းက ဝမ်းနည်းဆို့လှိုက်လာသယောင်ရှိတဲ့ ရွှေ့ကို သတိပြုမိပါသည်။ ဘာမထိက စကားလမ်းကြောင်းကို ဖြတ်ကာ ...

"အမိုးက နင့်ကိုခေါ်တာ ရွှေလေးတဲ့နော်၊ ချစ်စရာလေး"

ရွှေက ပြုံးလာသည်။

"အင်း ... ရွှေလေး ... ရွှေမ ... အဲလိုမျိုးစုံခေါ်တယ်"

"ငါလည်း နင့်ကို ရွှေလေးလို့ ခေါ်မယ်၊ ငါ့ကို နင် အမိုး လိုသဘောထားပေါ့"

ရွှေရဲ့ပင့်ကြည့်လိုက်သော မျက်လုံးအဝင့်လေးက ချစ်စဖွယ်။





"နင် ဘာပဲဖြစ်ဖြစ် အခက်အခဲပဲရှိရှိ စိုးရိမ်သောကပဲရှိရှိ ဘာမထိရေ လုပ်ပါဦးလို့ နင် ငါ့ကိုပြောလေ၊ အဲဒီကျ ငါက ဩော် ... ရွှေလေးရယ် ဒါလေးများဆိုပြီး နင့်ကို ပြုံးပြပြီး အားလုံး ဖြေရှင်းပေးမှာပေါ့"

ရွှေ့နှလုံးသားများ တဖျပ်ဖျပ် နွေးလှိုက်ကာ မျက်လွှာ သားချလိုက်မိသည်။

"ဟယ် ... ဟဲ့"

အနားကပ်ခါ အလန့်တကြား အော်လိုက်တဲ့အသံ ကြောင့် ရွှေ့လက်ထဲက ဟင်းရည်သောက်နေတဲ့ ဇွန်းလေးပင် လွတ်ကျမလို ဖြစ်သွားရလေသည်။

"ဟင် ... နင်တို့နှစ်ယောက်၊ နှစ်ယောက်တည်းလား၊ နင် တို့ ချိန်းပြီးလာတာလား၊ ကုမ္ပဏီပိုင်ရှင်ကရော လမ်းဘေး မှာ ဒီလို ပလတ်စတစ်ခုံပုလေးနဲ့ မုန့်ဟင်းခါးစားသလား၊ ဟောတော် ... ဆပ်ပရိုက်စ်တော့၊ နင်တို့ကို ဒီလိုတွဲတွေ့ တာ"

ဘာမထိမျက်နှာသည် ညိုမည်းကာ ရှုံ့မဲ့သွားရင်း...

"ဟား ... သန္တာဝင်း အသံပြကြီးနဲ့ဟာ၊ ဘာတွေလျှောက် အော်နေတာလဲ၊ ပြဿနာပဲ"

သန္တာက ခုံပုလေးတစ်ခုဆွဲတဲ့ကာ သူတို့စားပွဲသေး သေးလေးမှာ အတင်းကပ်ထိုင်လိုက်ပါသည်။

"ဟဲ့ ... နင်တို့ကို ဒီလိုနှစ်ယောက်တွဲတွေ့လို့ အံ့သြလို့ ပါဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩတာ တိုးတိုးသက်သာ အံ့ဩပေါ့၊ ကုမ္ပဏီပိုင်ရှ
တွေရော ဘာရော၊ ဘေးမှာ လူတွေအများကြီးနဲ့ကို န
ကလည်း"

"ဟုတ်တာ ပြောတာပဲ ဘာမထိရဲ့၊ နေပါ ... ပြောစမ်း
နင်တို့နှစ်ယောက်က ဘယ်လိုက ဘယ်လိုမျိုး ဒီမုန့်ဟင်းခါ
ဆိုင်မှာ"

"ငါတို့နှစ်ယောက် တွဲတွေ့တာ ဘာဒီလောက်ထူးဆန်း
တာလဲ၊ မုန့်ဟင်းခါးဆိုင်မှာ တွေ့တာ ဆန်းလား"

"ဆန်းတာပေါ့၊ ငါနဲ့ နင်တို့ရုံးခန်း စချုပ်ချုပ်တော့တော
နင်က မီကာဆာမှာချိန်းပြီး ချုပ်တာလေ"

"အဲဒါ ဘာဖြစ်လဲဟာ၊ အခု ငါ မုန့်ဟင်းခါး စားချင်
တာမို့လို့ ရွှေက မုန့်ဟင်းခါး လိုက်ကျွေးတာလေ၊ အဲ
ဘာဖြစ်လဲ"

"နင်က မုန့်ဟင်းခါးစားချင်တယ် ! ၊ ရွှေ့ကိုပူဆာတယ်
ပေါ့ ! ၊ ရွှေက နင်စားချင်တာ လိုက်ကျွေးတယ်ပေါ့ !"

"ကျွတ်"

ဘာမထိက စိတ်ပျက်လက်ပျက် ဖြစ်ရသလို ရွှေ
တော့ မျက်လွှာလေးချ ခေါင်းလေးငုံ့ပြီး တိတ်ဆိတ်နေပါသည်
မျက်နှာလေးကလည်း တစ်မျိုးလေး မဝံ့မရဲ။

"ဟဲ့ ရွှေတဆုပ်၊ နင်က ရှက်နေတာလား၊ ဟယ် ... ငါ
အံ့ဩလိုက်တာ၊ နင်တို့က ဘာလဲဟင် ..."





"သန္တာ ... နင် တော်လောက်ပြီထင်တယ်၊ ငါတို့ ဘာဖြစ်
ဖြစ် နင့်အပူလား၊ နင်က အာကျယ် အာကျယ် လုပ်တော့
ရွှေ နေရခက်တာပေါ့ဟာ၊ ဒါ ကမ္ဘာပျက်တာလည်းမဟုတ်၊
ဘာ ဒီလောက် အလန့်တကြား ဖြစ်စရာရှိနေလို့လဲ၊ ရွှေ
ကလည်း နင်တို့လိုပဲ ငါနဲ့ ငယ်ငယ်ကတည်းက ရင်းနှီး
ပြီးသားပဲလေ"

"အေးပါ ... ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဟိုဒင်းလေ ... နင်
တို့နှစ်ယောက် ခုလိုတွေ့တာ ဒေဝီရော သိရဲ့လား"

ဘာမထိမျက်နှာက စိတ်တိုလာသလို နီမြန်းလာပါ
သည်။

"ရွှေ ဘယ်သူနဲ့တွေ့တွေ့၊ ငါ ဘယ်သူနဲ့တွေ့တွေ့၊ ဒေဝီ
နဲ့ ဘာဆိုင်လဲ"

"မဆိုင်ဘူးလား၊ ဟိုဟာလေ၊ ငါထင်တာက နင်နဲ့ဒေဝီက
ဟိုဒင်း ..."

"ဘာဟိုဒင်းလဲ၊ ငါနဲ့ ဒေဝီက ဘာဖြစ်လဲ၊ နင့်စကားတွေ
က ရေလည်စည်းကျော်လာပြီး သန္တာ၊ နင်က ဘာတွေ
ပြောနေတာလဲ"

ရွှေက ဘာမထိ မျက်နှာကို အကဲခတ်သလိုလေး
ကြည့်ပါသည်။ သန္တာက သူ့ကို မျက်နှာထားနှင့် အော်လိုက်
ဘာမထိကို အမြင်ကတ်သလိုကြည့်ကာ သူ့ထုံးစံအတိုင်း
ထဲရှိရာ သင့်မသင့် မစဉ်းမစား ရွတ်ရွတ်ပြောချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ ငါက နင်နဲ့ဒေဝီ တွဲနေတယ် … ဟိုဒင်း…
အဲလိုထင်တာ"

"အဲလိုထင်စရာ ဘာအကြောင်းအချက် အထောက်အထ… တွေ ရှိလို့လဲ၊ နင်ထင်ချင်တာ အလကား လျှောက်ထင်… လို့ရလား၊ မဟုတ်က ဟုတ်ကတွေ လျှောက်ထင်နေ… ကာယကံရှင်တွေ သိက္ခာကျတာပေါ့၊ ဒေဝီလည်း မဟု… ဘဲ သိက္ခာကျတယ်၊ ငါလည်း မဟုတ်ဘဲ သိက္ခာကျတ… တော်တော့ … ဘာမှဆက်ပြောမနေနဲ့တော့၊ ရွှေလေး… သွားမယ်ဟာ"

ဘာမထီက ကျသင့်ငွေထက်ပိုသော ထောင်တ… နှစ်ရွက်ကို စားပွဲပေါ်တင်လိုက်ကာ ရွှေ့လက်တစ်ဖက်ကို ဖျ… ခနဲဆွဲထ,စေလိုက်ပြီး ဆိုင်ထဲက ချက်ချင်းခေါ်ထုတ်သွားလ… ရွှေက ယက်ကန်ကန်လေး ပါသွားလျက် သန္တာက ပါး… အဟောင်းသား ကျန်ခဲ့သည်။





(၈)

ဒေဝီက ခြံပြင်လမ်း ဟိုးခပ်လှမ်းလှမ်းဆီက လျှောက်လာနေတဲ့ လက်ချင်းချိတ်ထားသူ နှစ်ယောက်ကို မှောင်ရိပ်ခြံဝမှ လှမ်းစိုက်ကြည့်နေပါသည်။ ဖြူဥက ရွှေ့ကိုလှမ်းမော့ကာ ရယ်မောစကား ပြောလာကာ ရွှေကလည်း ပြန်ငုံ့ကြည့်ရင်း ရယ်မောလာတာ။ လက်ချင်းက ချိတ်တွဲထားကြသည်။

ဒေဝီ ရောက်နေတာ ဆယ့်ငါးမိနစ်ကျော်လောက်တော့ ရှိပြီ။ ခုနကတော့ ဦးလေးနှင့် စကားခဏထိုင်ပြောနေတာပါ။ စကားအပြတ်မှာ ခြံဝဆင်းလာပြီး ရွှေတို့ကို ထွက်မျှော်စောင့်နေတာဖြစ်သည်။ ဒီနေ့ သီချင်းဆိုဖို့ပင် မသွားဖြစ်တော့ပဲ ဆိုင်ကို ဖုန်းဆက်ကာ နေမကောင်းဘူးပြောပြီး ခွင့်ယူလိုက်ပါသည်။ သန္တာ ဖုန်းလှမ်းဆက်ကတည်းက ဒီကိုပဲ ချက်ချင်းလာချင်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီသည် ဘယ်သူ့ကိုမှန်းမသိ ဒေါသထွက်နေ
သည်။ အဖြစ်နိုင်ဆုံးကတော့ ရွှေ့ကိုပင်။ အင်းလေ ... သူ့ကိုအ
လွဲပြီး ဘယ်သူ့ကို ဒေါသထွက်ရမှာတုန်း။ ရောက်ရောက်ချင်း
ရွှေရော ဖြူဥပါ မရှိဘူးဆိုတော့ ဒေါသက ပိုထွက်လာသည်။

"ညကြီးမင်းကြီး ရွှေတဆုပ်က ကလေးကိုပါခေါ်ပြီး ဘယ်
ကိုသွားရတာလဲ၊ ဒါ လမ်းထွက်ရမယ့်အချိန်လား ဦးလေး"

"နောက်နေ့က ကျောင်းပိတ်ရက်ဆိုတော့ ဖြူဥက ကာတွန်း
မဂ္ဂဇင်းငှားချင်တယ်၊ မြန်မာဗီဒီယိုကား ငှားချင်တယ်လေ
ကလေးက သွားချင်တော့ ရွှေလည်း လိုက်ပို့ရတာပေါ့
ဟိုဘက်လမ်းကို သွားရတာ၊ ဒီလမ်းထဲ အငှားဆိုင်ကမရှိ
ဘူး၊ သူတို့ သွားနေကျပါ ဒေဝီရယ်၊ သမီးက ဘာတွေ
စိတ်တိုလာတာတုန်း၊ ဆိုင်မသွားရဘူးလား"

"ဟင့်အင်း ... ဒီနေ့ မသွားဘူး၊ သိပ်နေမကောင်းလို့"

"နေမကောင်းရက်နဲ့ ဒီကိုလာတာ ကိစ္စအထူးရော ရှိလို့
လား"

ဒေဝီက ဦးလေးကို ခပ်တွေတွေ စိုက်ကြည့်ကာ
နှုတ်ခမ်းလေးစေ့ရင်း တစ်ခဏ စဉ်းစားအားယူလိုက်ပါသည်။
ထို့နောက်တော့ ပြောဖို့ဆုံးဖြတ်လိုက်ကာ ...

"ဦးလေး ... ဟိုးတစ်ခါလာတဲ့ ဘာမထီဆိုတာ ဒီအိမ်ကို
ထပ်လာသေးလား"

"ဘာမထီ ! "





"အင်းလေ ... ဦးလေးဖို့တောင် ဘလူးလေဘယ်လ်ပုလင်း
ကြီး ဝယ်လာပေးသေးတာ"

"အင်း ... ရွှေ့သူငယ်ချင်း ကောင်လေးဆိုတာ၊ ဒီကြားထဲ
နောက်နှစ်ခါလားမသိဘူး ထပ်ရောက်လာသေးတယ်"

"ဘာလာလုပ်တာလဲ"

ဦးမိုးနောင်က ဒေဝီ့ကို အံ့အားသင့်သလိုကြည့်ရင်း...

"ရွှေ့အလုပ်ပိတ်ရက် တစ်ရက်မှာ ရွှေက ကိစ္စတစ်ခုရှိလို့
တဲ့ အပြင်သွားဖို့ရှိတာကို အဲဒီသူငယ်က ကားနဲ့လာကြို
ခေါ်ပေးတာပဲ၊ နောက်တစ်ခါ ဒီကိုပဲလာလည်တာ၊ ဘာဖြစ်
လို့လဲ ဒေဝီ၊ ဒီသူငယ်လာတာ ဝင်တာ ထွက်တာကို
မကြိုက်ရလောက်တဲ့အချက် ဦးလေး မတွေ့ပါဘူး၊ ရည်
ရည်မွန်မွန် ပြည့်ပြည့်စုံစုံနဲ့ လူကောင်းလေး တစ်ယောက်
ပုံစံပဲ"

"ဦးလေး ... ဒေဝီ ရှင်းရှင်းပဲ ပြောထားမှဖြစ်မယ်၊ ဘာမထီ
ရွှေ့ဆီ ဝင်တာ ထွက်တာ လာတာ ဒေဝီ မကြိုက်ဘူး၊
ရင်းရင်းနှီးနှီးနေတာ မကြိုက်ဘူး၊ ဘာမထီ ဆိုတာ ရှင်း
ရှင်းပြောရရင် ဒေဝီ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူ"

"ဟင်"

ဦးမိုးနောင်က ဒေဝီ့ကို တအံ့တသြ စိုက်ကြည့်နေ
ပြီးမှ ...

"သမီးလက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူ ဆိုတာက သမီး
ချစ်သူလို့ ဆိုလိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမဆိုလိုလို့ ဘယ်လိုဆိုလိုရမှာလဲ ဦးလေးရယ်၊ ခ
တော့တာပဲ၊ အဲဒီ ဘာမထို့ကို ရွှေက ရေလာမြောင်းဖေ
လုပ်နေတာ၊ သူ့ဆီကပ်လာအောင် ဆွဲဆောင်နေတာ၊ ဟို
ပို့ခိုင်း ဒီပို့ခိုင်း အကူအညီတွေတောင်းနေတာ၊ ရုံးကိုလာ
ကြိုခိုင်းနေတာ၊ ဟိုဟာစားချင်လား ဒီဟာစားချင်လား
လိုက်ကျွေးနေတာ မိန်းမနောက်ပိုး ပိုးနေတာ ဒေဝီ နည်း
နည်းမှ မကြိုက်ဘူး၊ အဲဒါ ဦးလေးသမီးကို ဦးလေးကြည့်
ပြောပေးပါ၊ တားပေးပါ"

ဦးမိုးနောင် မျက်နှာက နွမ်းနယ်သွားပါသည်။ ဒေဝီ့ကိုလည်း အံ့အားတသင့် ကြည့်နေရင်း ...

"ဒီကောင်လေးကို ရွှေက ဆွဲဆောင်ဖြားယောင်းနေတ
အပြုအမူတော့ ဦးလေး တစ်ခါမှ မတွေ့ပါဘူး ဒေဝီ
ဒီသူငယ်လာရင် ထွက်မလာဘဲနေလို့တောင် လှမ်းခေါ်
တယ်၊ အပြုအမူ အမူအရာတွေအရလည်း အဲဒီသူငယ်က
ရွှေ့အပေါ် ဂရုတစိုက် ကြင်ကြင်နာနာရှိတာသာ မြင်ရပြီး
ရွှေက နောက်ပိုးနေတာမျိုးတော့ ဦးလေး မမြင်ဖူးပါဘူး
ရွှေတဆုပ်လည်း သမီးညီမပါပဲ သမီးရယ်၊ နာနာကြည့်
ကြည်းတော့ မပြောပါနဲ့၊ သမီးနဲ့ ဒီကောင်လေး အပေါ်
အသက်ကိုတော့ ဦးလေး မသိပေမယ့် ရွှေ့ဆီကိုတော့ ဒီ
သူငယ်ဟာ ရွှေဆွဲဆောင်ဖြားယောင်းလို့ လာနေတာ မဟုတ်
ဘူး"





ဦးမိုးနောင်ရဲ့လေသံက ပျော့ပျောင်းပေမယ့် လေယူလေသိမ်းက ပြတ်ပြတ်သားသားပင်။ ဒေဝီက ခေါင်းပုတ်ခံလိုက်ရတဲ့ မြွေဟောက်လေး ပါးပျဉ်းထောင်လာသလို ရှူးရှူးရှဲရှဲဖြစ်လာ ...

"ဦးလေးက သွေးသားရင်း တူမရင်း ဒေဝီ့ဘက်ကတော့ မပါဘူးပေါ့လေ၊ ဦးလေးရဲ့မရှိတော့တဲ့မိန်းမ ဆေးရုံက ကောက်လာတဲ့ မွေးစားသမီးမဘက်ကပဲပေါ့လေ၊ ဒေဝီ့မှာ မိဘတွေတစ်ပြိုင်နက်သေလို့ ဦးလေးအိမ်ပေါ် အားကိုးတကြီး တက်လာရတာ၊ ဒီနေ့အထိ ဦးလေးဆီက ကိုယ့်ဘက်သာတဲ့ မျက်နှာသာ တစ်ခါမှ မရဖူးပါလား"

"ဒေဝီ ... ဦးလေးမှာ ဘက်လိုက် ..."

"ဘက်လိုက်ပါ၊ အဲလို ဘက်လိုက်ဖို့ ပြောနေတာပါ၊ ဒေဝီ့ဘက်လိုက်ပါ၊ ဒေဝီက သွေးရင်းတူမပါ၊ သွေးမစပ်တဲ့သူကို ပိုချစ်နေစရာလည်း အကြောင်းမရှိပါဘူး"

"ဒီမှာ ... ဦးလေး ပိုလည်းမချစ် ..."

"ချစ်တယ်၊ မွေးစားသမီးပဲ ပိုချစ်တယ်၊ ငယ်ကတည်းက ဘာမဆို ဒေဝီ့အဆိုး၊ ဒေဝီ့အမှား ဒေဝီ့အပြစ်၊ ဒေဝီက ငစွာ ရွှေကအေး၊ ဒေဝီကပျင်း ရွှေကအိမ်မှုကိစ္စလုပ်တဲ့သူ၊ ဒေဝီက ခံပက်တယ် ရွှေကကျိုးနွံတယ်၊ အမိုးအာဘော်တွေလေ"

"အဲဒီလိုလည်း မ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီလိုပဲ ဟုတ်တယ်"

ဦးမိုးနောင်သည် ဘယ်လိုမှ စကားဖြတ်ဝင်မရေ ဝါကျတစ်ကြောင်း ဆုံးအောင်ပြောမရတော့၍ သက်ပြင်းတစ်ချက်နှင့် ငြိမ်၍သာ ဒေဝီ့ကို ကြည့်နေလိုက်တော့သည်။ စိတ်ထဲမှာလည်း ကလေးတွေဆိုတာ သူ့ဗီဇနဲ့သူ လာကြတာပဲလို့သာ တွေးနေလိုက်သည်။ ဒီတူမဟာ သွေးရင်းပေမယ့် နိမ်တယ် ဖိတယ် ဖြစ်မှာစိုး၍ သူတို့အမိုးကလည်း သိပ်မဆုံးမရဲ၊ ဆုံးမလည်းပဲ ခံပက်ပြန်နှက်တတ်၍ တော်ရုံမပြောနိုင်ခဲ့တာမျိုး။ ဦးလေးဖြစ်သူ ဦးမိုးနောင်ကလည်း အိမ်နေချိန်ခဏ ပင်လယ်ထဲ ပိုကြာကြာနေခဲ့ရတာ။ အိမ်ပြန်ဆင်းလာလျှင် ဇနီးသည် နိုရင်းထံမှ ထိုက်သင့်သလောက် ပြန်ကြားရတတ်ပေမယ့် နိုရင်းကလည်း နဂိုကတည်းက နှလုံးအေးသမားမို့ တော်ရုံတစ်ဖက်သားကို အပြစ်မပြော။ ဦးမိုးနောင်ကလည်း သက်တူရွယ်တူ ဒီကလေးနှစ်ယောက်ကို ဆုံးမပဲ့ပြင်ဖို့ တာဝန်ဟာ သူတို့အမိုး ဒေါ်နိုရင်းတာဝန်ပဲလို့သာ ထားလိုက်သည်။ တူမဘက်လည်းမပါ မွေးစားသမီးဘက်လည်း မပါ။ အရိပ်အကဲလေး တချို့တော့ လူကြီးပီပီ ခတ်တတ်ခဲ့သည်သာ။

"အမိုးရှိတုန်းလည်း အမိုးက ရွှေတဆုပ်ပဲ ချစ်တာ၊ ကိုယ့်ဦးလေးပဲရှိတော့တဲ့အခါ ကိုယ့်များ မျက်နှာသာပိုပေးမလားလို့ပါ၊ ခုတော့ ဦးလေးလည်း အေးရာအေးကြောင်းပဲနေချင်တာ၊ ဒါတွေကြောင့်ကို မနေချင်လို့ သတ်သတ်ခွဲနေတာ"





သူ့ဟာသူ တလွတ်တလပ်စရိုက်နှင့် ဦးလေးမျက်စိအောက် အပိုးကျိုးကျိုး ပျပ်ပျပ်ဝပ်ဝပ် မိုင်းကောင်းကျောက်ဖိမနေနိုင်၍ သူ့မြင်းသူစိုင်း ထင်တိုင်းကြဲဖို့ ထွက်သွားတာကို ဓာတ်နာအောင် ဓာတ်လမ်းဆင်ရပြန်သည်။ ဦးမိုးနောင်သည် ဒီမိတဆိုးဘဆိုး တစ်ဦးတည်းသော တူမလေးကို ချစ်လည်းချစ် ကရုဏာသည်းသက်ပါသည်။ သို့ပေမဲ့ သူ့ဘဝသူ ဆရာမကြီးလုပ် ပွဲကိုင်သွှာ်ခတ်ရင်း (ဘာကြောင့်ဖြစ်စေ) ဟန်ဟန်ပန်ပန် ဖြစ်လာလေသော့ သူ့ကိုယ်သူကလွဲရင် ဘယ်သူ့မှလဲ အထင်မကြီး လူမထင်သူသော ဤတူမကို ဘယ်ထောင့်ကဝင်၍ ပြုပြင်ရမည် ဉာဏ်မမီသော့ပေ။

"အခုက ဦးလေးကို ဒေဝီ့ဦးလေး တစ်ယောက်အနေနဲ့ အားကိုးအားထား ပြောပြနေတာ၊ ဒေဝီ့ချစ်သူ ဒေဝီလက်ထပ်မယ့်သူ၊ ရွှေနဲ့ပါ ပလူးနေတာ ဦးလေး ကြည့်လို့ကောင်းလား၊ သဘောကျလား။ တားပေးပါလို့ တောင်းဆိုနေတာ၊ ဒါလေးတောင် ကိုယ့်ဦးလေးကို အားမကိုးရဘူးလား"

"ငါ ပြောလို့ရလား ဒေဝီ"

"……"

"တစ်ဆိတ် ဖြတ်ဖြတ်မအော်ပါနဲ့၊ မပြောနဲ့ဆိုလည်း မပြောဘူး"

"ပြောစရာရှိရင် ပြောပေါ့၊ ဦးလေးက စကားနှာမထိုးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒီကောင်လေး နင်နဲ့ကြိုက်လား ရွှေနဲ့ကြိုက်လား ငါလည်း မသိဘူး ဒေဝီ၊ ဒီအိမ်လာတဲ့အခါမှာတော့ ရွှေ့အပေါ် မေတ္တာရှိတဲ့ အမူအရာလို့ ငါက အကဲခတ်မိတယ်၊ ညည်းနဲ့ ယူဖို့ထိ ကြိုက်နေတာဆိုရင် ရွှေ့ကို အဲသလို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး တားပေါ့၊ ရွှေမသိလို့ ဖြစ်ကောင်းဖြစ်မှာပေါ့၊ ဒါတောင်မှ ညည်းနဲ့လက်ထပ်ဖို့ထိ ကြိုက်နေပြီးမှ ရွှေ့ဆီကို ဂရုတစိုက် တမြတ်တနိုးလာတွေ့နေတဲ့ ကောင်စားမျိုးကို ညည်း သေချာပြန်စဉ်းစားသင့်တယ်၊ ညည်းလူကိုညည်း နိုင်အောင် အရင်ထိန်းရမှာမဟုတ်လား၊ ဒီလိုကိစ္စမျိုးဟာရော ညီအစ်မနှစ်ယောက် နေရာမှာရှိတဲ့ ညည်းတို့နှစ်ယောက်အကြား ဖြစ်သင့်တဲ့ကိစ္စလား၊ ယောကျ်ားတစ်ယောက်အတွက် ရန်စွယ်ငေါ်ငေါ် လုကြယက်ကြမလို့လား ...

ဒီကိစ္စဟာ အဖေနေရာကဖြစ်ဖြစ် ဦးလေးနေရာကဖြစ်ဖြစ် ငါကဝင်ပြီး နင်ကလျှော့ပေးလိုက်၊ နင်က ဒီကောင့်ကိုယူလိုက်နဲ့ ဝင်ဝေခြမ်း ဆုံးဖြတ်ပေးရမယ့် ကိစ္စလည်းမဟုတ်ဘူး၊ နင်တို့ဘာသာ ရှင်းကြ၊ ငါလည်းဘယ်ဘက်ကမှ ပါဖို့စိတ်ကူးမရှိဘူး ဒေဝီ၊ တစ်ခုတော့ရှိတယ် နင်နဲ့ ဒီကောင်လည်း တကယ်ယူကြမှာ၊ ကောင်လေးကလည်း ရွှေ့ကို နည်းနည်းမှ စိတ်မပါ မလိုလားဘဲ ရွှေက ဇွတ်အတင်း အရှက်မရှိ လိုက်လုနေတယ်လို့ ငါမြင်တဲ့





တစ်နေ့ကျရင်တော့ ရွှေ့ကို ငါကိုယ်တိုင် ဆုံးမမယ်၊ အခုလောလောဆယ်တော့ ဒါတွေကြားရတာ စိတ်လည်းပျက် ရေရေရာရာလည်း ငါမသိလို့ ငါ ဘာမှမပါချင်ဘူး၊ နင်တို့ချင်း ညှိနှိုင်းကြ၊ ဒါပဲ ငါပြောနိုင်တယ်"

"တွေ့လား ... ဦးလေးက အမုန်းမခံတာ၊ ဒေဝီ့အတွက် ဝင်မကူညီတာ၊ အခု မဆိုင်သလို ရှောင်ထွက်သွားတာလေ၊ သိပါတယ်၊ ဦးလေးက ရွှေမုန်းမှာ ကြောက်တာ၊ ဒေဝီ ဘာဖြစ်ဖြစ် ... အဟင့် ... အီး ... ဟီး ..."

ဦးမိုးနောင်သည် အတော်စိတ်ပျက်ကာ စကားပြန်နေတော့ဘဲ နေရာမှထ၍ ကိုယ့်အခန်းထဲ ကိုယ်ဝင်လာခဲ့ပါတော့သည်။

ဒေဝီက တစ်ယောက်တည်း ဒေါသတကြီး မျက်ရည်ကျပြီးတဲ့နောက် ခြံဝကို ထွက်လာကာ ရွှေ ပြန်အလာကို မျှော်စောင့်နေတာပင်။

ရွှေနှင့် ဖြူဥတို့ ရယ်မောကျီစယ်လာကြတဲ့ မြင်ကွင်းက ဒေဝီ့ဒေါသကို ပို၍ထိုးဆွသည်။ အဲဒီ ရွှေတဆုပ်ဟာ ယောင်အိညက်နှင့် သူ့ပတ်ဝန်းကျင်က ရှိသမျှလူအားလုံးကို ဘက်ပါအောင် ဖြားယောင်းဆွဲဆောင်ထားတာ။ တော်တော် ညာခုံတဲ့မိန်းမ။ ပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချေးမ။

"ဟင် ... ဒေဝီ၊ ညကြီးမင်းကြီး နင်ဘာလာလုပ်တာလဲ၊ ဒီနေ့ ဆိုင်မသွားရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသွားရလို့ လာတာပေါ့၊ နင်ကကော ညကြီးမင်းကြ
ကလေးခေါ်ပြီး ဘယ်တွေ သဝေထိုးနေတာလဲ၊ ငါစော
နေတာ ကြာလှပြီ"

"အခွေသွားငှားတာလေ၊ ပြီးတော့ ဖြူဥအတွက် အားဆေး
ဝင်ဝယ်နေတာ"

ဖြူဥက အိမ်ဘက်ပြေးဝင်ဖို့ ပြင်သည်။

"ဖြူဥ... ဟဲ့ ... တီတီဒေဝီကို နှုတ်ဆက်ဦးလေ၊ ဒီကော
မလေး"

ဖြူဥက ခြေလှမ်းတုံ့ရပ်သွားလျှင် ...

"သူ့ဟာသူ သွားရင်သွားပစေ၊ နင် ပနာဝင်ယူဖို့မလိုဘူး
ဖြူဥက နင်နိုင်းမှ ငါ့ကို နှုတ်ဆက်ရတယ် ဆိုတာမျိုး
ဖန်တီးမနေနဲ့"

ရွှေက မျက်မှောင်ကုတ်သွားရပါသည်။ ဖြူဥက
လည်း ပြေးဝင်သွားပါတော့သည်။

"နင် ဘာတွေလာပြောနေတာလဲ ဒေဝီ၊ ဘယ်သူနဲ့ အ
ဖြစ်လာလဲ၊ နင်လာရင် တစ်ခုမဟုတ် တစ်ခုတော့ ငါ
စိတ်ရှုပ်ရတာချည်းပဲ"

"ဘာဖြစ်လဲ ငါလာတာ၊ ဒါ ငါ့ဦးလေးအိမ် ငါလာချ
လာမယ် မလာချင် မလာဘူး၊ နင် မလာစေချင်လည်း
ဂရုမစိုက်ဘူး"

"နင့်ကို မလာနဲ့လို့ ပြောလို့လား၊ စကားပြောရင် အကြော





ဘက်က လှည့်တွေးပြီး တလွဲကွေ့ယူမနေနဲ့၊ နင်လာရင်
ငါ့ကို တစ်ခုမဟုတ်တစ်ခု ပြဿနာရှာတာချည်းပဲမို့လို့
စိတ်ရှုပ်တယ်ပြောတာ၊ ကဲ ... အခုပြော၊ ခြံဝကဆီးပြဿနာ
ရှာရအောင် ငါ့အပြစ်က ဘာလဲ"

ဒေဝီက ရွှေ့ကို စေ့စေ့စူးစူး စိုက်ကြည့်လိုက်သည်။

"နင်က ဘာမထိ မုန့်ဟင်းခါးစားချင်လို့ လိုက်ဝယ်ကျွေး
ရတယ် ဟုတ်လား ... ဟင်း ဟင်း ဟင်း"

ရွှေက အံ့အားသင့်သွားပါသည်။ သန္တာဝင်းနဲ့ဒေဝီ
င်းတာ တွဲတာ လုံးတာ ရွှေ သိပါသည်။ သူတို့နှစ်ယောက်
သူ့ဆီက ငါလိုချင်တာနှင့် ငါ့ဆီက သူလိုချင်တာ ကွက်တိ
ပေါ်တည့်နေ၍ အံလည်းဝင် ခွင်လည်းကျ နှစ်ဦးနှစ်ဝ အဆင်
ကြတဲ့သူမျိုးတွေ။ သို့ပေမယ့် ခုလောက်ချက်ချင်း သတင်းပို့
မယ် မထင်ခဲ့သလို ထိုသတင်းကြောင့် ညတွင်းချင်း ဒေဝီ
ာက်လာတာကိုလည်း အံ့သြရသည်။

"ဘာမခုတ်တတ်တဲ့ကြောင်ရုပ် လုပ်နေတာတုန်း။ နင့်ကို
လေ အံ့သြတယ် သိလား၊ လူတကာရှေ့မှာ တကယ့်
အင်နိုးဆဲန့်လေးလို သိပ်လုပ်တယ်၊ ပြီးတော့ နောက်ကွယ်
မှာကျမှ ကုပ်ကုပ်လေး စွတာ"

"ဟဲ့ ..."

ရွှေက စိတ်တိုတို အော်ပစ်လိုက်သည်။

"တော်တော်လည်း သွက်တယ် မထင်ရဘူး။ ဘာမထိ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာ ဘာမှမကြာသေးဘူး၊ ဖမ်းချိတ်ထားလိုက်ရော

"ဒီမှာ ဒေဝီ ... ငါ ဘာမှဖမ်းချိတ်တာ မဟုတ်ဘူး၊ ဘာ မထီ သူ့ဟာသူ ငါ့ကိုရှာတွေ့ပြီး ဆက်သွယ်တာ။ င အသက်နဲ့ နင့်အသက် တစ်နှစ်တည်းပဲ၊ နင်တော်င န စိတ် နင့်ကိုယ် နင့်လွတ်လပ်မှုနဲ့ အခန်းတစ်ခန်းမှာ တ ယောက်တည်းတောင် နေနိုင်တဲ့ ဆုံးဖြတ်ချက်တောင်ချ တဲ့သူပဲ၊ ငါကတော့ ဟိုတုန်းကတည်းက ရင်းနှီးပြီးသ သူငယ်ချင်းဟောင်း မိတ်ဆွေဟောင်း တစ်ယောက် ဘာအကြောင်းပြချက်ကြောင့် ငါ့ဆီလာတာ မောင်းထု ရမှာလဲ၊ သူလည်း ကလေးမဟုတ်ဘူး ငါလည်းကလေ မဟုတ်ဘူး၊ နင် ဘာမှ ဝေဖန်စရာမလိုဘူး ဒေဝီ"

"နင့်ဆီလာရင် မောင်းထုတ်ဖို့ အကြောင်းပြချက် လို တာလား"

ရွှေက ဒေဝီ့ရဲ့ စူးလက်တောက်ပသော မျက်ဝ များကို တအံ့တဩ အလန့်တကြား စိုက်ကြည့်နေမိသည် အဲသလို ဒေဝီ မထီမဲ့မြင်ပြုံးလျှင် မုန်းစရာလည်း ကောင်းသ ကြောက်စရာလည်း ကောင်းသည်။

"ဘာမထီက ဆယ်တန်းတုန်းက ငါ့ရည်းစားပဲ"

"ဟင် ... မဖြစ်နိုင်တာ ငါမယုံဘူး"

"မယုံတာတော့ ငါမတတ်နိုင်ဘူး၊ အခုချိန်မှာ ဘာမထီ နင့်ကို လာငြိရင် ငြိနေမယ်၊ သူ့ကို နင်ဖွင့်မေးလည်





ဝန့်ခံချင်ခံမယ် ငြင်းချင်ငြင်းမယ်၊ ယုံတာ မယုံတာကတော့ နင် ကြိုက်သလို နင့်သဘောရှိပဲ၊ ငါ့အမှားတစ်ခုကြောင့် သူ ငါ့ကို ထားခဲ့တယ်၊ အခု ငါ သူ့ကိုပြန်ဆက်နိုင်ဖို့ ကြိုးစားနေတယ်၊ အဲဒါ နင့်ကို အရှင်းဆုံးပြောထားတာပဲ၊ နင်နဲ့သူ ကြိုက်သွားမယ်ဆိုရင်လည်း ငါသဘောမတူနိုင် တဲ့အတွက် ငါကတော့ ရအောင်ဖျက်မှာခွဲမှာပဲ၊ ကြိုပြော ထားလိုက်တယ်"

ရွှေသည် အူအသည်းတွေရော လူတစ်ကိုယ်လုံးပါ အဆတ်ဆတ် တုန်ယင်လာပါသည်။ ယုံလည်းမယုံပါ။ မယုံပေ ယ့်လည်း ကြောက်သည်။ မယုံနိုင်ခြင်းမှာလည်း ဘာသက်သေ အထောက်အထားမှ မရှိ။ ဘာပြောရမှန်းမသိ။ ဘာမှလဲမပြောနိုင်။ င်မတရားဘူးလို့သာ စိတ်ထဲမှာ အထပ်ထပ် ရေရွတ်နေကာ ာ်က ဘာမှထွက်မလာနိုင်။ ဝမ်းနည်းခြင်းနှင့် ဒေါသက လူကို ပုံကာ မျက်လုံးတွေကိုပါ ပြာဝေစေသည်။ ဒေဝီ့ကို မှန်းမှန်း း‌တီး ကြည့်နေမိပါသည်။

"အမှန်တရားကို ကြားလိုက်တော့ နင် ခါးသီးနေမှာပဲ၊ အမှန်တရားက နည်းနည်းခါးတယ်လို့ နင်ကြားဖူးတယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ ငါသတိမပေးဘူး မဖြစ်ပါစေနဲ့၊ နင့်ခြေလှမ်းတွေ နောက်ဆုတ်လိုက်ရင် ကောင်းလိမ့်မယ် ရွှေတဆုပ်၊ ငါက ဘာမထီ့ကို လက်မ လွှတ်ပေမယ့် နင့်ကိုတော့ နစ်နစ်နာနာ အသည်းကွဲစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး၊ ဒီအချိန်လောက်မှာ နင်ရပ်လိုက်ရင်တော့ နင် သက်သာရာ ရလိမ့်မယ်"

ဒေဝီ့စကားများဟာ အထက်စီးဆန်ဆန် ခြိမ်းခြောက် မှုတွေနှင့် လူပါးလည်း တော်တော်ဝတယ်ဟု ခံစားရပေမယ့် ဇွေ သည် အံကြိတ်ထားရုံမှလွဲပြီး သူ့လို မထောက်မငဲ့လည်း ပြော ထွက်ပေ။ ပြောမထွက်တာထဲမှာ မပြောတတ်တာလည်းပါသည် အရှက်အကြောက်ရှိလို့လည်းပါသည်။ မိန်းမနှစ်ယောက် ယောကျ် တစ်ယောက်ကို လုဟယ်ယက်ဟယ် စကားတွေ အပြိုင်ပြော ရသည်မှာ ရှက်စရာဟု ဇွေ နားလည်သည်။

"ငါ မိန်းလေးတစ်ယောက်တည်း ရပ်တည်ပြီး လုပ်ကိုင် ရှာဖွေစားနေရတာ၊ နင့်လို မွေးစားအဖေလည်း မရှိဘူး ငါ့မှာ ငယ်ငယ်ကတည်းက မိဘရင်းရော မွေးစားမိဘရော မရှိခဲ့ဘူး၊ ငါ ပိုက်ဆံတွေ ရနေပေမယ့် ရင်ဆိုင်ရန်းကာ ရတာ အလွယ်တကူ အန္တရာယ်ကင်းကင်းလို့ နင်မထင်နဲ့ အမဲဖျက်ချင်တဲ့ ချောင်းနေတဲ့ ယောကျ်ားတွေရှိတယ် ငါ့မှာ အားကိုးအားထား မားမားမတ်မတ် လူကောင်း ယောကျ်ားတစ်ယောက် လိုအပ်တယ်၊ အဲဒါ ဘာမထီဝဲ"

ပြောတတ်လိုက်တာ။ ပြောတတ်လိုက်တာနော် သာ အသံတိတ် ရေရွတ်နေမိပါသည်။ အမိုးရယ် ... ထကြည့်ပါ ဦးလား။ ဒေဝီ့ထံက နိုင့်ထက်စီးနင်း ဗိုလ်ကျဒေါသတွေ အလကား နေရင်း အကန့်ဖြစ်နေတဲ့ အပြောအဆို စရိုက်လက္ခဏာတွေပေါ





သာတိုင်း "သည်းခံလိုက်ပါ ဇွေလေးရယ်၊ ဒေဝီဟာ တကယ် တော့ သနားစရာပါ"လို့ ချော့မော့ဖျောင်းဖျတတ်မြဲ အမိုးကို အောက်မေ့သတိရလှသည်။

ဝမ်းနည်းဒေါသကြောင့် ရစ်ဝိုင်းလာတဲ့ မျက်ရည် တို့ကို ပုတ်ခတ်သိမ်းကာ နာနာကျင်ကျင် တစ်ခွန်းတော့ ပြောမိ သည်။

"နင်ဟာ ငါ့အပေါ် ဘယ်တော့မှ မတရားဘူး ဒေဝီ"

၀၆၀



www.burmeseclassic.com

www.burmeseclassic.com



(၉)

"အဖေ မနေ့က လုံးဝမသောက်ဘူးဆိုတာ သေချာရဲ့လား"

ရွှေက သွေးတိုးကျဆေးကို ရေဖန်ခွက်နှင့် ကမ်းပေးရင်း အဖေ့ကို မှုန်တေတေနှင့် မေးမိသည်။ ခွင့်ယူရုံးပျက်လိုက်ရတဲ့အတွက် ဖြစ်လာတဲ့ မကျေနပ် အလိုမကျစိတ်ကြောင့် မှုန်တေနေတာကို ကိုယ့်ဘာသာ ပြန်သတိပြုမိကာ မျက်နှာကိုပြင်လိုက်ရပါသည်။ နေမကောင်းသူကို စိတ်မရှည်မိသလိုဖြစ်တာကိုလည်း နောင်တရ အားနာသွားမိပါသည်။

"ဩော် ... မသောက်ပါဘူးဆိုမှ ရွှေရယ်၊ ငါက ညည်းကိုကြောက်လို့ ညာပြောနေရမှာလား"

"မသိဘူးလေ အဖေကလည်း၊ သွေးတိုးကျဆေး ပုံမှန်သောက်နေလို့ ထိန်းနိုင်နေတဲ့ ပရက်ရှာက ဘာလို့ဒီလောက်အကြောင်းမရှိ တက်လာရတာလဲ"





"အဖေက သောက်ရင်ရော ရမ်းရမ်းကားကား မတရားသောက်လို့လား ရွှေရယ်၊ နည်းနည်းလောက်ပဲ နေထိုင်ပေါ့ပါးရုံ သောက်တာပဲဟာ၊ မနေ့ကလည်း မသောက်ဘူး၊ မသောက်တာ သုံးရက်လောက်ရှိပြီ"

"ဒါဖြင့် ဘာလို့သွေးတိုးသေးလဲ"

"ဒါတော့ ညည်းဘာသာ သွေးကိုမေးကြည့်"

"ဟွန့် ... တွေ့လား မဖြစ်နိုင်တာပြောပြီ၊ ကဲပါ ... အိပ်ရာထဲ သွားပြန်လှဲပြီး နားနေလေ အဖေရဲ့"

"မကြာခင်ကမှ အိပ်ရာက ထလာတာ ရွှေရယ်၊ ဘယ်လိုလုပ် အိပ်ရာထဲ ပြန်လှဲချင်ဦးမှာလဲ၊ ငါ့ဟာငါ ဒီမှာပဲ သက်သောင့်သက်သာ ထိုင်နေပါရစေ"

ဦးမိုးနောင်က သူ့စာရေးစားပွဲနံဘေးက ပက်လက်[illegible]သားထိုင်မက ဒရင်းဘက်မကျ ကော့လန်လန် မိုကုလားထိုင်[illegible]ကာ ထိုင်နေပါသည်။ ဖြူဥကလည်း ရွှေရုံးမတက်ဘူးဆိုတော့[illegible]အခြည်ကြည့်ကာ အိမ်စာလုပ်မလို ဟန်ပြင်နေသည်။ အမှန်[illegible] ခနေနေ့တွေ ရွှေတို့ရုံးနေ့တစ်ဝက် တက်ရသည်။ ရွှေအပြည့်[illegible] အားလပ်တဲ့ရက်ဟာ တနင်္ဂနွေနေ့သာ။

ရုံးသွားဖြစ်မည်ထင်၍ ခါတိုင်းလိုပင် မနက်စော[illegible]ကာ ချက်ပြုတ်ပြီးစီးပြီမို့ ရွှေက နက်ဖြန်မှလျှော်မည်[illegible]ထားသော အဝတ်ဟောင်းပုံကို လျှော်ဖို့ စိတ်ကူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ"

"ရှင်"

"စာရေးစားပွဲအံဆွဲ ဖွင့်လိုက်စမ်း"

ရွှေက အံဆွဲကိုဖွင့်လိုက်လျှင် ပိုက်ဆံထောင်တ အုပ်တချို့ကို တွေ့ရလေသည်။

"မနေ့က မောင်ရန်နိုင် စာမူခပေးသွားတယ်၊ ယူလို အဲဒါ သိမ်းထား"

ဦးမိုးနောင်ရဲ့စာအုပ်တွေက လစဉ်ပုံမှန်တော့ ထွ နိုင်တာမဟုတ်၍ လစဉ်တော့ စာမူခမရပေ။ စာအုပ်ထွက်တဲ့လ သာ။ ဒီကြားထဲ ရောင်းကောင်းတဲ့စာအုပ်တွေ နောက်ထပ်တ ကြိမ် ထပ်မံရိုက်လျှင် ထုတ်ဝေသူ မောင်ရန်နိုင်က ထပ်ရိုက် အတွက် မှန်မှန်ကန်ကန် ထပ်ပေးတဲ့စာမူခ ရတတ်တာရှိသည် မဂ္ဂဇင်းတချို့တလေမှာလည်း ကြိုကြား ကြိုကြား ဆောင်းပါးလေ တွေ ပါတတ်၍ ဒီကရတာမျိုးလည်းရှိသည်။

ရသမျှပိုက်ဆံ ကိုယ့်အတွက် အသေးသုံးချန် ရွှေ့လက် အပ်လိုက်စမြဲပင်။ ခုခေတ်ကုန်ဈေးနှုန်းနှင့် နေထိုင် စရိတ်နှင့် ရွှေ တွက်ချက်စစ်စီသုံးတတ်၍သာ တော်ကာကျတ ဖြစ်သည်။ ဒေဝီက သုံးလေးလ တစ်ကြိမ်လောက် ပုံမှန် ပိုက်ဆံတစ်သိန်းမျိုး တစ်သိန်းခွဲမျိုး ဦးမိုးနောင်ကို ကန်တော တတ်တာ ရှိပါသည်။ ဒါကိုတော့ ရွှေက သူနှင့်ဆိုင်တယ်မမှ ပေ။ ယူလည်း မယူပေ။





"အဖေ့မှာ ပိုက်ဆံရှိသေးလား"

"ရှိပါသေးတယ်"

"အဖေသုံးဖို့ ငါးသောင်း ထားခဲ့မယ်"

ရွှေက သူ့ဟာသူ ဆုံးဖြတ်ကာ ကျန်တဲ့ပိုက်ဆံကို သူ့အခန်းထဲ သိမ်းဆည်းယူသွားပါသည်။ အဖေ့ထံက ခုလိုစာမူခ ရခဲခဲ ရတဲ့အခါတော့လည်းရ၊ မရတော့လည်း ရွှေ့လခလေးနှင့် ချွေသုံးနေရတာပင်။ ဘာပဲဖြစ်ဖြစ် ဒီဝင်ငွေလေး နှစ်မျိုးက လူ သုံးဦးသာရှိသော သူတို့မိသားစုအတွက်တော့ လိပ်ပတ်လည်လည် လေး စားသောက်နိုင်ပေသည်။ အဖေ သင်္ဘောလိုက်ခဲ့စဉ်က စုဆောင်းထားတဲ့ ငွေကြေးတချို့လည်း ဘဏ်မှာရှိတာတော့ ရွှေ သိသည်။ ဘယ်လောက်လဲတော့ ရွှေ မသိပါ။ ရံဖန်ရံခါ ငွေ အသုံးလိုလျှင် အဖေက ဘဏ်တိုးသွားထုတ်လာတတ်ပါသည်။

"ရွှေ"

"ရှင် ... အဖေ၊ နေရော တကယ်ကောင်းရဲ့လား၊ ဒီနေ့ ထူးထူးခြားခြား တရွှေရွှေနဲ့ ခေါ်နေတာ ခါတိုင်းနဲ့မတူဘူး၊ ခါတိုင်း အဖေက အကြောင်းမရှိရင် စကားသိပ်ပြောတာမဟုတ်ဘဲနဲ့၊ နေသာရဲ့လား အဖေ"

"ဩော် ... နေသာပါတယ်၊ ဘာမှမဖြစ်ပါဘူး ရွှေရယ်"

"ဒါဖြင့် အခု ဘာပြောမလို့လဲ"

"ထိုင်ဦး ... ညည်းကို ငါမေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက အဖေ့နံဘေး ကြမ်းပြင်မှာ တအံ့တသြဝင် ထိုင်လိုက်ပါသည်။ အဖေ့ကိုလည်း စောင့်ကြည့်နားစွင့်နေပါသည်။

"ညည်းအသက် ဘယ်လောက်ရှိပလဲ"

"အာ ... အဖေကလည်း တကယ်စိတ်ဆိုးတယ်၊ နှစ်ဆယ့် ခြောက်လေလို့"

"အင်း ... မငယ်တော့ဘူးပဲ"

"ဘာဖြစ်လို့လဲ အဖေ"

"ဒီမှာ ရွှေ ... ညည်းမှာ ချစ်သူတွေ ဘာတွေ မရှိဘူးလား ရှိနေပြီလား"

"ဟား ... အဖေက ဘာတွေလျှောက်မေးနေတာလဲ"

"ဟဲ့ ... ရွှေတဆုပ်၊ ထမပြေးနဲ့ ထိုင်နေ၊ မေးတာဖြေစမ်း ဒါရှက်စရာလား"

"ရှက်စရာပေါ့လို့၊ ချစ်သူတွေ ရည်းစားတွေလည်း မရှိပါ ဘူး အဖေရာ၊ ဒါပဲမဟုတ်လား သွားမယ်"

ရွှေက ထ,ဟန်ပြင်ပြီးမှ ...

"ဟာ ... အဖေနော်၊ ရွှေ့မှာ ချစ်သူမရှိဘူးဆိုပြီး ဟိုဟို ဒီဒီစပ်ဟပ်ပေးစားဖို့များ ကြံနေတာလား၊ အဖေ့ထုတ်ဆေ သူကို ရွှေ မကြိုက်ဘူးနော်၊ သူ့ဟာသူ ကောင်းကောင်း ဆိုးဆိုး ရွှေ လုံးဝမကြိုက်ဘူး ဒါပဲ"

"ညည်းကို ငါက မောင်ရန်နိုင်နဲ့ စပ်နေမိလို့လား"





"သိဘူးလေ"

"ညည်းကို မေးမလို့၊ အိမ်ကို နှစ်ခါသုံးခါ လာဖူးတဲ့ ညည်းရဲ့သူငယ်ချင်းဆိုတဲ့ ဘာမထိနဲ့ ညည်းက ဘာလဲ၊ ဘယ်လိုပတ်သက်မှုရှိလဲ"

"ဘယ်လိုပတ်သက်မှုမှ မရှိပါဘူး အဖေကလည်း"

"ဟဲ့ ... ရွှေ၊ အဖေ့ကို ရှက်လို့ဖြစ်စေ ကြောက်လို့ဖြစ်စေ ဘူးချည်းခံဖြေမနေနဲ့၊ ရေရေရာရာ ဆွေးဆွေးနွေးနွေးဖြေ စမ်း၊ ဘာမှမပတ်သက်ဘဲ ဒီသူငယ်က ဘယ်လာလာနေ ပါ့မလဲ၊ သူက ညည်းကိုမေတ္တာရှိနေတာလား၊ ညည်းတို့ ချင်း အပြန်အလှန် ကြိုက်နေပလား၊ ဒီကောင်လေးကြည့် ရတာ ညည်းအပေါ် ဂရုတစိုက် အရေးတယူပုံစံလည်း တွေ့ရတယ်"

"........."

"သူက ကြိုက်နေတာလား"

"အဲ ... အဲသလိုမျိုးတော့ ထင်တာပဲ"

"ညည်းကို လက်ထပ်မယ် ပြောသလား"

"အဲသလောက်ကို ဘာမှမဟုတ်သေးပါဘူး အဖေရယ်"

"ဒီကောင်လေးက ဒေဝီနဲ့ရော ခင်သလား၊ ရင်းနှီးသလား၊ အနေအထိုင် ဘယ်လိုလဲ၊ အဖေ့ကို အမှန်အတိုင်း အရှိ အတိုင်း ပြောစမ်း ရွှေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက ပါးစပ်လေးဖွင့်ဟကာ အဖေ့ကို အံ့အား
တသင့် ကြည့်မိသည်။ အဖေ ဘာကြောင့် ဒီလိုမေးတာပါလိမ့်

"ညည်း သေချာမသိတာလား"

"ရွှေ မပြောတတ်ဘူး အဖေ၊ သေချာမသိတာတော့ မ
ပေမယ့် အဲလိုတော့ ... ဟို ... မပတ်သက်ဘူး ထင်တာ

"ဒေဝီက အဲဒီ သူငယ်လေးဟာ သူနဲ့ကြိုက်နေသလို
ပြောနေပါလား"

"အာ ... အဲဒါ ... အဲဒါ ... မဖြစ်နိုင်ပါဘူး"

"မဖြစ်နိုင်ပါဘူးဆိုတာ လုံးဝမဟုတ်ဘူးနဲ့တော့ မတူ
ရွှေ၊ မဟုတ်ရင် ဒေဝီက ဒါမျိုး ဘာကြောင့်ပြောမ
ကောင်လေးကို ကြည့်တော့လည်း ရမ်းရမ်းကားကာ
ဆိုးဆိုးဝါးဝါးထဲက ပုံစံမျိုး မဟုတ်ဘူး၊ အဲဒီတော့ အ
အနေ အဖြစ်အပျက်မှန်က ဘာလဲ၊ အဲဒါကြောင့် အဖေ့
ရှက်မနေဘဲ ညည်းသိတာ ညည်းစိတ်ထဲရှိတာကို သေ
ချာချာ ပြောစမ်းပါ ရွှေရယ်"

"အဖေ့ကို မနေ့က ဒေဝီ ပြောတာလား"

"အင်း"

"သြော် ... ဒေဝီ အဖေ့ကို တော်တော်အကျပ်ကိုင် ဖိ
ပြောသွားမယ် ထင်တယ်၊ ဒါကြောင့် အဖေညက အ
ကြီး အခန်းထဲဝင်နေရာက ထွက်မလာတော့တာ၊ ဒီမန
သွေးတွေတိုးနေတာ၊ သူ အဖေ့ကို ဘယ်လိုတွေ စိ





အနှောင့်အယှက်ဖြစ်အောင် ပြောသွားလဲ၊ သမီး ထင်ပါတယ်၊ သမီးနဲ့ ဘာမထီ မနီးစပ်အောင် တာဝန်ယူဖို့ ခြိမ်းခြောက်ကြိမ်းမောင်းသွားတာပဲ ဖြစ်မယ် ...

သူ ညက အရမ်းကို ထူပူပေါက်ကွဲနေတာ၊ ဒီလိုတွေ ပြောရ ဆိုရ ကြားရတာ ရှက်စရာတောင် ကောင်းပါတယ်၊ ဒေဝီ ပြောတာက သူနဲ့ဘာမထီက ဆယ်တန်းတုန်းက ရည်းစားတွေတဲ့၊ အဲဒါကို သမီးမသိဘူး၊ ဟုတ်မယ်လည်း မယုံဘူး၊ ဒါပေမဲ့ မဟုတ်ဘူးလို့လည်း နိုင်နိုင်မာမာ မသိဘူး၊ ဘာပဲဖြစ်ဖြစ်ပါ အဖေ၊ ယောကျ်ားတစ်ယောက်ကိုတော့ ညီအစ်မဝမ်းကွဲနှစ်ယောက် လုယက်ယူရတဲ့ အဖြစ်မျိုး ရွှေ အဖြစ်မခံပါဘူး၊ ညက သူနဲ့ ပြောဆိုရတာတောင် ရှက်လုပြီ၊ ညက သမီး စဉ်းလည်းစဉ်းစားပြီးပါပြီ၊ ဒါတွေ အားလုံးဟာ အချိန်တစ်ခုစောင့်မှ သူ့ဟာသူ အဖြေပေါ်လာမယ့် ဟာတွေပဲ ...

ခုလောလောဆယ်မှာ မဖြစ်မနေ ဆုံးဖြတ်ဖို့လည်း မလိုအပ်ပါဘူး၊ ရွှေလည်း အလျင်စလို မဆုံးဖြတ်ပါဘူး၊ အလောတကြီးကိစ္စလည်း မဟုတ်ပါဘူး"

ခပ်ငိုင်ငိုင်လေး ပြောနေသော ရွှေ့မျက်နှာလေးကို ဦးမိုးနောင်က စိုက်ကြည့်ငေးမောကာ အကဲခတ်နေပါသည်။

"သမီးကရော ဒီကောင်လေးအပေါ်ကို မေတ္တာရှိလား"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ သမီး၊ အဖေ ရေရေရာရာသိထားမှ ကောင်းမယ်
တစ်ဖက်က သမီး၊ တစ်ဖက်က တူမ၊ ဘာမှမသိ
အဖေဘယ်ဘက်ကမှ ရပ်လို့လည်း မဖြစ်နိုင်ဘူး"

"ဆယ်တန်းတုန်းက ဘာမထီက သမီးကို စာတွေပေးဖူး
တယ်၊ ချစ်ရေးဆိုဖူးပါတယ်၊ သမီးက မစဉ်းစားသေး
ဆိုပြီး ငြင်းခဲ့တာပါ"

"ညည်း ငြင်းလိုက်လို့ ဒေဝီနဲ့ ကြိုက်သွားတာလား"

"ဘာမထီကို ကြည့်ရတာတော့ ဒေဝီနဲ့ ကြိုက်ခဲ့ဖူးပုံမပေါ်
ဘူးလို့ ယူဆတာပါပဲ၊ အဲဒါ သမီးက ကိုယ်လိုရာဆွဲတွေး
မျိုးလည်းပဲ ဖြစ်ကောင်းဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် ဒီကိ
အတွက်တော့ အဖေ ခေါင်းမခဲပါနဲ့၊ သွေးတိုးမခံပါ
အဖေရယ်၊ ရွှေ မမိုက်ပါဘူး၊ ပြီးတော့ ရွှေ ဦးနှောက်လည်
ရှိပါတယ်၊ အခုလောက် ပြောဆိုရတာတောင် ရွှေရှက်
ပါပြီ၊ ဒီထက်ပိုတဲ့ အရှက်တကွဲကိစ္စမျိုး ရွှေ အဖြစ်ခံမှာ
မဟုတ်ပါဘူး အဖေ"

"အေး ... အေး ... ကောင်းတယ်၊ ငါ့သမီး ရွှေတဆုပ်
လိမ္မာပါတယ်၊ အဖေ ယုံပါတယ်၊ စိတ်လည်းချပါတယ်
ဒေဝီ တစ်ယောက်ဟာ ဘာကြောင့်များ ဒီလောက် စိ
ကြမ်း ကိုယ်ကြမ်း ဖြစ်နေလဲ မသိပါဘူး၊ သူ့ကိုကြည့်
တာ အမြဲပူလောင်နေတာပဲ၊ လောဘရော ဒေါသရော





မောဟရော သူ့မှာအပြည့်၊ သူပဲအမှန် သူကလွဲရင်
အားလုံးအမှား သူပဲတော်တယ် တတ်တယ်၊ အဲသလိုကို
ဖြစ်နေတော့တာပဲ"

ရွှေက အဖေ့ကို ခပ်ငေးငေးကြည့်ကာ ...

"အဖေ့ကို ဒေဝီ ဘယ်လိုပြောသွားလဲ၊ အမှန်အတိုင်း ရွှေ
သိပါရစေ"

"အမှန်အတိုင်း မပြောလို့ အဖေက ဘယ်လိုပြောရမှာလဲ
ရွှေတဆုပ်ရယ်၊ ဒေဝီက ဘာမထီဟာ သူနဲ့လက်ထပ်ဖို့
ရည်ရွယ်ထားသူလို့ ပြောတယ်၊ သူ့ချစ်သူတဲ့၊ အဲဒါကြောင့်
သူ့ချစ်သူနဲ့ ရွှေ အရောဝင်တာ သူ မကြိုက်ဘူး တားပေး
ပါပေါ့၊ အဲသလို ပြောတယ်"

"အဲဒီတော့ အဖေ ဘာပြန်ပြောလိုက်လဲဟင်"

"အဖေကတော့ အဖေမြင်တဲ့အတိုင်း ဒီကောင်လေးပုံစံက
တော့ ရွှေ့ကို မေတ္တာရှိတဲ့ပုံ တွေ့ရတာပဲလို့၊ အဖေ့အနေနဲ့
က သမီးဘက်ကဖြစ်ဖြစ် တူမဘက်ကဖြစ်ဖြစ်ပါပြီး နင်
ယူလိုက် နင်လျှော့လိုက် ဝင်ဝေခြမ်းဆုံးဖြတ်ပေးရမယ့်
ကိစ္စမျိုး မဟုတ်ဘူးလို့၊ ကိုယ့်ဘာသာ အေးအေးချမ်းချမ်း
ဖြေရှင်းကြလို့ပဲ သူ့ကိုပြောလိုက်ရတာပေါ့ သမီး၊ တကယ်
ပဲ ဘာမထီက သူ့ချစ်သူ ဟုတ်လေသလား မဟုတ်လေ
သလား ကိုယ်မှမသိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အဖေ"

"အို ... မလိုပါဘူး၊ ဒါ ငါ့နေရာကနေ ပြောဖို့စကား ဒါ
ရှိတာပဲလေ၊ ဒီကောင်လေးကိုတော့ မျက်စိထဲ သဘောမ
စရာ မဖြစ်ပါဘူး၊ ဒါပေမဲ့ ဒေဝီအပြောအဆို အမူအရာ
သူဖြစ်နေပုံကို မြင်ရတာ နှလုံးရောဂါတောင် ရချင်တယ်
အဖေက ညည်းတို့အဖေ ညည်းတို့ဦးလေးပဲ။ ဘယ်
ဘယ်စိတ်ဓာတ်ဆိုတာ မမြင်ပဲမနေဘူး မြင်ပါတယ် သမီး
ဒီအသက်ဒီအရွယ်တွေမို့ ကိုယ့်ဦးနှောက်နဲ့ကိုယ် ဆုံးဖြ
နေထိုင်တာလေးကြည့်ပြီး တော်ရုံ ဘာမှဝင်မပြောချင်တ
ပါ ...

ငါ့သမီးက မိသားစုစိတ်ဓာတ်ရှိတယ်၊ မိသားစု
တွယ်တာတယ် အနွံအတာခံတယ် အေးအတူပူအမျှ စိ
ရှိတယ်၊ ဒေဝီက တစ်ကိုယ်ကောင်းဆန်တယ်၊ လော
သက္ကာရရှိတယ်၊ ဟိုးအမြင့်ကြီးကို မှန်းလွန်းတယ်၊ ဒါ
မြင်တွေ့နေတာပဲ၊ ဒါပေမဲ့ သူလည်းပဲ မိတဆိုးဖတ
လေးဆိုတော့ နှုတ်က ပိုးစိုးပက်စက် ပြောမထွက်ရက်
ဘူး၊ တော်ရုံတန်ရုံဟာ မသိချင်ယောင်ဆောင် မမြင်ချ
ယောင်ဆောင် နေနေရတာပဲ၊ ဒီတော့ သမီးလည်း အ
အရာရာကို လိမ္မာပါးနပ်သလိုသာ ကြည့်ရှုဖြေရှင်းပါလို့
အဖေ ပြောချင်တယ်"





ရွှေက ခေါင်းလေး အသာအယာ ညိတ်ပြလိုက်ပါသည်။

"ဟုတ်ကဲ့ပါ အဖေ"

ခပ်တိုးတိုးလေးလည်း တုံ့ပြန်မိပါသည်။

○ ❀ ○



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"ရွှေ ... နင် ဘာဖြစ်နေတာလဲ၊ ဟိုတစ်ပတ်ကလ[illegible]
ညနေပိုင်းလေး ငါ နှစ်ရက်ပဲအားတာ၊ နှစ်ရက်လုံး [illegible]
လှည့်ပတ်ငြင်းတယ်၊ အခုလည်း ကုတ်ကတ်ငြင်းနေတ[illegible]
နင်နဲ့မတွေ့ရတာ ဆယ်ရက်လောက် ရှိနေပြီ၊ နင် ငါ့[illegible]
တစ်ခုခု စိတ်ဆိုးသွားတာရှိလို့လား ... ဟင် ... ရွှေ"

"မရှိပါဘူး ဘာမထီရယ်၊ ဟိုလေ ... အထူးတလ[illegible]
အရေးတကြီး ကိစ္စမျိုးလည်း ..."

"အထူးတလည် အရေးကြီးမှ တွေ့ရမှာလား၊ နင့်ကို [illegible]
တွေ့ချင်တယ်လေ၊ တကယ်ဆို အမြဲတွေ့ချင်တာ၊ အ[illegible]
အားတဲ့ရက်လေးပဲ တွေ့လို့ရတာ၊ ငါ့ဆီ အလုပ်လာ[illegible]
ပြောတာလည်း နင် ငြင်းထားတယ်လေ၊ အခု အဲဒါလ[illegible]
အေးအေးဆေးဆေး ဆွေးနွေးချင်တယ်"





"နင်လည်း ... ငါ အခု ဒီအလုပ်မှာ အဆင်ပြေနေသား ပဲဟာ"

"ငါ့ဆီမှာကျတော့ အဆင်မပြေမှာမို့လား"

"နင့်ကုမ္ပဏီ နင်ဘယ်သူခန့်ခန့် လူတွေ ဒီလောက်ပေါ တာ ဘာမထီရယ်၊ ဒီအလုပ် ဒီလခနဲ့ ဝင်ချင်ကြလွန်းလို့ မှ"

"ငါ လုပ်မယ့်လူ မရှိလို့ နင့်ကို အကူအညီတောင်းနေတာ မဟုတ်ဘူး၊ နင့်ကို အမြဲတွေ့နေ မြင်နေရအောင် ငါ့ရုံးမှာ ရှိစေချင်တာ၊ နင်လည်း တခြားကုမ္ပဏီလုပ်မယ့်တူတူ ငါ့ ဆီလုပ်လို့ ဘာမှမဖြစ်ဘူး၊ ငါလည်း တခြားလူ လခပေး ခန့်မယ့်အစား နင့်ကို ခန့်ထားတော့ ပိုစိတ်ချမ်းသာရမှာ"

"နင်ကလည်းဟာ"

ရွှေက စိတ်ညစ်ညစ်လေး ညည်းညူလိုက်ပါသည်။ [illegible]ာမထီ့ဆီ အလုပ်ဝင်လိုက်တာနှင့် ဒေဝီ့အနှောင့်အယှက်က ပို [illegible]းလာမှာ။ အလုအယက် အပြိုင်အဆိုင်ပုံစံ ဖြစ်နေရမှာကို ဒေဝီ့ [illegible]ားပင် ရွှေက ရှက်သည်။ ဒေဝီ့စကားတွေ ရာနှုန်းပြည့်မယုံ [illegible]ာ်လည်း တချို့တစ်ဝက် မှန်နေခဲ့ရင်ဆိုတဲ့ သံသယတော့ရှိ [illegible]ည်။

ဟိုတစ်နေ့က ဒေဝီ ပြောတဲ့စကားထဲမှာ တစ်ခွန်း [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာကို မယုံမကြည် ဖြစ်နေတာလဲ စဉ်းစား
တောင် မရဘူး၊ ဘာမထိနဲ့ ငါ ခဏကွဲသွားတာ၊ သူ
နိုင်ငံခြားထွက်သွားကြလို့၊ ခုလို အပြီးပြန်လာတာမဟုတ်
ဒီကြားထဲ ခဏတဖြုတ်လေးတွေ ပြန်ပြန်လာလည်နေ
တည်းက ငါ့ကို အသည်းအသန် လိုက်ရှာခဲ့တာ၊ ရှင်းရှ
ပြောရရင် ငါ နင်တို့နဲ့ မနေဘဲ တစ်ယောက်တည်းနေ
အိမ်ကထွက်လာတာကိုက ဘာမထို့ အစီအစဉ်ပဲ၊ ရှင်း
လား၊ ငါ့ဟာငါ တခြားဆိုင်မှာ ဆိုနေတာကို အတင်း
မက ထွက်ခိုင်းပြီး သူ့အနားပဲရှိအောင် သူ့ဆိုင်မှာပဲ
ရမယ်ဆိုပြီး အတင်းခေါ်ယူထားတာ၊ ဒါပေမဲ့ နင့်ကို
တော့ သူ အခု အချိုးနည်းနည်းပြောင်းတယ်၊ သူ့စိတ်
ဟိုရောဒီရော ကစားချင်လာတာ ငါသိတယ်၊ ဒီအချိန်
မှာ အခွင့်သာတုန်း ဖမ်းချုပ်ထားလိုက်မဟဲ့ဆိုပြီး နင်
ရေလာမြောင်းပေး အခွင့်အရေးတွေ သိပ်သိပ်ပေးမနေ
ရွှေတဆုပ်၊ နင်က လမ်းဖွင့်ပေးထားလို့သူ ခြေလှမ်းပြော
ရင် ငါကလည်း ရအောင်လိုက်တားမှာပဲ၊ နင့်အနေအထ
ကိုသာဆင်ခြင်၊ နင်က အခွင့်အရေး ပေးနေရင်
ယောကျ်ားဆိုတာ အခွင့်အရေးယူနေမှာပဲ၊ ဒါကို နင်ဘာ
ဂုဏ်မြောက်မနေနဲ့၊ ရှက်တတ်ရင် ဆင်ခြင်"

သူပြောတော့ အကြောချည်းပင်။ အကုန်လုံး
တောင်မှ သူ့ဘာသာ တခြားဆိုင်မှာ ဆိုနေတာ သူ့ဆိုင်ကိုအထ





သွားခေါ်ယူထားတယ်ဆိုတဲ့ ဘာမထို့ လုပ်ရပ်ဟာ အခု ရွှေ့ကို သူ့ကုမ္ပဏီဆီ အလုပ်ပြောင်းရွှေ့ခိုင်းနေတာနှင့် ဆင်တူပဲမို့ ရွှေ သတိထားရပါမည်။

"ပြော ... ဘာလဲ ... နင်ကလည်းဟာ ဆိုတာ ဘာပြောချင်တာလဲ"

"နင့်ကုမ္ပဏီကို ပြောင်းလာပြီးမှ တစ်နေ့နေ့ အဆင်မပြေလာတဲ့အခါကျရင် ငါက နဂိုအလုပ်ကို ဆွေ့ခနဲ ပြန်ဝင်လို့ မရနိုင်တော့ဘူး ဘာမထိ၊ ထွက်လာခဲ့ပြီးမှ ပြန်ဝင်ဖို့မဖြစ်နိုင်ဘူး၊ နင်က အခုတော့ ငါ့ကိုအလိုရှိပြီး ခေါ်နေပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန် ငါ့ကို အလိုမရှိတော့ရင် ငါ့မှာ ဟိုအလုပ်လွတ် ဒီအလုပ်လွတ်နဲ့ ဒုက္ခရောက်မှာ"

"ဘာပြောတယ်"

ဘာမထို့ မျက်နှာက တွန့်တက် ပျက်ယွင်းသွားပါသည်။

"ငါက ဘာကိစ္စ နင့်ကို အလိုမရှိရတော့မှာလဲ၊ အခု ငါ့အလုပ်ကို ခေါ်နေပြီး တစ်နေ့ကျ ငါက ကန်ထုတ်မယ်၊ အဲလိုတွေးနေတာလား၊ ဘာအဓိပ္ပာယ်လဲ၊ အလုပ်တစ်ခုဝင်တာ ကလေးကစားတာမှ မဟုတ်တာ၊ ငါက အခုဝင်စမ်း အခုထွက်စမ်းလုပ်မယ့်ကောင်စားလား၊ နင် ဘာတွေတွေးနေတာလဲ၊ ဘာတွေပြောနေတာလဲ ရွှေ၊ ဟင် ..."

"မသိဘူးဟာ၊ နင် ... နင် ... စိတ်ပြောင်းသွားတဲ့အခါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ စိတ်ပြောင်းရမှာလဲ၊ ဟာ ... ကျွတ် ... ဒါတွေ သေချာပြောဖို့ ရှိနေတာကို လိုက်ခဲ့ပါဆိုတာ"

"မလိုက်တော့ဘူးဟာ ဖယ်ရီတောင် ထွက်တော့မယ်၊ ငါ သွားမယ်၊ ဒီနေ့ ငါအိမ်တန်းပြန်ရမှာမို့ပါ"

"ငါ့ကားနဲ့ လိုက်လာလည်း အိမ်တန်းပြန်လို့ ရပါတယ် ဘယ်မှ နင်ကမဝင်နဲ့ဆို ငါမဝင်ပါဘူး၊ အနည်းဆုံး ကားပေါ်မှာ တိုင်ပင်ဆွေးနွေးလို့ရတယ်"

"မလိုက်တော့ဘူးဟာ၊ နင် ... နင် ... ဒေဝီနဲ့လည်း နည်းနည်းတိုင်ပင်လိုက်ပါဦး"

"ဘာ"

"........"

"ဒေဝီနဲ့ ငါက ဘာကိစ္စ တိုင်ပင်ရမှာလဲ၊ ဘာဆိုင်လို့လဲ ငါ့ကုမ္ပဏီ ငါ့ဟာငါ ငါဘာလုပ်လုပ် ဒေဝီနဲ့ ဘာကြောင့် ငါက တိုင်ပင်စရာလိုလဲ၊ နင် ဘာပြောတာလဲ"

ရွှေက ဘာမထို့ကို ပေစောင်းစောင်းလေးကြည့်ကာ ...

"နင်နဲ့ဒေဝီ ဘာမှမဆိုင်ဘူး ဟုတ်လား၊ ဒါဆို နင့်ကုမ္ပဏီ ရုံးခန်း အတွင်းဒက်ကိုရေးရှင်းလုပ်တာ ဒေဝီ့ကို ဘာလို့ ခေါ်ပြ ခေါ်တိုင်ပင်လဲ"

"ဟင် ... ငါက ! "





"နင်နဲ့ ဒေဝီ ရုံးခန်းဝရန်တာမှာ ရိုက်ထားတဲ့ ဓာတ်ပုံတောင် ဒေဝီ့ဖုန်းထဲမှာ ငါတွေ့တယ်"

"ဟင် ... အဲဒါ သူ့ဟာသူ ရောက်လာပြီး အခန်းထဲ ဟိုရိုက် ဒီရိုက် ဖုန်းနဲ့ဓာတ်ပုံတွေ ရိုက်နေတာ ငါကမရိုက်နဲ့ ဘယ်လိုတားမလဲ၊ ဒီပုံတွေ သူရိုက်ယူတာနဲ့ပဲ ငါက သူ့ကို ရုံးခန်းဒက်ကိုရေးရှင်း တိုင်ပင်တယ် ဖြစ်ရောလား၊ နှစ်ယောက်တွဲပုံကတော့ ဝရန်တာမှာ ရပ်နေကြတုန်း သူက အနားကပ်လာပြီး Selfie တစ်ပုံလောက်ဆိုပြီး သူ့ဖုန်းနဲ့ သူ့ဟာသူချိန် သူ့ဟာသူရိုက်တာ၊ ငါက ထွက်ပြေးလို့ ရမလား၊ အေး ... ကောင်းပြီ၊ ထွက်ပြေးလို့မရစရာလည်း မရှိဘူး၊ အဲဒီဓာတ်ပုံမျိုး နင်မကြိုက်ရင် ငါက သူ့ကို မရိုက်နဲ့လို့တားဖို့ အားနာမယ့်သူ မဟုတ်ဘူး၊ နောက်တစ်ခါကျ ဖယ်ထွက်သွားလိုက်မယ်၊ လုံးဝအရိုက်မခံဘူး၊ ဓာတ်ပုံလေး တွဲတွေ့တာလောက်နဲ့ ငါ့ကိစ္စတွေ ဒေဝီနဲ့ တိုင်ပင်ဖို့အထိတော့ မပြောပါနဲ့ဟာ"

စိတ်ကျဉ်းကျပ်သွားပုံနှင့် အဆက်မပြတ် ပြောချလိုက်တဲ့ ဘာမထို့ မျက်နှာကို ရွှေက တွေတွေဝေဝေလေး ငေးကြည့်နေမိပါသည်။ ငါ ဘယ်လိုပြောရမလဲ။ နင် ဒေဝီနဲ့ရည်းစား ဖြစ်ဖူးလား။ အဲလိုကြီးတော့ မမေးချင်ပါ။ ရွှေသည် ဒေဝီ့ကို ...ဆုံအကြည်လည်းကင်းမဲ့၊ နှစ်လည်းမနှစ်မြို့၊ အမြင်လည်းကတ် ...ည့်ကြားက ဘာမထို့ထံတွင် ဒေဝီ သိက္ခာကျတာမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေလိုတာ အမှန်တည်း။ စပ်ရင်တော်နေတဲ့ အမျိုးမဟု
တောင် မိန်းကလေးချင်းဆိုတဲ့ ထောက်ထားငဲ့ညှာမှု ထားမိ
ပေသေးသည်။

"တီ ... တီ ... တီ"

"ဟော ... ဖယ်ရီက ခေါ်နေပြီ၊ ငါသွားမယ်"

"ရွှေ ... ရွှေ"

ဘာမထီသည် မိုးတဖွဲဖွဲကြား တလှုပ်လှုပ် ပြေးသွား
တော့သော ရွှေ့ကို မကျေမချမ်း အသည်းတယားယား ကြည့်
မိကာ ဖယ်ရီထွက်သွားမှပင် ကိုယ့်ကားပေါ် ပြန်တက်လျ
တံခါးကို ဒုန်းခနဲ ဆောင့်ပိတ်လိုက်မိပါသည်။ စိတ်တွေ ဘာ
တိုမှန်းမသိ တိုနေမိကာ ရုတ်တရက်ချက်ချင်း ဆုံးဖြတ်ချက်
"Let us"ဘားလေးကို အရှိန်ပြင်းပြင်း မောင်းလာခဲ့ပါသည်
ဆိုင်ကိုမရောက်တာတောင် ကြာပြီ။ ကိုကျော်ကြီးက ဆိုင်အ
ရောက်သူမို့ ဘာမထီက နည်းနည်းပါးပါး ရေသာခိုနိုင်သည်လေ

ဆိုင်ကို သူရောက်လာတော့ စောနေသေး၍ လူနည်း
နေသည်။ ကိုကျော်ကြီးရှိရာ အခန်းထဲ တံခါးခေါက်ဝင်သွားလျှ
ကိုကျော်ကြီးက တီဗီကြီးနှင့်ဆက်ကာ ဆော့နေတဲ့ ကားမောင်
ပြိုင်တဲ့ဂိမ်းမ်ကို ရပ်လိုက်ရင်း ...

"ဟား ... အတော်ပဲ၊ ဆရာသမားလေး လာပါဦး၊ မင်
ကလည်းကွာ မျက်နှာတောင် မဖူးတွေ့ရပါလား"

"ကျွန်တော် နည်းနည်းအလုပ်ရှုပ်နေလို့ပါ ကိုကျော်ကြီး"





"အေး ... သိပါတယ်ကွာ၊ မင်းရုံးက ဘယ်တော့စ,မလဲ"

"ဟိုဘက်ကလည်း လိုအပ်တာလေးတွေ ရှိနေသေးတယ်၊ ကျွန်တော် ဒီဘက်မှာလည်း စာရွက်စာတမ်းကိစ္စတွေ အားလုံး ရယ်ဒီမဖြစ်သေးဘူး၊ ပြီးတာနဲ့ စ,မှာပါ၊ ကိုကျော်ကြီး ဘာပြောစရာ ရှိလို့လဲ"

"ဟိုဟာပါကွာ၊ မင်းရဲ့ဘော်ဒါအသိုင်းအဝိုင်းထဲကပဲလေ၊ ဦးမိုးမြင့်သူဆိုတာ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ ကိုကျော်ကြီး၊ ဒီလူတွေက ဆောက်လုပ်ရေးသမားတွေလေ၊ ကြားတည်းကတစ်ယောက် မိတ်ဆက်ပေးရင်း ငွေလေး ဘာလေး နည်းနည်းပူးပေါင်း မလားလို့ ဝင်ထွက်ဆက်ဆံဖြစ်နေတာပါ၊ လူရင်းတွေတော့ မဟုတ်ဘူး"

"အဲဒီလူက မိန်းမနဲ့ ကလေးနှစ်ယောက်က ဩစတြေးလျ မှာလို့ ကြားတယ်၊ ကလေးတွေ ဟိုမှာကျောင်းတက်နေ တာကို မိန်းမပါ ပို့ထားတာ၊ ဆိုတော့ ... ဒီမှာ သူက လွတ်လွတ်လပ်လပ်ပေါ့"

"ဟုတ်ကဲ့ ... အဲဒါတွေ သိတယ် ကိုကျော်ကြီး"

"ခုတလော ဒေဝီနဲ့ နည်းနည်းလေး စာရင်းဖယားလေးတွေ ရှိလာသလားလို့ ငါ ထင်တယ်၊ သူတို့အချိန်းအချက်ကလေး တချို့ကို ငါ ဝိတ်တာလေးတွေဆီက ငါ ပြန်ကြားရတာလေး တွေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမထီ ကိုကျော်ကြီးကိုသာ စိုက်ကြည့်နားထောင်နေမိသည်။ ဒေဝီ့စကားကိုလည်း ပြန်ကြားယောင်မိပါသည်။ သူ့အလုပ်ဟာ မိန်းမပျိုတစ်ယောက်အဖို့ မလုံခြုံလှဘူးတဲ့။ သူ့ကို ကာကွယ်ပေးပါနော် ဆိုတဲ့စကား။ ဘာပဲဖြစ်ဖြစ် ငယ်သူငယ်ချင်းဆိုတဲ့ အသိဟာ ငယ်ငယ်က အရမ်းကြီး ခင်ခဲ့ တွဲခဲ့တာ မဟုတ်တာတောင်မှ သံယောဇဉ်တစ်ခုတော့ ဖြစ်ထွန်းစေသည်သာ။ ကျောင်းသားဘဝတွေက လွတ်ကင်းတဲ့ အခြေအနေတွေမှာ ပြန်ဆုံကြတဲ့အခါ နည်းနည်းပါးပါး သိကျွမ်းသူဟာလည်း လူရင်းလို ဖြစ်သွားကာ နာမည်သိရုံ မှတ်မိရုံလောက် လူပင်လျှင် သူငယ်ချင်းလို ဖြစ်သွားတတ်တာပါ။

"ဒေဝီက အရင်ကလည်း သတင်းသိုးသိုးသန့်သန့်လေးတွေ ကြားတာ ရှိဖူးတယ်"

"ဘယ်လိုသိုးသိုးသန့်သန့်လည်း ကိုကျော်ကြီး၊ နာမည်ပျက်တာ ပြောတာလား"

"အတိအကျတော့ ငါ မပြောတတ်ဘူး၊ သူ အခုနေတဲ့ တိုက်ခန်းက သူ့ကို ဘဲတစ်ပွေ ဝယ်ပေးတယ် ဆိုတာမျိုးပေါ့၊ အိမ်ထောင်မရှိတဲ့ မိန်းကလေးပျိုရွယ် တစ်ယောက်ကို တိုက်ခန်းတစ်ခန်း ဝယ်ပေးထားတယ်ဆိုတဲ့ အတိမ်အနက်ကို မင်းဘာသာ ဖြည့်စဉ်းစားကြည့်ပေါ့၊ သူရှာနိုင်တဲ့ငွေထက် သူ ပိုသုံးနိုင်နေတာလည်း မြင်ရတယ်"

"အဲဒီတော့ အခုက ဘာပြောချင်တာလဲ ကိုကျော်ကြီး"





"ဘာပြောချင်တယ်ရယ်တော့ အထူးတလည် မဟုတ်ပါဘူး၊ ဒေဝီက မင်းငယ်သူငယ်ချင်းဆိုပြီး ဟိုတလောကမှ ငါလည်း သိရလို့လေ၊ အခု ဦးမိုးမြင့်သူ ဆိုတာကလည်း မင်းဘော်ဒါဆိုတော့ ဘာပဲဖြစ်ဖြစ် ဒီသတင်း မင်းသိထားသင့်တယ်ထင်လို့ ငါက ပြောပြရုံသက်သက်ပါ၊ ဘာဖြစ်စေချင်လို့ ညာဖြစ်စေချင်လို့ မရှိပါဘူး၊ ဒေဝီက ငါတို့ဆိုင်မှာသီချင်းဆိုတယ် ဆိုပေမယ့်လည်း သူ့ပါစင်နယ်ကိစ္စက ငါနဲ့ မဆိုင်ပါဘူး၊ မင်းသိအောင် ပြောပြတာ သက်သက်ပါ"

"ဟုတ်ကဲ့ ကိုကျော်ကြီး၊ နားလည်ပါပြီ၊ ကျွန်တော့်အနေနဲ့လည်း သိထားသင့်တာကို သိထားတယ်ဆိုတဲ့ အခြေအနေနဲ့ပဲ ဒီလိုပဲ နေရမှာပါပဲ၊ ကျွန်တော်လည်း သူ့ပါစင်နယ်လ်ကို စွက်ဖက်အကြံပေးလောက်အောင် အထိတော့ သူနဲ့ မရင်းချာပါဘူး"

"အေး ... အေး ... အဲဒါဆိုလည်းပြီးရော၊ ဒါနဲ့ မင်းရော ဘာကိစ္စရှိသေးလဲ"

"ဒီလိုပဲ ဆိုင်ဘက်မရောက်တာကြာလို့ ဝင်လာတာပါ၊ ဒေဝီနဲ့လည်း တွေ့လိုက်ဦးမယ်"

"အေး ... အေး၊ သူက နည်းနည်းနောက်ကျတတ်တယ်၊ သူ့ပရိသတ်ကလည်း မိုးချုပ်မှလာကြတဲ့ သူမျိုးတွေများတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမထီက ကိုကျော်ကြီး အခန်းထဲမှာပဲ ကိုကျော်ကြီးနှင့် ရောက်တတ်ရာရာ စကားပြောရင်း ဒီဆိုင်က နာမည်ကျော် အမြည်း၊ ကြက်အင်နံအကြွပ်ကြော်ကို မှာစားရင်း အချိန်ဖြုန်းနေလိုက်ပါသည်။ အနည်းငယ် မှောင်ရီပျိုးလာပြီးတဲ့နောက် ဘာမထီက ကိုကျော်ကြီး အခန်းအပြင်ဘက် ဝရန်တာငယ်လေးမှာထွက်ပြီး အပြင်ဘက်ကို ရပ်ငေးနေမိပါသည်။ သူငေးမောနေတုန်း ဆိုင်ဝင်းထဲကို ကားတစ်စီးဝင်လာကာ ဘာမထီ မြင်ကွင်းအတွင်း တစ်နေရာမှာပဲ ရပ်တန့်သွားကာ ကားအတွင်းက ဒေဝီ ဆင်းလာလေသည်။ ကားရှေ့ခန်းက ဆင်းလာပြီးတဲ့နောက် တစ်ဖက်မောင်းသူဘေးဘက်နေရာကို ကွေ့လျှောက်သွားကာ အနည်းငယ်လျှော ချသောမှန်မှ စကားတစ်ခွန်းနှစ်ခွန်း ပြောနေပါသည်။

ကားမှန်တွေက မည်းနက်နေပေမယ့် ဒေဝီ ဆင်းအလာ တံခါးအပွင့်မှာတုန်းက တစ်ဖက်က မောင်းသူဟာ ဦးမိုးမြင့်သူ ဆိုတာ ဘာမထီ မြင်တွေ့လိုက်ပါသည်။ ဒေဝီ ဆိုင်ဘက် ဝင်လာတာ မြင်တဲ့အခါ ဘာမထီလည်း ဝရန်တာက ဝင်ကာ အောက်ထပ် ဘားခန်းမဆီ ဆင်းလာခဲ့သည်။ လှေကားပေါ်က ဘာမထီ ဆင်းလာတာ လှမ်းမြင်လိုက်တဲ့ ဒေဝီက ရှေ့ဆက်မသွားဘဲ ခြေလှမ်းရပ်ကာ ...

"ဘာမထီ ... နင် ရောက်နေတာလား"

"အေး ... နင် ဦးမိုးမြင့်သူနဲ့ လာတာလား"





ဒေဝီ မျက်နှာလေးက တစ်မျိုးလေး ဖြစ်သွားရပါသည်။

"အေး ... ငါလည်း သိပ်စိတ်ညစ်တာပဲ ဘာမထီရယ်"

"ဘာကို စိတ်ညစ်တာလဲ"

"သူက ငါ့ဆီ အရမ်းအဝင်အထွက် စိပ်နေတယ်၊ ဒီနေ့လည်း ငါ့တိုက်အောက် ရောက်နေတယ်လေ၊ အရေးထဲမှာ ငါ ဒီကိုလာမယ်လုပ်တော့ ကားက စက်နိုးမရဘူး၊ ငါ့ကားက ပျက်နေတော့ သူခေါ်နေတဲ့ကြားက ဖွတ်ကားငှားနေရင် မကောင်းတတ်တာနဲ့ သူ့ကားနဲ့ လိုက်ခဲ့လိုက်ရတယ်"

"ဘာဖြစ်လို့လဲ၊ နင်နဲ့ သူ ခင်နေတာပဲ မဟုတ်လား"

"ကိုယ့်ကပ်စိတ်မှာ ဆိုတော့ အထိုက်အလျောက်တော့ ရင်းနှီးရတာပေါ့၊ သူ့ကိုကြည့်ရတာ ငါ့ကို လိုအပ်တာထက် ရင်းနှီးမှု ဂရုစိုက်မှု ပိုနေတယ်"

ဘာမထီက ဘာပြောရမလဲ မစဉ်းစားတတ်၍ ပခုံးတစ်ချက် တွန့်လိုက်ပါသည်။

"ဘာမထီ ... ငါ့ကို ညကျ အပြန်လိုက်ပို့ပေးပါလား"

"နင်ပြန်မယ့်အချိန်က နောက်ကျမယ် ထင်တယ်၊ ငါက ခဏနေရင် ပြန်မလားလို့"

"နင်ကလည်းဟာ၊ မပြန်သေးပဲ ခဏစောင့်လိုက်ပေါ့ မဟုတ်ရင် ဦးမိုးမြင့်သူ လာပြန်ခေါ်နေလိမ့်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် မလိုက်ချင်ရင် ငြင်းလို့ရတာပဲ၊ ပြီးတော့ ညဘ အပြန်ဆိုတော့ နင် အခက်အခဲရှိရင် ကိုကျော်ကြီး ကားမစီစဉ်ပေးဘဲနေမှာ မဟုတ်ပါဘူး"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ နင်နဲ့လည်း မတွေ့တာကြာ စကားလေး ဘာလေးလဲ ပြောရတာပေါ့၊ နင်ပြန်ပို့ပေး တော့ ငါ ပျော်တာပေါ့၊ ငါ ခုတလော နေလို့လည်း သိ မကောင်းဘူး သိလား၊ ပရက်ရှာကျပြီး ခဏ ခဏ မူး တယ်၊ ဒီမှာကလည်း ငါ ခဏ ခဏ ပျက်လို့မကောင်း ဘူးဆိုတော့ နေမကောင်းလည်း ငါမပျက်ချင်ပါဘူးဟာ"

စကားပြောရင်းကပင် ဒေဝီက နားထင်ကို လ ချောင်းကလေးများနှင့် ထိအုပ်ကာ မျက်စိလေး မှေးမှိတ်ယိုင်နဲ့ သွားပါသည်။

"ဟဲ့ ... ဘာဖြစ်တာလဲ၊ နင် အခုရော မူးနေတာလား"

"အေး ... နည်းနည်းပါ၊ နင့်ကို ခဏတွဲမယ်"

ဖျတ်ခနဲ ဘာမထီ လက်မောင်းတစ်ဖက်ကို ဒေဝီ ဖက်ကိုင်ဆုပ်တွဲလိုက်ပါသည်။ ဒေဝီ့လက်ဖျားတွေက အနည်းငယ် အေးစက်နေ၍ ဘာမထီက စိုးရိမ်မကင်းဖြစ်ကာ ...

"နင် ရရဲ့လား၊ နေမကောင်းရင်လည်း လာနေရလားဟာ တစ်ရက်တလေ နားလိုက်ပေါ့၊ ကျန်းမာရေးကြောင့် ပျက် ကွက်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"





"မနားချင်ပါဘူးဟာ၊ အိမ်မှာနေတော့ရော ငါ့မှာ ဘယ်မှာအဖော်ရှိလို့လဲ၊ အပြင်ထွက်နေရတာက တော်ပါသေးတယ်၊ တစ်ယောက်တည်း မူးလဲနေတော့တောင် လူမသိသူမသိ သတိပြန်မလည်လာတော့ဘဲ နေမှာမျိုး ကြောက်ပါတယ်၊ တစ်ယောက်တည်းနေတယ် ဆိုတာထက်ကို ပိုပြီး ငါ့အနေအထားက အထီးကျန်ဆန်နေပါသေးတယ်၊ အကုန်လုံးတော့ ပြောမနေချင်တော့ပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ်လေဟာ နေမကောင်းရင်တော့ အနားယူရမှာပေါ့၊ လာ ... လာ ... ဒီမှာ ခဏဝင်ထိုင်လိုက်"

"ငါ့အတွက် နားနေခန်းရှိတယ်၊ အဲဒီကိုပို့ပေး"

ဘာမထီက ဒေဝီ့ကိုတွဲကာ ဒေဝီ ညွှန်ပြတဲ့အခန်းဆီ ခေါ်လာခဲ့ပါသည်။ အခန်းကျဉ်းကျဉ်းထဲမှာ နံရံကပ်မှန်တစ်ချပ် အလှပြင်ပစ္စည်းတွေ တင်ထားတဲ့ စားပွဲနှင့် အံဆွဲအသေးလေး၊ အကျီလှန်းတဲ့ အဝတ်တန်းငယ်တစ်ခု ဆိုဖာနှစ်ယောက်ထိုင်တစ်လုံး တစ်ယောက်ထိုင်တစ်လုံး ရှိပါသည်။ ဘာမထီက ဒေဝီ့ကို နှစ်ယောက်ထိုင်ဆိုဖာပေါ် ထိုင်လို့အဆင်ပြေအောင် ကူညီပေးရင်း ...

"ဆေးတစ်ခုခု သောက်မလား ... ရရဲ့လား"

"ရပါတယ်၊ ဘာမှမသောက်တော့ဘူး ထိုင်ပါဦးဟာ၊ စကားလေး ဘာလေး ပြောရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ့ထံမှာ မူးမူးမိုက်မိုက် အမူအရာ အခြေအနေ
မရှိတော့ပါ။ ဘာမထီက ဇဝေဇဝါ အကဲခတ်ရင်း တစ်ယောက်
ထိုင်ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ တွေ့တုန်း သူပြောချင်တာ
စကားစဖို့ ပြင်လိုက်စဉ်မှာ ဒေဝီက အရင်စကားစလာသည်။

"နင် ရွှေနဲ့ တွေ့သေးလား"

"မတွေ့ဖြစ်တာ ကြာပြီ၊ ဒါပေမဲ့ ခုနပဲ သူ့ရုံးရှေ့ရောက်
ခဲ့ပါသေးတယ်"

"ကိစ္စရှိလို့လား"

"ငါက သူ့ကို ဒီအလုပ်ကထွက်ပြီး ငါ့ကုမ္ပဏီလာခဲ့
ခေါ်နေတာလေ၊ ကိုယ့်လူတွေချင်းလည်းဖြစ်တယ်၊ အ
သူရတဲ့လခထက်လည်း ငါပိုပေးနိုင်တယ်၊ ပြောရရင်တော
ငါ့အလုပ်ကလည်း သူလုပ်နိုင်တဲ့ ပို့စ်ကို လူတကယ်
အပ်နေပါတယ်၊ အဲဒါကို သူက မလာချင်ဘူး ငြင်းနေတာ
လေ"

"သူမလာချင် မလာပစေနဲ့ပေါ့ဟယ်၊ နင်က ဘာလို့
အတင်း ခေါ်နေတာလဲ၊ သူလည်း သူ့အကြောင်းနဲ့
မလာချင်တာ ရှိမှာပေါ့"

"သူ့အတွက် အဆင်မပြေစရာ ဘာမှမရှိတဲ့အပြင် ငါ
သူ့ကို အဆင်အပြေဆုံး စီစဉ်ပေးမှာပါ၊ ဘာကြော
မလာချင်ရတာလဲ ဆိုတော့လည်း အဓိပ္ပာယ်မယ်မယ်ရ
မရှိဘူး၊ ဒီကြားထဲမှာ သူက စကားတစ်ခွန်းမေးသေးတယ်





ဒီကိစ္စကို ဒေဝီနဲ့ တိုင်ပင်ပြီးပြီလားတဲ့၊ အဲဒီစကားရဲ့
အဓိပ္ပာယ်က ဘာလဲ၊ သူ ဘာသဘောနဲ့ ပြောတာလဲဆို
တာ ငါ သိချင်နေတယ်"

ဒေဝီက မျက်နှာလေးယောင်ယောင်တင်းကာ ...

"နင်သိချင် သူ့ကိုပဲ မေးကြည့်လိုက်ပါလား၊ ဘာလို့မမေး
လဲ"

"မေးတာပဲ၊ သူ့ဖယ်ရီက ထွက်တော့မှာမို့ သူကထွက်
သွားတယ်၊ အချိန်မရတော့ဘူးလေ၊ ဒါပေမဲ့ အခု နင့်
မျက်နှာကို ငါကြည့်နေတာ ရွှေပြောတဲ့စကားရဲ့အဓိပ္ပာယ်
ကို နင်သိနေမယ်လို့ ငါထင်ပါတယ်။ နင်တို့ညီအစ်မကြား
မှာ ဘာအကြောင်းကိစ္စတွေများ ရှိသလဲ၊ သူ့စိတ်ထဲမှာ
ငါက နင့်ကို ငါ့အလုပ်ကိစ္စ တိုင်ပင်လိမ့်မယ် ထင်နေတာ
က နင်နဲ့ ငါနဲ့ရဲ့ ပတ်သက်မှုဟာ သူ့ထက်တောင်ရင်းနှီး
တယ် ထင်နေတာမျိုး တခြားအကြောင်းတစ်မျိုးမျိုးများ
ရှိနေလား"

ဘာမထီက ဒေဝီ့မျက်နှာကို တည့်တည့်စိုက်ကြည့်
နေသလို ဒေဝီကလည်း ဘာမထီ့ကို တည့်တည့်ပြန်လည်စူးစိုက်
ကြည့်နေသည်။ မျက်ဝန်းနှစ်စုံ အတန်ကြာ တည့်တည့်စူးစိုက်ဆုံ
ပြီးတဲ့နောက် ...

"တခြားအကြောင်း ရှိမှာပေါ့၊ နင်မသိတာတွေ အများ
ကြီးပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ၊ အဲဒါတွေက ဘာလဲ၊ ငါ့ကိုပြောပြလေ"

"ရွှေတောင် နင့်ကို မပြောဘူး မဟုတ်လား၊ မိန်းကလေး တစ်ယောက်မှာ လူတိုင်းကို လျှောက်ပြောမပြနေနိုင်တဲ့ ကိုယ်ရေးကိုယ်တာဆိုတာ ရှိနိုင်တာပဲလေ၊ ဒါတွေကို နင် သိခွင့်ရှိလိမ့်မယ်လို့ နင်ထင်ရတဲ့ အကြောင်းရင်းကရော ဘာလဲ၊ ရွှေ့အကြောင်းကို နင်က အားလုံးသိခွင့်ရှိတယ် လို့ နင် ဘာကြောင့် ယူဆရတာလဲ၊ အဲဒါပဲ ငါ့ကို အရင် ပြောပြစမ်းပါဦး ဘာမထီရယ်"

ဘာမထီက ပြုံးလိုက်ပါသည်။

"ငါ့အတွက် အရေးမပါတဲ့သူတွေအကြောင်း ငါလိုက်သိ ချင်မနေပါဘူး၊ ရွှေက ငါ့အတွက် အရေးပါတဲ့သူတစ် ယောက်လို့ ငါ သတ်မှတ်လို့သိချင်တာ"

"အေး ... နင် အဲလိုသတ်မှတ်နေတာသိလို့ ရွှေက ဒီ မပြောရဲ မပြောချင်တိုင်း ငါ့ကိုလွှဲချလိုက်တာ နေမှာပေါ့ ငါ့ကို တိုင်ပင်ပြီးပြီလား ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်က အဲဒါပဲ၊ ငါ့ကို နင်တိုင်ပင်ရင် ငါက တားမှာပဲ၊ နင် ရွှေ ကို နင့်အလုပ်ထဲခေါ်ယူဖို့ရော နင့်ဘဝထဲ ခေါ်ယူဖို့ရော ဆက်မကြိုးစားပါနဲ့ ဘာမထီ၊ ရွှေဟာ နင့်မိဘရွေး အသိုင်းအဝိုင်းထဲကို တင့်တင့်တယ်တယ် ဂုဏ်ကျက်သရေ ရှိရှိ ဝင်လာနိုင်တဲ့ မိန်းကလေးတစ်ယောက် မဟုတ် ဘူး"





"သူက မွေးစားသမီး မိဘမဲ့ ဖြစ်နေလို့ နင်ပြောနေတာ လား"

"ဒါက လူသိပြီးသား ကိစ္စပါ၊ လူမသိသေးတဲ့ ကိစ္စတွေ ရှိပါသေးတယ်၊ နင်က ဆယ်တန်းစာမေးပွဲ ပြီးကတည်း က ပဲခူးမြို့က ထွက်သွားတဲ့သူ တစ်ယောက်ပါ၊ ဆယ်တန်း တုန်းကရော သူ့မှာ ရည်းစားရှိ၊မရှိ၊ ဘယ်သူနဲ့ကြိုက်ခဲ့လဲ ဆိုတာမျိုးတွေ နင်သိလို့လား၊ အဲဒီနောက်လည်း ငါတို့ မိသားစုမှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ နင် တစ်ခုမှ မသိပါဘူး၊ သိလည်းမသိချင်နဲ့၊ ရွှေနဲ့ပတ်သက်လို့ ရှေ့ ဆက်တိုးဖို့ကို နင် ဒီနေရာမှာတင် ရပ်တန့်လိုက်တာ ကောင်းတယ်၊ နင် ရှေ့ဆက်တိုးလို့ ဒီအကြောင်း ဒီကိစ္စ တွေ ပြန်ပေါ်လာရင် ရွှေပဲဂုဏ်သိက္ခာကျဆင်းရလိမ့်မယ်၊ ရွှေပဲ အရှက်တကွဲ ဖြစ်ရလိမ့်မယ်၊ နင် ဒါကို မြဲမြဲမှတ် ထား ဘာမထီ"

ဘာမထီသည် ဒေဝီကို မျက်ဝန်းများ မှေးစင်း၍ ငြိမ်သက်စွာသာ ကြည့်နေလိုက်သည်။ သူ့ရင်တွင်းမှာ အနည်း ငယ် တုန်လှုပ်မှုရှိတာကိုတော့ ဒေဝီ မသိစေရပါ။

○ ၆ ○



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ဖယ်ရီက လမ်းထိပ်မှာတင် ရပ်တာမို့ မိုးသည်းသည်းထဲ ထီးတစ်ဖက်နှင့် အိမ်ထဲ လျှောက်ဝင်လာသော ရွှေသည အဝေးကပင် ခြံဝင်းရှေ့မှာ ဘာမထိုကား ရပ်ထားတာ လှမ်းမြ ပါသည်။ ဟင်ခနဲ အံ့သြကာ မိုးရေစိုတုတ်နေသော လုံချ အောက်နားတွေ အသံမြည်အောင် ချော်လဲမတတ် အပြေးလျှော လာခဲ့ပါသည်။ ရွှေ အိမ်မှာမရှိတဲ့ အချိန်မှန်း သိသိနှင့် ဘာမ ဘာလာလုပ်ပါလိမ့်။

အိမ်ရှေ့ ကြွေပြားခင်း ဖိနပ်ချွတ်နေရာလေး ကမန်းကတန်း ထီးကိုလှန်းခဲ့ကာ အိမ်ထဲဝင်လိုက်လျှင် ဧည့်ခ မှာ ထိုင်နေသော အဖေနှင့် ဘာမထိက ရွှေ့ကိုလှည့်ကြည့် သည်။ အဖေက ရွှေ့ကိုမြင်တာနှင့် ထိုင်ရာက ထ,ရပ်လိုက်ကာ

"ရွှေ ... လာ၊ ဧည့်သည်ရောက်နေတာ စကားပြော အဖေ ရေချိုးလိုက်ဦးမယ်"





အဖေကလည်း ရှောင်ထွက်တာ သိသိသာသာပင်။ မိုးအေးအေးကြီး ခုချက်ချင်း ရေထ,ချိုးစရာလား။ ရွှေက ဘာမထိနှင့် မျက်နှာချင်းဆိုင် နေရာတွင် ဝင်ထိုင်လိုက်ပြီးမှ အိတ်တွေ ခြင်းတွေ ဘေးမှာချရင်း ...

"ဘာကိစ္စရှိလို့လဲဟင်"

"ဘာကိစ္စမှ မရှိပါဘူး၊ ဒီလိုပဲ ဒီဘက်ရောက်လို့ အန်ကယ့်ဖို့ စားစရာလေး အားဆေးလေး ဝင်ပေးတာပါ"

"ဘာလို့ ဒါတွေလာပေးရတာလဲ ဘာမထိရယ်၊ ဒါတွေမှ မလိုအပ်တာ"

"မလိုဘူးတော့ ဘယ်ရှိမလဲ၊ လူကြီးကို သတိရလို့ ဝယ်လာပေးတဲ့ သဘောပါ"

"အဲဒါဆိုလည်း ငါရှိချိန်လာပေါ့၊ ငါမရှိမှန်းလည်း သိရက်နဲ့"

"နင်ရှိတော့ရော ဘာထူးလို့လဲ၊ မရှိတော့ရော ဘာထူးလို့လဲ၊ ငါလာမယ်ပြောရင် မလာဖို့ နင်ပြောမှာပဲ၊ ရုံးအဆင်းလာတာတောင် နင်တားနေတာလေ၊ ငါအားတဲ့အချိန် ငါလာလိုက်တာပေါ့၊ နင်က ငါ့ကိုတွေ့ချင်တဲ့သူမှ မဟုတ်ပဲ၊ နင်ရှိရင် နင် ခုလိုလာတာကို မကျေနပ်သလိုလို စကားတွေ ပြောနေဦးမှာ၊ မရှိတုန်း လာလိုက်တော့လည်း ပြောတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက ဘာမထို့ကို ငေးစိုက်ကြည့်ရင်း ဝမ်းနည်း သလို ခံစားရသည်။

"နင်လာတာကို မကျေနပ်တာ မဟုတ်ပါဘူး ဘာမထိ"

ရွှေ ပြန်ရောက်လာတာ သိသဖြင့် ဖြူဥက အိမ်တွင် ဘက်မှ ထွက်လာကာ ရွှေ့ကို နောက်ဘက်မှ လာရောက်သိုင် ဖက်လိုက်သည်။ ရွှေက ဖြူဥလက်ကလေးကို ချစ်စနိုး တဖျပ်ဖျ ပုတ်ရင်း ...

"သမီး သွား ... တီတီ့ခြင်းတောင်းသိမ်းသွား"

"ဒီဦးဦးကို သမီး ကော်ဖီဖျော်ပေးတာ"

"အယ် ... ဟုတ်လား၊ ဖြူဥက တော်လိုက်တာ"

ဖြူဥက ခြင်းတောင်းလေးယူ၍ အိမ်ထဲ ခုန်ပေါ ဝင်သွားပါသည်။

"ရွှေလေး"

"..........."

"ငါ နင့်ဆီလာပါရစေ၊ အိမ်ကိုလည်း လာပါရစေ၊ ရုံး လည်း လာပါရစေ၊ နင်နဲ့ အမြဲမကြာမကြာ တွေ့ပါရစေ ပြီးတော့ နင့်ကို လက်ထပ်ပါရစေ ရွှေလေး"

"..........."

ရွှေသည် ရုတ်တရက်မို့ အံ့အားတသင့် နှုတ်ခ လေးပွင့်ဟသွားရပါသည်။ တစ်ကိုယ်လုံးလည်း ထူပူကာ ဒူးလေ တွေပင် တဆတ်ဆတ် တုန်လာသည်။





"ငါ နင့်ကို သိပ်ချစ်တယ် ရွှေလေး၊ အခုမှ မဟုတ်ဘူး၊ ဟိုးအရင် ကျောင်းတူတူတက်ခဲ့ရကတည်းက ချစ်တယ်၊ အဲဒီတုန်းကလည်း ပြောခဲ့တယ်၊ နင် အဖြေမပေးခဲ့လည်း ကိစ္စမရှိပါဘူး၊ အခု နင့်ကို ပြန်တွေ့တဲ့အချိန်မှာ ပိုသေချာ တယ်၊ ခုချိန်ထိ ငါ့ဘဝမှာ နင့်လောက် ငါ့ကို လွှမ်းမိုးနိုင် တဲ့ စွဲလမ်းစေတဲ့ ရင်ခုန်စေတဲ့ မိန်းကလေးတစ်ယောက်မှ မရှိသေးဘူး၊ ခုချိန်မှာ နင်လည်း စဉ်းစားဆုံးဖြတ်နိုင်တဲ့ ကိုယ့်ဘဝအတွက် လက်တွဲဖော်ကို ရွေးသင့်တဲ့အချိန် ရောက်ပါပြီ၊ ဒီတစ်ခါတော့ ငါ့ကို သေချာစဉ်းစားပြီး အဖြေပေးပါ ရွှေလေး၊ အဓိပ္ပာယ်မရှိ ငါ့ကိုမရှောင်ဖယ်ပါ နဲ့"

"နင် ... နင် အဖေ့ကို အဲဒါလာပြောတာလား"

"မဟုတ်ပါဘူး၊ ဟုတ်ရင်ကော ဘာဖြစ်လဲ၊ နင့်အဖေကို တလေးတစား လာပြောပြ ခွင့်တောင်းတာကို နင် ကန့် ကွက်စရာ ရှိလို့လား၊ အခု မပြောသေးပေမယ့် နင်ရိုးတီး ယားတား လုပ်နေရင်တော့ နောက်တစ်ခေါက်ကျ လာပြော မယ်"

ရွှေသည် ဘာမထို့ကို မျက်စောင်းရွယ်သလိုလေး ပြုမိသည်။ ရင်တွေခုန်ကာ လူက ဘာပြောလို့ ပြောရမှန်းမသိတဲ့ ကြားက ရင်ထဲမှာ ကြည်နူးခြင်းအပျော် ခံစားချက်လေးတစ်မျိုး က လွှင့်လူးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင် အလုပ်ကော မထွက်သေးဘူးလား ရွှေလေး"

"အာ ... အဲဒါက ..."

"နှင်က ဘာကြောင့်ပြောမှန်း မသိပေမယ့် ဒေဝီနဲ့တိုင်ပင်ပြီး ပြီလား၊ တိုင်ပင်လိုက်ပါဦးဆိုလို့ ငါ ဒေဝီ့ကိုလည်း တိုင်ပင်ပြီးပါပြီ"

"ဟင်"

ရွှေက လန့်ဖျပ်သွားရပါသည်။ ဟုတ်ပါသည် ကိုယ်ကလည်း ပြောမိတာကိုး။ ဒီတစ်ယောက်ကလည်း အစွဲ့တိုင်သလား မှတ်ရသည်။ တကယ် သွားတိုင်ပင်တာပဲ။

"သူ ... သူက ဘာပြောလဲ"

ဘာမထိက ရွှေ့မျက်နှာကို နူးညံ့ကြင်နာသော မျက်ဝန်းများနှင့် ရူးရူးစိုက်စိုက်ကြည့်ရင်း ...

"သူက တားတယ်"

"ဘာ"

"ရွှေ့ကို နှင့်အလုပ်ထဲ ခေါ်သွင်းဖို့ရော နှင့်ဘဝထဲခေါ်သွင်းဖို့ရော လုံးဝမစဉ်းစားနဲ့၊ မကြိုးစားနဲ့လို့ ပြောတယ်"

"ဘာ ... သူ ... သူက ..."

"ဟုတ်တယ်၊ ဘာကြောင့် ငါ့ကုမ္ပဏီကို မလာချင်တာလဲ ဆိုတာ နှင်က ရေရေရာရာ မပြောဘူးလေ ရွှေလေး ဒီတော့ အဲဒါဘာကြောင့်လဲ၊ ဒေဝီများ သိသလားလို့ ငါ သူ့ကိုမေးရတာပေါ့"





"........"

"ဒေဝီက ပြောတယ်၊ မိန်းကလေးတစ်ယောက် လူတိုင်းကို ပြောမပြချင်တဲ့ ကိုယ်ရေးကိုယ်တာဆိုတာ ရှိတယ်တဲ့၊ နှင့်မှာလည်း ငါ့ကိုမသိစေချင်တဲ့ အကြောင်းတွေ ရှိမှာပေါ့တဲ့၊ ငါက ဆယ်တန်းဖြေပြီးကတည်းက ပဲခူးမြို့ကနေ ထွက်သွားခဲ့တာဆိုတော့ နှင် ဘာတွေ ဖြစ်ခဲ့တယ်၊ ဘာ အကြောင်းကိစ္စတွေ ရှိတယ်ဆိုတာ ငါ ဘာတစ်ခုမှ မသိဘူးတဲ့ ရွှေလေး၊ ဒေဝီက အဲလိုပြောတယ်"

ရွှေသည် မျက်နှာကလေး ဖြူရော်ကာ နှုတ်ခမ်းလေးတွေက ဝိုင်းစက်အောင် ပွင့်လာသည်။ ဘာစကားမှ မပြောနိုင် ထွက်မလာနိုင်ဘဲ ဘာမထိကိုသာ မျက်လုံးပြူးနှင့် စိုက်ကြည့်နေလေသည်။ ဘာမထိက ရွှေ့ပုံစံလေးကို အကဲခတ် စိုက်ကြည့်နေကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပါသည်။

"ဟုတ်တယ်၊ ဆယ်နှစ်လောက်အတွင်းမှာ နှင် ဘာဖြစ်တယ် ဘာကိစ္စတွေ ရှိခဲ့တယ်၊ ငါ ဘာမှမသိပါဘူး ရွှေလေး၊ ငါသိဖို့ လိုအပ်တယ်ထင်ရင် နှင် ပြောပါ၊ ငါ သိဖို့ မလိုအပ်ဘူးဆိုရင်လည်း နှင်မပြောပါနဲ့၊ အဲဒါတွေဟာ နှင့်ကို အခု ငါချစ်နေတဲ့ အချစ်ကို ဘာမှပြောင်းလဲသွားစေနိုင်မှာတော့ မဟုတ်ဘူး၊ ဘယ်တော့မှ ပြောင်းလဲသွားစေနိုင်မှာ မဟုတ်ဘူး ရွှေလေး၊ အဲဒါကိုတော့ နှင်နားလည်ထားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ရင်ထဲတွင် ဆွတ်ပျံ့ခြင်းတစ်မျိုးနှင့် မျက်ရည် လည်လာပါသည်။ ဘာမထိရဲ့ နူးညံ့ပြီး လေးနက်သော စကား က ရွှေ့နှလုံးသားကို အရည်ပျော်စေသည်။

"နင့်မှာ ဘာလျှို့ဝှက်ချက် ဘာအကြောင်းတွေပဲ ရှိပါ ကောင်းတာကိုပဲဖြစ်စေ မကောင်းတာကိုပဲဖြစ်စေ ငါမျှ ယူချင်ပါတယ်၊ ငါ့ကို ပြန်ချစ်ဖို့ ငါ့ကို လက်ထပ် စဉ်းစားပါ၊ အရင်ဦးဆုံး ငါ့ကုမ္ပဏီမှာ အလုပ်ဝင် စဉ်းစားပေးပါ၊ ငါ နင့်ကို အမြဲတမ်း မြင်နေတွေ့နေရ လို့ပါ ရွှေလေးရယ်"

ဘာမထိ ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ရွှေ သူ့ကို ငေးရီသော မျက်ဝန်းလေးများနှင့် မော့ကြည့်မိသည်။

"ငါသွားတော့မယ် ... နော်၊ အန်ကယ့်ကို နှုတ်ဆက်သွား တယ် ပြောလိုက်ပါ"

ဘာမထိ လှည့်ထွက်သွားလျှင် ရွှေသည် ယော ယောင်ယမ်းယမ်း ကမန်းကတန်းလေး ထရပ်လိုက်မိပါသည် အိမ်တံခါးဝတွင် မတ်တတ်ရပ်လျက်ပင် ဖိနပ်စီးနေသော ဘာမ နှင့် မလှမ်းမကမ်းထိ ရွှေက ရှေ့တိုးသွားလိုက်မိရင်း ...

"ဘာမထိ"

ဘာမထိ လှည့်ကြည့်သည်။

"ငါ ဒီကနေ့ ထွက်စာတင်လိုက်ပါမယ်၊ နင့်ကုမ္ပဏီ ငါ အလုပ်ဝင်ပါ့မယ် ဘာမထိ"





"တကယ်နော်"

"အင်း"

"အိုကေ ... ငါပြင်ဆင်ထားလိုက်မယ်၊ ကျေးဇူးတင်တယ် ရွှေလေးရာ"

ပြုံးသွားတဲ့ ဘာမထိမျက်နှာကို မြင်လျှင် ရွှေ ကျေနပ်ဝမ်းသာရသည်။ ဝင်မယ် သူ့ကုမ္ပဏီကို။ ဘာဖြစ်လဲ။ ဘယ်သူ့ကို ထိခိုက်တဲ့ လုပ်ရပ်မို့လဲ။ ဘာမထိက လိုလားကာ ရွှေကလည်း ကြည်ဖြူလျှင် ပြီးတာပဲမို့လား။

စဲသွားပြီဖြစ်တဲ့ မိုးဖွဲဖွဲထဲ ကားဆီပြေးသွားတဲ့ ဘာမထိကို ရပ်ကြည့်နေပြီးမှ ရွှေက အိမ်တွင်းဘက်လှည့်ကာ နံရံကနာရီကို တစ်ချက်မော့ကြည့်လိုက်ပါသည်။ ခြောက်နာရီ။ ထိုးမရှိပါဘူး။ နောက်ကျနေပေမယ့် မတတ်နိုင်ပါ။ ရွှေက အဖေ့အခန်း ရှိရာဆီ လှမ်းလာခဲ့ပြီး အခန်းဝမှရပ်ကာ ...

"အဖေ"

"အေး"

"ရွှေ အပြင်ခဏ ပြန်သွားဦးမယ်"

"နောက်တောင်ကျနေပြီ ဘယ်သွားမှာတုန်း"

အဖေက အခန်းထဲက ထွက်လာသလို ဖြူဥက သည်း ရွှေ့အနား အပြေးကပ်လာပါသည်။

"ရွှေ ဒေဝီဆိုင်ကို သွားမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဥလည်း လိုက်မယ်၊ သမီးလည်း တီတီဒေဝီ သီချင်းဆိုတာ ကြည့်ချင်တယ်"

"ဘာလုပ်ဖို့လဲ ရွှေ၊ ကိစ္စရှိရင် နောက်နေ့မှ သွားပါလား မှောင်တောင် မှောင်လာတော့မှာပဲ၊ ဒီကလေးကရော ဘာ ကိစ္စ လိုက်ချင်ရတာလဲ အသာနေစမ်းပါ"

ရွှေက ဖြူဥကို ငုံ့ကြည့်လိုက်ပါသည်။ စိတ်ထဲမှာ လည်း ဖွတ်တရွတ် မခံချင်သော တွန်းအားလေးတစ်ခုက ဖြူဥ ကာ ...

"ဖြူဥပါ ခေါ်သွားမယ် အဖေ၊ ရွှေ ကားငှားသွားမှာပါ နောက်နေ့ထိ မနေချင်လို့ပါ၊ နေလိုက်ရရင် ရွှေ ဒီညအိပ် ပျော်မှာ မဟုတ်ဘူး အဖေ၊ သွားပါရစေ၊ အဖေ မတားပါ နဲ့နော်၊ လာ ... ဖြူဥ၊ မိုးကာလေး သွားယူလိုက်"

အဖေ့မျက်နှာမှာ စိတ်မသက်သာခြင်းကို တွေ့လိုက် ရသော်လည်း အဖေက ဆက်မတားတော့ပါ။ အကြောင်းရင်းကို လည်း မေးမနေတော့ပါ။

"အဖေ့ကို ဘာမထီ ဘာတွေ အထူးတလည် ပြောခဲ့သေး လဲဟင်"

"ဘာမှမပြောပါဘူး၊ ဒီလိုပဲ ဒီဘက်ရောက်လို့ ဝင်လာ တယ်ပြောပြီး ဝယ်လာတာလေးတွေ ပေးသွားတာပဲ၊ ရောက် တတ်ရာရာ အာလာပသလ္လာပ ပြောနေတုန်း ညည်းရောက် လာတာပါပဲ"





ရွှေက မိုးကာထပ်ဝတ်၍ ထွက်လာသော ဖြူဥလက် ကိုဆွဲကာ အိတ်နှင့်ထီးယူ၍ အိမ်ကထွက်လာခဲ့ပါသည်။ လမ်း ထိပ်မှာ တက္ကစီလက်တားငှားကာ ဒေဝီ သီချင်းဆိုတယ်ဆိုတဲ့ ဆိုင်ကို ထွက်လာခဲ့သည်။ ဒီဆိုင်မှာ ဒေဝီ သီချင်းဆိုတယ်ဆိုတာ သိပြီးတဲ့နောက်ရော ဒါဟာ ဘာမထီ ရှယ်ယာပါတဲ့ဆိုင်လို့ သိ ပြီးနောက်ရော ဆိုင်ရှေ့လမ်းမကြီးပေါ်မှ ကားနှင့်ဖြတ်သန်းသွား တာတွေ ရှိပေမယ့် ဆိုင်ကိုတော့ တစ်ကြိမ်မှ မဝင်ရောက်ခဲ့ ဘူးပါ။

လမ်းမှာ အံကလေးကို ခပ်ဖိဖိ ခဲထားမိကာ ရင်ထဲ က မကျေမချမ်းမှုတွေက ဗလောင်ဆူပွက်ကာ လှုံ့တက်နေပါသည်။ အဖိုးစကားကို စေ့စေ့စပ်စပ် အထပ်ထပ် အပြန်ပြန် ပြန်တွေးနေ ကာ လူကထူပူနေပါသည်။ တစ်ခါမှ မဝင်ဖူးတဲ့ဆိုင်ထဲ ခပ် တည်တည်ပဲ လှမ်းဝင်လာခဲ့သည်။ သားသားနားနား အပျံစား ယောကျ်ား မိန်းမတွေ စောသေးလို့ထင်ရဲ့ ကျိုးတို့ကျဲတဲသာ ရှိနေသေးတဲ့ ဟောလ်ခန်းထဲ ဝင်လာသော ရွှေတို့ပုံသဏ္ဌာန်ဟာ အံ့အားသင့် စရာ ဖြစ်နေပေမည်။

တစ်နေကုန် ရုံးတက်ပြီး ရုံးကအပြန် လူနှင့်တန်းတူ ပန်းနယ်နေတဲ့ ဝတ်စုံက နေရာအတော်များများ ရေစိုနေကာ ဆံပင်တွေပါစိုပြီး ရွှဲကပ်နေသည်။ ဖြူဥကလည်း အပြာရောင် မိုးကာကြည်ကြည်ဖားဖားနှင့်။ ဝန်ထမ်းကောင်လေးတစ်ဦးက ရွှေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ရှေ့ကပိတ်ရပ်ပြီး တားလိုက်သလို တိုးဝင်လာ၍ ရွှေ(…) ခပ်တင်းတင်းပဲ မော့ကြည့်လိုက်ပါသည်။

"အစ်မ … ကလေးရဲ့မိုးကာက အပြင်မှာ ထားခဲ့ရမှာ(…) အစ်မထီးရောပဲ"

"ဒေဝီ ရောက်ပြီလား"

"ခင်ဗျာ"

"ဒေဝီ … ဒီမှာသီချင်းဆိုတဲ့ ဒေဝီလေ"

"ဪ … မဒေဝီက ခုလေးတင်ပဲ ရောက်ပါတယ်"

"ခဏ ခေါ်ပေးပါ၊ သူ့ညီမ လာတယ်လို့"

"ဪ … ဟုတ်ကဲ့"

ရွှေက ခန်းမရဲ့ ဝင်ပေါက်ဝနားမှာပင် ရပ်နေလို(…) ပါသည်။ ဖြူဥလေးဟာ ဘာမှန်း ညာမှန်းမသိ၊ အပြင်ထွက်ရ(…) ကိုပျော်ပြီး လိုက်လာ့ကာ ခမ်းနားသော ဆိုင်တွင်းအပြင်အဆင်(…) ကို မြင်ရတွေ့ရတဲ့အတွက် အံ့သြဆန်းကြယ်နေရှာသည်။ ဒီ(…) နေရာမျိုးမပြောနှင့် သာမန်စားသောက်ဆိုင် သန့်သန့်မျိုးသို့(…) ဖြူဥ မရောက်ဘူးပါ။ ခေါ်သွားပေး ပို့ပေးမယ့်သူလည်း ရှိမ(…) တာ။

ခုလို စိမ်းလဲ့သော အတွင်းမီးရောင်နှင့် သဲ့သဲ့(…) ငြိမ့်ညောင်းညောင်း ကြားနေရသော စန္ဒရားသံလေး လွှမ်း(…) အေးချမ်းဆိတ်ငြိမ်နေရာမျိုးကို ဖြူဥ မရောက်ဘူး မမြင်ဘူးရှာ(…)





"ရွှေတဆုပ်"

အံ့အားတသင့် ရေရွတ်ခေါ်ငင်လိုက်သံကြောင့် ရွှေ(…) ခေါင်းကို ချာခနဲလည်ကာ ကြည့်လိုက်သည်။ ဒေဝီက ရွှေ(…)ကို တအံ့တသြ ကြည့်နေရင်း အနားထိပါလာတဲ့ကောင်လေး(…) သွားတော့ဆိုတဲ့ ပုံစံမျိုး လက်ပြလိုက်ပြီး ရွှေတို့အနား တိုး(…)လာပါသည်။

"ဒီဘက်လာ … ဒါ အပေါက်ဝကြီး"

ရွှေက ဒေဝီ ရွှေ့ခိုင်းတဲ့ အပြင်ဘက်ဝင်ပေါက်ဘေး(…)ကျမှ စဥ့်အိုးလှလှကြီးနှင့် ထန်းပင်ငယ်အနား တိုးရွှေ့လိုက်ပါ(…)သည်။

"ဘာလာလုပ်တာလဲ နင်တို့"

"နင့်ဆီ လာတာ"

"အေးလေ … ဘာလာလုပ်တာလဲ"

"နင့်ကို ငါမေးစရာ ပြောစရာရှိလို့"

ရွှေ့မျက်နှာနှင့် လေသံတင်းတင်းကို ဒေဝီက အံ့အား(…)င့်နေဟန်ရကာ သူကလည်း မျက်နှာကို တစ်ပြန်တင်းထား(…)ကျ …

"ဘာလဲ … ဘာပြောမှာလဲ"

"နင် ဘာမထိုက်ကို ဘာပြောလိုက်လဲ"

"ဘာမထိုက်ကို ! … ဘာပြောလိုက်လဲဆိုတော့ ဘယ်လိုဖြေရမှာလဲ၊ ပြောတာတွေ အများကြီးပေါ့၊ ဒါတွေ နင့်ကို ရွတ်ပြရမှာလား၊ ဘယ်မှတ်မိတော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရှုတ်ပြနေစရာ မလိုပါဘူး၊ ငါပဲပြောမယ်၊ င[…] မှာ ဘာမထိ အသိမခံနိုင်တဲ့ ကိုယ်ရေးကိုယ်တာ အကြောင်[…] အရာတွေ ရှိတယ်ဆိုတာ ဘာလဲ၊ ဘာမထိ ပဲခူးကထွက်[…] သွားပြီးတဲ့နောက် ငါ ဘာတွေဖြစ်တယ်၊ ဘာအကြောင်[…] ကိစ္စတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာ ဘာမထိ မသိပါဘူး[…] တာ ဘာစကားလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ဘာကိုပြောတာလဲ[…] အဲဒါ ငါ့ကိုပြော၊ နင် ဘာသဘောနဲ့ ဘာဖြစ်လို့ ပြော[…] တာလဲ"

ဒေါသထွက်ပြီး အသံလေးတုန်နေသော ရွှေ[…] ဒေဝီက အံ့အားတသင့် တစ်ခဏ ကြောင်ကာကြည့်နေပြီး ချ[…] ချင်း ဣန္ဒြေဆည်လိုက်ပါသည်။

"အဲဒါ ဘာဖြစ်လို့လဲ၊ ငါပြောတာ ဘာဖြစ်လဲ"

"ဘာ"

"ပြောတယ်လေ ဘာဖြစ်လဲ"

"ဘာ ... နင်ကပဲ ပြန်စွာနေရသေးတယ်၊ နင့်စကားတွေ[…] ရဲ့ အဓိပ္ပာယ်က ဘာလဲ၊ ပြောလေ၊ ပြောစမ်းပါ"

"အဓိပ္ပာယ်က ရှင်းရှင်းလေး၊ နင့်မှာ ဘာမထိ မသိ[…] ကိုယ်ရေးကိုယ်တာ မရှိလို့လား၊ နင့်တစ်သက်တာ အသေး[…] စိတ်မှတ်တမ်းကို ဘာမထိ သိလို့လား၊ သူ မသိသေးတာ[…] တွေ အများကြီး ရှိတာပဲဟာ"

"အဲဒါ ရိုးရိုးသားသား သမရိုးကျ အဖြစ်အပျက်တွေလေ"





"အေးလေ ... ငါကတော့ ဆန်းပေ့ထူးပေ့ အဖြစ်အပျက်တွေလို့ တစ်ခွန်းမှ မပြောမိပါဘူး၊ မရိုးသားဘူးလို့ တစ်ခွန်းမှ မပြောပါဘူး"

"ဘာမထိ ပဲခူးက ထွက်သွားပြီးတဲ့နောက်မှာ ငါ ဘာတွေဖြစ်တယ်ဆိုတာ သူ မသိဘူးဆိုတာမျိုးရော နင် ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

"ဟဲ့ ... တူတူပဲလေ၊ သူက စာမေးပွဲဖြေပြီး ပဲခူးကထွက်သွားတယ်လေ၊ အဲဒီနောက်မှာ နင် ဘာတွေဖြစ်လဲ ဘာမထိ သိလို့လား"

"ငါ ဘာတွေဖြစ်လို့လဲ"

"ဟော်တော် ... ဆယ်နှစ်အတွင်း ဖြစ်တာတွေ အများကြီးပေါ့၊ နင် အူအတက်ပေါက်လို့ ဆေးရုံတစ်ခါ တက်ရသေးတယ်၊ ဗိုက်ခွဲရသေးတယ်၊ ငါတို့ အမိုးမဆုံးခင် ရန်ကုန်ပြောင်းကြတယ်၊ အမိုးဆုံးသွားတယ်၊ နင် မတော်တဆ ကားအတိုက်လည်း ခံရဖူးသေးတယ်"

"ဟဲ့ ... တော်စမ်းပါ၊ အဲဒါတွေက ဘာအရေးကြီးလို့လဲ၊ လူသိမခံနိုင်စရာ ဘာမထိ အသိမခံနိုင်စရာ ဘာရှိလို့လဲ"

"ငါကလည်း ဘာမထိ အသိမခံနိုင်စရာလို့ မပြောပါဘူး၊ ဘာမထိ မသိသေးတာတွေ အများကြီး ဖြစ်ပျက်ခဲ့တယ်လို့ပဲ"

ရွှေက အံကိုတစ်ချက် ကြိတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ"

"………"

"နင်ပြောပုံက အဲလို ရိုးရိုးသားသား အာလာပသလ္လာ
ပြောတာ မဟုတ်ဘူးဆိုတာ နင် အသိဆုံး၊ ဘာမထို့ကုမ္ပဏီ
မှာ ငါ့ကိုမခန့်ဖို့ပြောပြီး ငါ့မှာ သူမသိသေးတဲ့ နော
ကြောင်းလျှို့ဝှက်ချက် မကောင်းတာတွေပဲ ရှိခဲ့သယော
ယောင် ထင်ယောင်ထင်မှားဖြစ်အောင် စကားကို ကလ
ကကျစ်လုပ်ပြီး နင်ပြောတာ"

ဒေဝီက မေးစေ့ခပ်ပင့်ပင့်နှင့် လက်နှစ်ဖက်ကို
စတိုင်ကျကျ ပိုက်လိုက်ပါသေးသည်။ အရေးပါတဲ့သဘော
မစိုက်တဲ့သဘော။

"နင့်ကို သူ့ကုမ္ပဏီမှာ မခန့်နဲ့ပြောတာ ဘာဖြစ်လဲ၊ ငါ
မခန့်စေချင်တာ၊ ငါ့ဆန္ဒ ငါပြောခွင့် မရှိလို့လား"

"ဘာ … နင်က မခန့်စေချင်ရအောင် နင်က ဘာမို့လဲ"

"ပြောပြီးပြီ၊ ဘာမထိက ငါ့အရင်ကချစ်သူ၊ ငါ သူ့အချ
ကို ပြန်ရဖို့ လုပ်နေတယ်ဆိုတာ နင့်ကို ပြောပြီးသ
အဲဒါကြောင့် သူ့နားမှာ နင့်ကို မမြင်ချင်ဘူး၊ နင့်
အလုပ်ခန့်မှာ သဘောမတူဘူး ဒါပဲလေ"

"နင်ပြောတာ ငါ မယုံဘူး၊ ဘာမထိနဲ့ နင်နဲ့ ကျောင်
တုန်းက ချစ်သူတွေဆိုတာ လုံးဝမယုံဘူး"





"မယုံလဲ မတတ်နိုင်ဘူးလို့ ငါပြောပြီးသားပဲ၊ နင့်သဘော
ပါ"

ရွှေက ဒေဝီကို နာနာကျင်ကျင် စူးစိုက်ကြည့်လိုက်
သည်။

"ဒေဝီ … နင်ဟာလေ တစ်သက်လုံး ငါ့အပေါ် မကောင်း
ဘူး၊ အရင်ကလည်း မကောင်းဘူး၊ ခုလည်း မကောင်း
ဘူး၊ နောင်လည်း ကောင်းမှာမဟုတ်ဘူး၊ ငယ်ငယ်ကတည်း
က အိမ်မှာ နင်လုပ်ထားတဲ့ အပြစ်ကို ဖြောင်လိမ်ပြီး ငါ
လုပ်တာလို့ လွှဲချတတ်ခဲ့တာ၊ ပန်းကန်လေး ကွဲတာကအစ
ပိုက်ဆံပျောက်တာအဆုံး စကားကို ဟိုလိုဒီလိုလှည့်ပြီး
ငါ ချောင်ပိတ်ကျန်ခဲ့အောင် မကောင်းကြံခဲ့တာတွေချည်းပဲ၊
ငါက နင့်ကို အဖေတူမလေ ငါနဲ့ညီအစ်မပါပဲလေဆိုတဲ့
စိတ်၊ အမျိုး ဆုံးမသွန်သင်တာကို တစ်သဝေမတိမ်း နာခံ
တဲ့စိတ်နဲ့ နင့်ကို အမြဲခွင့်လွှတ်တယ်၊ ငါခံရသမျှ မေ့ပျောက်
ပစ်တယ် ဒေဝီ …

ဒါပေမဲ့ သည်းခံတယ် ခွင့်လွှတ်တယ် ဆိုတာက
အတိုင်းအတာရှိတယ်၊ ဘယ်သူကမှတော့ တစ်သက်လုံး
ကုန်းရုန်းပြီး တစ်ဖက်သတ် မကောင်းတာသိသိနဲ့ အနစ်
နာခံ သည်းခံမယ် နင်မထင်နဲ့ ဒေဝီ"

"ဟက် … နင် ဘာတွေ လာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ ... ဟုတ်လား"

ရွှေက ဖြူဥ ခေါင်းကလေးကို သူ့ခါးအား ခွဲ၍ ပွေ့ဖက်ကပ်လိုက်ရင်း ဒေဝီကို ခပ်ပြုံးပြုံး ကြည့်လိုက်ပါသည်။

"ဖြူဥကို နင် မသနားဘူးလား"

"ဘာ"

ဖြူဥလေးက ရွှေ့စကားကို နားမလည်၍ ရွှေ့ကို မော့ကြည့် အဖြေရှာနေသည်။ ဒေဝီက မည်းမှောင်ပျက်ယွင်းသွားသော မျက်နှာနှင့် ရွှေ့ကို ဒေါသတကြီး ရန်စွယ်တငေါငေါကြည့်လိုက်ကာ ...

"ဘာလာမေးတာလဲ၊ ငါ့ကို ဘာမေးတာလဲ ... ဟားဟား ငါ့ကို ဘာအကြံ ဘာစိတ်ကူးနဲ့ နာမည်ဖျက်ဖို့ အရှက်ခွဲဖို့ ကြံစည်တာလဲ၊ နင့်အမိုးစကား တစ်သက်လုံး နားထောင်ရမယ်ဆို၊ အေးပေါ့ ... သေပြီဆိုတော့ နင်က သိပ်သောက် ဂရုမစိုက်တော့ဘူးပေါ့၊ အမိုး ပြောချင်တာပြော မှာချင်တာ မှာခဲ့ အရေးမပါဘူးပေါ့၊ သေခါနီးတုန်းက ကတိတွေ အထပ်ထပ် ပေးပြီးတော့ သေလို့မရှိတော့တော့ ကတိဆိုတာ နင်မဟုတ်သလိုနဲ့ပေါ့ ဟုတ်လား၊ တတ်လည်းတတ်နိုင်တဲ့မိန်းမ၊ ကြင်နာတတ်သလိုလို အနွံတာခံတတ်သလိုလို လူတစ်ကိုယ်လုံး အပေါ်ယံမျက်နှာဖုံးချည်းပဲ၊ နင့်ကိုဖြူဥ သူလေးလို့သူများတွေ ယုံချင်ယုံမယ် ငါမယုံဘူး"





ရွှေက နာနာကျင်ကျင်ပဲ ပြုံးနေလိုက်ပါသည်။

"အေး ... ငါ့မျက်နှာဖုံး ကွာကျတယ်ပဲ ထားလိုက်ပေါ့၊ ဖြူဥ တစ်သက်လုံး ငါပဲ စောင့်ရှောက်လာတာ အခု နင် တစ်လှည့် စောင့်ရှောက်သင့်တယ်လို့ နင် ... မထင်ဘူးလား"

ဖြူဥက ဆတ်ခနဲ ဖြစ်သွားကာ မျက်နှာလေးရှုံ့မဲ့ပြီး ရွှေ့ခါးကို လှမ်းဖက်လိုက်ကာ ...

"အာ ... ဟင့်အင်းနော်၊ သမီး တီတီရွှေနဲ့ပဲနေမှာ၊ တီတီ ဒေဝီနဲ့ မနေဘူး၊ တီတီရွှေနဲ့ပဲ"

ရွှေသည် ဖြူဥခေါင်းကလေးကို တစ်ချက် နှစ်ချက် ပုတ်လိုက်ရပါသည်။ ဝမ်းလည်း နည်းလာရပါသည်။ ဖြူဥရှေ့မှာ ကလေးအားငယ်စရာစကားတွေ မပြောလိုပါ။ ဖြူဥကို ခေါ်လာမိတာ မှားတာပဲ။ တကယ်တော့ ဖြူဥ မျက်နှာကိုတွေ့မြင်ပြီး ဒေဝီ တစ်ယောက် စိတ်ကောင်းလေး ဝင်မလား နှောင်တလေးရမလား ကိုယ်ရှိန်လေး သတ်မလား ဘယ်ဟာဖြစ်ဖြစ် အမြတ်ပဲလို့တွက်ကာ ခေါ်လာမိတာ။

ဒေဝီက ဖြူဥကိုကြည့်ကာ တစ်ချက်ပြုံးလိုက်ရင်း...

"နင့်တီတီရွှေက နင့်ကို ငါ့ဆီထိုးထည့်ပြီး သူ ယောကျ်ား ယူချင်နေတာ"

"ဟင့်အင်း ... ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို ဘာတွေပြောနေတာလဲ ဒေဝီ၊ ကလေးစိ
ချမ်းသာအောင် မလုပ်ပေးရင်နေ စိတ်ဆင်းရဲအောင်တေ
မလုပ်ပါနဲ့၊ ငါ အမိုးကို ပေးတဲ့ကတိက ... ကတိက

"ဖြူဥကို တစ်သက်လုံး ငါပဲတာဝန်ယူပါ့မယ်
မဟုတ်ဘူး"လို့ ဆက်ပြောချင်သော်လည်း ဖြူဥရှေ့၌ ပြောမထွ
မပြောရက်၍ ရွှေက အံကိုကြိတ်လိုက်ပါသည်။ ရွှေ့ရဲ့အားနည်
ချက် စိတ်ရင်းကို အမြဲကောင်းကောင်းသိတဲ့ ဒေဝီက ရွှေ့
ပမာမခန့် အပြုံးလေးနှင့် ကြည့်လျက်သား။ ရွှေ့အသည်းေ
ကလီကလီဖြစ်အောင် ယားလှသော်လည်း ဒေဝီနစ်နာအော
ဘာစကားလုံးတွေ သုံးရမည် မတွေးတတ်တဲ့အပြင် ဖြူဥကိုလည်
ကိုယ်သက်သာပြီးရော သဘောမျိုးလောက်နှင့်တော့ ဒေဝီ့လ
ထဲ ထိုးမအပ်ရက်ပါပေ။

"ကဲပါ ရွှေရယ်၊ နင့်ဒေါသတွေကို လျှော့စမ်းပါ၊ ခုကဲ
က ရှင်းရှင်းလေးပါ၊ နင်လည်း နောက်ဆုတ်ချင်ပုံ မရာ
ငါလည်း နောက်မဆုတ်ဘူး၊ ငါတို့ ငြိမ်းချမ်းစွာ ကွဲ
ကြတာပေါ့ ဟုတ်ပြီလား၊ နင်လည်း နင့်နည်း နင့်ဟ
ငါလည်း ငါ့နည်းငါ့ဟန်ပေါ့၊ အဲဒီတော့ နင်ပြန်တော့၊ င
လည်း အလုပ်ဝင်ရတော့မှာ၊ နောက်လည်း ကမူးရှူးထိုး
ထမလာနဲ့ ညကြီးမိုးချုပ် ကလေးတစ်ယောက် လက်
ပြီးတော့၊ နင့်ဟာနင် လာချင်တစ်ယောက်တည်းလာ"





ရွှေက နှုတ်ခမ်းနှစ်လွှာကို ဖိပွတ်အံခဲကာ ဒေဝီ့ကို
ကျေမချမ်း မကြည်မလင်ကြည့်ပြီး လှည့်မထွက်ခင် တစ်ခွန်း
တော့ ပြောခဲ့ပါသည်။

"ငါ ဘာမထိဆီမှာ အလုပ်ဝင်မယ်ဆိုတာ မှတ်ထားလိုက်
ဦး။"

○ ❀ ○



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ခြံရှေ့ထိုးရပ်လိုက်သောကားကို မြင်လျှင် ဖြူဉ
အိမ်ထဲမှ အပြေးအလွှား ထွက်လာပါသည်။ ခြံတံခါးလေး တွ
ဖွင့်ဝင်လာသော ဘာမထီက သူ့ဆီပြေးလာသော ဖြူဉကို ပြ
ပြရင်း ...

"သမီးတီတီရှိလား သမီးလေး"

"မရှိဘူး ဦးဦး"

"ဟင် ... ဘယ်သွားတာလဲ"

"ခုန အပြင်ထွက်သွားတယ်၊ ဦးတစ်ယောက်နဲ့"

"ဦးတစ်ယောက်နဲ့ ? "

"ဟုတ်ကဲ့"

"ဘယ်သူလဲ သမီး၊ ဘာကိစ္စနဲ့ ဘယ်သွားတာလဲ၊ သမီး
သိလား"





"ဟင့်အင်း ... ဘာမှမပြောဘူး၊ အဲဒီဦးကလည်း အိမ်ထဲ မဝင်ဘူး၊ သမီး လှမ်းကြည့်လို့မြင်တာ၊ ကားအဖြူကြီးနဲ့ လာခေါ်သွားတယ်"

ဘာမထီက မျက်မှောင်တွန့်ကာ ဖြူဉ မျက်နှာကို ဝေ့ဝေ့ဝဲ ကြည့်နေမိပါသည်။ ဒီပိတ်ရက်ကို သူလာမယ်လို့ ရွှေလေး သိနေတာပဲ။ ကလေးများ မဟုတ်ကဟုတ်က ပြောနေလေသလားလို့ စဉ်းစားနေမိစဉ် ကားသံနှင့် လူအရိပ်အယောင်မြင်လို့ထင်သည်။ ဦးမိုးနောင်က အိမ်တံခါးဝသို့ ထွက်လာပါသည်။ ဘာမထီက လှမ်း၍ခေါင်းညွှတ်နှုတ်ဆက်ရင်း ...

"နေကောင်းပါလား အန်ကယ်"

"အေးကွ"

"ရွှေ အပြင်သွားတယ်ဆိုလို့ အန်ကယ်"

"အေး ... မင်းလာမယ်ဆိုတာ သိလား"

ဦးမိုးနောင်သည် လွန်ခဲ့တဲ့ လေး၊ငါးရက်ကပဲ လက်ရှိကုမ္ပဏီမှ ထွက်ကာ ဘာမထီ့ကုမ္ပဏီ၌ အလုပ်ဝင်ဖို့ရည်ရွယ်ထားကြောင်း သူ့ကိုတိုင်ပင်တဲ့ ရွှေ့စကားကြောင့် ဘာမထီ့ကို နေရာတစ်ခုတော့ထား၍ ဆက်ဆံရမည်ဆိုတာ နားလည်ပြီးဖြစ်သည်။ ရွှေ့အလုပ်ရှင်ဖြစ်၍ချည်း မဟုတ်။ ဘာမထီ့ထံ ရွှေ အလုပ်ပြောင်းမည် ဆိုကတည်းက ရွှေ့ရင်ထဲ ရွှေ့ဦးနှောက်ထဲ ဘာမထီဟာ နေရာတစ်ခု သတ်မှတ်ပြီးနှင့်လျက် ရှိနေမှန်း နားလည်တာကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ၊ သူ သိတော့ သိတယ်"

"ဟင် ... သိရက်နဲ့ ဒီကောင်မလေး ဘယ်သွားပါလိမ့် သိပ်တောင် မကြာသေးဘူး၊ အန်ကယ်ကိုတော့ ... အပြင်ခဏသွားဦးမယ်ပဲ အပြင်က အော်ပြောပြီး ထွက် သွားတာပဲ၊ ဖြူဥ ... ညည်းတီတီ ဘယ်သွားလဲ သိလား ညည်းကို ပြောသေးလား"

"ဟင့်အင်း ... သမီး မသိဘူး"

"ဪ ... ဒီကောင်မလေးလည်း ချိန်းပြုထားရင်လည်း ကိစ္စပေါ်ရင် မင်းဆီဖုန်းဆက်သင့်တာပေါ့၊ နောက်မှဖုန်း ဆက်မေးလိုက်ပေါ့ကွာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဘာမထီက ဝင်ထိုင်နေစရာလည်း အကြောင်းမရှိ တော့၍ လှည့်ပြန်ကာ ကားပေါ်တက် မောင်းထွက်လာခဲ့ပါသည်။ အမြဲတမ်း ရွှေ့အဖေကြီးနဲ့ပဲ စကားဝင်ဝင်ပြောနေလို့လည်း ဘယ် ကောင်းပါ့မလဲ။ စာရေးဆရာဆိုတော့ စာလေး ဘာလေး ရေးချင် ချိန် ဖြစ်နေမလား၊ တွေးတောကွန့်မြူးချင်ချိန် ဖြစ်နေမလား အားနာရပါဦးမည်။ သူ လာမယ်ပြောထားပါလျက် ထွက်သွား တယ်ဆိုမှတော့ အရေးတကြီး ကိစ္စပေါ်လို့သာ ဖြစ်မှာလို့ သူ တွေးပေးနိုင်သည်။

ရင်ထဲ ခုလု ခုလု ဖြစ်နေရတာကတော့ "ဦးတင် ယောက်"ဆိုတာကိုပင်။ ဖြူဥက "ဦး"လို့သုံးနှုန်းသူဟာ သူ့အရွယ်





မျိုးပဲ ဖြစ်လိမ့်မည်။ ကားအဖြူနဲ့တဲ့။ ဘယ်သူပါလိမ့်။ အိမ်ကို လာခေါ်တယ် လိုက်သွားတယ်ဆိုသော ကိစ္စကို သူ အတွေးနယ်ချဲ့ ကာ စိတ်ထဲ ခုလု ခုလု ဖြစ်နေရတာပင်။

ထိုအချိန်တွင် ဈေးဘက်မှ ခပ်သုတ်သုတ် ပြန်လာ သော ရွှေက ဖြတ်လမ်းကလေးတစ်ခုရဲ့ထိပ်မှ ချိုးကွေ့လိုက်လျှင် အဖြူရောင်ကားတစ်စီးက သူ့ရှေ့နား တုံ့ခနဲရပ်ရင်း ...

"တစ်ဆိတ်လောက်ဗျာ၊ ခြံနံပါတ်(၄၃) ဘယ်နားမှာလဲ"

"ဪ ... ၄၃ က ဟိုးဘက်ထိပ်မှာရှင့် ပြန်ကွေ့ရမယ်"

"ဟင် ... နင် ရွှေတဆုပ် မဟုတ်လား"

ရွှေက ကားထဲကလူကို ဂရုတစိုက် ခုမှကြည့်မိရင်း...

"ဟယ် ... အေး၊ နင် အောင်ကျော်လား"

"အောင်ဇော်ပါဟာ၊ အောင်ကျော်က ကုလားလေးပါဟာ"

"ဪ ... အေး ... အေး၊ အဟီး ... နာမည်တွေရော နေလို့ပါဟ"

"နင်က ဘယ်လဲ၊ ဒီနား နေတာလား"

"အေး ... ငါက ခြံနံပါတ် ၆၀ မှာလေ၊ နင်က ၄၃ မှာ အသိရှိလို့လား အောင်ဇော်"

"အသိ မဟုတ်ပါဘူးဟာ၊ အဲဒီအိမ်လေးက ရောင်းမယ် ကြော်ငြာထားတာပြောလို့ ငါ လာကြည့်တာ၊ နံပါတ်တွေ က ကမောက်ကမနဲ့ ရှာမတွေ့ဘူး၊ နင်က ဒီမှာနေတာ ကြာပြီလား၊ အဲဒီခြံကိုရော သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုးနှစ်ကျော်လောက် ရှိပြီဟ၊ နင်ပြောတဲ့ ရောင်းမယ်ဆိုတဲ့ခြံက ဘကြီးထွန်းခြံ ဖြစ်မယ်၊ ဟုတ်တယ် ဘကြီးထွန်း ဆုံးသွားတော့ အဘွားစိန်က ခြံရောင်းပြီ မြို့ထဲပိုင်းရွှေ့မယ် ပြောသံကြားတယ်၊ ဒီဘက်က ကာ တွေ ဘာတွေများ မရှိရင် လှမ်းတယ်မဟုတ်လား၊ အဘွား က သဘောကောင်းပါတယ်၊ မြေးဝမ်းကွဲမလေးတစ်ယောက် နဲ့နေတယ်"

"ဩော် ... အရှုပ်အရှင်းတွေ ဘာတွေ ကင်းလား၊ ခေ ထားတဲ့ဈေးလေးက တန်တယ်"

"ရှုပ်ရှုပ်ယှက်ယှက် ဘာမှမရှိနိုင်ပါဘူး၊ အရမ်းရိုးအေးတဲ့ လူကြီးသူမတွေပါ၊ နင်က ဘောဇိပေါ့လေ၊ ဒီထဲခြံဝယ်မယ် ဆိုတော့"

"အမယ် ... ငါ ဘောဇိဆိုရင် နင်လည်း ဒီမှာနေနေတာ ရော"

"အို ... ငါက ငါ့အမိုးရဲ့ အဖေနဲ့အမေ ဟိုးအစောကြီးက တည်းက ဈေးပေါပေါလေးနဲ့ ဝယ်ထားလို့ နေနေရတာပါ ဟာ"

"ဟား ဟား ... နင် ဘာလုပ်နေလဲ"

"ငါ ကုမ္ပဏီတစ်ခုမှာပဲ၊ လက်ထောက်စာရင်းကိုင်ပေါ့ နင်ရော"

"ငါက သင်္ဘောလိုက်နေတယ်"

"အေးပေါ့ ... အဲဒါ ဘောဇိပေါ့"





"မဟုတ်ပါဘူးဟာ ... ဟား ဟား၊ ငါတို့အတန်းကကောင်တွေ အတော်များများ သင်္ဘောတက်ကြတယ်၊ ငါတို့ကျောင်းကထွက်တဲ့ သင်္ဘောသားအုပ်စုတောင် ဂဲသားရင်းလုပ်ဖို့ အုပ်စုလေး ဖွဲ့ထားသေးတယ်၊ သင်္ဘောကဆင်းရင် ဆုံကြပေါ့ဟာ၊ ဆရာကန်တော့ပွဲတွေတော့ လွတ်တာများတယ်၊ ရန်ကုန်မှာ မရှိလို့လေ၊ ရေထဲရောက်ရောက်နေလို့"

"ပဲခူးကလူတွေလည်း တော်တော်များများ ရန်ကုန်ရောက်နေသလိုပဲ"

"ဒါပေါ့ဟာ၊ ရေကြည်ရာ မြက်နုရာပေါ့၊ ရန်ကုန်မှာက အလုပ်အကိုင်ပေါတာကိုးဟ၊ ငါက ပဲခူးမှာပဲနေတုန်းပါ၊ အခု သင်္ဘောကဆင်းနေတုန်း ရက်ခြား ရက်ခြားလောက်တော့ ရန်ကုန်တက်လာဖြစ်တယ်"

"ငါ သွားတော့မယ်၊ အိမ်ကို ဧည့်သည်လာစရာရှိလို့၊ နင် ဒီကတွေ့ပြီး ဟိုးဘက်ထိမောင်းသွား၊ နံပါတ် ၄၃ ရဲ့ခြံတံခါးက သံပန်းအစိမ်းရောင် သုတ်ထားတာ၊ ခြံဝနားမှာ စက္ကူပန်းချုံလေးရှိတယ် သိလား"

"အေး ... အေး ... ကျေးဇူးပဲ၊ နင်ရော တက်လိုက်ခဲ့မလား၊ နင့်အိမ်ရှေ့ ချခဲ့မယ်"

"နေပစေတော့၊ ဒီနားရှေ့တင်ပဲ၊ ငါ လျှောက်သွားလိုက်မယ် ... သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက ခပ်သွက်သွက်လေး လျှောက်လာကာ ခြံရှေ့နားဘက်ဆီ မျှော်ကြည့်လိုက်ပါသည်။ ဘာမထိုကားကို မတွေ့ရ ဟင် ... သူ မရောက်သေးဘူးလား။ အတွေးနှင့် ရွှေက ခြံတံခါး တွန်းကာ ဝင်လာခဲ့ပါသည်။ အိမ်ပေါ်တက်တက်ချင်းပင် ဧည့်ခန်း၌ ဂျာနယ်ဖတ်နေသော အဖေက လှည့်ကြည့်ကာ ...

"ဟဲ့ ... ရွှေ ဘယ်သွားတာလဲ၊ ဘာမထိတောင် လာသွားတယ်"

"ဟင် ... ရွှေ ဈေးနားခဏ သွားတာပါ၊ ဘာမထိရော"

"ပြန်သွားပြီလေ၊ ညည်းက ဘယ်သွားမှန်းမှ မပြောခဲ့တာ ငါက အပြင်သွားတယ်ပဲ ပြောလိုက်တာပေါ့"

"ဟင် ... ဖြူဥရော"

မလှမ်းမကမ်း ခုံပေါ်မှာ ကျောင်းစာအုပ်တစ်အုပ် ဖွင့်ပြီး မျက်နှာအပ်ထားသော ဖြူဥက စာအုပ်လျှောချ မျက်လုံးပေါ်ရုံနှင့် ရွှေ့ကိုကြည့်သည်။

"ဖြူဥကို သမီး ပြောသွားတယ်လေ၊ ဈေးခဏသွားမယ်လို့၊ ဘာမထိလာရင် ခဏစောင့်ခိုင်းထားလို့၊ သူ့ကိုကျွေးစရာမရှိလို့ သမီး လက်ဖက်နဲ့ နှစ်ပြန်ကြော် သွားဝယ်တာလေ အဖေ"

ဦးမိုးနောင်က ဖြူဥကို လှည့်ကြည့်လိုက်ပါသည်။ ဖြူဥက လူကြီးနှစ်ယောက် အကြည့်အောက်မှာ မျက်လုံးကလယ်ကလယ်နှင့် ...





"သမီး မသိဘူး"

"နင် ဘာလို့မသိရမှာလဲ ဖြူဥ၊ တီတီ သေချာမှာသွားတယ်လေ ခဏစောင့်ခိုင်းထားဖို့ကို ဈေးနားခဏလေးပဲ သွားမှာလို့ ပြောခဲ့သားပဲ"

"သမီးမှ မသိတာ"

ဖွတ်ပင်မသိနေသော ဖြူဥကို ရွှေက စိတ်တိုတိုနှင့် နှုတ်ခမ်းကိုက်လိုက်မိပြီးမှ ဒီကိစ္စနှင့် အဖေ့ရှေ့ ဖြူဥကို စိတ်ဆိုးပြရမှာရှက်ကာ မျက်ခုံးလေးတွန့်တွန့်နှင့် မီးဖိုဘက် ဝင်လာခဲ့ပါသည်။ လက်ဖက်နှင့် နှစ်ပြန်ကြော်တို့ကို ပုလင်းနှင့် ထည့်သိမ်းနေရင်း ဖြူဥကို စိတ်တွေတိုနေမိပါသည်။ သေသေချာချာ နှစ်ခါ ခါထပ်လောက် မှာခဲ့လျက်သားနှင့် ဘာမသိဘူး လုပ်တာလဲ။

သူပဲ ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါနှင့် သေချာ ခေါင်းညိတ်ပြီးတော့။ မဟုတ်သေးပါဘူး။ ဖြူဥရဲ့ "သမီးမသိဘူး" ဟာ လိမ်ညာတာပဲလို့ ရွှေ သေသေချာချာ အတပ်ပြောနိုင်သည်။ လိမ်ညာတာဆိုလျှင် ဘာလို့လိမ်ညာတာလဲ။

"ဖြူဥ"

"ရှင်"

"လာခဲ့ဦး"

ဖြူဥက ကျောင်းစာအုပ်ကိုင်လျက်သားနှင့် အတန်ကြာမှ မီးဖိုထဲ ရောက်လာကာ ...

"သမီး စာကျက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မကျက်ရမှာ မပူနဲ့၊ ကျက်ရမယ်၊ တီတီ
သေချာပြောသွားတာ ညည်း ခေါင်းညိတ်လိုက်တယ်လေ
ဟုတ်ကဲ့ပါဆို၊ အခုမှ မသိဘူးဆိုတာ ဘာလဲ"

ဖြူဥက သူ့ခေါင်းလေးကို သူ ကုတ်နေသည်။

"ဖြူဥ ညာပြောတာ မဟုတ်လား သမီး"

"ဟင့်အင်း ... ညာပြောတာ မဟုတ်ဘူး၊ သမီး မသိတာ"

"သမီး သိတာပဲဟာ၊ မသိဘူးကို မဟုတ်တာ"

"တီတီကလည်း အဲဒီ ဦးဘာမထိက ဒီတစ်ခါပဲလာမှာ မဟုတ်တာ၊ နောက်လည်း လာဦးမှာပဲဟာ၊ ဒီတစ်ခါမတွေ့ လည်း နောက်တစ်ခါ တွေ့ရဦးမှာပဲဟာ၊ ဘာဖြစ်နေမှန်း မသိဘူး၊ သိပ်ပိုတာပဲ"

"ဘာ ... ငါ့ကို ဘယ်လိုပြောတာလဲ ဖြူဥ၊ ဒါ ကလေး စကားလား"

မွေ့မျက်လုံးများက ဖြူဥ ခေါင်းပေါ်က ပန်းရောင် ခရစ်စတယ်ကျောက်လေးတွေ အပွင့်ဖော်ကာ ကပ်ထားသော ဘီးကုပ်လှလှလေးကို မြင်သွားပါသည်။ ဒါဟာ အကောင်းစား ဘီးကုပ်။ ဈေးကြီးမှာ။ ဖြူဥ မုန့်ဖိုးထဲက ဝယ်နိုင်လောက်တဲ့ အတိုင်းအတာမဟုတ်။ ကျောင်းရှေ့မှာလည်း ဒါမျိုး ဈေးကြီးတာ မရောင်း။

"ဖြူဥ ဒီဘီးကုပ် ဘယ်ကရလဲ"

"........"





"ဘီးကုပ် ဘယ်ကရလဲ မေးနေတယ်"

"တီတီဒေဝီ ပေးတာ"

"နှင်နဲ့ ဘယ်တုန်းကတွေ့လဲ၊ ဘယ်မှာတွေ့လဲ"

"ကျောင်းဆင်းတုန်းလာတာ၊ ခဏပဲတွေ့တာပါ၊ ဟိုးတစ်နေ့က"

မွေ့က မီးဖိုထဲမှ ထွက်လာကာ အိပ်ခန်းထဲဝင်လာပြီး ဖြူဥ စာကြည့်စားပွဲကို မျက်လုံးဝေ့ဝဲလိုက်ပါသည်။ စားပွဲပေါ်မှာ ဖြူဥ နှစ်သက်တဲ့ ဆော့ဖ်ပင်ရောင်စုံဘူးတစ်ဘူး၊ ပန်းချီဆွဲတဲ့ ခရေယွန်းချောင်း ရောင်စုံပါတဲ့ သံဘူးတစ်ဘူး။ ကျောပိုးအိတ်ထဲ မွှေနှောက်လိုက်တော့ ခဲတံထည့်တဲ့ Pencil case ပန်းရောင်လှလှလေးတစ်ဘူး။ သူ ဝယ်ပေးထားတာ မဟုတ်တာတွေ မြင်လိုက်ရပါသည်။

"ဒါတွေအကုန် နှင့်တီတီဒေဝီ ဝယ်ပေးတာပေါ့ ဟုတ်လား"

"ဟုတ်"

"နှင့်ကို ဘာတွေပြောပြီး ဒါတွေ လာဘ်ထိုးတာလဲ"

"လာဘ်ထိုးတယ် မဟုတ်ပါဘူး၊ ဖြူဥကိုချစ်လို့ သနားလို့ ဆိုပြီး ဝယ်လာတာ"

"နှင့်ကို ? ... သူက ? ... ချစ်လို့ သနားလို့၊ အဟက် ဟက်ဟက် ... ငါ အော်ရယ်လိုက်ရ လည်ချောင်းတွေကွဲ တော့မှာပဲ၊ နှင့်ကို သူကချစ်တယ် သနားတယ်တဲ့လား၊ နှင့်အင်္ကျီတစ်ထည် သူလာလျှော်ပေးဖူးလား၊ နှင့်ကိုထမင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နပ် သူ ချက်ကျွေးဖူးလား၊ နင့်ခြေထောက်ကို ဘယ်နှ
ကြေးတွန်းပေးဖူးသလဲ ... ဟင် ဖြူဥ"

တိုးတိုးကျိတ်ကျိတ်လေး အဖေမကြားအောင် ကို
ပြောရင်း ရွှေ့အသက်ရှူသံတွေ ပြင်းထန်လာသလို ဖြူဥ မျက်
လေးက ငယ်ကာ မျက်လုံး၌ မျက်ရည်ဝိုင်းလာသည်။

"ပြောလေ"

"ဟင့်အင်း ... မလုပ်ဖူးဘူး"

"အေး ... အဲလို တီတီဒေဝီက နင့်ကို ဒါချစ်လို့ပေး
သက်သက်တော့ ဟုတ်ကိုမဟုတ်ဘူး၊ သူ ဘာတွေပြော
ငါ့ကိုပြောစမ်း၊ အကုန်ပြော"

ဖြူဥသည် ရွှေ့ကို ဝမ်းပမ်းတနည်း ငေးစိုက်ကြ
နေပါသည်။ တီတီဒေဝီနှင့် တီတီရွှေ ယှဉ်လျှင် တီတီဒေဝီ
သူ့အပေါ် ဂရုစိုက် စိတ်ဝင်စားမှု အင်မတန်မှနည်းကာ တီတီ
က ဘာမဆို ဖြူဥအတွက် ဝေယျာဝစ္စ ကရိကထမျိုးစုံ ခံ
အပင်ပန်းခံကာ ဂရုတစိုက် ပြုစုလုပ်ကိုင်ပေးတာ ကိုးနှစ်မျှသော
အသိဉာဏ်နှင့်ပင် ဖြူဥ နှိုင်းယှဉ်သိရှိပါသည်။ ဒါကြောင့်လည်
တီတီရွှေ့ကို ဖြူဥ ပိုချစ်တာပေါ့။ တီတီဒေဝီနှင့် မနေချင်တာပေ

"နင့်တီတီရွှေက ယောကျ်ားယူဖို့ ကြံနေပြီ သိလား၊
ဘာမထီဆိုတဲ့လူပဲ၊ သူနဲ့ ရွှေနဲ့သာ ယူသွားရင် ရွှေက န
ကို ငါ့ဆီလာပို့မှာ ဖြူဥ၊ နင့်ကို လှည့်လည်းကြည့်တော
မှာ မဟုတ်ဘူး၊ ပြောတာနားလည်လား၊ ယောကျ်ားယ





သွားပြီးရင် သူတို့ကလေးပဲ သူတို့ဘာသာ မွေးတော့မှာပေါ့၊ ဖြူဥကို ချစ်မှာမဟုတ်တော့ဘူး၊ ပစ်ထားခဲ့တော့မှာ၊ ညည်း တီတီဒေဝီနဲ့ နေချင်လား၊ ငါကတော့ ရွှေလုပ်ပေးသလို တွေ ညည်းကို လုပ်မပေးနိုင်ဘူးနော်၊ ချက်တာ ပြုတ်တာ စားတာ သောက်တာ လျှော်တာ ဖွပ်တာ လှဲတာ ကျင်းတာတွေ ငါလည်း မလုပ်တတ်ဘူးနော်၊ ညည်း ကိုယ့်ဘာသာသင်ပြီး လုပ်ရမှာ၊ နေမလား ငါနဲ့"

တီတီဒေဝီ့ စကားသံကို ပြန်ကြားယောင်သည်။ ဒါတွေပြောတုန်းက ဖြူဥက ခေါင်းလေးကို သွက်သွက်ခါယမ်းပြခဲ့ပါသည်။

"မနေချင်ရင်တော့ ရွှေနဲ့ ဘာမထီ လက်ထပ်မသွားအောင် တားမှ ဖျက်မှ ရမယ်၊ ဘာမထီ အိမ်လာရင် ... xxx ... xxx ... xxx ... xxx ... xxx ... xxx ... xxx ... xxx ...

တီတီက အားလုံး တစ်ခါတည်း မသင်နိုင်ဘူး၊ ခုပြောတာတွေ မှတ်ထား၊ ပြီးရင် ကိုယ့်ဟာနဲ့ကိုယ်လည်း ဉာဏ်ထုတ်ပြီးလုပ်၊ ဘာမထီ ရွှေ့ကို စိတ်ဆိုးအောင်၊ ရွှေက ဘာမထီကိုမုန်းအောင် စိတ်ဆိုးအောင် ဖြူဥခေါင်းထဲ ပေါ်လာသလိုသာလုပ်၊ သူတို့ချင်း စိတ်ဆိုးမှ မုန်းမှ သူတို့ မယူဖြစ်မှာ၊ သူတို့မယူမှ တီတီရွှေက ညည်းအနား ဆက်နေမှာ၊ ယူပြီးရင်တော့ ညည်း ဘာမှလုပ်လို့ မရတော့ဘူး၊ ရွှေက ညည်းကိုပစ်သွားပြီသာမှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေက ဖြူဥနားထဲမှာ အထပ်ထပ်အပြ ပြန် ပဲ့တင်သံ ညံနေသည်။ မျက်လုံးဝိုင်းကြီးမှာ မျက်ရည်လည် ဝိုင်းကာ ရွှေ့ကိုစိုက်ကြည့်နေရုံမှလွဲပြီး ဘာမှလဲ မပြောရဲ ပြောမထွက်ပါ။

"ဟဲ့ ... ပြောလေ"

"........"

"ဘာဖြစ်လို့ မျက်ရည်က လည်လာရပြန်တာလဲ၊ တီတီ ဒေဝီ တစ်ခုခုတော့ ပြောကိုပြောတယ်၊ ဒါကြောင့် ဖြူ ခုလိုဖြစ်နေတာ၊ ဘာပြောလဲ ... သူဘာပြောလဲ"

"ဘာ ... ဘာမှ မပြောဘူး၊ တီတီရွှေက ဦးဦးဘာမထိ ယူပြီး ဖြူဥကို ပစ်သွားတော့မယ်လို့ပဲ ပြောတယ်"

"ကျွတ်"

ရွှေက စိတ်ပျက်လက်ပျက် စုတ်သတ်လိုက်မိသည် ဝမ်းပန်းတနည်း ဖြစ်နေတာ သိသာသော ဖြူဥရဲ့ခေါင်းလေး ဆွဲယူကာ ရင်ညွန့်စပ်နား မှီတဲ့နေရာမှာ ဖြူဥ ဦးခေါင်းလေး ပွေ့ဖက်အပ်ထားရင်း ရွှေ ဒေါသတွေ အလိပ်လိုက် ထွက်လာ သည်။ ကလေးကို ပစ္စည်းတွေ တစ်ပုံတစ်ပင်ပေးပြီး သွေး သွားသည်။ ကလေးက အဟုတ်ထင်ပြီး ဘာမထိကို မလိုမလာ ဖြစ်နေမှာပေါ့။ ဒီနားပဲသွားတာ သိပါလျက် ဒီနားလို့ မပြော အပြင်သွားတယ်ပဲ ပြောလိုက်တာနေမှာပေါ့။





"ဖြူဥ ... သမီး မှတ်ထား။ တီတီရွှေက သမီးကိုပစ်မသွားပါဘူး၊ ဘယ်တော့မှ ပစ်မသွားပါဘူး၊ ကြားလား ဖြူဥ၊ အဲဒါ ခေါင်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားနော်"

ရွှေက ဒါပဲပြောကာ ပြန်ထွက်လာပြီး ပိတ်ရက် ပ်စရာရှိတာလေးတွေ ရှာကြံလုပ်နေလိုက်သည်။ ဖုန်းဆက် ိုက်ချင်ပေမယ့် စိတ်က ချီတုံချတုံ ဖြစ်နေသည်။ တကယ်ဆို ကဆက်ပြီး "နင် ဘယ်သွားတာလဲ"လို့ လှမ်းမေးရင် ကောင်း း။ တွေးနေဆဲပင် ...

"တီတီ ... တီတီ"

ရွှေက ဖုန်းကိုကြည့်ကာ ကမန်းကတန်း ဝမ်းသာ းရ ဖွင့်ထူးလိုက်ပါသည်။

"ဟဲလို"

"ရွှေလေး"

"ဘာမထိ ... ရွှေပြန်ရောက်တော့ ဘာမထိက ပြန်သွားပြီတဲ့"

"ရွှေလေး အခု အိမ်ပြန်ရောက်ပြီလား"

"ရောက်နေပြီ ဘာမထိရဲ့၊ ရွှေက ခဏလေးပဲ သွားတာလေ"

"ရွှေ ဘယ်သွားတာလဲလို့ ပြောလို့ရလား"

"ပြောလို့ရတာပေါ့လို့ ... အဟင်း။ ဈေးနားပဲ ခဏလေး သွားတာ၊ နင်လာရင် ကျွေးစရာ အိမ်မှာမရှိလို့လေ၊

www.burmeseclassic.com



လက်ဖက်နဲ့ နှစ်ပြန်ကြော်လေးပဲ သွားဝယ်တာ၊ လမ်း လျှောက်သွားတော့ နည်းနည်းလေး ကြာနေတာပေါ့"

"ဈေးနား .. ဟုတ်လား၊ နင် ဘယ်သူနဲ့ သွားတာလဲ ရွှေလေး"

"ငါ တစ်ယောက်တည်းလေ"

ဘာမထိဘက်က စကားသံက ခပ်ကြာကြာ တိတ် ဆိတ်ငြိမ်သက်နေပါသည်။

"ဟယ်လို ... ဟယ်လို"

"ဒါဆို ကားအဖြူနဲ့လူက ဘယ်သူလဲ"

"ကားအဖြူနဲ့ ... ? ဟင် ... ဪ ... အဟင်းဟင်း _ နင် မြင်လိုက်တာလား"

"........"

"အဲဒါလေ အောင်ဇော်လေ၊ ငါတို့အတန်းက အောင်ဇော် လေ၊ ငါက အောင်ကျော်လို့တောင် မှားနှုတ်ဆက်မိတယ် သူက လမ်းထဲရောက်လာတာဟ၊ အိမ်လာကြည့်တာတဲ့ ငါနဲ့ တိုက်တိုက်ဆိုင်ဆိုင် သွားတိုးနေတာဟယ် ... သိ လား၊ နင်ကလည်း မြင်တောင် မြင်လိုက်ရင် ပြန်လှည့် လာခဲ့ရောပေါ့၊ ငါ သူနဲ့ စကားခဏ ပြောနေတာပါ"

ဘာမထိက ရွှေ့စကားသံတွေကို ငြိမ်၍သာ နား ထောင်နေမိပါသည်။

○ ၹ ○





(၁၃)

မနက်မိုးလင်းလို့ ရုံးရောက်လျှင် တစ်ယောက်သော သူ မျက်နှာလေးကို မြင်တွေ့လိုက်ရရုံနှင့် နေ့တစ်နေ့ အဓိပ္ပာယ် ပြီး ပြည့်စုံကာ သာယာလှပတယ် ဆိုတာမျိုးကို ခံစားဖူးကြ ပါသလား။ ထိုခံစားချက်ကို ရင်နှင့်တစ်လုံး ကြည်ကြည်နူးနူး ခံစားနေရသူတို့မှာ ဘာမထိရော ရွှေရော နှစ်ဦးလုံးပါပင်။

"ရှိ"

မက်ဆေ့ချ် ဝင်လာသံ။

"ဒီနေ့ ဘာလို့ သနပ်ခါး လိမ်းမလာတာလဲ"

"အချိန်မရလို့"

"အချိန်က ဘာလို့မရတာလဲ"

"ဖြူဥလေ အိပ်ရာထ နောက်ကျနေတာနဲ့ သူ ကျောင်း ကားမီအောင် မနည်းတွန်းလုပ်ပေးရတာ ငါ သနပ်ခါး လိမ်းနေချိန် မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်း လိမ်းလာပါ"

"ဟင် ... ဘာလို့"

"ရုံးစည်းကမ်း"

":D ... :D"

ကိုရီးယားကားတွေထဲကလိုပင် တရှိုရှို တရှိုရှိုနှင့် မက်ဆေ့ချ်တွေ အပြန်အလှန် ပြေးလွှားနေကြသည်။ လူတွေ သတိပြုစရာ ဖြစ်လာမည်စိုး၍ ကြာတော့ မက်ဆေ့ချ်ဝင်သံကို ပိတ်ထားရပါသည်။

မနက်တိုင်းတွင် ဖယ်ရီနှင့် ဝန်ထမ်းအားလုံးကို ကြိုသည်။ ညနေတိုင်းတွင်တော့ ထိုဖယ်ရီနှင့် ရွှေ သိပ်မလိုက် ဖြစ်ပါ။ ဘာမထိုကားနှင့် ပြန်ရတာများသည်။ တစ်ပတ်မှာ အနည်းဆုံးတစ်ခါ သို့မဟုတ် နှစ်ခါလောက်တော့ ညနေဘက် တစ်နေရာရာဝင်ကာ တစ်ခုခု စားဖြစ်ကြပါသည်။

အဲဒီအခြေအနေ အဲဒီဘဝကလေးဟာ ရွှေရဲ့ဖြစ် သန်းမှုများကို သက်ဝင်လှုပစေသည်။ ရွှေ ပျော်သည်။ ပြီးတော့ ရွှေ ဘာမထိုကို ချစ်ပါသည်။ ခေါင်းညိတ်ဖို့ ဝန်ခံဖို့ ဆိုတာက တော့ ရွှေ့အတွက် အားယူစွန့်စားရဦးမယ့် အရာတစ်ခုပင်။ ကုမ္ပဏီ ဖွင့်ပွဲနေ့က ဘာမထိရဲ့အဖေက စင်ကာပူမှ ရောက်မလာ နိုင်သော်လည်း အမေဖြစ်သူက ရောက်လာ၍ ဖွင့်ပွဲတက်ရောက် ခဲ့ပါသည်။





အားလုံးကို နူးနူးညံ့ညံ့ ဆက်ဆံသော်လည်း အရှိန် အဝါနှင့် မာန်တစ်မျိုး လွှမ်းခြုံထွန်းလင်းနေတဲ့ ဘာမထို မေမေ ကို ရွှေ စကားပင် ရဲရဲဟဟ မပြောရဲပါ။ သူမရဲ့မျက်လုံးအကြည့် တစ်ချက်လေးကပင်လျှင် လူကို သေးကျုံ့စေတယ်ထင်သည်။ ဘာမထိကတော့ ရွှေ့ကို သူ့မေမေနှင့် မိတ်ဆက်ပေးခဲ့ပါသည်။

"မေ ... အကောင့်တဲန့်လေ၊ ရွှေတဆုပ်တဲ့၊ ရွှေက သား တို့နဲ့ ပဲခူးတုန်းကတည်းက ကျောင်းတူတူပဲလေ မေ၊ ငယ်ငယ်တည်းက ခင်တာ"

"ဟုတ်လား သမီး၊ အေး အေး ... သားရဲ့လုပ်ငန်းမှာ သူငယ်ချင်းတွေ ဝိုင်းဝန်းကြ ကူကြတယ်ဆိုတာ သိရတာ ကျေးဇူးသိပ်တင်တာပဲ၊ မောင်နှမတွေလိုပဲ ကူညီပါ သမီး ရယ် ... နော်"

ဟုတ်ကဲ့ပါ အန်တီလို့ တိုးချိချိ ပြောမိသည်။ မောင်နှမတွေလိုတဲ့။ သားဖြစ်သူကို မောင်နှမစိတ်ပဲ ထားဟော့ဆိုတဲ့ ဆိုလိုရင်းလည်း ပါပေမည်။ အဲ့သလို ရွှေယူဆမိကာ ဘာမထိ နှင့် ရင်းနှီးပုံတောင် မပြမိပါ။ ရွှေ အရင်က သိထားတာထက် ဘာမထိတို့ ပြည့်စုံသည် ကြွယ်ဝသည်ဆိုတာ သိလာရတဲ့နောက် မှာ ကိုယ့်အနေအထားအတွက်ကိုယ် အားငယ်မှုလေး ရင်မှာကိန်း အောင်းပါသည်။ သို့ပေမဲ့ ဘာမထိအမေက နောက်ပိုင်း ရုံးကို လိုက်လာတတ် ဝင်ထွက်တတ်တာ မဟုတ်၍ ရုံးမှာ ရွှေ စိတ် ကျဉ်းကျပ်ရ။



www.burmeseclassic.com

www.burmeseclassic.com



ဒီရုံးမှာ အလုပ်ဝင်ရတာ ရွှေ ပျော်သည်။ ရွှေသည် ကိုယ့်တာဝန် မဟုတ်တာ သိပေမယ့် ရုံးကို ဘာမထီ ရောက်လာလျှင် ကော်ဖီတစ်ခွက်ဖျော်ကာ ပို့သည်။ နေ့လယ်စာစားချိန်ကျ ဘာမထီက အမြဲအပြင်ထွက်စားဖို့ ခေါ်ပေမယ့် အခါခပ်သိမ်း မလိုက်။ အိမ်ကပါလာတဲ့ ထမင်းချိုင့်ကိုသာ ရုံးမှာပဲဖွင့်စားသည်။ တစ်ခါတစ်ရံ သူနဲ့မလိုက်တဲ့အတွက် ဘာမထီက ရစ်ကာ ရွှေ ထမင်းချိုင့်ကို တောင်းယူပြီး စားပစ်လိုက်တတ်လေသည်။ အဲဒီအခါကျ ရွှေသည် ရုံးပေါက်ဆင်း မလှမ်းမကမ်းဆီ ခပ်သွက်သွက်လျှောက်ကာ ဗယာကြော်သုပ်တို့ ခေါက်ဆွဲသုပ်တို့ ကမန်းကတန်း ဝယ်စားပြီး နေ့လယ်စာကို ဖြေရှင်းရလေသည်။

အဲသလို ခွတ်ကျကျ ပြုမူသော ဘာမထီ့ အပြုအမူလေးတွေကိုတော့ ရွှေက နည်းနည်းကလေးတောင် စိတ်မခုနိုင်ဘဲ အပြုံးကလေး အတွေးကလေးတွေ တဝေဝေနှင့် ချစ်စနိုးလှပါသည်။

တစ်ရက်မှာတော့ မျှော်လင့်ဘဲ ရုံးကို ဒေဝီ ပေါက်ချလာသည်။ အဝင်တံခါးမှ ဒေဝီ လှမ်းဝင်လာတာတွေ့လျှင် ရွှေသည် အပြစ်လည်း မရှိပါဘဲ အပြစ်လုပ်ထားသူလို ထူထူပူပူဖြစ်သွားရသည်။ ဒေဝီနှင့်ပတ်သက်လျှင် အမြဲ ဤသို့ခံစားရစမြဲ။ ငယ်ငယ်ကတည်းက ဒီအပြစ်တစ်ခုကို ဒေဝီ လုပ်ထားတာ ရွှေ သိပါလျက် တရားခံမပေါ်ဘဲဖြစ်နေလျှင် ဒေဝီ့ကိုကြည့်၍ ရွှေကသာ ထူထူပူပူဖြစ်နေမိပြီး ဒေဝီက သွေးအေးအေးပင် ပမာမခန့်





ဒေဝီက ရွှေ့စားပွဲသို့ ခပ်တည်တည် ကြည့်သည်။ ရွှေ သူ့ကို အာဏာဖီဆန်၍ ဒီရုံးမှာ အလုပ်ဝင်လိုက်ပြီးကတည်း အိမ်လည်းမလာ၍ ရွှေနှင့်ဒေဝီ မတွေ့ဖြစ်သေးပါ။ ဝင်ပေါက်စားပွဲမှ ဝန်ထမ်းလေး နိုင်နိုင်က ဒေဝီ့ကို ခရီးဦးကြိုဆိုကာ...

“ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ”

“ဘာမထီ ရှိတယ် မဟုတ်လား၊ ဘာမထီ့ဆီ သွားမလို့”

သူတို့သူဌေးကို “ဦး”မတပ် “ကို”မတပ် နာမည်ပြတ်ခေါ်ချကာမေးသော ဧည့်သည်ကို နိုင်နိုင်က အလိုလိုရှိန်နေ့ကာ ...

“ဟုတ်ကဲ့ ... ခဏနော် အစ်မ၊ ကျွန်တော် သွားမေး”

“မမေးနဲ့ ရတယ်”

ဒီရုံးခန်း ပြင်နေကတည်းက ရောက်ဖူးနေသော ဒေဝီသည် ပိုင်စိုးပိုင်နင်းပင် ဘာမထီ့အခန်းဝသို့ ရောက်သွားကာ “ဒေါက် ... ဒေါက်”ဟု ခေါက်သံနှစ်ချက် ပေးသည်။ ရွှေ့ထံ ခပ်တင်းတင်းတစ်ချက် ထပ်ကြည့်ပြီး တံခါးဖွင့် ဝင်သွားလေသည်။ ရွှေသည် ဒေဝီ့အပြုအမူကို အသည်းတယားယား။ ဘာကြောင့် ဤမျှ သူက ပိုင်စိုးပိုင်နင်း ဆက်ဆံရသနည်း။ ဘာမထီ ဘာမှ မပြောလို့သာပေါ့။

ဒေဝီ့ကို နင် ဘာလို့ ဒီလိုလုပ်ခွင့် ပြုထားသလဲလို့ ရွှေ ဘယ်လိုများ မေးရမလဲ။ မမေးချင်ပါဘူး။ အခန်းက အခင်းကာ အတွင်းက Blinder လေးကာရံချထားတဲ့အတွက် ဖောက်



www.burmeseclassic.com

www.burmeseclassic.com



၍လည်း မမြင်ရ။ ရွှေသည် နှုတ်ခမ်းလေးကိုက်ကာ စူစူပုပ်ပု
နှင့် မတတ်မသာ ငြိမ်ထိုင်နေရပါသည်။

အထဲမှာတော့ ဘာမထီက ရုံးက ဝန်ထမ်းတ
ယောက်ယောက်ထင်ကာ "ဝင်လာပါ"ပြောပြီးမှ ဝင်လာသေ
ဒေဝီ့ကို အံ့အားသင့်နေကာ ...

"ဒေဝီ ဘာကိစ္စလဲ"

"နှင့်ဆီ သက်သက်လာတာပါ၊ ငါ တိုင်ပင်စရာရှိလို့ပါ"

"အင်း ... ထိုင်လေ"

ဒေဝီက ဝင်ထိုင်လိုက်ရင်း အပြုံးလေးနှင့် ...

"ဘာမထီ ... နင်က ငါ့သူဌေးဆိုတော့ ငါက အပူတပ
ချင် တောင်းဆိုချင်တာရှိလို့ပါ ... အဟင်း ဟင်း"

"ဘာအပူတပ်ချင်တာတုန်း ... ပြောလေ"

"ငါ ပိုက်ဆံနည်းနည်း ကြိုထုတ်လို့ရမလား"

"ဟင်"

ထင်မှတ်မထားတဲ့ ခေါင်းစဉ်ဖြစ်၍ ဘာမထီက
အံ့အားသင့်သွားပါသည်။ ဒေဝီလာလျှင် ရွှေနှင့် ပတ်သက်တဲ့
အကြောင်းအရာ တစ်စုံတစ်ရာပဲ ကြားရတော့မှာလို့ ထင်ထားပြီး
ယောင်ယောင်လေး ထန်ချင်သလိုရှိတဲ့ ဘာမထီ့ မျက်နှာကြော
လျော့ကာ ပြုံးမိသွားရင်း ...

"အမယ်လေးဟာ ... တစ်လ တစ်လ ဝင်ငွေအလွန်ကောင်း
တဲ့ အဆိုတော်ကြီးက ပိုက်ဆံကြိုထုတ်ရမယ်လို့၊ နင်





ဘာအတွက် လိုလို့လဲ၊ ဘယ်လောက် လိုလို့လဲ၊ နင်နဲ့
ကိုကျော်ကြီးလည်း ဒီလောက် ခင်နေတာ၊ ကိုကျော်ကြီးကို
ပြောရင် ရမှာပါ"

"အို ... ကိုကျော်ကြီးက ငါနဲ့ အလုပ်ရှင် အလုပ်သမား
ပတ်သက်မှုလောက်ပဲလေ၊ နင်နဲ့ ငါ့လို ငယ်ပေါင်းတွေမှ
မဟုတ်တာ၊ နင့်ကိုပြောဖို့တော့ ရှက်လည်းမရှက် အား
လည်းမနာပါဘူး၊ ကိုကျော်ကြီးကိုတော့ တော်ရုံတန်ရုံ
မပြောချင်ပါဘူး"

"ကိုကျော်ကြီးနဲ့က အလုပ်လုပ်တာ ကြာနေပြီပဲဟာ၊
ကိုကျော်ကြီးက အင်မတန် သဘောကောင်းတာ နင်သိသား
နဲ့ဟာကို"

"အာ ... ငါ အခု နင့်ဆီ တောင်းနေတာလေ၊ နင်ပေးနိုင်
မပေးနိုင်ပဲ ပြော"

"ငွေရေးကြေးရေး စာရင်းဇယား ကိုကျော်ကြီးပဲ ကိုင်တာ
ဟ၊ ငါက လကုန်စာရင်းရှင်းရင် ငါ့ပါဝါဆဲင်းတော့ချ်လေး
ယူရုံပဲလေ၊ ငွေကြိုထုတ်ချင်တာက ကိုကျော်ကြီးနဲ့ညှိမှပြီး
မှာလေ"

"ဒါဆိုရင်လည်း နင်ပဲ ငါ့ကို ပိုက်ဆံထုတ်ချေး"

"ဟင်"

ဘာမထီက ဒေဝီ့ရဲ့ ဇွတ်တရွတ်ဟန်ကို ရယ်မော
မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ … နင် ဘာတွေလိုနေလို့လဲ ပြောပါဦး၊ ပြော ရရင်ပေါ့၊ ကိုယ်ရေးကိုယ်တာ ပြောလို့မရတာ ဆိုရင်တော့ လည်း မပြောနဲ့"

"ငါ့မှာ နင့်ကို ပြောမပြနိုင်တာ မရှိပါဘူး၊ ငါ့ကို ငါ့ဆိုင် မှာ သီချင်းဆိုတာမြင်ပြီး သဘောကျပြီး ဆီးရီးစ်ထုတ် မယ်လို့ ကမ်းလှမ်းတဲ့သူ တစ်ယောက်ရှိတယ်၊ ဦးကျော် တဲ့၊ ကြာပါပြီ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကတည်းက ငါ တွေ့ အလုပ်စကား ပြောဆိုပြီး သူလုပ်မယ့် ဆီးရီး အတွက် ငါ့ကို သီချင်းဆိုခ ကြိုပေးတဲ့အနေနဲ့ဆိုပြီး ငါ အခုစီးနေတဲ့ကားလေး ဝယ်ပေးထားတယ်"

"သီချင်းဆိုခ ကားတစ်စီးပေးတယ် ?"

"ဝမ်းပွိုင့်သရီးလေးပါဟ"

"အေးလေ၊ သြော် … အဲလောက်တောင် ရတာလား မို တာပေါ့"

"ငါလည်း ငါ့သီချင်းဆိုခဆိုတော့ ယူထားတာပေါ့၊ ဒီကြာ ထဲ သူလည်း သီချင်းတွေ ဘာတွေရှာအပ်၊ တီးဝိုင်း တီးလုံးသွင်း တဖြည်းဖြည်းပေါ့ဟာ၊ ငါလည်း တချို့အပု တွေ သွားဆိုပေးနဲ့ တစ်ဝက်တစ်ပျက်လောက်ဆိုပြီး နေ ပြီ၊ နောက် သူက သိပ်စိတ်မပါတော့တာလား နှေးကွေး လာပြီး ဒီကိစ္စ လုပ်တစ်ချက် မလုပ်တစ်ချက်ပေါ့ဟာ အချိန်တွေကြာလာ ငါလည်းဆက်မဆိုရ အခွေလည်း





မထွက်ပေါ့နော်၊ အဲဒါ အခု ဒီသီချင်းခွေ ဆက်မလုပ်ဖြစ် တော့ဘူးဆိုပြီး ကားပြန်တောင်းတယ်"

"သြော်"

"အဲဒါ ငါ ကားပြန်ပေးရမယ်၊ သူ မတောင်းတောင် ငါ က ပေးချင်တယ်၊ ဘာလို့လဲဆိုတော့ သူ အသားယူ လျှောက်ကြွား လျှောက်ဖွနေတာနဲ့ ငါက သူနဲ့ပဲ ကြည်နေ သလိုလို သတင်းတွေလည်း ထွက်တယ်"

"ဟင်"

"သူ့ပါးစပ်က အကျင့်မကောင်းဘူး၊ ဒီတော့ ငါ ဒီကား ပြန်ပေးမယ်၊ ရုတ်တရက် ကားမရှိတော့ပဲ အခြေအနေပျက် လည်း မဖြစ်ချင်ဘူး၊ ကားတစ်စီး အသစ်ထပ်ဝယ်မှဖြစ် မယ်၊ ငါ ညဘက် ဆိုင်အသွားအပြန်လည်း ကားမရှိရင် မဖြစ်ဘူး၊ ဒီတော့ ကားထပ်ဝယ်ဖို့ ပိုက်ဆံမပြည့်ဘူး၊ ငါ စုထားတာ နည်းနည်းပါးပါး ရှိပါတယ်၊ ဝယ်တာလည်း ဝမ်းပွိုင့်သရီးထဲကပဲ ပြန်ရှာဝယ်မှာပါ၊ အဲဒီတော့ ငါ ပိုက်ဆံသိန်းလေးဆယ်လောက် လိုချင်တယ် …

ငါက ဆိုင်မှာ လခ(…)ရတယ်၊ ပန်းစည်းတွေ ပန်းကုံးတွေ ကရောင်းတွေ ရတာထဲက ပါဆဲင်းတေ့ချ်နဲ့ ငါပြန်ရတာ ရှိတယ်၊ သိန်းလေးဆယ်ကို ငါ လေးလ ငါးလထက် ပိုမဆပ်ရပါဘူး၊ ပိုက်ဆံပြန်နှိမ်ယူပါ၊ ခုလော လောဆယ်တော့ ကူညီပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အမ်း : : "

ဘာမထိက် စက္ကန့်ပိုင်းမျှ စဥ်းစားရင်း ...

"အင်း ... အဲဒါ ဒီလောက် အပန်းမကြီးပါဘူး၊ ငါလည်း ကူညီနိုင်ပါတယ်၊ ဒါပေမဲ့ နင် ကိုကျော်ကြီးဆီကယူတာ ပိုပြီး အလုပ်သဘောဆန်မယ်"

"ဖြစ်နိုင်ရင် နင့်ဆီကပဲ ယူချင်တယ်၊ ငါ ကားပြန်အပ် လို့ ပိုက်ဆံချေးပြီး ကားထပ်ရှာ ဝယ်ရတာလည်း တ နိုင်သမျှ ဘယ်သူမှ မသိစေချင်ဘူး၊ နင်ကလွဲပြီး သူ သိမှာ ရှက်တယ်"

"ဟင် ... နင်ကလည်း ရှက်စရာမှ မရှိတာ"

"ဟင့်အင်း၊ ဒီလောကထဲမှာ ဟန်ဆောင်မှုတွေ မာယာ အပေါ်ကမျက်နှာဖုံးတွေ ချောင်းနေတဲ့ ဝံပုလွေတွေ၊ အို ဒါတွေ နင် ဘာမှနားမလည်ပါဘူး၊ အခြေမပျက် ကိုယ့်ဖို့နေနိုင်မှ တော်ကာကျတာ၊ လူတိုင်းကိုလည်း ငါ ကားလဲလိုက်သလိုပဲ ပြောမှာ၊ အရင်ကတည်းက ကိုယ့် မဟုတ်ဘဲ စီးနေသလို အပြောမခံနိုင်ဘူး၊ ဟိုလူကလည်း ကားတစ်စီးပေးထားပြီး မတန်အောင် မစာမနာ ပါး အရသာခံ သတင်းလွှင့်ထုတ်တယ် ...

နင့်ကိုသာ ငါ အရင်းတိုင်း ပြောနေတာ၊ သူ တွေကို ငါ အရင်းတိုင်းပြောမှာ မဟုတ်ဘူး၊ နင့်ကို





သလို ဘယ်သူ့ကိုမှမယုံဘူး၊ နင် ငါ့ကိုကူညီပါ ဘာမထိ၊ ကူညီပေးနိုင်မယ် ထင်ရတဲ့သူတွေ ရှိပါတယ်၊ ဥပမာ ... ဦးမိုးမြင့်သူ၊ ဒါပေမဲ့ နင့်လို ဘာအခွင့်အရေးမှ မယူဘဲ ကူညီမှာ မဟုတ်ဘူးဟာ၊ နင် ကူညီပါ၊ ငါက နင့် ဆိုင်က အဆိုတော်လည်း ဖြစ်နေသလို ငယ်ပေါင်းတွေလည်း ဟုတ်ပါတယ်ဟာ၊ နင် ကူညီသင့်ပါတယ်"

စကားတွေက အပိတ်အဖွင့် စလယ်ဆုံး ချည်တုပ် ြီးသကဲ့သို့ ဖြစ်နေသည်။ ဒေဝီ့စကားတွေက ဘာမထိ့ရဲ့ နဂို တ်ရင်းကောင်းကို နှဲ့လုပ်နိုင်တာတွေ အများကြီး။ နင့်လို ဘာ ခွင့်အရေးမှ မယူဘဲ ကူညီမှာ မဟုတ်တဲ့ ဦးမိုးမြင့်သူ ဆိုတဲ့ ကားမျိုးက ဘာမထိ့ကို စိုးရိမ်ပူပန်စေပါသည်။

"နင်ကူညီလိုက်ရင်လည်းပဲ ကိုကျော်ကြီးဆီက ငါ့ရဲ့လခ တစ်စိတ်တစ်ပိုင်းကို နင်ပဲ ထုတ်ယူလိုက်လို့ ရတာပါပဲ ဟာ"

"အာ ... ဘယ်နည်းနဲ့ ပိုက်ဆံပြန်ယူရမလဲ ငါ မစဥ်းစား ပါဘူး"

"အဲဒါကလွဲရင် ဘာများ စဥ်းစားစရာရှိလို့လဲ ဘာမထိရယ်"

ဘာကိုထည့်စဥ်းစားရမယ်မှန်းကို ရေရေရာရာမသိ ာ။ ဘာမထိက ဆက်စဥ်းစားမနေဘဲ ပခုံးတစ်ချက် တွန့်လိုက် ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်ထိစ် အိုကေ၊ နင် ကားကြည့်လိုက်လေ နင့်ကားလည်း ပြန်အပ်လိုက်လေ၊ ကားတွေ့ရင် လိုက် ပိုက်ဆံ ငါ့ကိုပြောလေ"

"ကားကို အဖြစ်နိုင်ဆုံး အမြန် ငါသွားပြန်အပ်ချင်တယ် ဒီနေ့ပဲ နင့်ကားနဲ့ ငါ့ကို ကားလိုက်ရှာပေးပါလား ဘာမ ရယ်၊ ဒီတစ်ရက် ဒါမှမဟုတ်ရင် နောက်တစ်ရက်ပါ ငါ ကြေးမများပါဘူး၊ နင် ကောင်းမယ်ထင်တဲ့ကားပဲ ယူလိုက်မှာပါ"

"အာ ... ဒီနေ့တော့ ... ငါ ..."

ဘာမထို စကားက တစ်ဝက်တစ်ပျက်။ နင့်ဟာနဲ ရှာဟာလို့လည်း ပြောမထွက်။ ဒီနေ့ မအားဘူး ပြောလိုက်လည် "မနက်ဖြန်"ဆိုတာ ရှိသေးတာပဲ။ ဘာမထီက ငြင်းနေဖို့ ဆ လက်စိတ်မကူးတော့ဘဲ ...

"ကဲ ... ကဲ ... အေးလေ၊ ငါ အခုလိုက်ခဲ့ပါ့မယ်၊ န ကားရော ပါလာလား"

"ပါတယ်၊ ငါ အခုပဲ တစ်ခါတည်း သွားပြန်ပေးခဲ့တော မယ်"

ရုံးခန်းတံခါးပွင့်ကာ ရှေ့ဆင့် နောက်ဆင့် ထွက်လာ တဲ့ ဘာမထီနှင့် ဒေဗို့ကို ရွှေက မော့မော့လေး လှမ်းကြည့်မိသည် ဘာမထီက ရွှေ့စားပွဲရှိရာ လျှောက်လာကာ ...





"ရွှေလေး ... ငါ ဒေဗို့ကို ကားလိုက်ကြည့်ပေးလိုက်ဦး မယ်၊ ရုံးမဆင်းခင်တော့ ပြန်ရောက်မယ်၊ စောင့်နေဦးနော်"

ကား ...။ ဘာကား လိုက်ကြည့်ပေးမှာပါလိမ့်။ ရွှေက ဇဝေဇဝါလေးနှင့်ပင် ဘာမထီကို ခေါင်းညိတ်ပြလိုက်ပါ သည်။ ဘာမထီကို ရုံးခန်းထဲအထိ ခပ်တည်တည်ဝင်ကာ အပြင် ခေါ်ထုတ်သွားနိုင်လောက်တဲ့ ပတ်သက်မှုမျိုးအထိတော့ သူတို့ ကြား ရှိပေလို့ပေါ့။ ရွှေ ဘာတတ်နိုင်မှာလဲ။

ဘာမထီနှင့်အတူ ထွက်သွားကာနီး ခေါင်းကိုစောင်း ကာ ရွှေ့ထံ အဓိပ္ပာယ်ပါပါ စူးစူးကြည့်ရင်း တွန့်ထားတဲ့ ဒေဗို့ နှုတ်ခမ်းတွန့်လေးက အပြုံးတော့ မဟုတ်ပါ။

ဝ ၆ ဝ



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ခြံပြင်မှာရပ်ထားတဲ့ ရွှေညိုရောင် ကားသစ်လေး တစ်စီးကို ဦးမိုးနောင်က လှမ်းကြည့်လိုက်ရင်း ...

"ဒေဝီ ကားလဲလိုက်တာလား"

"ဟုတ် ... ဟိုကားက အကြွေးနဲ့ စီးနေတာပါ၊ အ... ဒီကားကတော့ ဘာမထိ ဝယ်ပေးတာ ဦးလေး"

ဦးမိုးနောင်က ဘာမှဆက်မပြောတော့ဘဲ နှုတ်ပိတ် သွားပါသည်။ ရွှေကတော့ ထမင်းစား စားပွဲမှ အဖေ့အတွက် တို့ဟူးသုပ်တစ်ပွဲ သုပ်ပေးနေရင်း စိတ်ရဲ့တင်းကျပ်မှုကြောင့် လက်ကပါ စိစိညက်ညက် အားပါမိလေရာ လှလှပပ လှီးဖြတ် ထားသော တို့ဟူးတုံးကလေးတွေ ပွဲရွဲ့ကြေမွကုန်ရလေသည်။

"အဖေ တို့ဟူးသုပ်ရပြီ"

"အေး ... အေး ... လာပြီ"





အဖေနှင့် ဒေဝီရှာ အတူဝင်လာသည်။ ဒီနေ့ အား ...က်မို့ အိမ်မှာ အစုံသုပ် လုပ်စားပါသည်။ အဖေက ခေါက်ဆွဲ ...ဘာဆံ မကြိုက်တတ်၍ အဖေ့ဖို့ သီးသန့်တို့ဟူးချည်း သုပ်ပေး ...ာဖြစ်သည်။ ဝင်ထိုင်သော ဒေဝီ့ကို ရွှေက တစ်ချက်ကြည့်ပြီး...

"နင်ရော ဘာစားမှာလဲ"

"အမယ်လေးဟယ် ... မေးတဲ့လေသံက ဆွဲ့ဝတ်ကျေပြီး စေတနာ ပြည့်ဝလိုက်တာ"

"ပြော ... ငါ တစ်ခါတည်း နယ်ပေးမလို့"

"ငါလည်း ဦးလေးလို တို့ဟူးသုပ်ပဲ"

"တို့ဟူးက နည်းနည်းပဲ ကျိုထားတာ။ အဖေသာ ခေါက်ဆွဲ တွေ ဘာတွေ မကြိုက်လို့ သတ်သတ်သုပ်ပေးတာ၊ အများကြီး မကျန်တော့ဘူး၊ သူ့ချည်းပဲတော့ သုပ်လို့မဖြစ် တော့ဘူး"

"ဟဲ့ ... အဲဒါဆိုလည်း ဘာဖြစ်လို့ မေးနေသေးလဲ၊ နင့်ဆီ မှာ ဗုံးပေါလအော များနေတဲ့ဟာပဲ သုပ်လိုက်ပေါ့"

"ဘယ်ဟာမှ ဗုံးပေါလအော မများဘူး၊ တိုင်းလုပ်ထား တာ၊ နင်လာမယ်မှန်းလည်း မသိဘူး"

"ပြီးရောလေ ... ဒါဆိုလည်း ပလီပလာ မေးမနေနဲ့ပေါ့၊ မစားဘူး၊ ခဏနေမှ ငါ ဘာမထိနဲ့ အပြင်ထွက်စားမှာ"

အဖေက သက်ပြင်းကြီးတစ်ချက်ချကာ မျက်နှာ ...သာမယာ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက် အမြဲတမ်း ဒီလိုပဲ ရန်လိုနေကြမှာလား
ငါ့ကွယ်ရာမှာ သွားဖြစ်ရင်ဖြစ်ကြ၊ ငါ့ရှေ့တော့ တစ်ဆိတ်
ကလေး ပါးစပ်ပိတ်ထားကြစမ်းပါ"

"ငါနဲ့ ဖြူဥလိုပဲ အစုံသုပ်ပဲ အတူတူ ထည့်သုပ်လိုက်မယ်"

"မသုပ်နဲ့ မစားဘူး၊ သူ့အသုပ်များ ကောင်းကောင်းက
ကန်းလုပ်လို့ မာန်တက်နေတယ်"

"မစားနဲ့ပေါ့၊ အကုန်သက်သာတယ်"

"ဟဲ့ ... နင်တို့နှစ်ယောက် ပြောမရတော့ဘူးလား"

ဦးမိုးနောင်က စိတ်ရှုပ်ဒေါသထွက်လာကာ ထအော
လိုက်ပါသည်။

"ဦးလေးသမီးက ဘာမထိ ဒေဝီကို ကားဝယ်ပေးတာ
ဆိုတာ သိကတည်းက (J)ဂျေယျာတုသဗ္ဗမင်္ဂလ ဖြစ်နေတာ"

"ဘာတုန်း အဲဒါ"

"ဂျေလေ ... ဂျေ ... မနာလို အူယားနေတာ"

"ဟဲ့ ... နင့်ကို အူယားနေဖို့ စိတ်ကူးနဲ့တောင် အချိန်မရှိဘူး
ငါ့မှာ ရုံးအလုပ်နဲ့ အိမ်မှုကိစ္စနဲ့၊ ဖြူဥကိစ္စနဲ့ အပတ်တော
မလည်ဘူး နားလည်လား။ နင့်လို မိုးမချုပ်ခင် တစ်နေကု
အားအားလျားလျား ဖြစ်နေတာ မဟုတ်ဘူး၊ တွေးစရာမ
လွန်းလို့ ဂျေ မပြောနဲ့ ဂျေ၊ ကေ၊ အယ်လ်၊ အမ်
အဲန်န်၊ ဇက် အထိ ဘာမှဝင်ချိန်ကို မရှိဘူး"





"အဟက်"

ဦးမိုးနောင်က စိတ်ပျက်တဲ့ရုပ်နှင့် သူ့ပန်းကန်ထဲက တို့ဟူးသုပ်တွေကို ဇွန်းနှင့်အမောက်ကြီးခပ်ကာ ပါးစပ်ထဲ ဆက်တိုက်သွင်းကာ ရေဖန်ခွက်ကိုယူ ဌပ်ခနဲ မော့သောက်ချရင်း နေရာက ထထွက်လိုက်သည်။

"ဟင် ... အဖေ တော်ပြီလား"

"တော်ပြီ ... နားအေးမှ ပြန်ထပ်စားမယ်"

ရွှေက ဇလုံကြီးနှင့် သုပ်နေတဲ့ အထဲက ပန်းကန်သုံးချပ်နှင့် ခွဲဝေထည့်လိုက်ကာ တစ်ပန်းကန်ကို ဒေဝီရှေ့ချလိုက်သည်။ နောက်တစ်ပန်းကန်ကို ဘေးမှာထိုင်စောင့်နေတဲ့ ဖြူဥရှေ့ချ လက်အိတ်ကိုချွတ် အမှိုက်ပုံးထဲပစ် လက်ဆေးနှင့် အလုပ်ရှုပ်နေလိုက်ပါသည်။

"အဲဒါကြောင့် နင့်ကို ဒီမှာ အလုပ်မဝင်နဲ့လို့ ငါပြောသားပဲ၊ အလုပ်လာဝင်တော့ နင် ခုလိုပဲ ငါနဲ့ ဘာမထိရဲ့ ရီလေးရှင်းရှစ်ပ်ကို မြင်တွေ့နေရမှာပဲလေ၊ နင်တွေ့တိုင်း ခုလို ဖြောင်းဆန်နေလို့ ဖြစ်ပါ့မလား၊ ရှက်ဖို့တောင် ကောင်းတယ်"

ရွှေက ဇွန်းတစ်ချောင်းယူကာ သူစားမယ့်ပန်းကန်ထဲ ကလောင်ခနဲမြည်အောင် ပစ်ထည့်လိုက်ကာ ပန်းကန်ကို မ,လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ပြောင်းမဆန်ဘူး၊ နင်သာ အရှက်မရှိ ဘာမထိုင်လုံးနေတာလုတိုင်းသိတယ်၊ ဒ်မှာ ဒေဝီ၊ ငါ အခု ဘာမထိုင်ကို ခေါင်းညိတ်လိုက် နောက်လ လက်ထပ်ပွဲပဲဆိုတာ နင်နားလည်ထား၊ ငါ့ဘာသာ ငါ့အဆင်ခြင် ငါ့အတွေးနဲ့ ခေါင်းမညိတ်တာ နင်သဘောပေါက်၊ ငါက စိတ်မဝင်စားဘူး နင်တို့ဘာသာ ကြိုက်ကြိုက် ယူယူ"

"ပြီးတာပဲ ... မှတ်တောင် ထားရဦးမယ်"

ရွှေက ပန်းကန်ကိုမ,ယူလာကာ အိမ်ရှေ့မှာ ဆက်ထိုင်တစ်ခုပေါ် လာထိုင်စားနေလိုက်ပါသည်။ ဒေဝီအနား နေရတာ အကုသိုလ်များလွန်းလို့ပင်။ ရွှေမရှိသည်နှင့် ဒေဝီက ဖြူဥကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း လေသံနှင့် ...

"ဖြူဥ ... တီတီက သမီးအတွက် သူတို့ကို ကွဲအောင်ခွဲပေးနေတာနော်"

ဖြူဥက မျက်စိလေး ပေကလတ်နှင့် ခေါင်းညိတ်လိုက်ပါသည်။

"ဒီတစ်ခါ ဘာမထိ လာရင်လေ"

"........"

"တီတီရွှေက သမီးမေမေပဲလို့ ပြောလိုက်"

"ရှင်"

"ရှူး ... ... တိုးတိုးပြော၊ တီတီပြောတာ နားလည်လား"

"ဟုတ် ... ဒါပေမဲ့ ဟုတ်မှမဟုတ်တာ"





"ဟုတ်ဟုတ် မဟုတ်ဟုတ် သူတို့ယူမသွားဖို့ အရေးကြီးတယ်လေ၊ သူတို့ယူသွားတာနဲ့ ရွှေက နင့်ကိုပစ်ပြီး ငါ့ဆီ ထိုးထည့်သွားမှာ"

"တီတီဒေဝီက တီတီရွှေ သမီးကိုပစ်သွားမှာ သနားလို့ မဟုတ်ပါဘူး၊ သမီးကို တီတီဒေဝီဆီ ပို့လိုက်ရင် ထမင်းချက်မကျွေးချင်လို့ အဝတ်မလျှော်ပေးချင်လို့ မဟုတ်လား"

"ခစ် ... ခစ် ... ခစ် ... အတူတူပဲပေါ့၊ ညည်းလည်း စိတ်ညစ်ရမယ်၊ ငါလည်း စိတ်ညစ်ရမယ်လေ၊ ဒီတော့ ငါတို့က ပူးပေါင်းရမှာ၊ တီတီ ပြောတဲ့အတိုင်းလုပ်၊ ကြားလား၊ ဘာမှတွေးမနေနဲ့၊ ညည်း အဲလိုလုပ်မှ တီတီ ရွှေ့ကို မပေးလိုက်ရမှာ"

ဒေဝီက သူ့ပန်းကန်ကုန်လျှင် နေရာကထ,ကာ အိမ်ရှေ့ထွက်လာသည်။ ဒေဝီ ထွက်လာတာ မြင်သည်နှင့် ရွှေက မျက်စောင်းလှမ်းထိုးရင်း ...

"နင်စားတဲ့ ပန်းကန်တောင် နင် မဆေးခဲ့ဘူးလား"

"အဟက်ဟက် ... နင်က သိပ်ကလေးကလား ဆန်တာပဲ၊ ဖြူဥ ... ဖြူဥ၊ သမီးပြီးရင် တီတီစားထားတဲ့ ပန်းကန်ပါ တူတူဆေးလိုက် ကြားလား"

"ဟုတ်"

ရွှေသည် တို့ကနန်း ဆိတ်ကနန်း စားနေရာမှ စိတ်တိုတိုနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ အကြင်နာတရား မရှိဘူး"

"ဘာအကြင်နာတရားလဲ၊ သူ ဆယ်နှစ်ထဲမှာလေ၊ ပန်းက
တော့ ဆေးတတ်နေပါပြီ"

"ကိုးနှစ်ပြည့်ပြီးရုံ ရှိသေးတယ်။ နင် ဖြူဥ အသက်တော
သေချာမမှတ်မိဘူးလား ဒေဝီ၊ ပန်းကန်ဆေးတတ်တ
ဆိုပြီး နင့်ပန်းကန်ပါ သူ့ဆေးခိုင်းမယ့်အစား သူစားထ
တဲ့ ပန်းကန်လေး နင်ယူဆေးပေးလိုက်ဖို့ စေတနာမ
ပါနဲ့၊ သိတတ်မှု မကောင်းတတ်မှုတောင် နင့်ကိုယ်ထဲ
ဘူး၊ နင့်ကိုလေ ငါ သိပ်အံ့ဩမိတယ် သိလား၊ တခြ
ဘယ်သူမှ မသိတောင် ကိုယ့်အကြောင်းဆိုတာ ကိုယ်အ
ဆုံးပဲ ဒေဝီ၊ နင် ဘာလဲ၊ ဖြူဥက ဘာလဲ၊ ဒါကို နင်_"

"တိတ်စမ်း"

ဒေဝီက ရွှေ့စကားကိုဖြတ်၍ အော်ဟစ်လိုက်
သည်။

"နင် ... နင် ငါ့ကို ခြိမ်းခြောက်ဖို့ အကျပ်ကိုင်ဖို့ နင်
နည်းလေးမှ မကြိုးစားနဲ့ နားလည်လား၊ နားလည်ရဲ့လာ
ငါ သတ်သေပစ်လိုက်မှာ ကြားလား"

ရွှေက မဲ့ပြုံးလေး ပြုံးလိုက်မိပါသည်။

"ဘာလဲ ... ဟိုးအရင်က လုပ်ခဲ့ဖူးသလို အိမ်မှာလူရှိ
မျိုးကျမှ ဘာမီတွန်လေး ဆယ်လုံးလောက်မျိုပြီး ဆေး
ကျန်တာကျဲဖြန့်ပြီး အိပ်ရေးဝဝအိပ်တဲ့ သတ်သေခြင်း





လား၊ ဆေးလူတွေ ကမ္ဘာပျက်ပြီး နင်က စက်တော်ခေါ်လို့
ကောင်းရုံလေးလေ၊ ဟား ဟား ... နင်က နင့်ကိုယ်နင်
သတ်သေရဲတဲ့သူလား ဒေဝီ၊ နင့်လောက် အလိုလောဘ
များ ဖြစ်ချင်တာ လိုချင်တာများနေတဲ့သူက သတ်သေမယ်
တဲ့လား"

ဒေဝီသည် တဆတ်ဆတ် တုန်ယင်ကာ ဒေါသ
တကြီး မျက်လုံးတွေ ပြူးထွက်လာရင်း ...

"နင် ငါ့ကို မလှောင်နဲ့နော်၊ နင် တကယ်မယုံရင် လုပ်
ကြည့်မယ်လေ၊ ငါ့အကြောင်းတွေဖော်ကြည့်၊ ငါက လက်
ကောက်ဝတ်ကို ဓားနဲ့လှီးသေမှာ၊ ကားကြီးနဲ့ ခေါင်းချင်း
ဆိုင်တိုက်သေမှာ၊ စာလည်းရေးခဲ့မှာ၊ ခုလိုလုပ်ချင်လာ
အောင် ကျွန်မဘဝကို ရွှေတဆုပ် ညှဉ်းပန်းနှိပ်စက်ခဲ့ပါ
တယ်လို့ ... အဟက်ဟက်၊ နင်လုပ်ကြည့်၊ လုပ်ကြည့်
လိုက်ပါ၊ နိုင်ကွက်ကိုင်ထားသလို အချိုးမျိုးတော့ လာမချိုး
နဲ့ ရွှေတဆုပ်၊ နင်နဲ့ငါ ဘယ်သူ ဘာလုပ်နိုင်တယ်ဆိုတာ
နင် ပြန်စဉ်းစား"

မပြောရက် ပြောမထွက်သော်လည်း ရွှေသည် ဒေဝီ
ကို ဒေါသထွက်လှ၍ တကယ် သူမရှိ အေးတာပဲလို့ပင် နာနာ
ကျင်ကျင် တွေးမိသည်။ တကယ်တမ်းတော့ သူလားသတ်သေရဲ
မှာ။ သူ့တစ်ကိုယ်လုံး ကလိမ်ဉာဏ်ချည်းပင်။ ငယ်ငယ်ကတည်းက
ကလေးနဲ့မတန် ဉာဏ်နီဉာဏ်နက် များခဲ့တာ ခုတော့ ပိုဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ဆိုးဆိုးလာသည်။ တစ်ကိုယ်ကောင်းလည်း ဆန်လှကာ သူ့အတွက်ကလွဲပြီး ဘယ်သူ့အတွက်မှ တွေးမပေး မြင်မပေး တော့ချေ။

"အေးပါ ဟုတ်ပါတယ်၊ နင်နဲ့ငါ ဘယ်သူ ဘာလုပ်နိုင်လဲ ဆိုတော့ နင်ပဲ နင်ကြိုက်သလို လုပ်နိုင်မှာပါ၊ နင့်မှာ အသည်းနှလုံးမှမရှိဘဲ၊ နင်လုပ်ချင်တာ လုပ်ပြီးရင် ဘယ် တော့မှလဲ နောင်တမရတဲ့ မိန်းမပဲ၊ နင်နဲ့ ငါ ဘယ်တော့ ပြိုင်ပြိုင် ငါ ရှုံးမယ်ဆိုတာ ငါ နားလည်ပြီးသား၊ ငါက မေတ္တာတရားနဲ့ နေတာ၊ သူတစ်ပါးအပေါ် ကြင်နာတတ် တယ် သစ္စာရှိတဲ့သူ၊ နင်က ..."

"သစ္စာမေတ္တာ ရွှေမန်းသဘင်တွေ လာပြောမနေနဲ့၊ ဖြူဥ ကို ပန်းကန်လေးတစ်ချပ် ဆေးနိုင်းမိပါတယ်၊ စကားနိုင် လုလိုက်ရတာ နောက်ဆုံးတော့ သူပဲ သစ္စာရှိတဲ့ မေတ္တာ သမားကြီးဆိုတဲ့ဘူတာ လာဆိုက်နေတယ်"

ရွှေက ဒေဝီ့ကို စူးစိုက်ကြည့်လိုက်ပါသည်။

"အေး ... နင့်ကို ငါတစ်ခုတော့ ပြောဦးမယ်၊ ပြောဖို့လို အပ်တယ်လည်း ထင်တယ်၊ ဖြူဥ သိပ်ကျန်းမာရေးမကောင်း ဘူး၊ ငယ်ငယ်လေးတည်းက သွေးအားနည်းတတ်တာ ခုနောက်ပိုင်း သူ ကျောင်းမှာ မူးမူးလဲတာ နှစ်ခါရှိပြီ သွေးစစ်ရတော့ RBC တွေ တအားကျနေတာ ဆရာဝန်က နည်းနည်းသံသယရှိတယ်၊ ရိုးရိုးသွေးအားနည်း မဟုတ်ဘဲ





ဗွီ ... ဗွီ ... မပြောကောင်း သွေးကင်ဆာလိုမျိုး ဖြစ်မှာ Suspect ဖြစ်နေတယ်၊ ဒီတစ်ခါ ကျောင်းပိတ်ရက်ကျမှ သူ့ကို သေချာအားလုံး တစ်ကိုယ်လုံး စစ်ရမယ်၊ အဲဒါ နင့်ခေါင်းထဲ ထည့်ထား သိထားဦး"

ဒေဝီက အသံတိတ် နှုတ်ပိတ်ပြီး ရွှေ့ကို ပြူးစိုက် ကြည့်နေသည်။

"ငါ့ကို ပြူးကြည့်မနေနဲ့၊ ငါ တကယ်ပြောနေတာ"

"ဒေါက် ... ဒေါက် ... ဒေါက်"

ရုတ်တရက် အိမ်ရှေ့ဘက်ဆီက သံပန်းတံခါးရဲ့ မြောက်လက်ကို တဒေါက်ဒေါက်ခေါက်တဲ့အသံ ထွက်ပေါ်လာ၍ သူတို့ အိမ်ရှေ့ကို လှမ်းကြည့်လိုက်ကြပါသည်။ အပြင်မှာ လူ တစ်ယောက်ရပ်နေ၍ ရွှေက ထ,လာခဲ့သည်။ တံခါးနားရောက်မှ သဲသဲကွဲကွဲ မြင်ရလျှင် ...

"ဟင် ... အောင်ဇော်"

"အေး ... ငါ ဟိုခြံလေး လာတာဟ၊ နင်နဲ့ မေးစရာ တိုင် ပင်စရာလေးရှိလို့ အိမ်ထဲခဏဝင်မယ်နော်"

"သြော် ... အေး၊ ဝင်လေ လာလေ"

ရွှေက တံခါးဖွင့်ပေးလိုက်ရာ အောင်ဇော်က ဝင် လာပါသည်။ အိမ်ထဲရောက်သည်နှင့် အောင်ဇော်က ဧည့်ခန်းထဲ က ဒေဝီ့ကိုမြင်ကာ ...

"ဟာ ... ဒေဝီ၊ နင်လည်း ဒီမှာရှိနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"နင် ဒီမှာပဲ နေတာလား"

"မနေပါဘူး၊ ငါက ငါ့ဟာငါ သတ်သတ်နေတာ"

"ဪ ... လာလည်တာပေါ့"

"အေး ... နင်က ဘယ်လိုလုပ် ရွှေ့အိမ်သိပြီး အိမ်တွေ ဘာတွေ လာလည်နေတာလဲ"

"အိမ်လာလည်တာ သက်သက်တော့ မဟုတ်ဘူးဟ၊ ဟို တစ်နေ့ကမှ ငါက ဒီလမ်းထဲ ကားနဲ့ဝင်လာရင်း ရွှေ လမ်းလျှောက်သွားနေတာနဲ့ ဆုံတော့ ရွှေ ဒီမှာနေမှန်း သိ တာပါ၊ ငါက ဟိုးဘက်နားက ခြံလေးတစ်ခြံ ရောင်းမယ် ဆိုလို့ လာကြည့်တာပါ၊ ခုလည်း အဲဒီခြံကိစ္စပဲ"

"ဪ ... ဒီလိုလား ထိုင်ဦးလေ"

အောင်ဇော်က ဝင်ထိုင်လိုက်ရင်း ...

"ငါ ဟိုခြံလာတာလေ ရွှေ"

"အေး ... နင် ဝယ်ဖြစ်မလား အဲဒီခြံကို"

"ဝယ်ဖြစ်ဖို့ များလိမ့်မယ် ထင်တယ်ဟ၊ အဲဒါ နင့်ကို နည်းနည်းမေးချင်တာရှိလို့"

ဒေဝီက အောင်ဇော် ထိုင်တဲ့အနား လာရပ်ရင်း လက်ပိုက်ကာ ...

"အမယ် ... နင်က ခြံဝယ်မလို့ ဘောဇိပေါ့လေ"

"အား ... အဲလို မဟုတ်ပါဘူးဟ၊ ငါ့အဖေကလည်း





ပဲခူးအလွန်နားလေးက သူ့ခြံတစ်ခြံ ရောင်းလိုက်တော့ ရန်ကုန်မှာ ပိုက်ဆံစိုက်ပြီး တစ်နေရာရာ ပြန်ဝယ်ချင်တယ် ဆိုတာနဲ့ပါဟ၊ ငါရော အဖေရော ရှိတာလေး ထုခွဲစိုက် ပြီး ဝယ်ရမှာပါ"

"ဪ ... ဪ ... နင်က အခု ဘာလုပ်နေတာလဲ"

"ငါ သင်္ဘောလိုက်နေတာ"

ဒေဝီ့မျက်နှာက တစ်မျိုးလေး ဖြစ်သွားရပါသည်။

"ဪ ... နင့်ကိုတွေ့မှ သတိရတယ်၊ နင် ဖြိုးမင်း သိတယ် မဟုတ်လား"

ဒေဝီသည် မျက်နှာပျက်သွားရရင်း ...

"ဘယ်က ဖြိုးမင်းလဲ ငါမသိပါဘူး"

"အာ ... ဖြိုးမင်းဟာ နင်နဲ့တောင် ဆယ်တန်းတုန်းက အီစီကလီလားလို့၊ ဟား ဟား ... နင်တို့ ကြည်လိုက်သေး တယ် မဟုတ်ဘူးလား၊ နင် သိပါတယ် ဖြိုးမင်းကို၊ ငါနဲ့ ဟိုးတစ်ခေါက်က သင်္ဘောတူတူ ရှစ်လ ကိုးလ စီးလိုက်ရ သေးတယ်၊ သူလည်း နင့်အကြောင်းတွေ ပြောပါတယ်"

"ဟာ ... ငါမသိပါဘူး ဆိုနေတာကို ဖွတ်တရွတ် သိခိုင်း နေတယ်၊ ငါ့အကြောင်းတွေ သူ့ဟာသူ ပြောပြော မပြော ပြော ငါနဲ့ဘာဆိုင်လဲ၊ အဓိပ္ပာယ်မရှိတာတွေ လာမပြောနဲ့၊ သင်္ဘောသားတွေဆို စိတ်ကို မဝင်စားဘူး၊ အထင်လည်း မကြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက စားပွဲပေါ်က သူ့လက်ကိုင်အိတ် လှမ်း ဆွဲယူလိုက်သော ဒေဝီ့ကို အောင်ဇော်က တအံ့တသြ ရယ်ဟာဟာ နှင့် ...

“ဟော့ဗျာ ... သဘော်သားတွေ စိတ်မဝင်စား အထင် ကြီးရအောင် နင့်ကို ငါတို့ သဘော်သားတွေက ဘာများ လုပ်မိလို့လဲဟာ၊ နင့်ဟာကလည်း”

ဒေဝီသည် သူ့အိတ်သူဆွဲကာ မျက်နှာတင်းတင်း နှင့် ဘယ်သူ့မှ နှုတ်မဆက်နေဘဲ အိမ်ထဲက ထွက်သွားလျှင် ရှေ နှင့် အောင်ဇော် တစ်ယောက်မျက်နှာ တစ်ယောက် နားမလည် သလို ကြည့်မိကြပါသည်။

○ ❀ ○





(၁၅)

ဆက်တိုက်မြည်နေတဲ့ဖုန်းကို ဘာမထီက ခေတ္တ ဆာ အသံဆိုင်းလဲင့်လုပ်လိုက်ရင်း ...

“ဟုတ်တယ် အစ်ကို၊ ကျွန်တော် အခုတော့ ရန်ကုန်ဇရိယာ မှာတော့ ကားဆာဗစ်ဆင်တွေ ဝပ်ရှော့ပ်တွေ ဆိုင် ၁၀၀ ကျော်တော့ တင်လို့ရပြီးပြီ၊ ပဲခူးလည်း ကျွန်တော် ဆိုင် တွေ တော်တော်များများ တင်ပြီးပါပြီ၊ မန္တလေးနဲ့ အထက် ဗမာပြည်ကတော့ ကျွန်တော် ကိုယ်စားလှယ် ပြန်ပေးမှာပါ၊ ကျွန်တော်ကိုယ်တိုင် တစ်ယောက်တည်းလုပ်ဖို့ လောလော ဆယ် မနိုင်လောက်သေးဘူး ...

ကိုယ်စားလှယ် ယူချင်တဲ့သူ ရှိရင်တော့ အစ်ကို ဆက်သွယ်ပေးပါ၊ ကျွန်တော်တို့ စကားပြောကြည့်တာပေါ့ အစ်ကိုရာ”

ညွှန့်သည်က ခေါင်းညိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲဗျာ အချိန်ပေး တွေ့ပေးတာ၊ ကိုဘာမထီလည်း မအားလှဘူး ထင်တယ်၊ ဖုန်းလည်း ခဏ ခဏ လာ တယ်၊ ကျွန်တော့်မိတ်ဆွေနဲ့ တိုင်ပင်ပြီး အထက်မြန် ပြည်မြို့တွေအတွက် ကိုယ်စားလှယ်ယူနိုင်မလား တစ် ချိန်လိုက်ဦးမယ်ဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ အချိန်မရွေး ဆက်သွယ်လိုက် အစ်ကို၊ ကျေးဇူးတင်ပါတယ်"

"လောလောဆယ် ကျွန်တော့်ဆိုင်မှာတင်ဖို့ ဒီစာရင်းအတို ကျွန်တော်အပြန် သယ်သွားမယ်၊ အင်ဂျင်ဝိုင်အပြင် ဟို ဒရောလစ်ဝိုင် ဂီယာဝိုင် ဘရိတ်ဆီတွေပါ ကျွန်တော့်ဆို မှာ တင်မယ်"

"အစ်ကို ဘယ်နေ့ပြန်မလဲ နယ်ကို"

"သန်ဘက်ခါမနက်"

"စာရင်းနဲ့ ကျွန်တော် အဆင်သင့် လုပ်ထားပေးမ အစ်ကို၊ အခုလောလောဆယ် အစ်ကို့ကားထဲ ကျွန်တေ အင်ဂျင်ဝိုင်တစ်ဘူး စမ်းထည့်ပေးလိုက်မယ်၊ တက ကောင်းလို့ အစ်ကို သုံးကြည့်၊ အင်ဂျင်လည်း အေးတ ဒါထည့်လိုက်ရင် အခုရှိနေမယ့် အင်ဂျင်ဝိုင်ထဲက ချေး ပါ ဖျော်ချပေးသွားလိမ့်မယ်၊ ဆီစားလည်း ထိန်းတ လာ ... အစ်ကို၊ ကျွန်တော် ထည့်ပေးမယ်၊ အစ်ကို့က ကို ဒီတစ်ရက် နှစ်ရက် မောင်းကြည့်လိုက်"





"ကျေးဇူးပဲဗျာ"

သူ့အဖေရော အမေရော ရန်ကုန်မှာ မရှိတာမို့ အိမ်မှာအတူနေတဲ့ တပည့်လေး နီးတူး အကူအညီနှင့် ဧည့်သည် ကားထဲ အင်ဂျင်ဝိုင် လဲထည့်ပေးလိုက်ပြီး ဘာမထီက နာရီကြည့် လိုက်ပါသည်။ အတော်လောက်ပါပဲ ရေချိုးပြီး ရွှေလေးအိမ်သွား ရမည်။ ဒီနေ့ ရုံးပိတ်ရက်မို့ တွေ့ဖို့ချိန်းဆိုသော စီးပွားရေးဧည့် သည်ကို အိမ်ကိုချိန်းဆိုထားလိုက်တာ ဖြစ်သည်။ ရုံးပိတ်ရက် ဖြစ်၍ နေ့တိုင်း တွေ့ချင်နေတဲ့ ဘာမထီက အိမ်လာခဲ့မယ်ပြော တော့ မလာဖို့ အတင်းတားနေတဲ့ ရွှေလေး။ သူ့အဖေ မျက်စိ နောက်မှာစိုးလို့တဲ့။

ဘာမထီက ဘောင်းဘီအိတ်ထဲမှာ တုန်ခါနေတဲ့ ဖုန်းကို ထုတ်ယူကြည့်ရင်း ရေချိုးဖို့ အိမ်ထဲပြန်ဝင်လာသည်။ ဒေဝီတစ်ယောက်တော့ ခက်တာပဲ။ ဘာအတွက်ကြောင့် ဒီလောက် တောင် မရပ်မနား ခေါ်နေရပါလိမ့်။ စိတ်ရှုပ်စရာ ကောင်းလိုက် တာ။ ပြန်မထူးသရွေ့ ခေါ်နေတော့မှာ။ ဘာမထီက တုန်ခါနေတဲ့ ဖုန်းကို ဖွင့်လိုက်ရင်း ...

"အင်း ... ဒေဝီ"

"ဟာ ... နင်ကလည်း ခေါ်လိုက်ရတာ"

"ငါ ဧည့်သည်နဲ့ တွေ့နေရတာ၊ အလုပ်စကား ပြောနေရ တာလေ၊ နင်က ဘာတွေအရေးကြီးပြီး ဒီလောက်တောင် ခေါ်နေရတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတယ်၊ နင် အခု ဘယ်မှာလဲ"

"ငါ ကိစ္စရှိတယ်၊ ညနေ ငါ ရွှေလေးနဲ့ ချိန်းထားတယ်"

"ထင်သားပဲ ... အဟက်၊ ဒါကြောင့် နင် ငါနဲ့ အခု တွေ့ ကိုတွေ့ဖို့ လိုအပ်တယ်"

"ဘာအကြောင်းရှိလို့လဲ"

"တွေ့မှ ငါပြောပြမယ်၊ နင် အခု အိမ်မှာလား"

"အေး ... ဒါပေမဲ့ ငါ ခုပဲ ရေချိုးပြီး ထွက်တော့မှာ"

"မထွက်ပါနဲ့ဦးဆို၊ ငါနဲ့တွေ့ပြီးမှ ရွှေနဲ့တွေ့ဖို့ လိုမယ် နင် စဉ်းစား"

"ဘာရယ် ဒေဝီ၊ နင့်စကားကို ငါ နားမလည်ဘူး"

"နားလည်အောင် နားထောင်ကြည့်လိုက်၊ ခဏနေတွေ့ ရင် ပြောမယ်"

"ဟာ ... အခု ပြောလိုက်တော့လေ၊ ခုလည်း ပြောလို့ ရနေတာပဲ"

"ပြောလို့မရဘူး ဖုန်းထဲကလည်း ပြောလို့မကောင်းဘူး လူချင်းတွေ့မှ ပြောမယ်"

"ကျွတ် ...၊ ကဲ ... ကဲ ... ငါရေချိုးဦးမယ်၊ အချိန်မရှိ ဘူး"

"နင် ရေချိုးပြီး ထွက်မသွားနဲ့နော်၊ နင်သွားဖို့ အစီအစဉ် ကို ဖျက်သာ ဖျက်လိုက်တော့"





"ဘာဖြစ်လို့ မပြောဘဲ ငါက ဘယ်လိုဖျက်မလဲ၊ တော်ပြီ ဟာ၊ နင်မပြောလည်း နေတော့၊ ငါ စိတ်မဝင်စားဘူး၊ ဒါပဲနော်"

"ဘာမထိ"

"........."

"နင် စိတ်မဝင်စားလို့ မရဘူး၊ ခုနေ နင် သူ့ဆီသွားရင် ရွှေ့အိမ်မှာ အောင်ဇော် ရောက်နေတယ်"

"အောင်ဇော် ... ! "

ဘာမထိသည် ချက်ချင်းပဲ ဟိုးတစ်ရက်က ကား ဖြူနဲ့ ဦးဦးဆိုတဲ့ ဖြူဥရဲ့စကား။ ကားအဖြူနဲ့လူ ဘယ်သူလဲ ားလိုက်သည်နှင့် ရွှေ့ထံကထွက်လာတဲ့ အောင်ဇော် ဆိုတဲ့ မည်။ ဒါတွေကို ဖျတ်ခနဲ ဖျတ်ခနဲ သတိရလာသည်။

"အေး ... အောင်ဇော့်ကို နင် သိလား၊ အောင်ဇော် ရွှေ့ ဆီလာတတ်တာရော နင် သိလား"

"ဘာ"

ဘာမထို့ အသံက ကျယ်သွားရပါသည်။

"ဘာမထိ ... နင် ငါ့ဆီက အကျိုးအကြောင်းတွေကို နား ထောင်ဖို့ရာလေးကို ဘာလို့ ဒီလောက်ဝန်လေး တွန့်ဆုတ် ရတာလဲ၊ ဇကန္တ ဒီထက်ပိုတဲ့ အကြောင်းစုံတွေကိုပါ နင် သိထားပြီးလို့ မကြားချင်တာလား၊ ဒါမှမဟုတ် နင် ရိပ် မိနေတာတွေရှိလို့ ကြားရမှာကို ကြောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"........"

ဘာမထီ့ရဲ့ ရင်ဘတ်နောက်ကျောတို့တွင် ချွေးစေး တို့ ပျံ့တက်လာပါသည်။ နားထင်နားရင်းတွေလည်း ပူထူလာ ပါသည်။ ဖုန်းထဲမှာ ဒေဝီ့ရဲ့ရယ်သံက ခပ်တိုးတိုး ထွက်ပေါ်လာ ကာ ...

"ကဲပါ ... နင်စောင့်နေ ငါလာမယ်"

ဒေဝီ့ဘက်က အရင်ဖုန်းပိတ်သွားပါသည်။ ဘာမထီ သည် ရေချိုးခန်းထဲ လေးတိလေးကန် ဝင်လာခဲ့ကာ ရေပန်းဖွင့် ချ၍ နံရံကို လက်ထောက်ပြီး အသိမရှိသူလို ရေကိုသတိလက်လွတ် ချိုးမှန်းမသိ ချိုးနေမိပါသည်။ အတွေးတွေက ဟိုပြေး ဒီပြေး ဆပ်ပြာတိုက်မိသလား ရှမ်ပူထည့်မိသလားတွေပင် ကိုယ့်ကိုယ် ကိုယ် သတိမထားမိဘဲ အတန်အကြာမှာ ရေချိုးခန်းထဲက ပြန် ထွက်လာသည်။

ရည်ရွယ်ချက်မရှိ တွေ့ကရာအင်္ကျီ ဆွဲဝတ်ကာ ခေါင်းရေစိုနှင့် ပြတင်းပေါက်မှာ ငိုင်ရပ်နေမိသည်။ သူ့စိတ်ထဲမှာ ဘာကိုမှန်းမသိ လေးလေးပင်ပင် ခံစားလာရကာ ထိုင်းမှိုင်းအုံ့ဆိုင်း သွားပါသည်။

"အစ်ကို ... ဧည့်သည်ရောက်နေတယ်၊ အစ်မတစ်ယောက်"

"အေး"

နီးတူး တံခါးလာခေါက်ပြောမှ သတိဝင်ကာ အခန်း ပြင်ကို ထွက်လာခဲ့ပါသည်။ ဒေဝီက ခြံထဲမှာပင်ရှိနေကာ လှ





သာယာသော ခြံကျယ်ကျယ်ကြီးထဲမှ သစ်ပင်ပန်းမန်လေးတွေကို သဘောတကျ လက်ပိုက်ငေးမောနေသည်။ ဘာမထီ အိမ်ထဲက ထွက်လာတာမြင်လျှင် လှည့်ကြည့်လိုက်ရင်း ...

"နင်တို့ခြံကြီးက အကျယ်ကြီး သာယာလှပလိုက်တာ၊ ဒီလိုခြံကြီး တိုက်ကြီးမျိုးမှာ နေရရင် ရင်ပျော်ပါပြီဟာ ... အဟက်ဟက်"

ဘာမထီက ဘာမှပြန်မပြောဖြစ်။

"ခေါင်းရေစိုကြီးနဲ့ပါလား၊ ခြောက်အောင်သုတ်လိုက်ဦး လေ"

"နေပစေပါ"

"ဟယ် ... အအေးပတ်မှာပေါ့၊ ဟိုမောင်လေး ... တဘက် တစ်ထည်လောက် မင်းဆရာကို ယူပေးလိုက်ပါလား"

နီးတူးက ဒေဝီ့စကားကို နာခံစွာပင် အိမ်ထဲဝင်၍ တဘက်တစ်ထည် ယူလာပေးသည်။

"ငါ သုတ်ပေးရမလား ... ရလား"

ဘာမထီက ဒေဝီ့ကို စိတ်အနှောင့်အယှက်ဖြစ်ဖြစ် နှင့် တစ်ချက်ကြည့်ပြီး နီးတူးထံက တဘက်ကိုယူ၍ ခေါင်းကို ဖြည်းဖြည်းသုတ်နေပါသည်။

"ရွှေ့ကို မချဉ်းကပ်ပါနဲ့ ဆိုတာလည်း နင်ချဉ်းကပ်ခဲ့တယ်၊ ရွှေ့ကို သူ့နဂိုအလုပ် မထွက်ခိုင်းပါနဲ့၊ နင့်ရုံးမခေါ်ပါနဲ့ ဆိုတာလည်း နင် ခေါ်ခဲ့တယ်၊ ရွှေ့ကို နင့်အမေ ဆိုဘော



www.burmeseclassic.com

www.burmeseclassic.com



မတူနိုင်ပါဘူး ဆိုတာလည်း နင် ဂရုမစိုက်ဘူး၊ နင့်ဘ
မခံစားရစေချင်လို့ ငါ စေတနာနဲ့ ပြောခဲ့တဲ့စကား မှ
သမျှ နင် တစ်ခုမှ အလေးအနက် မထားခဲ့ဘူး၊ ခုလော
ဆိုရင်တော့ နင် ရွှေ့ကို မချစ်သင့်ဘူး၊ ရှေ့ဆက်မတိုးသင့်
ဘူးဆိုတာ နင် ဆင်ခြင်နိုင်သင့်ပြီ"

ဘာမထီက ဒေဝီ့ကို မျက်ကြောစင်းစင်းနှင့် ဘေ
စိုက်ကြည့်လိုက်သည်။

"ရွှေက တစ်ချိန်က နင်ပြောသလို ရည်းစားရှိခဲ့ပါတယ်
ထား၊ အဲဒါနဲ့ပဲ ငါက ရှေ့မဆက်သင့်ဘူးဆိုရင် နင့်စကား
က အဓိပ္ပာယ်ရှိရဲ့လား"

"ဒါလောက်ပဲ ဆိုရင်တော့ အဓိပ္ပာယ်မရှိဘူးပေါ့ဟာ"

"ဒါ့အပြင် ဘာရှိသေးတာလဲ"

"ငါပြောမယ့် စကားအတွက် နင် စိတ်ခိုင်ခိုင်ထားလိုက်
အရင်"

ဘာမထီသည် ဒေဝီ့ကိုကြည့်၍ သွားကြားမှ လေ
ထွက်ရုံ "ချီ"ခနဲ အသံထွက်အောင် ရယ်လိုက်ပါသည်။

"စိတ်ခိုင်ခိုင်တောင် ထားရမှာလား၊ နင် အခုတော
လျှောက် ငါ့ကိုပြောလာတဲ့ စကားတွေက ဘာကိုဦးတည်
ရည်ရွယ်ပြီး ဘာကိုလိုချင်လို့ ပြောနေတာလဲ ငါစဉ်းစား
မရဘူး၊ နင့်အတွက် ဘာအကျိုးရှိမှာမို့ ပြောနေတာလဲဆို
တာလည်း ငါ နားမလည်ဘူး၊ နင် ဘာကြောင့် ရွှေနဲ့ပတ်





သက်ပြီး မကောင်းသတင်းမျိုးတွေ ငါ့ကို ခဏ ခဏပြော
နေတာလည်း ငါ သဘောမပေါက်ဘူး"

ဒေဝီ့မျက်ဝန်းများက မှင်သေသေနှင့် ရီလဲ့နေသည်။

"တစ်က ... ရွှေ့ကို ငါက မကြိုက်ပေမယ့် ငါနဲ့ ညီအစ်မ
လိုလို ဘာလိုလို တော်စပ်နေတော့ နင် ရွှေ့ကို မျှော်လင့်
ချက်တွေ တစ်ဆုံးပေးပြီးမှ အလန့်တကြား ပြန်လှည့်ပြေး
သွားရင် ရွှေ ဟန်ချက်ပျက်ကျန်ခဲ့မှာမျိုးကိုတော့ ငါမလို
လားလို့ပဲ"

"………"

"နှစ်က ... နံပါတ်နှစ်အချက်ကတော့ နင်ကသာ မသိပေ
မယ့် ငါကတော့ နင့်ကို ကျောင်းမှာတုန်းကတည်းက
သံယောဇဉ်ပိုခဲ့၊ သူများထက် ပိုတွယ်တာခဲ့ရတဲ့ သူဆို
တော့ နင် နာကျင်နလန်မထူနိုင်တော့မှာလည်း စိုးရိမ်
သလို ရွှေ့လို နောက်ကြောင်းမလှတဲ့သူနဲ့ နင်နဲ့ မတန်
ဘူးလို့လည်း ယူဆမိသလို ရွှေ့ကိုဖြူစင်သူလေးလို့ ယုံမှား
နေတဲ့ နင့်ရင်ခုန်သံတွေကိုလည်း ငါ အားနာလို့ ကရုဏာ
သက်လို့"

"ဟက်"

ဘာမထီက ပခုံးတစ်ဖက်တစ်ချက်ပေါ် မျက်နှာ
သုတ်ပဝါတင်ကာ ခါးနှစ်ဖက်ထောက်လျက်သား မြေပြင်ကိုကြည့်
၍ မထိတထိ ရယ်သံပြုမိသည်။ သို့ပေမဲ့ သူ့ရင်ထဲ တကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



*ထိထိမိမိ လှုပ်ခတ်နေပြီဆိုတာ သူပဲသိသည်။ အတော်ကို ဗလောင်*ဆူပွက်နေသည်။ ဒေဝီ့ကို သူ သဘောမကျလှပေမယ့် အခု ဒေဝီ ပြောနေတဲ့ ချိတ်ဆက်မိမိ စကားလုံးများက သူ့နှလုံးသားကို အပ်အချောင်းတစ်သောင်းနှင့် တဆစ်ဆစ် တိုးနေသလို ခံစားရပါသည်။

"နင် ပြုံလဲမသွားပါနဲ့ဟာ ဘာမထီ"

ဒေဝီ့အသံက ညင်သာနွဲ့ပျောင်းသည်။

"ကောင်းပြီလေ ... နင်ပြောတာ နားထောင်ကြည့်တာပေါ့"

"........."

"ပြောလေ"

"ဖြူဥက ရွှေ မွေးထားတဲ့ ရွှေ့သမီးပဲ"

"ဘာ"

ဘာမထီ့နှုတ်က "ဘာ"သံဟာ မကြားနိုင်လောက်အောင် တိုးတိုးကလေးပါ။ အကျယ်ကြီးဖွင့်အော်နိုင်မည့် အင်အားမျိုးပင် ရုတ်တရက် စုတ်ထုတ်ခံလိုက်ရသလို လူက အားပျော့ခွေညွတ်သွားကာ အလေးချိန်မရှိတဲ့ ဟိုက်ဒရိုဂျင် ပူဖောင်းတစ်လုံးနှယ် လေထဲလွင့်ခနဲ ပါသွားတော့မည်လို့ပင် သူ့ကိုယ်သူ ထင်လိုက်သည်။ ဘာမထီနှင့် ဒေဝီတို့ တစ်ယောက်ကိုတစ်ယောက် ရူးစူးရဲရဲ စိုက်ကြည့်နေမိကြပါသည်။

"အဲဒါ လိုရင်းတိုရှင်း၊ အရှင်းဆုံး အတိုချုပ်ပဲ ဘာမထီ၊ နင် ဆက်နားထောင်ဦးမလား"





"နင်ဆိုလိုတာက ရွှေ မွေးထားတယ်ဆိုတာ ရွှေဝမ်းနဲ့ လွယ်မွေးခဲ့တယ်လို့လား၊ အဟက်ဟက် ... နင့်စကားကို နင် အစအဆုံး တာဝန်ယူရမယ်နော်"

"ငါ့စကား ငါဘာလို့ တာဝန်မယူရမှာလဲ၊ တာဝန်ယူတာရဲ့ ဟိုဘက်တောင် လွန်သေးတယ်၊ နင်ကလွဲလို့ ရွှေနဲ့ အနီးစပ်ဆုံးသူတွေ အားလုံး သိတာပဲ၊ နင်သာမသိသေးလို့ သိထားဖို့ လိုအပ်တယ်၊ ဆယ်တန်းဖြေပြီးကြလို့ အချိန်တစ်ပတ်အတွင်း ရွှေ ခိုးရာလိုက်ပြေးသွားတယ်၊ အောင်ဇော်နဲ့၊ သိပ်မကြာလိုက်ပါဘူး နှစ်ဖက်လုံး အတင်းပြန်ရှာသိမ်းကြတော့ ပြန်တွေ့တယ်၊ ပြန်အပ်တယ်၊ သိပ်ငယ်ကြသေးတော့ ပေးစားဖို့လည်း မဖြစ်နိုင်သေးတာနဲ့ လူတွေမသိအောင် အုပ်အုပ်ဆိုင်းဆိုင်း လုပ်ထားလိုက်တာပဲ၊ ကိုယ့်မိဘဆီ ကိုယ်ပြန်ဝင်နေလိုက်ကြတာပဲ"

ဘာမထီသည် ထိုအချိန်ကာလဆီ စိတ်အတွေးနှင့် အရောက်ပြေးမိသည်။ သူဟာ ဆယ်တန်းစာမေးပွဲပြီးရက်ကစလို့ ကြာ မကြာ ဆိုသလိုပင် ဖေဖေနှင့် ရန်ကုန်လိုက်ပါသွားရသည်။ ဖေဖေ စင်ကာပူဆေးရုံကြီးက ပို့စ်တစ်ခုအတွက် အလုပ်လျှောက်တာ အင်တာဗျူးဖြေတာ အလုပ်ထွက်ဖို့ကိစ္စတွေလုပ်တာ ရန်ကုန်ကို အကြိမ်ကြိမ် အလီလီ သွားခဲ့သည်။ နေ့ချင်းပြန်ရက်ရှားပြီး တစ်ည နှစ်ညအိပ်ခဲ့တာ လေးငါးည အိပ်ခဲ့တာတွေရှိသည်။ အဲဒီတုန်းက ဒီအိမ်မှာ ဘွားဘွားလည်း ရှိခဲ့သေးသည်။ ဘွားဘွားက သူ့ကို ချစ်မြတ်နိုးလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအဖ ပြန်မယ်လုပ်တိုင်း “အဘွားနဲ့နေခဲ့ မြေးရယ်”ဟု တောင်းဆိုမြဲ။ “နောက်တစ်ခေါက် ဖေဖေလာမှပြန် လိုက်၊ အပတ်တိုင်း လာနေရမှာပဲဟာ”ဟု နားပူနားဆာလုပ် သည်။ သူကလည်း အဘွားအလိုကိုလိုက်ကာ ရန်ကုန်မှာ နေ ခဲ့ပါသည်။ ရန်ကုန်အိမ်မှာ အဘွားဒရိုင်ဘာနှင့် ကားမောင်းနိုး သင်ရတာလည်း သူ စိတ်ဝင်စားသည်လေ။

ပဲခူးပြန်ရောက်တိုင်း ရွှေနှင့် တွေ့ခွင့်ရဖို့ ချောင်း ပေမယ့် အိမ်ထဲကအိမ်ပြင် မထွက်တတ်လှတဲ့ ရွှေ့ကို သိပ်မြင် တွေ့ရတယ် မရှိတာ သတိရမိပါသည်။ တလွှားလွှား လူလုံးပြ ဟန်ရေးပြနေတတ်တာက ဒေဝီရယ်ပင်။ လမ်းလျှောက်သွားလျှင် ဘယ်ညာရှိသမျှ ပုရိသတို့ကို မျက်စလေးချီကာ ညှုပြီးသွားတတ် သော ဒေဝီ့ကို သူတို့သူငယ်ချင်းတစ်စု ကျိတ်အတင်းပြော ကျိတ်ရယ်ခဲ့ရတာတွေလည်းမမေ့။ ပြန်တွေးလျှင် သူက ရန်ကုန် မှာ ၄–၅ ည အိပ်လိုက် ပြန်လာလျှင် ရွှေ့ကို သိပ်မတွေ့ရဘဲ ဒေဝီ့သာ တွေ့တွေ့နေရလိုက်။

ဒါတွေကို တရေးရေး မှတ်မိလာပါသည်။

“နင်က အဲဒီတုန်းက ပဲခူးနဲ့ရန်ကုန် သွားလိုက်ပြန်လိုက်၊ နင် ရေရေရာရာ မသိခဲ့ဘူးပေါ့၊ အောင်ဇော်အိမ်ကလည်း အောင်ဇော်ကို ရန်ကုန်က အမျိုးအိမ် လွှတ်လိုက်ပြီး သင် တန်းတွေ လျှောက်တက်ခိုင်းခဲ့တယ်၊ ခွဲထားလိုက်တာပေါ့၊ ပြီးတော့ ...”





“ပြီးတော့ ... ! ”

“ရွှေ့မှာ ကိုယ်ဝန်ရှိလာတာ သိတဲ့အချိန်မှာ အောင်ဇော်က အဆက်သွယ် မခံတော့ဘဲ ပဲခူးကို ပြန်မလာတော့တာလေ။ လုံးဝရှောင်နေခဲ့တော့တာ”

“အဲ ... အဲဒီတော့ ... ရွှေ ... ရွှေက ...”

“အမိုးရဲ့ ဇာတိရွာကလေးကို ငါတို့ သွားခဲ့ကြတယ်၊ ငါ အမှတ်မမှားရင် အောင်စာရင်းတွေထွက်ပြီး နောက်ရက် ငါတို့ ဆုံကြတာ နောက်ဆုံးပဲဖြစ်မယ်”

ဟုတ်သည်။ အောင်စာရင်းထွက်တဲ့နေ့ နောက်တစ်နေ့ ရွှေ့မျက်နှာဟာ မှုန်မှုန်တေတေလေး ဖြစ်နေတာ ဘာမထိ တ်မိပါသည်။ သူငယ်ချင်းတွေ အပေါ်တောင် အကြောင်းမဲ့စိတ် ိုနေတာကိုပါ ပြန်သတိရလာသည်။ အောင်စာရင်းထွက်ပြီး နောက်တစ်နေ့ အတန်းပိုင်ဆရာမအိမ်မှာ ဆရာမက မုန့်ဟင်းခါး ကျွေး၍ သွားစားဖြစ်ကြပါသည်။ ရွှေက မျက်နှာပျက်ပျက် နှင့် နှုတ်နည်းနေတာ သူ မမေ့ပါ။

ဘယ်သူနဲ့မှ စကားသိပ်မပြောဘဲ ရှောင်ဖယ်ဖယ် ပ်နေတာ၊ သူက သူမကြာခင် စင်ကာပူကျောင်းသွားတက်ဖြစ် ကြိုးစားနေကြောင်းကိုတောင် ဆရာမကိုရော သူငယ်ချင်းတွေ ပါ ပြောပြရင်း ရွှေ့ကို သီးသန့်နှုတ်ဆက်နိုင်ဖို့ စကားပြော ရဖို့ အခွင့်အရေး ချောင်းနေခဲ့သော်လည်း အဲဒီအချိန်က ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘာကိုမှ ဘယ်သူ့ကိုမှ စိတ်မဝင်စားလှသလို ရှိနေ
သူနဲ့ အချိန်ကြာကြာပင် မျက်လုံးချင်းဆုံတယ်တောင် မရှိခဲ့

"ငါတို့ အမိုး ရွာလေးမှာ ကလေး ... ကလေး သွားနေ
ကြတယ်"

ဘာမထိက မျက်စိအစုံကို တင်းတင်းကျပ်ကျ
မှိတ်ပစ်လိုက်ကာ ဒေဝီကိုလည်း မျက်နှာချင်း မဆိုင်ချင်
ကျောခိုင်းလိုက်ပါသည်။ နာကျင်လိုက်တာ။ တကယ်ပဲ ရင်
တယ်ဆိုတာ ဒါပါပဲလား။

"ငါတို့ ပြန်လာတော့ ငါရယ် ရွှေရယ် အရင်ပြန်လာ
တာ၊ အမိုးက နောက်တစ်လလောက်နေမှ ကလေးနဲ့တူ
ပြန်လာတယ်၊ အမိုးရွာက ဆွေမျိုးမကောင်းတဲ့ ကလေးတ
ယောက် မွေးစားလာခဲ့တယ်လို့ ငါတို့ လူသိခံခဲ့တယ်
နောက် ဖြူဥ အခါလည်ကျော်တော့ ငါတို့ ရွှေ့အတွ
စဉ်းစားပေးပြီး ရန်ကုန်ကို ပြောင်းလာကြတယ်၊ အမိုး
တုန်းကတော့ ဟုတ်တယ်လေ အဆင်ပြေတယ်လေ၊ မ
လင့်ဘဲ အမိုးဆုံးသွားတော့ ငါလည်း ရွှေ့ရဲ့ ရှုပ်ရှုပ်
ထွေး လျှို့ဝှက်ဇာတ်ထုပ်ကြီးထဲ အသိသက်သေကြီး
ဝင်ကပြ အသုံးတော်ခံနေရတာ ဖီလင်အောက်လာ
အဲဒီအိမ်က ထွက်ခဲ့တယ် ...

ဇာတ်လမ်းက အဲဒါပဲ ဘာမထိ"





ဘာမထိက ကျောခိုင်းထားရာမှ ဒေဝီဘက် လှည့်
ကြည့်လိုက်သည်။

"ဒီစကားတွေအတွက် သက်သေအထောက်အထား ဘာရှိ
လဲ"

ဘာမထိ မျက်လုံးများက နီမြန်းနေကာ လေသံက
အေးစက်နေပါသည်။ ဒေဝီက ပြုံးမဲ့မဲ့ ခေါင်းယမ်းရင်း ...

"ခိုင်မာတဲ့သက်သေ မပြနိုင်ဘူး၊ အသေချာဆုံးကတော့
နင် ဦးလေးမိုးနောင်ကိုဖြစ်စေ၊ ဖြူဥကိုဖြစ်စေ မကျေနပ်
ရင် ကာယကံရှင် ရွှေ့ကိုပဲဖြစ်စေ ဖွင့်မေးလိုက်ပေါ့၊ ဒါပဲ
ရှိတာပဲ"

"........"

"နင် ရုတ်တရက် ယုံကြည်လက်ခံဖို့ ခက်ခဲမယ်ဆိုတာ
ငါလည်း သိပါတယ်၊ ဒါပေမဲ့ ဒါတွေဟာ တကယ်ဖြစ်
ပျက်ခဲ့တာတွေပဲ၊ နင့်ကို အရူးမရင့်ခင် ငါ တားဖို့ကြိုးစား
တာပဲလေ၊ နင်က ဂရုမှမစိုက်တာ၊ ဒီတော့ ရှေ့ဆက် နင်
ရော ရွှေရော မနာစေချင်လို့ ငါ ဒီလျှို့ဝှက်ချက်တွေကို
လူဆိုးမကြီးလုပ်ပြီး ဖွင့်ပြောလိုက်ရတာ"

"အောင်ဇော်က အခု ဘာလာပြန်လုပ်နေတာလဲ၊ ဘာလို့
ဝင်ထွက်နေတာလဲ"

ဘာမထိ အသံက အေးစက်တုန်လှုပ်လျက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ပြန်ချဉ်းကပ်တာပေါ့ဟာ၊ ဖြူဥ ရှိနေတာ သိသွားပြီပဲ ရှေ့က စိတ်နာခဲ့ပေမယ့် ဖြူဥအတွက် သူထည့်စဉ်းစားမှာ သေချာပါတယ်"





(၁၆)

အောင်ဇော်ကို သူ ရှာဖွေဆက်သွယ်ဖို့ ကြိုးစားပေမယ့် အောင်ဇော်ကစပြီး ဘာမထို့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါသည်။ ဘာမထီက သန္တာ့ထံ ဖုန်းဆက်ပြီး ဒီနှစ် ကျောင်းသားဟောင်း သူတို့ batch ရဲ့ gathering ဘယ်တော့လဲ မေးခဲ့ပါသည်။ နီးနေပြီလို့သူ သိထားလို့ပင်။

နောက်လထဲဆိုတာ သိရပြီးတဲ့နောက် သူက သူငယ်ချင်းဟောင်းတွေရဲ့ နာမည်တချို့နှင့် ဘယ်သူဘယ်ရောက်နေလဲ ဘာလုပ်နေလဲတွေ အလိုက်အထိုက် မေးပြီးမှ အဲဒီထဲမှာ တစ်ယောက်အနေနဲ့ အောင်ဇော်ကိုပါ ထည့်မေးကြည့်လိုက်တာပါ။

"အောင်ဇော်က သဘော်လိုက်တာ၊ အခု ပြန်ရောက်နေတယ် ကြားတယ်၊ ဂဲသားရင်းလည်း မိနိုင်တယ်၊ သူ စာမေးပွဲ ဖြေစရာရှိလို့ လောလောဆယ် သဘော်ပြန်မ တက်ဖြစ်သေးဘူး ပြောတယ်၊ ဟိုတလောကတောင် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ မြေကွက်လေး ခပ်တန်တန်လေး ဝယ်ချင်လို့ ရှာခိုင်းသေးတယ်လေ၊ ငါ့မှာ ရှာလိုက်ရတာ ဖပ်ဖပ်မောလို့ ပြဿနာလည်း ဈေးများတယ် ဆိုတာနဲ့ နေရာမကြိုက်တာနဲ့ တော်တော် ကြေးများတဲ့ကောင်၊ နောက်တော့ ဟုတ်တာလည်း မဟုတ်ဘူး၊ ငါပြတာတွေထဲက မဝယ်ပါဘူး သူ့ဟာသူ ဘယ်ကရှာတွေ့တယ် မသိဘူး၊ ရွှေတိဂုံနောက် လမ်းထဲက ခြံလေးတစ်ခြံကို အခုဝယ်ဖို့ လုပ်နေတယ်လေ"

သန္တာ့ဆီက သူ အတော်ပြည့်ပြည့်စုံစုံ ဖုန်းနံပါတ်ပါ သိလိုက်ရတာပါ။ ကျောင်းတုန်းက ခင်ခင်မင်မင်ရှိတဲ့ထဲတော့ ပါဝင်ပြီး တစ်အုပ်စုတည်း တစ်ဖွဲ့တည်းတော့ မဟုတ်တဲ့ အောင်ဇော်ကို သူက စတင်ဆက်သွယ်ဖို့ရာ အကြောင်းပြချက် ရှာမရဖြစ်နေသည်။ အဲဒီတုန်း ဖုန်းမြည်သံနှင့်အတူ ဖုန်းစကရင်မှာ အောင်ဇော်နာမည် ပေါ်လာတဲ့အခါ သူ့စိတ်တွေ လှုပ်ရှားကာ ရင်တွေပင် တဒိန်းဒိန်း ခုန်လာသည်။

"ဟယ်လို"

"ဟယ်လို ... ဒီနံပါတ်က ဘာမထီလား မသိဘူး"

"ဟုတ်ပါတယ်"

"ဟေး ... ဘာမထီ၊ ငါပါကွ အောင်ဇော်ပါ၊ မှတ်မိလား မသိဘူး ပဲခူးက"

"ဩော် ... အောင်ဇော် ... အေး ... ငါ မှတ်မိပါတယ် မင်း ဘယ်ကဆက်နေတာလဲ ထူးထူးဆန်းဆန်းပါလား"





"အေး ... ငါအခု ရန်ကုန်ရောက်နေတယ်ကွ၊ သဘော်က ဆင်းလာပြီး ခဏနားနေတာ၊ဟိုတစ်နေ့က သန္တာဝင်းနဲ့ တွေ့တာလေ၊ သူ့ဆီကနေ မင်းကုမ္ပဏီအကြောင်းရော ဖုန်းနံပါတ်ကတ်လေးပါရတယ်၊ ဒါနဲ့ ဆက်လိုက်တာ၊ ငါ့အစ်ကိုဝမ်းကွဲတစ်ယောက်လည်း ဆာဗစ်စင် ဝပ်ရှော့ ထောင်ထားတာကွ၊ တာမွေဘက်မှာ တော်တော်ကြီးတယ်၊ အဲဒါ အဲဒီဆိုင်နဲ့ မင်း ချိတ်မိပြီးပြီလား၊ ငါ့အစ်ကိုဆိုင် လည်း တင်လေ၊ ငါ ဆက်ပေးမယ်"

"ဟာ ... အေး ... ကျေးဇူးပါပဲကွာ ငါလည်း အဲလို ဝပ်ရှော့တွေ ကားပစ္စည်းဆိုင်တွေ လိုက်ချိတ်၊ လိုက် စကားပြော မားကတ်တင်းတွေ လုပ်နေရတာလေ၊ မင်းအခု အားလား၊ နေ့လယ်စာစားချိန်ကြီး တစ်ခုခု စားကြရအောင် လေ"

"အေး ... ငါအားနေတယ်၊ အတော်ပဲ တွေ့ရတာပေါ့ကွာ၊ ဘယ်မှာချိန်းမလဲ"

နှစ်ယောက်သား နေ့လယ်စာစားဖို့ ဆိုင်တစ်ဆိုင်မှာ ချိန်းပြီး တွေ့ဆုံဖြစ်ကြပါသည်။ စတွေ့ကတည်းက ဘာမထီ ဘက်က အကဲတခတ်ခတ် ဖြစ်မိသလောက် အောင်ဇော်က ပကတိ စိတ်ရှင်းရှင်းပုံစံနှင့် Natural ဆန်လှပါသည်။ စကား ပြောလည်း အားရပါးရ ဟက်ဟက်ပက်ပက်ပင်။ ဘာမထီကတော့ အောင်ဇော် တောက်လျှောက်ပြောနေတဲ့ စီးပွားရေးစကားတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းနှောင်းဖြစ်တွေ၊ ငယ်သူငယ်ချင်းတွေ ဘယ်သူဘာလု
ဘာညာ စတာတွေကို စိတ်သိပ်မဝင်စားလှပဲ စကားထော
ပင်။

"ဒါနဲ့ ဘယ်လိုလဲ၊ ဘယ်တော့ စားရမှာလဲ"

အောင်ဇော်က စကားစလိုက်၍ ဘာမထိလည်း
စကားစပ်ရန် အခွင့်ကြုံကာ ...

"ငါက အေးဆေးပါကွာ လိုပါသေးတယ်၊ မင်းအေ
ဘယ်တော့လဲ၊ မင်းက ကျွေးတော့မလိုလို ဖိတ်တော့မလို
သတင်း ငါကကြားထားတာ"

"ဟင် ... ဟား ဟား ဟား၊ ဘယ်ကများ ကြားပါလိ
ဒါပေမဲ့ ဟုတ်ပါတယ်၊ ငါ ခုတစ်ခေါက် စာမေးပွဲတင်
ဖြေ၊ တစ်ခေါက်ပြန်တက်ပြီးရင် ဒီတစ်ခါ ပြန်အလာ
ရင်တော့ စီစဉ်ဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမဲ့ ဘယ်သူ
သေချာမပြောရသေးပါဘူး၊ သူကလည်း မစီစဉ်ခင် သတင်
တွေအရင်ထွက်နေမှာမျိုး မဖြစ်ချင်တာနဲ့ မကြာခင် တ
နေ့တော့လို့သာ ယူဆထားလိုက်ပါကွာ ... အဟား"

"ရန်ကုန်ကပဲလား အောင်ဇော်ရ"

"အင်း ... ရန်ကုန်ကပါပဲ၊ အခု ရန်ကုန်မှာပေါ့၊ ဒါပေ
ငါတို့ ပဲခူးအထက(...)ရဲ့ ကျောင်းထွက်ပဲလေ"

ဘာမထိရဲ့မျက်နှာပေါ်မှ အပြုံးအရယ်က အရှိန်တ
အေးစက်ရာမှ တဖြည်းဖြည်း ပြေလျော့ကျသွားပါသည်။





"မင်းလည်း သိနိုင်ပါတယ်၊ ဒါနဲ့ နောက်လထဲတောင်
ဝင်းစိုး စေ့စပ်ပွဲရှိတယ်၊ သီတင်းကျွတ်ရင် ယူကြမယ်
ပြောတယ်"

"ဟုတ်လား ... ကောင်းပါတယ်"

ဘာမထို အသံကလည်း အသက်မပါလှတော့ပါ။
အောင်ဇော်ကတော့ သူငယ်ချင်းတစ်ယောက်ချင်းစီရဲ့ လတ်တလော
up date သတင်းတွေကို ဖောက်သည်ချနေလေသည်။

"ငါတို့အတန်းဂဲသားရင်း မတိုင်ခင် ငါတို့ဘာသာ ဂဲသား
ရင်း လုပ်ကြရအောင်လေကွာ၊ အခု သဘောပေါက်ဆင်း
ပြီး ဒီမှာပဲနေတဲ့ နှစ်ယောက်လောက် ရှိတယ်၊ ဟိုတလော
က ဆရာဝန်ဖြစ်နေတဲ့ ချစ်ထွေးနဲ့ တွေ့တယ်၊ ကိုအောင်
က ဘယ်မဂ္ဂဇင်းတိုက်ဆိုလည်း မသိဘူး၊ အဲဒီမှာ လုပ်နေ
တယ်၊ ငါတို့ယောက်ျားလေးတွေချည်းပဲ တစ်ရက်လောက်
ဆုံပြီး ပရိ-ဂဲသားရင်းပေါ့ကွာ၊ အခု မင်းဆီမှာပဲ ရန်နိုင်
လည်းရှိတယ်၊ လူစုံတာပဲ ငါတို့တစ်ညနေလောက်သောက်
ကြရအောင်လေကွာ၊ မင်းလည်း ရတယ် မဟုတ်လား"

"အေးပါ ရပါတယ်၊ မင်းလည်း ချိန်းထားလေ၊ ငါလည်း
လက်လှမ်းမှီသလောက် ချိန်းထားပါ့မယ်"

ဘာမထိက စိတ်ပေါ့ပေါ့ပါးပါး ဟက်ဟက်ပက်ပက်
ရယ်လှာဘဲ တုံ့ပြန်မိပါသည်။

○ ၅ ○



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးနောင်က အိမ်ထဲကို အထုပ်တွေဆွဲကာ ဝင်လာပြီး အထုပ်တွေကို ထမင်းစားပွဲပေါ် သွားတင်လိုက်တဲ့ ဖြူဥက အခန်းထောင့်စားပွဲလေးပေါ်မှ လှမ်းကြည့်နေမိပါသည်။ အိမ်ပြင်ကို မြင်ရတဲ့ ပြတင်းပေါက်ကလေးနံဘေး စာအုပ်ဗီရိုနှစ်လုံးနှင့် ကွယ်ကန့်ထားတဲ့ စာရေးတဲ့နေရာကလေးဟာ ဧည့်ခန်းမှကြည့်လျှင် မမြင်ရဘဲ သူ့ထံကတော့ ဧည့်ခန်းတစ်ခွန်းတစ ထမင်းစားခန်းနှင့် ခြံထဲကိုပါ မြင်သာတဲ့ နေရာလေးဖြစ်သည်။

ဆွဲယူလာတဲ့ အထုပ်ထဲက ချောက်ဘူးတွဲ စတော်ဗယ်ရီနို့စက္ကူဘူးလေးကိုထုတ် ပိုက်နဲ့ထိုးဖောက် စုပ်သောက်လိုက်တဲ့ ဖြူဥသည် အထုပ်ထဲမွှေကာမွှေကာ ဘာတွေများ ပါသေးလဲ စူးစမ်းနေပါသည်။ ထို့နောက် ဟိုးအောက်ဘက်နားမှ ချောကလက်သံဘူးကို ဆွဲထုတ်ယူလိုက်သည်။

"ဖြူဥ"

"ရှင် ... အဘိုး"

"ဒီကိုလာခဲ့ဦး"

ချောကလက်ဘူးကို ဖက်ပိုက်ကာ ဖြူဥက သူ့အနားရောက်လာသည်။

"ဘာမထီက ဘယ်သူ့ကို မေးတာလဲ"





"ရှင် ... ဟို ... ဘယ်သူ့မှ မမေးပါဘူး၊ ဒီဘက်ကိုလာရင်း ဒါတွေ ဝင်ပေးတာလို့ပဲပြောတယ်၊ အဘိုးရှိလားလည်း မမေးလို့ သမီးက ..."

"အင်း ... အဲဒါသိတယ်၊ အဘိုးကို သူက မမေးဘူး၊ အဘိုးစာရေးနေတာလည်း ညည်းသိတယ်၊ ဒါကြောင့် ခေါ်မပေးတော့ဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီချောကလက်ဘူးကရော"

"ဟို ... ဦးဦးဘာမထီက ဖြူဥဖို့ ချောကလက်ဘူးလည်း ပါတယ်လို့ ပြောသွားလို့"

"ညည်းကြိုက်လား ချောကလက်"

"ဟုတ်"

"ဘာမထီက ညည်းကို ဘာဖြစ်လို့ ဒီချောကလက်ပေးတာလဲ သိလား"

"........"

ဖြူဥက နားမလည်သလို ဦးမိုးနောင်ကို ကြည့်နေရင်း ခေါင်းခါသည်။

"သမီးက မွှေ့ရဲ့တူမလေး ဖြစ်နေလို့ ပေးတာပေါ့ သမီး၊ ဘာမထီက မွှေ့ရဲ့မိတ်ဆွေလေ၊ သမီးမိတ်ဆွေမှမဟုတ်တာ၊ မွှေ့ကို ချစ်ခင်လို့မွှေ့အိမ်သားတွေကိုပါ လက်ဆောင်တို့ စားစရာတို့ ပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အဲဒီလိုပေးတဲ့အတွက် သဘောကျတယ် မဟုတ်လား။ သဘောကျရက်နဲ့ ရွှေ့ကိုချစ်ခင်တဲ့ ဘာမထိ ရွှေ့ကိုမုန်းအောင် သမီး ဘာလို့လုပ်ရတာလဲ"

"ရှင်"

"သမီးတို့ ခြံထဲမှာ ပြောနေတာတွေ အဘိုး ဒီနားကကြားတယ်၊ အားလုံးကြားလိုက်တယ်"

ဖြူဥ ခေါင်းလေးက အပြစ်ရှိသူလို ငုံ့သွားပါသည်။ ဘာမထိုကားကို လှမ်းမြင်တာနှင့် ဘာမှမပြောနေတော့ဘဲ ဖြူဥက ဦးအောင်ပြေးဆင်းသွားလိုက်တာပင်။ ခြံတံခါး တွန်းဖွင့်နေတဲ့ ဘာမထိုကို "တီတီရွှေ မရှိဘူး"ဟု အရင်ဆုံး လှမ်းအော်ပြောလိုက်တာ။ ဘာမထိက ခေါင်းဆတ်ပြုံးရင်း ...

"သမီးတီတီရွှေ ပြန်မရောက်သေးတာ ဦး သိပါတယ်။ ဦးက အပြင်ကနေ ခဏလှည့်ဝင်လာတာ၊ သမီးတီတီက ရုံးမှမဆင်းသေးတာ၊ ဦးက သူမရှိလည်းပဲ ဒီမှာ စားစရာလေးတွေ သမီးအဘိုးဖို့နဲ့ အားလုံးစားရအောင် ဝယ်လာပေးတာ၊ သမီး ချော့ကလက် ကြိုက်တယ် မဟုတ်လား။ သမီးဖို့ ချော့ကလက်လည်းပါတယ်"

ဖြူဥက အထုပ်တွေကို လှမ်းယူလိုက်ရင်း ...

"တီတီရွှေက အပြန်နောက်ကျမှာ"

ဘာမထိက နာရီတစ်ချက်ကြည့်ရင်း ...





"ငါးနာရီခွဲဆို ရုံးဆင်းလာတော့မှာလေ"

"ဟုတ် ... ဒါပေမဲ့ တီတီရွှေက ရည်းစားနဲ့ ချိန်းထားတာတဲ့"

ဘာမထိက ငြိမ်သက်သွားပြီး ဖြူဥကို စူးစူးစိုက်က် ကြည့်နေလိုက်ပါသည်။ ဒီကလေးရဲ့ သူ့အပေါ်လိုလားမှုပုံကို သူ ရိပ်မိနေတာ အရင်နှစ်ခေါက်လောက်ကတည်းကပါ။ သူ့ဘက်က ကလေးအပေါ် နှစ်လိုမှုသာထားရှိခဲ့ပြီး ကလေးကြိုက်နိုင်တာလည်း ဘာမှမလုပ်ခဲ့ဖူး၍ တမင်တကာ မလိုလားင်းဟာ ပိုပြီး သိသာသည်။

"တီတီရွှေ့ရည်းစားက ဘယ်သူလဲ သမီး သိလား"

"ဟင့်အင်း"

"ဩော် ... သမီး သိတယ်မှတ်လို့၊ သမီးသိလို့သာ သူ့ကို သမီးကခင်တဲ့ သဘောကျတဲ့အတွက် ဦးကို သဘောကျတာများလားလို့ တွေးနေတာ၊ ဒါဆိုရင် ဦးကို ဖြူဥက ဘာဖြစ်လို့ မခင်တာလဲ၊ ဘာဖြစ်လို့ သဘောမကျတာလဲ၊ ဘာဖြစ်လို့ မုန်းနေသလဲဟင်"

ဖြူဥမျက်နှာလေးက ခပ်ငေးငေးငိုင်ငိုင်ဖြစ်ကာ ...

"အဲလို မဟုတ်ပါဘူး"

"အဲလိုမဟုတ်ရင် ဘာလဲ"

"ဟို ... ဟို ... တီတီရွှေက ..."

"တီတီရွှေက ဘာဖြစ်လဲ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တီတီရွှေက သမီးအမေ"

"………"

ဘာမထီရဲ့ ကလေးနှင့်အညီ ကိုင်းထားတဲ့ကိုယ်… မတ်သွားရပါသည်။

"သမီး ဘာပြောလိုက်တာလဲ"

"တီတီရွှေက ဖြူဥမေမေ"

"………"

"အဲဒါကြောင့် တီတီရွှေ့ကို ဖြူဥက သူများကို မပေးနိုင် လို့"

ဘာမထီသည် ကိုယ့်ခံစားချက် ကိုယ်မသိနိုင်အောင် ခေါင်းထဲ ရင်ထဲ ရှုပ်ထွေးပွေလီကာ ဖြူဥကို ခပ်ငေးငေးကြည့်… မိသည်။ လူကြီးလေးလို စကားမျိုးတွေ ပြောနေပေမယ့် ကလေး… ရဲ့မျက်ဝန်းများက ဖြူစင်ကြည်လင်နေသည်။ သူချစ်တဲ့သူ… လက်လွှတ်ဆုံးရှုံးမခံနိုင်တဲ့ ပကတိရိုးရှင်းသော စိတ်ရင်းခံစားချ… က မျက်ဝန်းများမှာ ပေါ်နေသည်။

ဘာမထီသည် မေးသင့် မမေးသင့် ချင့်ချိန်နေရာ… အနူးညွတ်ဆုံးလေသံနှင့် မေးလိုက်ပါသည်။

"ဒါဆို သမီးဖေဖေကရော"

"ဖေဖေတော့ မရှိဘူး၊ မေမေပဲရှိတယ်"

"သြော်"





ဘာမထီက ခေါင်းညိတ်ကာ ညိတ်ကာ တစ်ခဏ ရပ်နေပြီးမှ ဖြူဥခေါင်းလေးကို တစ်ချက်ပုတ်ကာ လှည့်ပြန်သွား ပါသည်။ ဒါတွေကို အစမှအဆုံး ဦးမိုးနောင် မြင်လိုက် ကြား လိုက်ရပါသည်။ ကြားနေစဉ်မှာလည်း အံ့သြနေမိကာ စိတ်လည်း အတော်ရှုပ်ထွေးသွားမိသည်။

"ညည်းပြောနေတာတွေ အားလုံး အဘိုး ကြားတယ်၊ ခေါင်းမော့စမ်း ဖြူဥ"

ဖြူဥခေါင်းက ဖြည်းဖြည်းမော့လာသည်။ ဦးမိုးနောင် က ဖြူဥဘက် တည့်တည့်လှည့်ကာ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင် လိုက်ပါသည်။

"အဲဒီ မဟုတ်မမှန်တဲ့ စကားတွေကို ဖြူဥ ဘာလို့ပြော သလဲ"

"………"

"အဘိုးက ညာပြောတာ မကြိုက်ဘူးနော်၊ ညာပြောတဲ့သူ ဆိုတာ အပြစ်ပေးရတယ်၊ အခု ဖြူဥ ဘာမထီကို တစ် ကြိမ်ညာလိုက်ပြီးပြီ၊ အခု အဘိုးကို ထပ်ပြီးမညာနဲ့တော့၊ အမှန်အတိုင်းပြော၊ ဒါတွေ ဘာကြောင့် ဘာမထီ့ကို လုပ် ကြံပြီး ပြောရတာပဲ"

"တီတီ … တီတီရွှေ ယောကျ်ားယူသွားရင် ဖြူဥကိုထား ပစ်ခဲ့မှာစိုးလို့ပါ၊ ဒါမှမဟုတ် တီတီဒေဝီ့ဆီ ပေးပစ်ခဲ့မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးနောင် ရင်ထဲ စိတ်မကောင်းနိုင်ဘဲ ဖြစ်သွားရ သည်။ မျက်ရည်လည်နေသော ဖြူဥ မျက်ဝန်းလေးက အမှန် အတိုင်း ဝန်ခံနေတာ သိသာပါသည်။

"တီတီရွှေ ယောက်ျားယူသွားရင် သမီးကို ထားပစ်ခဲ့မယ်၊ တီတီဒေဝီ့ကို ပေးပစ်မယ်လို့ တီတီရွှေက ပြောလို့လား"

"ဟင့်အင်း"

"ဒါဖြင့် သမီးက ဘာဖြစ်လို့ အဲဒါကို စိုးရိမ်ရတာလဲ"

"တီတီဒေဝီက ပြောလို့ပါ၊ တီတီရွှေ အဲလိုလုပ်လိမ့်မယ် တဲ့"

"ဟော ..."

ဦးမိုးနောင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ သည်။ မသက်မသာ ဖြစ်သွားရသော မျက်နှာနှင့် ...

"တီတီဒေဝီက ပြောရင် သမီးက တီတီရွှေကို မေးမှပေါ့၊ တီတီရွှေက ကာယကံရှင်ပဲဟာ၊ တီတီဒေဝီက အဲသလို ပြောတာနဲ့ပဲ သမီးက တီတီရွှေမှာ ရည်းစားရှိတယ်တို့ တီတီရွှေက သမီးအမေတို့ ဆိုတာတွေပါ ဘာကြောင့် မဟုတ်ဘဲ ထည့်ညာပြောရတာလဲ"

"တီ ... တီတီဒေဝီက ဦးဘာမထိကို အဲလိုပြောလိုက် ဆိုလို့ပါ"

"ဟော"

"ဒုန်း"





ကြမ်းပေါ် တစ်စုံတစ်ခု ပြုတ်ကျသံကြောင့် ဦးမိုး နောင်ရော ဖြူဥပါ လန့်ကာ စာအုပ်ဗီရိုကွယ်နေတဲ့ ညှော့ခန်းဘက် လှမ်းကြည့်လိုက်ကြပါသည်။ ပြုတ်ကျသွားတဲ့ ခြင်းထဲက လိမ့် ထွက်လာတဲ့ ပလတ်စတစ်ရေဘူးလေးကို လိုက်ကောက်ပြီး မတ် မတ်ပြန်ရပ်လိုက်သော ရွှေ့မျက်နှာသည် နီမြန်းကာ လူကတဆတ် ဆတ် တုန်နေပါသည်။ နှုတ်ခမ်းလေး တရွရွနှင့် တစ်စုံတစ်ရာ ပြောချမလို ဟန်ပြင်နေပြီး ဘာသံမှ ထွက်မလာဘဲ မပြောနိုင်ဘဲ ရှိနေလေသည်။

"ရွှေ"

"အဖေ ... သမီး သူ့ဆီသွားမယ်"

"ဘယ်လဲ ... ဒေဝီဆီလား။ နောက်ကျနေပြီလေ၊ ခုပဲ ရုံးကပြန်ရောက်တယ်၊ နောက်မှသွားပါ သမီးရယ်"

"မဖြစ်ဘူး အဖေ၊ အဖေ ရွှေ့ကိုမတားပါနဲ့၊ သူ သိပ်လွန် လာပြီ၊ ဒီမှာ ဖြူဥ၊ သမီးက ... သမီးက ..."

ရွှေသည် ကိုယ့်နှုတ်ကစကား ထပ်ထွက်မလာအောင် ကိုယ့်ဘာသာ ကိုယ့်နှုတ်ခမ်းကို ဖိကိုက်လိုက်ပါသည်။ ချာခနဲ လှည့်ထွက်လာကာ ကားဘယ်လိုငှားပြီး တက်လာသလဲတောင် စိတ်နှင့် လူနှင့်မကပ်တော့။ ဖြူဥကို မပြောရက်ပါ။ ပြောမထွက် ပါ။ နုနယ်တဲ့ကလေးငယ်ရဲ့ နှလုံးသားမှာ သူ့ကို ဘယ်သူမှအလို မရှိဘဲ ဟိုလူကဒီဘက်ပုတ် ဒီလူကဟိုဘက်ပုတ် ဘောလုံးတစ်လုံး လို ကိုယ့်ဘက်ရောက်တာနှင့် လက်သင့်မခံ ပြန်ပုတ်ထုတ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး နားလည်ခံစားကာ ဝမ်းနည်းနာကျင် စိတ်ထိခိုက်သွား မှာ စိုးလှသည်။

မိမဲ့ဘမဲ့ မွေးစားခံရတဲ့ ကလေးတစ်ယောက် ခံစားချက်က ကိုယ့်အနေအထား ဘယ်လောက်ပဲ အဆင်ပြေပြေ ဘယ်လိုအားငယ် သိမ်ငယ်စိတ် ဖုံးလွှမ်းသလဲဆိုတာ ရွှေ့ထက် တဲ့သူ ရှိမလား။ ဒါတောင် အမိုးရော အဖေရောဟာ မိဘကောင်း တွေ။ ငယ်ငယ်လေးတည်းက သိခွင့်ရထားပြီးတဲ့နောက်လည်း ရွှေ့မှာ မျက်နှာငယ်စရာ ချို့ငဲ့တာမျိုး မရှိခဲ့ရပါ။ သို့ပေမဲ့ ဒါဟာ ငါ့ကိုသနားသောအားဖြင့် မွေးစားခဲ့ကြတဲ့ မိဘတွေပါလား၊ သွေး ရင်းသားရင်း မဟုတ်ပါလားဆိုတဲ့ အသိက ပိုင်ပိုင်နိုင်နိုင်ရဲတင် မှုမျိုး ဘယ်တော့မှ မဖြစ်နိုင်အောင် ပိတ်ဆီးခဲ့သည်။

ငါက သွေးမစပ်တဲ့ မွေးစားသမီး ဒေဝီက သွေး တဲ့ တူမရင်းဆိုတဲ့ သိမ်ငယ်မှုက အမြဲပဲ ဒေဝီ့ဗိုလ်ကျခံနေရ ကိုယ့်ကိုယ်ကိုယ် တွန်းပို့သည်။ အမိုးနှင့် အဖေက မနှိမ်ပဲ ဒေ က မသိမသာ နှိမ်ချင်တာကို ခံယူရသည်။ တုံ့လည်းမတုံ့ပြန်ရဲ အမှား ကိုယ့်ဘက်က လုပ်မိမှာ အမြဲကြောက်လန့် စိုးရိမ်ခဲ့ပါသည် ကိုယ်ကချည်း အမှားလုပ်တာတွေ ခံရပေမယ့် တုံ့ပြန်ဖို့ စိတ်မ ရဲခဲ့ပါ။ အဖေ့မျက်နှာကို ထောက်ရသည်။

ဒါကြောင့်လည်း ဖြူဥကို ရွှေ သနားကရုဏာသ ပါသည်။ မိစုံဖစုံဆိုတဲ့ အခြေအနေတစ်ရပ်ကို မပေးနိုင်လျှ တောင် ဟိုလူမလိုလား ဒီလူမလိုလား အဖြစ်မျိုး မပိုင်ဆိုင်ရ





သိုပါ။ ဒေဝီက မျက်နှာပြောင်ပြောင်နှင့်ကို သူနှင့်မဆိုင်သလို နေနေလိုက်တဲ့အခါ ဖြူဥကို ကြည့်ရှုစောင့်ရှောက်နိုင်သူမှာ ရွှေ သာရှိပါတော့သည်။ ရွှေကတော့ ဒေဝီ့လောက် အသည်းမမာနိုင်။ ဒါကြောင့်လည်း ဖြူဥရဲ့ အလုံးစုံတာဝန်ကို ဘယ်သူမှ တရားဝင် မပေးအပ်ဘဲ ကိုယ့်ဘာသာ ကြည်ကြည်ဖြူဖြူ ယူထားခဲ့ပါလျက် နှင့် ဒေဝီ့ အပြုအမူက တရားလွန်သွားပြီ။

ရွှေသည် တက္ကစီကို စောင့်ခိုင်းထားက "Let us ..ar"ဆိုင်လေးထဲ ဝင်လာခဲ့ပါသည်။ ဒီအချိန်ဟာ ဒေဝီ သီချင်း ဆိုဖို့ ပွဲထွက်ဖို့ စောသေးတဲ့အချိန်။ ဒါပေမဲ့ သူ ရောက်နေတတ် တဲ့ အချိန်လည်း ဖြစ်သည်။ ခန်းမထဲ မျက်စိဝေ့ဝဲလိုက်လျှင် ဘားကောင်တာမှာ ပတ်ရံထားတဲ့ ခုံမြင့်နှစ်လုံးမှာ ယှဉ်လျက်သား ရှိနေတဲ့ ဘာမထီနှင့် ဒေဝီ့ကို တွေ့လိုက်ရ၍ ရွှေ့ ရင်ထဲတင်းကျပ် သွားပါသည်။

ဒီရက်ပိုင်း ရုံးမှာအချိန်ပြည့်မနေ ရှောင်သလိုလို တစ်စုံတစ်ရာကို မကြည်သာသလို ရှိနေတဲ့ ဘာမထီ့ ဟန်ပန်မှုယာ ကို သတိရမိပါသည်။ သူ့ဟာနှင့်သူ စိတ်ရှုပ်လက်ရှုပ် ရှိနေပုံရ၍ ရွှေကလည်း တကူးတက မေးတာမြန်းတာတွေနှင့် စိတ်အနှောင့် အယှက်ပိုအောင် မလုပ်ပါ။ ခုတော့ ဒါဟာ ဒေဝီ့စနက်ဖြစ်မည် သို့ ရွှေ ထင်မိပြီ။ ကလေးဖြစ်တဲ့ ဖြူဥကိုတောင် ဒီလိုပြောဖို့ သင်ထားတဲ့ ဒေဝီဟာ ဘာမထီ့ကိုလည်း ဘာဓာတ်လမ်းတွေ သိဆည်ထားပြီးလဲမှ မသိတာ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ကို ဘာမထီက အရင်ဆုံးမြင်သွားကာ အံ့အား သင့်သွားပုံနှင့် ထိုင်နေတဲ့ခုံမြင့်မှ ဆင်းလိုက်၍ ဒေဝီက ရွှေ့ဘက် လှည့်ကြည့်ကာ သိသွားပါသည်။ ပျက်သွားတဲ့ ဒေဝီ့မျက်နှာမှာ သွေးတောင်မရှိသလို။ သူလည်း ခုံမှချက်ချင်းဆင်းလိုက်ပြီး ရွှေ ထံ သူက ဦးဆောင်လျှောက်လာသည်။ နောက်က ဘာမထီ ပါလာပါသည်။

"နင် ဘာလာလုပ်တာလဲ"

ဒေဝီ့လေသံက သွားစေ့ပြောတဲ့အသံ။ အေး မာကျောနေသည်။ သူကပဲ မာကျောရသေးသည်။ ရွှေကလည်း ခပ်မာမာပင်။

"နင့်ဆီလာတာလေ"

ဘာမထီက အနားရောက်လာသည်။ ရွှေက ဘာမ ကို မကြည့် ဒေဝီကိုသာကြည့်ကာ ...

"နင် ဘာလုပ်ထားလဲ၊ နင့်ကိုယ်နင် အသိဆုံးဖြစ်မှာပေါ့"

"အဟက် ဟက် ... ဘာတွေ စိတ်ဆိုးလာတုန်း ရွှေ ကြောက်စရာကြီး၊ နင်ကလည်းဟာ ဘယ်သူနဲ့ဘာဖြစ် ပါ စိတ်လျှော့လိုက်ပါဟာ"

ဘာမထီ အနားရောက်လာမှန်းသိ၍ ဒီစကား တော့ ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်ရင်း ဘာမထီ့ဘက်လှည့်ကာ

"ရတယ် ... နင် ဟိုကပဲစောင့်နေ ဘာမထီ၊ အိမ်ကလာ ပါ၊ ငါတို့ချင်း ပြဿနာပါ၊ နင် ခဏဖယ်နေလိုက်၊ သူ ဟိုမှာပဲစောင့်"





ဘာမထီက ဒေဝီ့စကား ကြားပေမယ့် ရွှေ့ကိုသာ ကြည့်လျက် ...

"ရွှေ ... ဘာဖြစ်လို့လဲ၊ လာလေ ... အေးအေးဆေးဆေး ထိုင်ဦးလေ"

ရွှေက ဘာမထီ့ကို ခပ်တည်တည်ပဲ ကြည့်လိုက်ပါ သည်။

"နင် ခဏဖယ်ပေးပါ ဘာမထီ၊ ငါ သူနဲ့စာရင်းရှင်းစရာ ရှိလို့၊ သူ့သိက္ခာ သူ့မျက်နှာကိုထောက်ပြီး နင့်ရှေ့မှာ ငါ မပြောချင်ဘူး"

"ကဲ ... သွား ... သွား ... ဘာမထီရယ်၊ ငါ သူ့ကိုအဲဒါ တွေ စိတ်ညစ်တာ၊ ဖြစ်လိုက်ရင် အဲလို၊ ငါတို့အိမ်တွင်း ရေး ငါတို့ဘာသာ ရှင်းပါ့မယ်၊ နင် ရှောင်နေပေးပါ"

ဒေဝီက ပြောလည်းပြော ဘာမထီ့ကို ဟိုဘက်ဆွဲ ည့်ကာ ကျောကပါ တွန်းလွှတ်လိုက်၍ ဘာမထီက ရွှေ့ကို ပ်ငဲ့ငဲ့ကြည့်နေရင်းကပဲ ခပ်ဖြည်းဖြည်း လျှောက်လှမ်းကာ ထွက် သွားပါသည်။ ဘာမထီ လှည့်ကြည့် လှည့်ကြည့် လုပ်နေတာ ရွှေ သိပေမယ့် သူ့ထံပြန်မကြည့်ပါ။ ခုချိန်မှာ ဘာမထီ့ကိုပါ ရင်ထဲ မှာ နာကျင်ချင်သလို ဖြစ်နေပါသည်။ သူတို့ချင်းက ဆိုင်မှာ လိုတွေ့တွေ့နေကျလား။ ဒေဝီ ပြောဆိုထားမည့် စကားတွေကို ားဝင်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



ခုလို မမျှော်လင့်ဘဲ နှစ်ယောက်တွဲ မြင်လိုက်ရတော ရင်မှာ တော်တော်နာသည်။

"ကဲ ... ပြော၊ ဘာဖြစ်တာလဲ"

ဘာမထိ မရှိတော့သည်နှင့် ဒေဝီ့ရုပ်က ပြောင်းသွား သည်။

"အေး ... ငါ တိုတိုပဲပြောမယ်၊ နင် ဖြူဥကို ဘာတွေသင် ထားလဲ"

ဒေဝီက မေးကိုပင့်ကာ မျက်လုံးကို စောင်းကာ ကြည့်ရင်း ...

"ငါဘာသင်လို့လဲ"

"ငါက သူ့အမေဆိုပြီး ဘာမထိုကို ပြောဖို့လေ" .

"ဘာ ... ဘာတွေ လာပြောနေတာလဲ၊ ငါ ဘယ်မှာသင် လို့လဲ"

"နင် လုံးဝခြောင်မလိမ်နဲ့ ဒေဝီ၊ ငါ့ရဲ့မျက်နှာထောက်ထား မှုတွေကို အမြစ်ပါပြုတ်အောင် နင် ဆွဲမနုတ်နဲ့။ နင်မသင် ဘဲ ကလေးခေါင်းထဲ ဒီစကား မရောက်ဘူး၊ ဖြူဥကို အဖေကိုယ်တိုင် စစ်မေးပြီးပြီ"

"ဘာ ... ဒီဦးလေးလုပ်သူကလည်း လူကြီးနေရာ မနေဘဲ လူငယ်တွေကိစ္စထဲ ဝင်ဝင်ပါနေစရာလား"

"အဲဒါ နင့်ဦးလေးပါ၊ နင် မရိုင်းပါနဲ့၊ ဒါ လူကြီးကိစ္စ လူငယ်ကိစ္စ မဟုတ်ဘူး၊ လူတစ်ယောက်ကို လုပ်ကြ





ချောက်ထဲတွန်းချတဲ့ကိစ္စ၊ အဖေ ဝင်ပါတာ မဆန်းဘူး"

"ငါပြောတာ အဲဒီအဓိပ္ပာယ် မဟုတ်ဘူး၊ ရှေ့က နင့်ကို အမေတစ်ယောက်လို ချစ်နေတာလို့ပဲ ပြောတာ၊ အဲဒါမှား လို့လား၊ ပြီးတော့ နင်ယောက်ျားယူရင် သူ့ကိုထားခဲ့မှာ ဆိုတော့ ..."

"ငါဟာငါ ယောက်ျားယူယူ မယူယူ ဖြူဥကို ထားခဲ့ခဲ့ မထားခဲ့ခဲ့ ငါ့ကိစ္စမှာ နင့်အပူ တစ်ပြားသားမှ မပါဘူး ဒေဝီ၊ မအေလိုချစ်တဲ့ ငါက ထားခဲ့ရင် မအေရင်းဖြစ်တဲ့ နင်က ဖြူဥကို တာဝန်ယူလိုက်ပေါ့၊ နင်တစ်ယောက်လုံး ရှိတာပဲ"

"ဘာ ... နင် ... နင် တိုးတိုးပြောစမ်း၊ နင် ဘာမထိကြား အောင် လုပ်နေတာလား"

ဒေဝီ့မျက်လုံးများ ဝိုင်းကျယ်ကာ ပြူးပြူးပျာပျာ ဖြစ်သွားပါသည်။

"အဟင်း ... နင် ဘာမထိုကို အဲလောက် ကလိမ်ကကျစ် ကျပြီး အဲလောက်တောင် လိုချင်နေတာလား ဒေဝီ။ နင် လိုချင်ရင် ယူလိုက် ... နားလည်လား၊ ငါ့ကို အခု ဖြူဥ ဆီမှာ မဟုတ်တရုတ်သင်သလို တခြားမှာ မဟုတ်တရုတ် နာမည်ဖျက်တာမျိုး သပုပ်လေလွင့် လျှောက်ပြောတာမျိုး တော့ ပြောရဲရင် ပြောကြည့်၊ ငါတစ်သက်လုံး ပိတ်ထားတဲ့ နှုတ်ကိုဖွင့်ပြီး အားလုံးသိအောင် ကြေညာလိုက်မယ် နား



www.burmeseclassic.com

www.burmeseclassic.com



လည်လား၊ ထောက်ထားမှုဆိုတာ တစ်ဖက်တည်းမှာပဲ ရှိရတဲ့ ကိစ္စမဟုတ်ဘူး ဒေဝီ၊ နှစ်ဦးနှစ်ဖက် မျှမျှတတ ထားရှိရတဲ့ကိစ္စမျိုး ...

နင်လို နင့်ဘက်တစ်ဖက်တည်း သိတတ်တဲ့ မိန်းမမျိုးကို နည်းနည်းပါးပါး ကိုယ်ချင်းစာဖို့ ဆိုတာမျိုးလည်း ငါ မပြောလိုတော့ဘူး၊ ကိုယ့်ဗိုက်ကထွက်ထားတဲ့ ကလေးကိုတောင် ပိုင်ရှင်မဟုတ်သလို နည်းနည်းလေးမှ မငဲ့ညှာ မထောက်ထား သံယောဇဉ်မကြီးတဲ့ မိန်းမဆီက ငါ့အတွက် ငါဘာမှ မတောင်းဆိုချင်ပါဘူး၊ ဖြူဥအတွက်တော့ နင် နည်းနည်းပါးပါး ငဲ့ကြည့်ဖို့ ငါ တောင်းဆိုတယ် ဒေဝီ၊ နင် ဘယ်တုန်းကမှ ငါ့အပေါ် မတရားခဲ့တာ မငဲ့ညှာခဲ့တာတွေလည်း ရှိပါစေ၊ နင်လိုမိန်းမဆီက တရားမျှတမှု ငဲ့ညှာမှု စာနာမှုကိုလည်း ငါ မမျှော်လင့်ပါဘူး၊ မယုတ်မာရင် တော်ပြီ"

ရွှေက ပြောချင်တဲ့စကား ကုန်တဲ့နောက် ချာခနဲ လှည့်ထွက်ခဲ့ပါသည်။

○ ❀ ○





(၁၇)

အလုပ်ကိစ္စ လိုအပ်ချက်တစ်ခုကြောင့် စင်ကာပူကို သူ လေးရက်လောက် ထွက်သွားလိုက်ရပါသည်။ မသွားခင်အချိန်တွေတည်းက ဘာမထီနှင့် ရွှေ့ဆက်ဆံရေးက ခံစားချက်တစ်ခု အခုအခံနှင့် တစ်မျိုးလေး အေးစက်ခဲ့ပါသည်။ ဘာမထီ့ဘက်က စိတ်လက်ရှုပ်ထွေးကာ ဟက်ဟက်ပက်ပက် မရှိတာလေးကတော့ စတင်ခဲ့ပေမယ့် သူ့အသိစိတ်ထဲမှာ ဘာကိုမှ လက်ခံယုံကြည်မရအောင် ရှုပ်ထွေးနေတာကလွဲလို့ သူ ရွှေ့ကို ပစ်ပစ်ခါခါ ခံစားလို့တော့ မရပါ။

သူ့ရင်ထဲက မတင်ကျမှုတွေ တစ်ပွေ့တစ်ပိုက်နှင့်ပင် သူ ရွှေ့အိမ်ကိုတော့ ရောက်ခဲ့သေးတာပဲ။ ဒါကြောင့်လည်း ဖြူဥထံက အံ့ဩစဖွယ် စကားတစ်ခွန်းကို သူ ကြားခဲ့ရတာလေ။ သူ့စိတ်ထဲတွင် ရွှေ့ကို နှစ်နှစ်ကာကာ ချစ်မိသည်မှစ၍ ဦးမိုးနောင်တို့ ဖြူဥတို့ဟာ သူ့ဆွေမျိုးသားချင်းလို သွေးသားရင်းတွေလို ချစ်ခင်ခြင်းမျိုး သူ့ရင်ထဲ ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ... ဖြူဥစကားကြောင့် သူ ဒေဝီနှင့်တွေ့ချင်ခဲ့တာ။ သူ့စိတ်ထဲမှာ တည့်တည့်ဘွင်းဘွင်းကြီး ကြားနေရတဲ့ စကားတစ်ခွန်းကို အပြည့်အဝ မယုံနိုင်သော်လည်း အကယ်၍ ဤစကားမှန်ခဲ့သည်ရှိသော် ဆိုတာကိုလည်း ထည့်စဉ်းစားပါသည်။ ဒါကြောင့်လည်း ဒေဝီနှင့် သွားတွေ့မိတာ။

ဆိုင်ကို မမျှော်လင့်ဘဲ ရောက်လာတဲ့ ရွှေက သူနှင့် ဒေဝီ့ကိုတွေ့တော့ သူ့အပေါ် ကြည်လင်ကျေလည်လိမ့်မည်မဟုတ်ပါ။ သို့သော် ဒေဝီ့ထံ ဘာကြောင့် ရောက်လာရပါတယ်ဆိုတာ ရှင်းပြတာထက် နှုတ်ဆိတ်နေလိုက်တာကသာ ပိုပြီးပြေပြေလည်လည်ရှိမယ် သူ ထင်သည်။ ဒါကြောင့် နောက်နေ့ ရုံးမှာလည်း ရွှေ့ကို ဘာကြောင့် ညာကြောင့်ဆိုတဲ့ ဖြေရှင်းချက် မပေးမိခဲ့။ ရွှေကလည်း အဲဒီနေ့ကစပြီး သူ့ကို မျက်နှာထားခပ်မှန်မှန်နှင့် မကြည်မလင် ဆက်ဆံသည်။

တစ်ဦးကိုတစ်ဦး အကျိုးအကြောင်း မဖြေရှင်းဖြစ်ကြဘဲ စကားပြောတယ်ဆိုရုံမျှလောက်သာ ပြောဖြစ်ခဲ့တာ။ သူ စင်ကာပူကို မထွက်ခင်နေ့ကတော့ ဝန်ထမ်းအားလုံးကို မျက်နှာစုံညီ အစည်းအဝေးကလေးသဘောမျိုးနှင့် သူသွားမယ့်အကြောင်း ကဏ္ဍအသီးသီး ဒီလေးငါးရက်အတွင်း ပြီးစီးထားစေလိုသော လုပ်ငန်းလေးတွေ ညွှန်ကြားပါသည်။ မနေ့ညနေက ခရီးကပြန်ရောက်ပြီး ဒီမနက်မှ ရုံးရောက်လာတော့ သူ့စားပွဲပေါ်မှာ စာအိတ်ဖြူတစ်အိတ်ကို တခြားဖိုင်တွေနှင့် မရောနှော သီးခြားတွေ့သည်။





ဖွင့်ကြည့်လိုက်တော့ ရွှေရဲ့ထွက်စာ ဖြစ်နေပါသည်။ သူ့ရင်ထဲ တင်းခနဲ ထောင်းခနဲ ဖြစ်သွားပြီး ချက်ချင်းခေါ်မေးလိုက်ချင်ပေမယ့် အခြေအနေကို ထောက်ထား၍ ခဏအောင့်ထားလိုက်ရပါသည်။ ထမင်းစားချိန်လောက်ကျမှ သူ့အခန်းထဲက ထွက်လာကာ ရွှေ့စားပွဲအနား ရပ်လိုက်သည်။

"ထမင်းသွားစားရအောင်"

"ငါ ထမင်းဘူးပါတယ်"

"ပါလည်း ထားလိုက်၊ အပြင်မှာ စားကြရအောင်"

"နင့်ဟာနင်ပဲ သွားစားလိုက်ပါ၊ ငါ ထမင်းဘူးပဲစားမယ်"

"သိပ်စားချင်ရင်လည်း အဲဒီထမင်းဘူးပါယူခဲ့၊ အပြင်ကိုတော့လိုက်ခဲ့"

အဲဒီတော့မှ ရွှေက မော့ကြည့်လာဖော်ရကာ ကြည့်တဲ့မျက်ဝန်းများက မထုံတက်တေး ပေကတ်ကတ်ပင်။

"အဲဒါ အမိန့်ပေးတာလား ဘာမထီ"

သူက ရွှေ့ကို စေ့စေ့ပြန်ကြည့်လိုက်ပါသည်။

"ဟုတ်တယ်"

"ဒါဆို ပြီးတာပဲ"

ရွှေက သူ့စားပွဲပေါ်က ဖိုင်တွေ တဖျပ်ဖျပ်ပိတ်သိမ်း၊ ကွန်ပျူတာကိုပိတ် ဂျစ်ကန်ကန်ရုပ်နှင့် လက်စသတ်ကာ ထ,ရပ်သည်။ ချစ်စရာကောင်းသော ရုပ်ကလေးနှင့် ရွှေ့မှာ ဤကဲ့သို့သော မထီတထီ အမြင်ကတ်စရာဟန်ပန်မျိုးလည်းရှိခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမထိ ခုမှပဲ သိရသည်။ လုပ်နေပုံကိုက။ ဒါကြောင့်လည်း ကိုယ့်အလုပ်ခွင်ထဲက လက်အောက်ငယ်သား ကိုယ့်ဝန်ထမ်း ချစ်သူမတော်သင့်တာ။ တော်လျှင် အရှိုသေတန်တာ ခံရမှာပင်

ရွှေက ဘာမထိနောက်က ပါလာကာ ကားပေါ် လာပေမယ့် နှုတ်ဆိတ်နေပါသည်။ ဘာမထိကလည်း စိတ်တိုနေ၍ ဘာမှမပြောဖြစ်ပါ။ ဆိုင်ကိုရောက်၍ နေရာယူပြီးမှ ဘာမထိ စိတ်ကိုဖြေလျှော့ကာ ...

"ဘာမှာမလဲ ရွှေလေး"

"မမှာဘူးလေ၊ ငါ ဒီမှာ ထမင်းဘူး ပါလာတယ်"

"တစ်ခုခုတော့ စားလေ၊ ဆိုင်ရောက်နေမှပဲ ထမင်းဘူး စားမနေပါနဲ့"

"အမြဲတမ်း မရနိုင်တဲ့အရာတွေကို အစမျိုး အကျင့်လုပ် မထားတာ ကောင်းပါတယ်၊ အကျင့်ပါသွားရင် ကိုယ် ဒုက္ခရောက်မှာ"

"နင်က ဘာဖြစ်နေတာလဲ ရွှေ"

"ဘာမှ မဖြစ်ပါဘူး"

ဘာမထိက အနားရောက်နေသော စားပွဲထိုး အသင့်အတင့်သော ဟင်းတချို့ လှည့်မှာလိုက်ကာ ဘောင်း အိတ်ထဲ ခေါက်လိပ်ထည့်လာသော စာအိတ်ကိုထုတ်၍ စားပွဲပေါ် တင်လိုက်ရင်း ...

"ဒါ ... ဘာလဲ"





"ဘာလဲ၊ ဩော် ... ငါ့ထွက်စာလား၊ ကြည့်စမ်း ... ငါ့ စာအိတ်ကို တွန့်လိပ်ပစ်တယ်"

"နင် ဒါ ဘာလုပ်တာလဲ ရွှေ"

"ငါ ဒီမှာ အလုပ်လုပ်ရတာ အဆင်မပြေဘူး။ ဒါကြောင့် ထွက်မလို့"

"နင်အဆင်မပြေအောင် ငါ ဘာလုပ်မိလဲ"

"နင် အပြစ်မရှိပါဘူး၊ အပြစ်ရှိတာ ငါပါ"

"နင်အရင်အလုပ်လည်း ပြန်ဝင်လို့ရတော့တာ မဟုတ်ဘဲ နဲ့"

"အရင်အလုပ် ပြန်ဝင်လို့ မရတော့တာ ငါသိတယ်၊ ဒါကြောင့် ပြောင်းလာမိတဲ့ ငါ့ကိုယ်ငါ စိတ်တိုတယ်၊ အလုပ်ပဲဟာ ရှာရင် ရမှာပေါ့၊ တစ်လ နှစ်လပေါ့၊ ငါက အလုပ်ရွေးနေမှာလည်း မဟုတ်ဘူး၊ နင်ပေးနေတဲ့လစာမျိုး ရမှ လုပ်မှာလည်း မဟုတ်ဘူး၊ အရင်လစာမျိုးရလည်းဖြစ် တယ်၊ တစ်လ နှစ်လ အလုပ်မရဘဲ ထိုင်နေလို့လည်း ထမင်းငတ်နိုင်တဲ့ အနေအထားလောက်တော့ မဟုတ်သေး ဘူး"

"ရွှေ"

ရွှေက ထမင်းဘူးကိုဖွင့်ကာ ထမင်းတွေ တစ်လုတ် ပြီးတစ်လုတ် စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ဘာလုပ်မိလို့လဲ၊ ငါဘာမှားမိလို့လဲ တစ်ခုပဲ ရှိတယ်၊ ငါနဲ့ ဒေဝီဆက်ဆံရေးအပေါ် နင်အမြင်မရှင်းဘူး ထင်တယ်၊ သူ့ကို သူငယ်ချင်းဟောင်း နင့်အစ်မအဖြစ် ဆက်ဆံတာကလွဲရင် တခြား ဘာအကန့်မှ မရှိဘူးဆိုတာ နင် နားမလည်ဘူးလား"

"ဘာမှ ဖြေရှင်းမနေပါနဲ့ဟာ၊ နင့်မှာ နင်လုပ်ချင်တာလုပ် လို့ရတဲ့ နင့်ကိုယ်ပိုင်အခွင့်အရေး ရှိတာပဲ"

"ငါက ဘာလုပ်ချင်နေလို့လဲ၊ ဘာကောလုပ်နေလို့လဲ၊ နင့်ရဲ့ ဒီထွက်စာကိုရော ငါက အရေးတယူ လုပ်မယ်ထင် နေလား၊ လုံးဝ အဓိပ္ပာယ်မရှိတာ"

ပြောပြောဆိုဆို ဘာမထီက စာအိတ်ကို တဖြိုဖြိုနှင့် သုံးလေးချက် ဆွဲဆွဲဆုတ်ပစ်လိုက်ပါသည်။ ရွှေက ထမင်းတွေ ပါးဖောင်းအောင် ဝါးနေရင်းက စက္ကူစုတ်တွေကို ခပ်ပေပေကြည့် နေသည်။

"နင့်ကို အလုပ်ထွက်ခွင့် မပြုဘူး နားလည်လား၊ ငါ့ရုံးက ဝင်ချည်ထွက်ချည် ကြိုက်သလိုလုပ်လို့ရတဲ့ ဇရပ်မဟုတ် ဘူး၊ ခုဝင်မယ် ခုထွက်မယ် မရဘူး"

"အလုပ်ဝင်တုန်းက ငါ့သဘောနဲ့ ငါထွက်ရင် ဘယ်နှလစာ လျော်ပါ့မယ် ဘာညာ စာချုပ်ချုပ်ထားတာမို့လို့လား၊ နင် ထွက်ခွင့်ပြုပြု မပြုပြု ငါ ရုံးမလာတော့ရင် နင့်ဆီက ထွက်ပြီးသား ဖြစ်တာပဲ၊ ငါ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ဒီနေ့ထွက်





ဒီနေ့မလာတော့မှာမျိုးလည်း မဟုတ်ဘူး၊ လကုန်မှထွက် မှာ၊ စည်းကမ်းရှိရှိ ထွက်မှာပါ"

"နင် ဘာကိုမကျေနပ်တာလဲ ရွှေ"

နွမ်းလျနေတဲ့ ဘာမထီ မျက်နှာကို ရွှေက တစ်ချက် ကြည့်လိုက်ပါသည်။

"လူတွေမှာ လုပ်ဖို့ဝန်လေးတာတွေ အမျိုးမျိုးရှိကြတယ်၊ ငါက တစ်ခုခုကို ငြင်းခုန်လုယက် ရန်ဖြစ်ပြီး သူ့သိက္ခာ ကိုယ်ချ ကိုယ့်သိက္ခာသူချ မလိုလားအပ်ဘဲ အရှက်မရှိ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရတဲ့ အဖြစ်မျိုးတွေကို မုန်း တယ် ဝန်လေးတယ်၊ ပြဿနာတစ်ခုခု ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာရင် ငါ နားအေးပါးအေး အဖြစ်ဆုံးနည်းနဲ့ပဲ ဖြေ ရှင်းတယ်၊ နင် ငါ့ကို ဘာမှအပြစ်မကျူးလွန်ဘူး၊ အမှား မရှိပါဘူး ဘာမထီ၊ နင်လွန်တာ တစ်ခုမှ မရှိပါဘူး၊ ငါနဲ့ ဒေဝီ့ပြဿနာပါ ...

ညီအစ်မဝမ်းကွဲအဖြစ် သွေးမစပ်ဘဲနဲ့ ညီအစ်မ ဝမ်းကွဲဖြစ်နေရတဲ့ ဒေဝီနဲ့ ငါက တစ်ယောက်ယောက်က ရှောင်မှ ရန်ငြိမ်းမယ့်သူတွေပါ၊ သူက ဘယ်တော့မှရှောင် မှာ မဟုတ်တဲ့အတွက် ငါက ရှောင်ရမယ်၊ ဟိုးငယ်ငယ် တုန်းကတည်းက အဲဒီအတိုင်းပဲ ငါရှောင်ခဲ့တယ်၊ ရန်ရှောင် တယ်၊ ပြဿနာတစ်ခုကို အလျှော့ပေးတယ်ဆိုတာ ရှုံးတာ မဟုတ်ဘူးလို့ပဲ ငါခံယူတယ်၊ သူ့မျက်နှာမထောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငါထောက်ရမှာတွေရှိတယ် အဖေက သူ့ဦးလေးအရင်း ပြီးတော့ အဖေက ငါ့ကျေးဇူးရှင်၊ အဖေရင်းလည်း ဒီထက် ပိုမကောင်းနိုင်တော့တဲ့ အဖေမျိုး ...

နင်နဲ့ဒေဝီရဲ့ ရင်းနှီးမှုအတိုင်းအတာ ပတ်သက်မှု အတိုင်းအတာတွေကို ငါ မသိသလို သိလည်း မသိချင် ဘူး၊ ငါသိတာက ငါ့ကို အခု ဒေဝီ ရန်ရှာနေတာ ဘာ ကြောင့်လဲ ဆိုတာပဲ၊ ဘယ်လိုရှောင်ရမလဲဆိုတာ ငါသိ တယ်"

"နင်က ငါ့ကို ထည့်မတွက်တော့တာလား ရွှေလေး"

"နင်ကသာ ဒေဝီ့ကိုပါ ထည့်တွက်ဖို့ စဉ်းစားပါ၊ ဘာ ဖြစ်ဖြစ် နင် သူ့ကို ခုချိန်ထိ ဆွဲခေါ်လာပြီးပြီ၊ ငါ့ဘ ယိမ်းမယ်ဆိုပြီး ခုမှ ကန်ထုတ်လို့ ရမလား"

"ဘာ ... ငါက ဆွဲခေါ်လာတယ်၊ ငါက ဘယ်လိုဆွဲခေါ် လာမိတာလဲ"

"နင် သူ့ကို နင့်ဆိုင်မှာ အလုပ်ခန့်လိုက်ကတည်းက စ,တာပဲ"

"ဟာ ... ငါ သူ့ကို လုံးဝအလုပ်မခန့်ဘူးနော် ရွှေ၊ သူ ဒီမှာ အလုပ်ဝင်နေတာ သီချင်းဆိုနေတာ အတော်ကြာ ငါ ပြန်ရောက်လာပြီး သူရှိနေတာ ငါသိတာ"

"အို ... နင် သူ့ကိုတိုင်ပင်တယ်၊ မေးမြန်းပြောဆိုတယ် နင့်ဆီခေါ်တယ်၊ သူ့ဆီသွားတယ်၊ ငါမနာလိုနေတာမဟုတ်





ဘူးနော်၊ နင်လုပ်လို့ရတယ်၊ အဲလိုလုပ်ခဲ့ပြီးမှ အလွယ်က လေးဖြတ်ချခဲ့ တောက်ချခဲ့လို့တော့ မရဘူး"

"သူကသာ ငါ့ကိုတိုင်ပင်တာ မေးမြန်းပြောဆိုတာ၊ ငါ မခေါ်ဘူး သူပဲခေါ်တာ၊ ငါမသွားဘူး သူပဲလာတာ"

"အဟင်း ဟင်း ... ဒါဖြင့် ဟိုညနေက သူ့ဆီသွားတာ မဟုတ်ဘူး၊ ဆိုင်ကိုသက်သက် သွားတာမျိုးပေါ့ ဟုတ်လား၊ မမျှော်လင့်ဘဲ တွေ့ကြလို့ ဘားကောင်တာမှာ ယှဉ်ထိုင်မိ တာမျိုးပေါ့ ဟုတ်လား၊ သူကဖန်တီးသလား နင်ကဖန်တီး သလား ကံဇာတ်ဆရာကဖန်တီးသလားတော့ တရားခံ မကွဲပြားပါဘူး၊ ဒါပေမဲ့ ကျောင်းသားဘဝတုန်းက ရိသွဲ့သွဲ့ ဇာတ်လမ်း ရှိခဲ့ဖူးရင် ကြီးတဲ့အခါ ဘာမှမရည်ရွယ်ဘူးဆို ရင်တော့ ခပ်ကင်းကင်း နေနိုင်သင့်တာပေါ့ ဘာမထိ"

"ကျောင်းသားဘဝက ? ... ရိသွဲ့သွဲ့ဇာတ်လမ်း ? ... နင် ဘာတွေပြောနေတာလဲ ရွှေ၊ ကျောင်းမှာတုန်းက ရွှေတဆုပ် ဆိုတဲ့ ကောင်မလေးကိုကလွဲရင် ငါ ဘယ်သူ့ကိုမှလဲ ရိသွဲ့သွဲ့ မလုပ်ဘူး၊ ဘာဇာတ်လမ်းမှလဲ မရှိဘူး၊ ဘာလဲ အဲဒါ နင့်ကို ဒေဝီပြောထားတဲ့ ဇာတ်လမ်းလား"

ရွှေက ဘာမထိကိုသာ စိုက်ကြည့်နေလိုက်မိပါသည်။

ဘာမထိက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

"ဒေဝီ နင့်ကိုပြောထားတာတွေ ရှိမယ်၊ ငါ့ကို ပြောထား တာတွေလည်း ရှိတယ်၊ ဒါပေမဲ့ နင်ကတော့ ငါ့ကို အမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူးလား ရွှေ၊ နင့်မှာ ငါ့ကို ဘာမှပြောစရာစကား တွေ မရှိဘူးလား ရွှေလေး၊ ငါကြားချင်ပါတယ်၊ သိချင် ပါတယ်၊ နင် ပြောလို့ရတာတွေ အများကြီးပါ ရွှေ၊ ငါ မသိတာတွေ နင် မပြောရသေးတာတွေ အများကြီးရှိ ပါ"

ရွှေက မဲ့ပြုံးလေး ပြုံးမိပါသည်။

"ဟင့်အင်း မရှိဘူး၊ ငါ့ကို ငါ့ရဲ့မိခင်ရင်းက ဆေးရုံ စွန့်ပစ်ခဲ့လို့ သူနာပြုဆရာမကြီးဖြစ်တဲ့ အမိုးက ငါ့ကို စားခဲ့တယ်၊ အဲဒါ နင့်ကို ငါပြောပြပြီးသားပါ၊ အဲဒီ နောက်မှာ ဒီနေ့ ဒီအချိန်ထိ ငါ့ဘဝ ငါ့အကြောင်း ဇာတ်ကြောင်းဖွဲ့ ပြောစရာ ဘာမှမရှိဘဲ ရိုးရိုးစင်းစင်း ကြီးပြင်းလာတယ်၊ ငါက ဒီထက်ပိုပြီး နင့်ကို ဘာတွေ ရှဦးမှာလဲ"

ဘာမထီနှင့် ရွှေရဲ့မျက်ဝန်းနှစ်စုံက စူးစိုက်ဆုံ နေပါသည်။

"ဖြူဥက နင့်သမီးဆိုတာ တကယ်လား"

ဘာမထို့အသံက တိုးညင်းအားပျော့နေသည်။ ရွှေ နှုတ်ခမ်းလေးက တစ်ချက် ကွေးတွန့်မဲ့သွားကာ စားလက်စထမင်း ဘူးကို ပိတ်သိမ်းလိုက်ပါသည်။

"မဟုတ်ဘူး မဟုတ်လား၊ နင်နဲ့ ဘာမှမဆိုင်ဘူး မဟုတ် လား"





ရွှေက ပြုံးမဲ့မဲ့နှင့် သူ့ထမင်းဘူးခြင်းကို သိမ်းဆည်း နေရင်းက ...

"ဆိုင်တယ် ... ငါနဲ့ ဆိုင်တယ်၊ ဖြူဥက ငါနဲ့မဆိုင်ဘူး လို့ ငါ ဘယ်တော့မှ မပြောနိုင်ဘူး"

ရွှေက ထိုင်ရာမှ ထ,ရပ်လိုက်ပါသည်။

"ဖြူဥက ငါတစ်သက်လုံး စောင့်ရှောက်ရမယ့် ကလေး၊ စောင့်ရှောက်သွားမယ့် ကလေး၊ ငါကလွဲပြီးလည်း သူ့မှာ အားကိုးစရာမရှိဘူး၊ ဖြူဥက ငါ့ကိုသိပ်ချစ်ရှာတယ်၊ ငါ လည်း သူ့ကိုချစ်တယ်၊ သူ့ဆန္ဒမရှိဘဲ သူနဲ့ ငါ ဘယ်တော့ မှ ခွဲမှာမဟုတ်ဘူး၊ ငါဟာ သူ့အမေသာဆိုရင် ငါကောင်း စားဖို့ ကိုယ့်သမီးကိုယ် စွန့်ထားပစ်ထားမယ့် အမေမျိုးထဲ ငါ မပါဘူး"

ရွှေက သူ့ပစ္စည်းတွေ ကောက်ယူကာ ချာခနဲလှည့် ထွက်လာပါသည်။

○ ၆ ○

ညလုံးပေါက် လုံးဝအိပ်မပျော်ကာ စဉ်းစားခန်းဝင် ရလွန်း၍ ဦးနှောက်တွေပင် ပတ်ကြားအက် ခြောက်ကပ်ကုန်ပြီ လား ထင်မိသည်။ စဉ်းစားရင်း စဉ်းစားရင်းက အေးစိမ့်အောင် အပူချိန်နှိမ့်ထားသည့် အဲကွန်းအခန်းထဲ ချွေးတွေလည်း ခဏခဏ ပြန်တက်လာပါသည်။ အခန်းထဲယူထားတဲ့ ရေခဲရေဘူးလည်း တစ်ကျိုက်ပြီးတစ်ကျိုက် မော့ကာ ပြောင်တလင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေလေး ...။ မင်းက တစ်ချိန်က တကယ်ပဲ တော ရွာကလေးတစ်ရွာကိုသွားပြီး မထင်မရှား ကလေးလေးတစ်ယောက် ကို ...။ အို ... မတွေးရက်ပါ။ မတွေးရဲပါဘူး။ ဘယ်ဘက်က လှည့်တွေးလို့မှ အဆုံးထိမတွေးရဲပါ။ ရွှေ ပြောဆိုနေတဲ့ စကား တွေအရ မဟုတ်ဘူး ထင်ပါရဲ့။ ဟုတ်တယ်ဆိုရင်ကော။ ဒါနဲ့ပဲ အတွေးက ချာလပတ်လည်နေကာ အဆုံးမသတ်ပါ။ မဟုတ်ပါ စေနဲ့ဆိုတဲ့ဆန္ဒက ပြင်းပြနေပေမယ့် ဟုတ်နေခဲ့ရင် သူက ရွှေ့ကို လက်လွှတ်ဆုံးရှုံး မခံနိုင်တာမျိုး အသည်းနှလုံးက ခိုင်မာလို့လား။

သူ ရွှေ့ကို လက်မလွှတ်နိုင်ပါ။ ရွှေ့ကို သူသိပ်ချစ် ပါသည်။

မိုးလင်းလျှင် မျက်လုံးတွေကျိန်းစပ် ခေါင်းတွေမူး နောက်ကာ စင်ကာပူက မေမေ့ထံ ဗိုင်ဗာနှင့် ဖုန်းခေါ်လိုက်ပါ သည်။

"ဟဲ့ ... သား၊ ဘာဖြစ်တုန်း၊ မိုးလင်းလင်းချင်းကြီး စိတ် ပူလိုက်တာ"

"မေ"

"ဟေ ... ပြောလေ သား၊ ဘာလဲ"

"မေ့ကို မေးမလို့ပါ"

"မေးလေ"

"သား ... သားလေ ... တကယ်လို့ မိန်းကလေးတစ် ယောက်ကို ချစ်ခဲ့မိရင် ..."





"ဟင် ... ငါ့သားလေးက ချစ်သူတွေ့နေပြီလား၊ ဘယ်သူ တုန်းသား"

"သူ့ ... သူ့မှာ ကလေးလေးတစ်ယောက် ရှိနေခဲ့ရင် မေ သဘောတူနိုင်မလား"

"ဘာ"

မေမေ့အသံက အလန့်တကြား ရှိလှပါသည်။ မေး ခိုပြီးမှ ငါ ရှုံးတာပဲဟု တွေးမိပါသည်။

"ကလေးရှိတဲ့ မိန်းလေးကို ? ဟုတ်လား၊ သဘောမတူပါ ဘူး ဘယ်လိုလုပ် သဘောတူနိုင်ပါ့မလဲ"

"အိုကေ ... အိုကေ ... သားလည်း အဲလိုပဲ ပြောလိမ့်မယ် မျှော်လင့်ပြီးသားပါ"

"သား ... ဘာမထိ၊ လုံးဝပဲနော်၊ မေမေ လုံးဝသဘောမတူ ဘူး၊ ငါ့သားက လူပျိုနနထွတ်ထွတ်ကို၊ ဘာအကြောင်း ပြချက်နဲ့ ကလေးအမေနဲ့ သဘောတူရမှာတုန်း၊ အမိဘယ် မရှိတာ၊ အပျိုစင်လေး ဖြစ်လို့ကတော့ ငါ့သားသာချစ်ရင် ဆင်းရဲရဲ ချမ်းသာသာ မေမေ သဘောတူနိုင်ပါတယ် သားရယ်၊ မိုက်ရူးရဲတွေ မလုပ်ပါနဲ့၊ မဖြစ်ဘူး ... မေမေ ပြန်လာခဲ့ဦးမယ် ရန်ကုန်ကို"

"မလာပါနဲ့ မေမေ၊ ရပါတယ်၊ စိတ်မပူပါနဲ့၊ ဒါပဲနော်"

သူ ဖုန်းကို ရင်နာနာနှင့် ပိတ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

ဘာမထီက နာရီတစ်ချက်ကြည့်ကာ ဘေးကသူငယ်ချင်းတွေရှေ့က ဖန်ခွက်တွေထဲ ဒပ်ဘယ်လ်ဘလက်ခ်ပုလင်းကို လိုက်ငှဲ့ဖြည့်လိုက်ပါသည်။

"ဟိုကောင်တွေ နောက်ကျနေတယ်ကွာ"

"အေးလေ ... မင်းပြောတော့ ခုနစ်ယောက် ရှစ်ယောက် လာမယ်ဆိုတာ၊ အခု လေးယောက်တည်း ရောက်နေသေးတယ်"

"အေး ... ဟုတ်တယ်၊ အောင်ဇော်တို့ လာဦးမယ် အောင်ဇော်က ဝေလင်းအောင်တို့ ဖြိုးမင်းတို့ သူခေါ်လာမယ် ပြောတာ"

"မိုးတွေက ရွာနေတော့ ရေကြီးနေပြီထင်တယ် လမ်းမှာ"

"အေး ... စောစောမှ မလာတာ၊ မိုးက တဖြည်းဖြည်းကြီးလာပြီ"





ဒီနေ့အဖို့ ဘာမထီက သူ့ဆိုင်မှာပဲ အားလုံးကို သူ တာဝန်ယူတိုက်မည် ကျွေးမည်ဟု ဖိတ်လိုက်တာပါ။ တစ်ယောက်က နက်ဖြန်မနက်စောစော ခရီးထွက်စရာရှိတာမို့ စောစောဆုံကြပြီး စောစောလမ်းခွဲပြန်ကြမည်လို့ ချိန်းဆိုကာ ငါးနာရီကတည်းက စဆုံကြဖို့ စီစဉ်ထားတာ။ အခုပဲ ခြောက်နာရီခွဲနေပြီ။ လွတ်လွတ်လပ်လပ် စကားပြောဆိုနိုင်ရန် သူက သီးသန့်ခန်းကလေး ယူထားပါသည်။ ကိုယ်က အိမ်ရှင်တကာမို့ ရန်နိုင်နှင့်အတူ အစောကြီးရောက်ကာ သူငယ်ချင်းတွေ မရောက်မီကတည်းက ကိုကျော်ကြီးနှင့် စ,နေ နွှဲနေတာ။

ခဏနေ သူငယ်ချင်းတွေ စ,ရောက်လာတော့ ကိုကျော်ကြီးက နှုတ်ဆက်ပြီး ဝိုင်းကထွက်သွားပါသည်။ လေးနာရီလောက်ကတည်းက တစိမ့်စိမ့် သောက်ဖြစ်နေတာ။ သူ့ဟာနှင့်သူ စိတ်ညစ် စိတ်ရှုပ်နေတာတွေကြောင့်လည်း ပါမည်ထင်သည်။ သောက်နေသိပ်မကျသော်လည်း သူ များများသောက်ဖြစ်ခဲ့သည်။

ဒါကြောင့် နည်းနည်းလည်း ရီဝေယစ်တွေနေကာ လူက ပူထူထူ စပ်ဖျဉ်းဖျဉ်း ဖြစ်နေပါသည်။ နေရင်း ထိုင်ရင်းက အောင်ဇော်ကို ဒေါသထွက်လာလေသည်။ ဘာမထီက ဖုန်းထုတ်ကာ အောင်ဇော့်နံပါတ်ကို နှိပ်လိုက်ပါသည်။

"ဟယ်လို"

အကြာကြီး ခေါ်နေပြီးမှ တစ်ဖက်ကကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အောင်ဇော် ... မင်းက လာဦးမှာလားကွာ"

"လာနေပြီကွ၊ ရောက်တော့မယ်၊ ဒီနားရောက်နေပြီ"

"မင်းဘိုးအေ ... ချိန်းထားတာက ၅ နာရီလေ"

"အေးပါကွာ၊ အင်မတန် အရေးကြီးတဲ့ ကိစ္စလေးတစ်ခု ရှိတဲ့ဆီ ငါဝင်နေလို့ပါ၊ ငါနဲ့တူတူ ဖြိုးမင်းပါ ပါလာတယ် လူစုံပြီလား"

"မင်းတို့ကလွဲရင် စုံနေပြီပေါ့၊ မင်းရဲ့ အရေးကြီးတဲ့ကိစ္စကလည်း ဒီနေ့ ဒီရက် ဒီအချိန် ပေါ်မှလား၊ ချိန်းထားတဲ့ဟာကို"

သူ့အသံက ရစ်သံပေါက်နေသော်လည်း ...

"ဟား ဟား ဟား"

တစ်ဖက်က အောင်ဇော်က ရွှင်ရွှင်လန်းလန်းအသံနှင့်တောင် ရယ်မောလိုက်ပါသေးသည်။

"ဘာမထီ ... မင်း အံ့သြသွားမယ် သိလား"

"ဘာကိုလဲ"

"ဟိုတစ်ရက်က မင်းပြောတယ်လေ၊ မင်းရုံးမှာ ရွှေတဆုပ် အလုပ်ဝင်လုပ်နေတယ်ဆိုတာ မင်းနဲ့လည်း ရင်းနှီးတယ်ဆိုတာ"

ဘာမထီသည် ဒိန်းခနဲဖြစ်ကာ စကားမပြန်နိုင်ပဲ နားထင်က ဒစ်ဒစ် ဒစ်ဒစ်နှင့် သွေးတိုးလာသလို ခံစားရသည်။

"ငါတို့ ရွှေ့အိမ် ဝင်နေတာကွ ဘာမထီ"





"ရွှေ့အိမ် ? ... ရွှေ့အိမ်ကို ဘာကိစ္စနဲ့လဲ"

"အဲဒါပြောတာပေါ့၊ မင်း အံ့သြသွားမယ် ဆိုတာလေ၊ တကယ့်ကို ဆွတ်ပျံ့လွမ်းမောဖွယ် ဇာတ်လမ်းလေးတစ်ပုဒ် ငါရောက်ရင် ပြောပြမယ်၊ မင်း ယုံမှာတောင်မဟုတ်ဘူး ဘာမထီ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ မင်းသိတယ် မဟုတ်လား၊ အေး ... ဒမ်မ်ဒီဒီဟိုက်ဒီ ပေါ့ကွာ... ဟား ဟား ဟား၊ နောက်ဆုံးတော့ ဇာတ်မြှုပ်ပုန်းခိုနေလည်းပဲ ရေစက်ဆိုတာ ပါနေရင် ကံဇာတ်ဆရာက ဆုံတွေ့ပေးလိုက်တာပဲကွ၊ ကြည့်မနေနိုင်ဘူး"

"ဟော့ကောင် ... မင်း ဘာတွေပြောနေတာလဲ"

ဘာမထီ အသံက တုန်ယင်ကာ ကြွပ်ဆပ်နေပါသည်။

"ဟား ဟား ... မင်း အရမ်းသိချင်နေပြီလား၊ ရောက်ရင် အားလုံးကို ပြောပြမှာ၊ ကျောင်းတုန်းက မင်းတို့ ဘယ်သူမှ မသိလိုက်တဲ့ လျှို့ဝှက်ချစ်ဇာတ်လမ်းလေးတစ်ပုဒ်"

"ဟော့ကောင် ... မင်း ဘာတွေ လာပြောနေတာလဲ"

ဘာမထီသည် တော်တော်တုန်လှုပ် ပေါက်ကွဲကာ အသံက ကျယ်လောင်ပြီး တဆတ်ဆတ် တုန်နေပါသည်။ ယောင်ပြီး ကျန်တဲ့နားတစ်ဖက်ကို လက်နှင့်အုပ်ကာ ပိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ ... အိုကေ အရှင်ရောက်အောင်လာပါမယ်၊ ရောက်မှ ဇာတ်စုံပြောပြမယ်၊ ငါတို့ ဆိုင်ရှေ့ရောက်လာပြီ"

ဘာမထီသည် ဖုန်းကိုပိတ်လိုက်ကာ သူ့ကိုတအံ့တသြ ကြည့်နေတဲ့ သူငယ်ချင်းတချို့ကို ကြောင်စီစီ လိုက်ကြည့်နေရင်းမှ သီးသန့်ခန်းလေးထဲက ခြေလှမ်းကျဲကြီးများနှင့် တလွှားလွှား ထွက်လာမိသည်။ အဲဒီ ကျောင်းတုန်းက ဇာတ်လမ်းလေးကို ဒီသူငယ်ချင်းတွေ အားလုံးရှေ့မှာ မပြောလိုက်စေချင်ဘူးလေ။ အောင်ဇော့်စကားတွေအရ "မဖြစ်နိုင်ပါဘူး"ဆိုတဲ့ဘက် မဲတင်းနေတဲ့ သူ့စိတ်တွေ ပြိုကွဲပုံလဲသွားပါသည်။ ဒါဟာ တကယ်ကိုဖြစ်ပျက်ခဲ့ဖူးပြီးပြီ ဆိုတာကို လက်ခံဖို့ သွေးပျက်နေကာ ရူးချင်သလိုလို ဘာကိုပေါက်ကွဲရမည်မသိ ပေါ်တီကိုအောက်ဘက်ထိ ထွက်ရပ်နေလိုက်မိပါသည်။

ကားကို ပါကင်နေရာမှာ ရပ်ပြီးတဲ့နောက် အောင်ဇော်က ဖြိုးမင်းဆိုတဲ့ သူငယ်ချင်းနှင့် ဆင်းလာကာ မိုးထဲ အပြေးအလွှားနှင့် ပေါ်တီကိုအောက် ပြေးလာကြပါသည်။ ဖြိုးမင်းဆိုတာကို အခု မြင်လိုက်တော့ ပိုမှတ်မိလာပါသည်။ ငယ်ငယ်က အတော်ဂျစ်ပေပေနိုင်တဲ့ကောင်။ အခုတော့ ဆံပင်တိုတို သန့်သန့်ပြန့်ပြန့်နှင့် လူရည်သန့်ရှုပ် ထွက်နေပါသည်။

"ဟေ့ကောင် ... မင်းက ထွက်စောင့်နေတာလား၊ အားနာလိုက်တာကွာ၊ ဆောရီးပါ"





"ဒီမှာ အောင်ဇော်"

"ဟေ"

"မင်းအခု ရွှေ့အိမ်က ပြန်လာတာ မဟုတ်လား"

"အေး ... ဒါပေမဲ့ အိမ်ထဲဝင်မထိုင်ခဲ့ရပါဘူး၊ ရွှေက သူ့အဖေ ခရီးသွားနေလို့ဆိုပြီး ငါတို့ကို တံခါးဖွင့်မပေးဘူးကွာ ... ဟား ဟား၊ အပြင်ကနေပဲ ခဏတဖြုတ် စကားပြောပြီး နောက်ရက်မှ မနက်ပိုင်း လာထပ်တွေ့မယ်ပြောပြီး ငါတို့ ပြန်လာကြရတာ"

"အဲဒါကို မင်းက ဘာတွေ ဒီလောက်ပျော်နေရတာလဲ"

"ဟာ ... ဘာမထီ နည်းနည်းမှန်နေပြီဟေ့ ... ဟား ဟား၊ ရစ်ပြီ ဒီကောင်တော့"

"ငါမေးတာ ဖြေပါ"

"အာ ... မင်းကလည်း ပြဿနာရှာပြီ၊ အိမ်ထဲမဝင်ရလည်း ကိစ္စမရှိပါဘူး၊ နောက်ထပ်တွေ့မှာပဲ၊ အဓိက,က ဖြူဥလေး"

"ဘာ"

"ဖြူဥလေ... ဖြူဥကို မင်းသိလား၊ ဖြူဥက တကယ်တော့..."

"ဟေ့ကောင် ..."

ဘာမထီသည် ရင်တွေ မီးစနှင့် အထိုးခံရသလို ပူလောင်စူးရှသွားရကာ သွေးကဆူပွက်ပြီး ရှေ့တစ်လှမ်းတိုး၍ အောင်ဇော့် ရုပ်အင်္ကျီကော်လာတစ်ဖက်ကို လက်သီးဆုပ်ထဲ ဆုပ်ကိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... အောင်ဇော်"

"ဟာ ... ဘာလဲကွ၊ မင်း ဘာဖြစ်တာလဲ ဘာမထီ"

"မင်း ... မင်း ... ဒီစကားတွေ ငါတို့အရက်ဝိုင်းမှာ လုံး
မပြောမိပါစေနဲ့ နားလည်လား"

"ဘာဖြစ်လို့လဲ"

အောင်ဇော်က အူကြောင်ကြောင် ပြန်မေးလိုက်ပါ
သည်။ ဘာမထီသည် သူ့ရဲ့ကြမ်းတမ်းသော အပြုအမူကို သူ
ဘာသာပြန်ပြီး သတိပြုမိကာ အောင်ဇော့်အင်္ကျီစကို ချက်ချင်း
ဖြေလွှတ်ပေးလိုက်ပါသည်။

"ဆောရီး ... ငါ မှားသွားပါတယ်၊ ငါ အမိန့်ပေးခွင့်မရှိ
ပါဘူး၊ ငါ တောင်းဆိုတာပါ၊ တောင်းပန်တာပါ၊ ဘာပဲ
ဖြစ်ဖြစ် အောင်ဇော်ရာ ဒီကိစ္စတွေ ဒီဝိုင်းမှာ မင်းမပြော
လိုက်ပါနဲ့ဦး ... နော်၊ အချိန်တွေ ရှိပါတယ်၊ နောင်လည်း
မင်း ပြောလို့ရပါသေးတယ်၊ အားလုံး လူတွေမသိကြသေး
ခင် ငါ ... ငါ ... ရွှေနဲ့ အရင်တိုင်ပင်ပါရစေဦး အောင်ဇော်
ရာ"

အောင်ဇော်ရော ဖြိုးမင်းပါ ဘာမထီရဲ့စိတ်နဲ့ လု
မကပ်သော အပြုအမူ အမူအရာတို့ကို အံ့သြတကြီး အကဲခတ်နေ
ရင်းက ...

"ဘာဖြစ်လို့လဲ၊ မင်းက ရွှေနဲ့ ဘာတိုင်ပင်မှာလဲ"





"ရွှေ ... ရွှေ့ကို နှောင်ကြိုးတစ်ချောင်းနဲ့ မချည်ပါနဲ့
အောင်ဇော်၊ ဟိုတုန်းက သူက ကလေးမလေးပါ၊ အခုမှ
သူက အရွယ်ရောက် ရင့်ကျက်တဲ့ မိန်းကလေးပါ၊ အခု
အချိန်မှာရှိတဲ့ သူ့အတွေး သူ့စိတ်ကူး သူ့ခံစားချက် သူ့
ဆုံးဖြတ်ချက်တွေကို လေးစားပေးပါ"

"မင်း ... ဘာတွေ"

"တစ်ချိန်က ကလေးဘဝတုန်းက မှားခဲ့တာလည်း ရှိနိုင်
တယ်၊ မှန်ခဲ့တာလည်း ရှိနိုင်တယ်လေ၊ ခုချိန်မှာ တကယ်
ရှိတဲ့ သူ့ဆန္ဒ သူ့ခံစားချက်ကို ဖြူဥ ဆိုတဲ့ လွှမ်းမိုးမှုမပါ
ဘဲ သူ့ကို ဆုံးဖြတ်ခွင့် ပေးလိုက်ပါကွာ ... နော်"

"မင်းပြောနေတာတွေ ငါ တစ်ခုမှ နားမလည်ဘူး ဘာမထီ၊
မင်း ဘာတွေပြောနေတာလဲ၊ ရွှေ့ဆန္ဒ ရွှေ့ဆုံးဖြတ်ချက်
အပေါ် ဖြူဥက ဘာတွေ ..."

"ဖြူဥ ရှိနေလို့ဆိုပြီး ရွှေ့ကိုပါ မင်းပြန်ရယူဖို့ ဒီအချိန်
မှာ မင်း စိတ်လည်းမကူးပါနဲ့၊ အတင်းအကျပ်လည်း
မတိုက်တွန်းပါနဲ့"

"ဟင်"

အောင်ဇော်နှင့် ဖြိုးမင်းက တစ်ယောက်မျက်နှာ
တစ်ယောက် ဇဝေဇဝါ စိုက်ကြည့်နေကြရာမှ ဖြိုးမင်းက ခပ်ဖွဖွ
လေသံနှင့် စကားဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမထီ … မင်း တစ်ခုခု နားလည်မှု လွဲနေပြီထင်တယ်"

"ဘာကိုလဲ"

"မင်းနဲ့ ရွှေတဆုပ်နဲ့က ပတ်သက်မှု တစ်ခုခု ရှိနေတယ် ထင်တယ်"

"ဟုတ်တယ် … ငါ ရွှေ့ကို ချစ်ခွင့်တောင်းထားတယ်၊ သူ ခေါင်းမညိတ်သေးပေမယ့် သူ့ရင်ထဲမှာ ငါရှိတာ ငါခံစား လို့ရပါတယ်၊ တကယ်ပါ ယုံပါကွာ"

"ဟော့ကောင် … မင်းရဲ့ရွှေတဆုပ်နဲ့ ငါရော အောင်ဇော် ရော ဘာမှပတ်သက်မှု မရှိပါဘူး၊ မင်းနားလည်မှုလွဲနေပြီ"

"ဟင် … မင်း ဘာကိုဆိုလိုတာလဲ ဖြိုးမင်း၊ ဒီကောင်နဲ့ ရွှေနဲ့က"

"ဟင့်အင်း … ဘာမှမပတ်သက်ဘူး"

အောင်ဇော်က လက်ဝါးတကာကာနှင့် ငြင်းချက် ထုတ်လိုက်ပါသည်။

"ဘာ … ရွှေနဲ့ မင်း မပတ်သက်ဘူး"

"ဟုတ်တယ် … လုံးဝပဲ၊ ဟိုတလောလေးကမှ ပြန်တွေ့ ကြတာ၊ ရွှေနဲ့ မင်းအကြောင်းတော့ ငါမသိပေမယ့် ငါ့မှာ ငါ့ကောင်မလေးနဲ့ငါ၊ ဆင့်ဆင့်နွှယ် … မင်းတို့သိပါတယ်"

"ဘာ … ဒါဆိုရင် အခုပြောနေတဲ့ ဖြူဥက"

"ဖြူဥက …"





အောင်ဇော်က စကားရပ်ပြီး ဖြိုးမင်းကို လှည့်ကြည့် လိုက်သည်။ ဖြိုးမင်းက ကိစ္စမရှိဘူးဆိုတဲ့ပုံ ပခုံးသာတွန့်ပြလိုက် ရင်း …

"ဖြူဥက ငါ့သွေး … ငါ့သမီးလေး၊ မြင်တာနဲ့ ငါသိတယ်၊ ရင်ထဲ တလှပ်လှပ်နေအောင် သိတယ်"

"ဒီကောင့်ရုပ်လည်း ချွတ်စွပ်လေ"

"ဒါ … ဒါ … ဒါဖြင့် … မင်းနဲ့"

"ဟုတ်တယ် … ငါနဲ့ ဒေဝီ ခိုးပြေးဖူးတယ်၊ ငါတို့ကွဲ သွားကြတယ်၊ လူကြီးတွေ ခွဲကြတယ်ပေါ့ကွာ၊ နောက် တော့ သူတို့ အဝေးမှာ ကလေးသွားမွေးကြတယ် ဆိုတာ ပါ ကောလာဟလလို ကြားတယ်၊ ဟုတ်တယ် … ဖြူဥက ငါနဲ့ ဒေဝီရဲ့ သမီးလေးပဲ"

"အား : : …"

ဘာမထီသည် သက်ပြင်းကြီးတစ်လုံးကို ဝမ်းခေါင်း တလိုက်ကြီး ဟာကျရှင်းလင်းကျသွားအောင် အားရပါးရညည်း မှုတ်ထုတ်လိုက်ပါသည်။

အောင်ဇော့်ကို ပခုံးလှမ်းဖက်လိုက်ရင်း…

"ဟော့ကောင် … ဆောရီးပါကွာ၊ ငါက တစ်မျိုးသိထား တာ၊ မင်းရယ် ရွှေရယ် ဖြူဥရယ် ဆိုတဲ့ ဇာတ်လမ်းကြီး ထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား ... မပြောကောင်း မဆိုကောင်း၊ မင်း
ဘယ်ကကြားတာလဲ၊ ပြဿနာပဲ၊ ပေါက်တတ်ကရ မင်း
မဦးမချွတ် ကြားပဲ ကြားတတ်တယ်ကွာ၊ မင်း ဘယ်သူ
ပြောလဲ"

"ဒေဝီ"

"ဘာ ..."

ဖြိုးမင်းက တအံ့တသြ ဖြစ်ရင်း ...

"ဒေဝီက ဘာကိစ္စ မင်းကို ဒီလိုပြောရတာလဲ၊ မဟုတ်တဲ့
ကိစ္စကို၊ သူအသိဆုံးကိစ္စကို ငါနဲ့ သူ့ကိစ္စ ဘယ်သူ
ငါတို့ထက် သိမှာလဲ၊ လူကြီးတွေ အုပ်ကြ ဆိုင်းကြ
လူသိပ်မသိလိုက်ပေမယ့် ငါနဲ့တွဲတဲ့ကောင်တွေ နှစ်ဖက်
မိသားစုတွေ သိတာပဲ၊ လူကြီးတွေက အစိက ငါ့ဘက်က
ပြန်အပ်ပြီးရင် ပေးစားပါမယ်လို့ အချိုသတ်ပြန်ခေါ်ပြီး
နောက် ငါ့ကို အဝေးလွှတ်လိုက်တာပဲ၊ ငါ ပြန်လစ်လာပါ
သေးတယ်၊ ငါ ပဲခူးကို ခိုးပြီးရောက်လာတော့ သူတို့အိမ်
ကပိတ်ပြီး ဘယ်သူမှ မရှိဘူး၊ သူတို့ အမိုးရဲ့ဇာတိရွာကို
ခဏသွားကြတယ် သတင်းကြားပြီး ပေါ်မလာတော့တာလေ
အဲဒီကတည်းက ငါ အလိုလိုသိပါတယ်၊ ဒေဝီမှာ ငါ့ရင်
သွေးလေး လွယ်သွားရနိုင်တယ်ဆိုတာ၊ သူတို့ ပဲခူးပြန်
ရောက်လာပြီး နောက်မကြာခင် သူတို့က ပဲခူးမှာ မရှိကြ
တော့ဘူးလေ၊ ဘယ်လိုက်ရှာရမလဲမသိ အကုန်ကွင်းဆက်
ပြတ်ကုန်တာ ...





အခုလည်း အောင်ဇော်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ဆုံလို့ ဒေဝီနဲ့လည်း အဲဒီအိမ်မှာပဲ ဆုံတယ်ဆိုတာ အောင်ဇော် ပြောပြလို့၊ ဒီအသက်အရွယ် ကလေးလေးတစ်ယောက် ရှိတယ်ဆိုတာပါ ငါသိရတော့ သွားတွေ့ချင်လွန်းလို့ပါ၊ ရွှေက ပြောတယ်၊ ဒေဝီက ဒီမှာမနေဘူးတဲ့၊ နေရပ်လည်း မပြောပြဘူး၊ တခြားမှာ စုံစမ်းတဲ့၊ ပြဿနာထဲ သူမပါ ချင်ဘူးတဲ့၊ ငါ ဒေဝီ့ကို ရှာရဦးမှာ"

ဘာမထိက သက်ပြင်းမောကိုချရင်း ခန်းမဘက်က လွင့်ပျံ့ထွက်လာတဲ့ သီချင်းသံကို နားစွင့်လိုက်ပါသည်။

"အခုဆိုနေတဲ့ သီချင်းသံ ကြားလား ဖြိုးမင်း"

"ဟင် ... အင်း ... ကြားတယ်လေ"

"အဲဒါ ဒေဝီပဲ"

"ဘာ"

"ဒေဝီက ဒီဆိုင်မှာ သီချင်းဆိုနေတယ်၊ မင်းတို့ကြားထဲက ပြဿနာကို သွေးအေးအေး ခေါင်းအေးအေး နုနုညံ့ညံ့ ဖြေရှင်းပါ ဖြိုးမင်း၊ ဒေဝီက သိပ်မလွယ်ဘူးဆိုတာ မင်း သိမှာပါ၊ ကံကောင်းပါစေကွာ"

"အေးပါကွာ"

"ကဲ ... မင်းတို့ဝင်နှင့်၊ ဟိုဘက်က Crystal ဆိုတဲ့အခန်း လေးထဲမှာ ငါ စီစဉ်ထားတယ်၊ ဟိုမှာလည်း ရောက်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်လဲ"

"ငါ ခဏလေး ... ခဏလေးပါ၊ ကိစ္စလေးတစ်ခုရှိလို့ အပြေးပြန်ခဲ့မယ်"

"ဟာ ... မင်းကလည်း၊ မြန်မြန်ပြန်လာဦး"

"အေးပါ"

လှည့်မကြည့်ဘဲ အော်ဖြေခဲ့သော အသံက နောက်မှာကျန်ခဲ့သည်။ အရမ်းဝမ်းသာ ရွှင်လန်းကာ လူတစ်ကိုယ်လုံး ပေါ့ပါးသွားချိန်မှာ ရွှေလေးမျက်နှာကို တစ်ချက်လောက်ဖြစ်ဖြစ် အပြေးသွားတွေ့ချင်လေသည်။

○ ❀ ○





(၁၉)

"တီတီရွှေ ခေါင်းမူးတယ်"

"ဟင်"

လောလောဆယ်ကို ရင်တွေပန်းတွေတုန်ကာ ကိုယ်တိုင်ပင် ချာလပတ် မူးချင်နေသော ရွှေသည် နှုတ်ခမ်းလေးတွေ ဖြူဆုတ် ချွေးစေးတွေပြန်ပြီး နီးရာခုံမှာ ဝင်ပစ်ချထိုင်လိုက်သော ဖြူဥကိုကြည့်ကာ လန့်သွားရပါသည်။ ခုတလော ဖြူဥကလေး ချူချာလိုက်တာ အရမ်းလေ။ ဆရာဝန်ပြ သွေးတွေစစ်ပြီးကာ သေးနိုဥချို့တဲ့တဲ့ရောဂါအဖြစ် အကြမ်းဖျဉ်းသိရပြီး သေသေချာချာ အသေးစိတ် ထပ်စစ်ဆေးဖို့တော့ သွေးဖက်ဆိုင်ရာ သမားတော်နှင့် ရက်ချိန်းတိုကင်ယူထားကာ အဲဒီရက်တောင် မရောက်သေး။

ခုတလော နေမကောင်း၍ ကျောင်းက ခွင့်ယူထားရတာ နှစ်ရက်တောင်ရှိပြီ။ ဒီနေ့တော့ နယ်မြို့တစ်မြို့က အဖေ့ကို ဘာပေဟောပြောပွဲတစ်ခုဖိတ်၍ အဖေက နောက်ဆံတငင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ရွှေ အာမခံပြီး တွန်းလွှတ်လိုက်လို့ လိုက်သွားခဲ့ပါသည်။ အဖေ သိပ်သွားချင်နေတာ ရွှေ သိသည်လေ။ ဖြူဥက တစ်နေ့ ကုန် နေကောင်းနေ၍ နက်ဖြန်တော့ အိမ်မှာလူစောင့်လည်း မရှိတဲ့တူတူ ကျောင်းလွှတ်ဖို့တောင် စဉ်းစားထားတာ။

"သမီး ... အရမ်းမူးတာလား"

"မူးတယ်"

ကလေးက နှစ်ယောက်ထိုင်ခုံပေါ် လှဲချလိုက်ပါသည်။ အရုပ်ကြိုးပြတ်လို ဖြစ်နေ၍ ရွှေ အလန့်တကြားဖြစ်ကာ...

"ဟင် ... ဖြူဥ ... သမီး ... ရရဲ့လား၊ ဘယ်လိုဖြစ်ရတာတုန်း သမီး ... သမီး"

ဖြူဥထံက အသံထွက်မလာ။ သတိတွေ ဘာတွေမှ ရှိရဲ့လား၊ ပူထူသွားရကာ ဆေးခန်းသွားဖို့ စဉ်းစားလိုက်လျှင် အပြင်မှာမှောင်ကာ မိုးကလည်း မစဲနိုင်သေး။

"ဒုက္ခပါပဲ၊ သမီး ... ဟဲ့ ... သမီး ... ဆေးခန်းသွားမလား၊ နော် ... ဆေးခန်းသွားရအောင် ဟုတ်လား"

ခုန အောင်ဇော်တို့ ဖြိုးမင်းတို့ လာသွား၍ ထမင်းစားနောက်ကျကာ ခုမှ ထမင်းဝိုင်း ထပြင်နေရာမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတော့သည်။ ဟိုကောင် နှစ်ကောင် ပြောစကားတွေကြောင့် လူကရူးချင်သလို ကြောင်ချင်သလို ဖြစ်နေပါတယ်ဆိုမှ။ ဘယ်လိုများ လုပ်ရပါ့။ အိမ်မှာ နှစ်ယောက်တည်းရှိတာကို မထူနိုင် မထနိုင် ကလေးနှင့်။





"သမီးလေး ဖြူဥလေး ... နေသာရဲ့လား၊ ခဏလေး ... ခဏလေး ... တီတီ ဆေးခန်းပို့မယ်"

ရွှေသည် ဖုန်းကိုအပြေးသွားယူကာ ဒေဝီ့ဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။ ခေါ်သံတစ်ဆုံးထိ မကိုင်၍ နောက်တစ်ကြိမ်။ နောက်ခေါ်သံတစ်ဆုံးလည်း မကိုင်သေး၍ စိတ်ဆင်းရဲလှသည်။ သီချင်းဆိုနေတုန်း တန်းလန်းများလား။ ဘာပဲဖြစ်ဖြစ် ကြားတဲ့အချိန်ကိုင်လိမ့်မည် ယူဆကာ ဆက်တိုက်ခေါ်နေလေလျှင် တစ်ကြိမ်မှာတော့ မမျှော်လင့်ဘဲ တစ်ဖက်က ဖုန်းဖွင့်လိုက်တာ ...

"ဟဲ့ ... ဘာဖြစ်လို့ အဲလောက်တောင် ခေါ်နေရတာလဲ၊ နင် သေတော့မလို့လား၊ တစ်ခါမကိုင်ရင် လူလိုနားလည်မှု ရှိပါလား၊ ဘာဖြစ်နေလဲ ... နင်"

အကျယ်ကြီး ရူးရူးဝါးဝါး အော်ထည့်လိုက်သည်မှာ နားစည်ကွဲမတတ်။ ဖုန်းကိုပင် နားကခွာရသည်။ စိတ်လည်း ဆိုးမနေနိုင်အား စိတ်ဆိုးစရာ အချိန်မရှိ။

"ဒေ ... ဒေဝီ ... နင် သီချင်းဆိုတာ အခုခဏရပ်တုန်း ခဏလာခဲ့ပါ၊ မြန်မြန်လေး ကားယူခဲ့ပါ၊ ဖြူ ... ဖြူဥ နေမကောင်းလို့ လမ်းတောင် မလျှောက်နိုင်ဘူး၊ ငါမိုးရွာထဲမှာ သူ့တစ်ဖက်နဲ့ အဆင်မပြေဘူး၊ အဖေလည်းမရှိဘူး ဒေဝီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... နေမကောင်းတာ ဆေးခန်းပို့လေ၊ ငါကဆရာဝန်မို့လား"

"နင်က ကားရှိတယ်လေ၊ နင်ပြောသလို ဆေးခန်းပို့မလို့ပါ"

"လမ်းထိပ် ကားထွက်ငှားပေါ့၊ နင် ဒါလေးကို ခက်ခဲလား"

"လမ်းထိပ်ကားထွက်ငှားရင် အိမ်မှာ ဖြူဥ တစ်ယောက်တည်း ..."

ဒေဝီသည် တစ်ဖက်မှာ မမျှော်လင့်သောလူ ဘွားခနဲ မျက်နှာချင်းဆိုင်တိုးနေ၍ ကတုန်ကယင်ဖြစ်ကာ လူနတ်ပူးသလို တုန်နေဆဲ ဝင်လာတဲ့ဖုန်းမို့ ဒေါသဖြစ်လှသည်။ ဖြိုးမင်းက လာတွေ့တာ မဟုတ်ပါ။ ဖြိုးမင်း ရှိနေမှန်းလည်း မသိခဲ့ပါ။ အဲဒီအခန်းထဲ ဘာမထိ သူငယ်ချင်းမိတ်ဆွေတွေနှင့် ရှိနေတယ်ဆိုတာ ကိုကျော်ကြီးထံမှ သိရ၍ အရင်လို စီးပွားရေးမိတ်ဆွေတွေပဲ အမှတ်နှင့် သူက အခန်းထဲ ခပ်ရဲရဲ ဝင်သွားလိုက်တာ။

အမယ်လေး ... မတွေးချင်လိုက်တာ။ မတွေးချင်လိုက်တာ။ ဖြိုးမင်းမျက်နှာ မြင်လိုက်ရခြင်းဟာ သူ့ရဲ့အကျည်းတန်တဲ့ ယိုင်ပြိုတဲ့ အတိတ်ကို မြေလှန်လိုက်တာလည်း ဖြစ်သလို သူ့ကို နင်ဟာ အပျိုမဟုတ်ဘူး ကလေးအမေရယ်လို့ လက်ညှိုးငေါက်ငေါက်ထိုး ကြေညာလိုက်ခြင်းနှင့်လည်း အလားသဏ္ဍာန်





တူသည်။ ဆယ့်ခုနစ်နှစ်သမီးမှာ ကလေးတစ်ယောက်ကို တောကြိုအုံကြားထဲ ဆင်းရဲပင်ပန်းစွာ မွေးခဲ့ရတဲ့ အတိတ်က ခါးသီးလှ၍ တစ်ခါမှ မဖြစ်ခဲ့ဘူးလို့ပဲ လုံးဝပြောင်းပြန်လှန် ယုံကြည်ထားလိုက်တာ။

ငါ ဘယ်သူနဲ့မှ ခိုးရာမလိုက်ခဲ့ဖူးဘူး၊ ဘာကလေးမှ မမွေးခဲ့ဖူးဘူး၊ ငါဟာ လှပတက်ကြွ အောင်မြင်သော မိန်းကလေးတစ်ယောက်။ ဒါကိုပဲ ခေါင်းထဲ သံမှိုနှင့် ရိုက်ထည့်သလို ခိုင်ခိုင်နှစ်နှစ် ထည့်မှတ်ထားတာ။ ဖြိုးမင်း ဆိုတာကို မြင်လည်း မမြင်ချင် ကြားလည်းမကြားချင် တစ်ခါမှကို မသိဖူးသော အရာလို့ပင် သဘောထားတာ။

အခန်းထဲမှာ ဘွားခနဲ ဖြိုးမင်းကိုအမြင် ဖြိုးမင်းက အံ့အားတသင့် ဝုန်းခနဲ ထအရပ်။ ဘာမထိလည်း ရှိမနေသည့် အဲဒီအခန်းထဲက ပြန်လှည့်ပြေးထွက်လာခဲ့ပြီး ဘာလုပ်လို့ ဘာကိုင်ရမည်မသိ ထူပူပြာနှမ်းသွားချိန်မှာ မြည်လာတဲ့ဖုန်းမို့ မုန်းတီးလှသည်။

"ဒီမှာ ... ငါ မလာဘူး၊ လုံးဝမလာဘူး၊ ဒါပဲမဟုတ်လား"

"ဒေ... ဒေဝီ ... နင် ... နင် ... ဘယ်လို ပြောလိုက်တာလဲ"

"ဒီလိုပဲပြောတာ၊ ဖြူဥ ဆိုတာ ငါနဲ့မဆိုင်ဘူး၊ ငါသိလည်း မသိဘူး၊ ဖြူဥက နင့်ကလေး သိလား၊ နင့်သမီး၊ နင် ဘယ်သူနဲ့ရမှန်း မသိဘဲ မွေးတဲ့သမီး၊ ငါနဲ့မဆိုင်ဘူး၊ လုံးဝမပတ်သက်နဲ့ ... လုံးဝပဲ ... လုံးဝ"



www.burmeseclassic.com

www.burmeseclassic.com



အာခေါင်ခြစ်အော်နေတဲ့ ဒေဝီ့အသံကို ဖုန်းပိတ်ချ လိုက်ကာ ရွှေက မျက်ရည်လည်လာပါသည်။ ရူးများသွားပြီလား ဒေဝီရယ်။ အဲသလောက်တောင်ပဲ နင် ကိုယ်လွတ်ရုန်းချင်နေတာလား။ အပြစ်လည်းမရှိတဲ့ နင့်သမီးလေး နေမကောင်းနေတာတောင် နင် မျက်ကွယ်ပြု လျစ်လျူရှုနိုင်သလား။

ဖြူဉကို ငုံ့ကြည့်ကာ ရွှေ မျက်ရည်ကျလာပါသည်။ မတတ်နိုင်တော့ပါ။ ကလေးကိုပါ တစ်ပါတည်း ခေါ်သွား အဆင်ပြေတော့မှာ။ အချိန်ဆွဲနေလို့ ကလေး သတိတွေ ဘာတွေ မလည်တော့မှာ ကြောက်သည်။ ကိုယ်လည်း ဘာမှနားလည်တာ မဟုတ်။ ရွှေက ကြိုးရှည် ပိုက်ဆံအိတ်လေးကိုယူကာ ခေါင်းမှ ကျော်၍ စလွယ်သိုင်း လွယ်ချလိုက်ပါသည်။

"ဖြူဉ ... သမီး ... သမီး ... ဆေးခန်းသွားရအောင် ဘုရား ဘုရား"

ဖြူဖျော့ ချွေးနစ်ပြီး ပျော့ခွေပါလာတဲ့ ဖြူဉကို သူ့ရဲ့မိုးကာအင်္ကျီလေး ခက်ခက်ခဲခဲ ဝတ်ပေးလိုက်ပြီး ရွှေက ကျောပေါ်သို့ ဖြူဉကို ကုန်းပိုးတင်လိုက်ပါသည်။ အိမ်ထဲက အမြန်ပြေးထွက် အိမ်ကိုသော့ခတ်ကာ ဖြူဉကို ကျောပိုးလျက် သားနှင့် မိုးရွာထဲပြေးကာ ထွက်လာခဲ့ပါသည်။ ထီးလည်းမလို တော့ပါ။ ထီးဆောင်းစရာလက်လည်း မအားပါ။ ကျောမှာကုန်း ပိုးထားတဲ့ ဖြူဉကို နောက်ပြန်လက်နှစ်ဖက်နှင့် သိုင်းဖက်ရင်း





မိုးရေထဲ တရိပ်ရိပ်ပြေးရင်း ဒေဝီ့ကို ဒေါသလည်းဖြစ် ဖြူဉ အတွက်လည်း ဝမ်းနည်း။ မျက်ရည်တွေက တလိမ့်လိမ့် ကျလာသည်။

အဖေကလည်း ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မရှိဘူး ရယ်လို့။ ဘုရား ... ဘုရား ကယ်တော်မူပါ၊ ဖြူဉ သက်သာပါ စေ ဘာမှမဖြစ်ပါစေနဲ့။ ဖတဆိုးရာက မိတဆိုးပါ ဖြစ်ရတဲ့ ကလေး။ တစ်ယောက်တည်း ဘယ်ဆေးရုံသွားလို့ ကောင်းမယ် မှန်းလည်း မတွေးတတ်သေး။ ချက်ချင်း သက်သာပါ့မလား။ ဆေးရုံတွေ ဘာတွေတင်ရရင်ကော၊ ဖွ ... ဖွ။ ရွှေသည် မျက်ရည် တွေကျနေရာမှ အသံလေးပါ တအီအီထွက်ကာ မိုးထဲပြေးရင်း ငိုလာမိပါသည်။

"တီ ..."

ရှေ့တည့်တည့်က ကားတစ်စီးကိုလည်း ကိုယ့်ဇောနဲ့ကိုယ် မမြင်။ ကားက တုံ့ရပ်ကာ မီးကြီးထိုးလိုက်ပြီး ဟွန်းသံ ကြီးပေးလိုက်မှ ခြေစုံရပ်သွားရကာ ကားမီးရောင်တန်း မိုးစက် မှုန်များကြားမှ ကားကို ဒေါသတကြီး လှမ်းကြည့်မိလေသည်။ ကိုယ့်အပူနှင့်ကိုယ် ပြဿနာလည်း လုပ်မနေအား၍ ကားကို ကွေ့ဖယ်ကာ လမ်းထိပ်ဘက် ခြေလှမ်းဆက်လိုက်စဉ် ကားတံခါး ဘွင့်၍ ထီးအကြီးကြီးတစ်လက်နှင့် လူတစ်ယောက် ဆင်းလာ တာ မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ ... ရွှေလေး ... ဘာဖြစ်လို့လဲ"

"ဘာမထိ"

ခပ်တိုးတိုး ရေရွတ်ကာ ကျွေ့ရှောင်ဖို့ အံကိုကြိတ်၍ ဖြတ်ကျော်စဉ် ဘာမထိက ရွှေ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပါသည်။

"ရွှေလေး ... ဖြူဥလား ... ဖြူဥ ဘာဖြစ်လို့လဲဟင်"

"ဟင့်အင်း ... နင် ဖယ်ပေး"

"ငါ နင့်ဆီလာတာပါ၊ ငါ လိုက်ပို့မယ် ရွှေ"

"မလိုဘူး၊ ငါ့သမီး ငါ့ဘာသာ ပို့လို့ရတယ်၊ နင်နဲ့မဆိုင်ဘူး ဖယ်နေလိုက်"

"ရွှေ ... ခေါင်းမမာစမ်းနဲ့ ရွှေ၊ ပေး ... ကလေးကိုကားပေါ်တင်မယ်"

"ဖယ်လို့ ပြောနေတယ်၊ ကလေးအမေကို နင် ဘာလို့လိုက်ပတ်သက်နေတာလဲ၊ မရှက်ဘူးလား ... ဟင်"

"ရွှေကွာ ... ငါ စိတ်တိုလာပြီ၊ ကလေးကိုပေး၊ နင်ကားငှားမရရင် ကလေးပဲ ဆေးရုံရောက်နောက်ကျမယ်၊ ခေါင်းသိပ်မမာနဲ့"

ဘာမထိက ဖြူဥကို ရွှေ့ကျောပေါ်မှ အတင်းဖြုတ်ချီပွေ့ကာ ကားနောက်ခန်းထဲ ခက်ခက်ခဲခဲ ထည့်လိုက်ပါသည်။ ရွှေသည် နှုတ်ကသာ မခံချိမခံသာ ပြောနေသော်လည်း ရင်ထဲတော့ အားတွေရှိသွားပြီဖြစ်ရာ မျက်နှာကရေတွေ မျက်ရည်တွေ





သုတ်၍ လူက အနည်းငယ် သွက်လာသည်။ နောက်ခန်းထဲ လိုက်ဝင်ကာ ရင်ခွင်ထဲ ဖြူဥခေါင်းလေးမှီ၍ ပွေ့ထားလိုက်ပါသည်။ ဘာမထိက ကားမောင်းထွက်လာခဲ့သည်။

"နင် ဘာလာလုပ်တာလဲ"

"နင့်ကို အရမ်းတွေ့ချင်လို့ လာတာ၊ ငါ ပျော်နေလို့လာတာ၊ ဖြူဥ တစ်ခုခု ဒီလောက်ဖြစ်နေတာ ငါ့ဆီဖုန်းဆက်လိုက်တော့ ဘာဖြစ်သွားမှာလဲ ... ဟင်၊ ဘာဖြစ်လို့ ငါ့ကို အရေးမလုပ်ဘူး အားမကိုးဘူးဆိုတဲ့ပုံမျိုး လုပ်ပြချင်ရတာလဲ၊ ငါ့မှာ ဘာအပြစ်ရော ရှိလို့လဲ ရွှေလေးရာ၊ နင့်ကို ငါ သိပ်ချစ်တာ နင်သိသားနဲ့ဟာ"

"နင့်အပြစ်က ငါ့ကိုချစ်ပေမယ့် ကလေးအမေ ဖြစ်နေတော့ ကလေးအမေ မဟုတ်တဲ့ အပျိုစင်နုနုထွတ်ထွတ်ကြွပ်ကြွပ်လေး ဒေဗီကို ပြောင်းရွေးလိုက်ရင်ကောင်းမလားလို့ စိတ်ယိမ်းယိုင်နေတဲ့ အပြစ်"

"တော်စမ်းပါကွာ၊ ဘယ်တုန်းကမှ ဒေဗီကို တစ်ချက်ကလေးတောင် စိတ်မဝင်စားဘူး၊ သူ့ဟာသူ ထွတ်ထွတ်ကြွပ်ကြွပ် ပျိုပျိုအိုအို ခေါင်းထဲတောင် မထည့်ဘူး၊ ဒါ နင့်ကလေးလားလို့ သိချင်တာက နင့်ကို သိပ်ချစ်လို့၊ နင့်ကို လက်တွဲချင်လို့၊ နင့်အတိတ် ပစ္စုပ္ပန် အနာဂတ် အားလုံးကို စိတ်ဝင်စားလို့ သိချင်တာ၊ ရှင်းရှင်းပြောရင် ဘယ်ယောကျ်ားမှတော့ ကလေးတစ်ယောက်အမေကို ရှာ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး ရွှေ၊ ဒါပေမဲ့ ငါ သိပ်ချစ်လွန်းအားကြီးတဲ့ မိန်းကလေးက အတိတ်က ကံမကောင်း အကြောင်းမလှလို့ ကလေးတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုရင်တော့ ငါ လက်ခံရတော့မှာပဲ၊ ငါမှ နင့်ကိုမခွဲနိုင်တာ၊ လက်မလွှတ်နိုင်တာ ရွှေ၊ ဒါပေမဲ့ ငါ နင့်အတွက် စိတ်မကောင်းဖြစ်တယ် ဒီအတွက် ခံစားရတာရှိမယ်၊ ဒါက အပြစ်လား"

"အေးပါ ... ဒါ အပြစ်မဟုတ်ပါဘူး၊ နင့်ကိုလည်း အပြစ်မပြောတော့ပါဘူး၊ နင်လည်း ကလေးအမေကို မျက်စိလည်လမ်းမှား ကြိုက်မနေနဲ့၊ နင့်ဆိုင်က အဆိုတော် နုနုထွေးထွတ်ကိုပဲကြိုက်"

"ကျွတ် ... ကဲ ... ကြည့် ... ရွှေကကွာ၊ နင် အပိုတွေဘာမှလျှောက်ပြောမနေနဲ့၊ ဖြူဥက ဒေဝီကလေး ဆိုတာလည်း ငါ သိပြီးပြီ"

"ဟင် ... နင့်ကို ဘယ်သူပြောတာလဲ"

"ငါ ဖြိုးမင်းနဲ့ တွေ့ပြီးပြီ၊ ခုလောက်ဆို ဖြိုးမင်းနဲ့ ဒေဝီတောင် အတူတွေ့နေ ရှိနေလောက်တယ်၊ သူတို့ကိစ္စသူတို့ကိစ္စပါ၊ ငါနဲ့ မဆိုင်သလို နင်နဲ့လည်း မဆိုင်ဘူး"

"ဟင့်အင်း ... ဆိုင်တယ် ဘာမထီ၊ ဒေဝီက ဖြူဥကို ဗိုက်ထဲကမွေးထုတ်လိုက်တာ တစ်ခုတည်း ရှိတာပါ၊ ငါ့လက်တွေနဲ့ ချီပိုးပြီး ငါ့နှလုံးသားနဲ့ ပြုစုစောင့်ရှောက်ခဲ့တာပါ၊ ငါ့ရဲ့လက်ခြေ နှလုံးသား ဒါတွေနဲ့ ငါမွေးလာတာ၊ ငါ





ကလေးဆိုလည်း မမှားဘူး၊ ငါလည်း မိဘမဲ့မွေးစားသမီးပါ ဘာမထီ၊ ဒါကြောင့် အဖေရင်း အမေရင်းတွေက တာဝန်မယူချင် အရေးမလုပ်ချင်ဘူးဆိုရင် ငါက ဖြူဥကို တစ်သက်လုံး ငါ့သမီးလို မွေးသွားမှာ"

ရွှေ့အသံလေးက တုန်ခတ်နေသည်။

"အေးပါ ရွှေလေးရယ်၊ ဒီလို နင်မွေးရမယ့် အနေအထား နင်ရခဲ့ရင် ငါက အဖေတစ်ယောက်နေရာက နေပါ့မယ်"

○ ❀ ○



www.burmeseclassic.com

www.burmeseclassic.com



(၂၀)

တစ်ဖက်လှည့်ပြီး မျက်ရည်ကို တစ်ရှူးစွန်းလေးနှ တို့သုတ်လိုက်သော ဒေဝီ့ကို ရွှေက ငုံကြည့်ရင်း ...

"ဒီလောက်လည်း စိတ်မကောင်း မဖြစ်ပါနဲ့ဟာ၊ ခု လိုအပ်တဲ့အချိန် သွေးသွင်းဖို့တွေ ဘာတွေ လိုအပ်မေ ဆိုးဆိုးဝါးဝါး ရောဂါတော့ မဟုတ်ဘူးလို့ ဆရာက ပြေ သွားတာပဲ"

"နင်ရော စိတ်မကောင်း မဖြစ်လို့လား"

ရောင်းဒ်လှည့်တဲ့ ဆရာဝန်ကြီးကို အခန်းပြင်လို တွေ့ စကားရပ်ပြောပြီး ဆရာဝန်ကြီး ထွက်သွားချိန်မှာ ပြေ လမ်းကလေးပေါ် သူတို့ရပ်နေမိကြတာ ဖြစ်သည်။

"ငါလည်း စိတ်မကောင်းဖြစ်တာပေါ့ ဒေဝီရယ်"

"အေးလေ ... နင်တစ်ယောက်တည်း စိတ်မကောင်းဖြ တတ်တယ် ထင်နေလား"





"ငါက နင်စိတ်ဖြေနိုင်အောင် ပြောတာပါ"

"မလိုပါဘူး"

ပြောပြီး ဆေးရုံခန်းတံခါးကို လှည့်ဖွင့် ဝင်သွားသော ဒေဝီ့ကို ကြည့်နေမိပြီး ရွှေနှင့် ဘာမထိ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပါသည်။ သူ ပြောချင်သလို ပြောထားသမျှတွေရဲ့ တကယ့်မူရင်း အဖြစ်အပျက် အစစ်အမှန်တို့ ပေါ်သွားတဲ့ အချိန်မှာ ဒေဝီဟာ အားလုံးကို ရှက်ကန့်ကန့်သလို ပြုမူနေပါသည်။

ရွှေ့အပေါ် ရက်ရက်စက်စက် ဓာတ်လမ်းဆင် သိမ်ညာအသရေဖျက်တယ်ရယ်လို့ ဘာမထိက ခွင့်မလွှတ်ချင်အောင် ဖြစ်နေခဲ့တာကို ရွှေ ချော့မော့နားချထားရတာ။ လက်မခံချင်ပဲ လက်သင့်ခံလိုက်ရတဲ့ အနေအထားတစ်ခုတွင် ဒေဝီ အသားမကျသေးပါ။ အားလုံးကို ရှက်ကန် ရန်လိုလျက်တည်း။

တံခါးအပွင့်မှာ အခန်းထဲ ခုတင်ပေါ်က ဖြူဥနှင့် အခန်းတွင်း ပြူတင်းပေါက်နားမှာ ခပ်ကုပ်ကုပ်လေး လက်ပိုက်ချုပ်နေတဲ့ ဖြိုးမင်းကို မြင်ရသည်။

"ဖြိုးမင်း ဘာပြောသေးလဲဟင်"

"သူများကိစ္စ စိတ်ဝင်စားမနေနဲ့၊ ကိုယ့်ကိစ္စပဲ ကိုယ်စိတ်ဝင်စားလေ မိန်းကလေး၊ ကိုယ့်အကြောင်း ကိုယ်တွေးစရာတွေအများကြီး၊ ဘယ်တော့ လက်ထပ်ကြမလဲ ... ဘာညာ"

ရွှေက ဘာမထိကို မျက်စောင်းထိုးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိချင်လို့ပါဟ၊ အဲ့ဆင်ပြေပ့ါမလား"

"ဖြိုးမင်းကတော့ အစကတည်းက တမင်တကာ ပစ်ပြေး တဲ့သူ မဟုတ်ပါဘူးဟာ၊ ဒါကို အခု ဒေဝီ့ကိုလည်း အ ပေါက်အောင် သူ တောင်းပန်နေတာပဲ၊ သူ သံယောဇဉ် ကြီးလို့ ရှာဖွေရောက်လာတာပေါ့၊ သူ့ဟာသူ မဆ မသွယ်ဘဲ တော်ရာမှာ လျှိုလျှိုလေး ပုန်းနေလည်း ဘာတ နိုင်မှာလဲ၊ နင်တောင် ဖြူဥအဖေ ဖြိုးမင်းမှန်း သိရုံလေး တစ်ခုပဲ ဘယ်မှာနေ ဘာလုပ် ဘာတစ်ခုသိလို့လဲ၊ ဖြိုးမင်း ဘက်က ဖြူဥကိုလည်း အရမ်းသံယောဇဉ် ဖြစ်နေပြီ ကြည့်လေ ... ဒီမျက်ခုံး မျက်လုံး တစ်ရုပ်တည်းကို၊ ဒေ ပဲ၊ သူ့စိတ်ထဲ ဘာရှိလဲ သူဘာဆုံးဖြတ်မလဲ ဒါပဲပေ နင့်ဒေဝီရဲ့စိတ်ကို နင်တောင် မှန်းနိုင်လို့လား"

"ဟွန်း"

"ဘာဟွန်းလဲ ... ငါ့ကို ရီးတီးယားတားတွေ လိုက်စွပ်ခွဲ မစဉ်းစားနဲ့၊ အမြဲတမ်း အချိန်တိုင်း ဒေဝီ့ကို ငါစိတ်ပူ တာ၊ စိတ်ကုန်တာ၊ နင့်အစ်မဆိုတဲ့ ပတ်သက်မှုတစ်ခု တည်းနဲ့ ငါ မျက်နှာထောက် ဆက်ဆံတာပါ"

"တီတီရွှေတဲ့ ဟော့ ..."

ဖျတ်ခနဲ တံခါးပွင့်ကာ ဒေဝီ ခေါင်းပြူထွက်လာပြီး မဲ့တဲ့တဲ့ ပြောလိုက်၍ ရွှေက ကမန်းကတန်း အခန်းထဲ ဝင်လာ သည်။





"တီတီ ... သမီး ဗိုက်ဆာတယ်"

"အမယ်လေး ဖြူဥရယ်၊ နင် ဗိုက်ဆာတာ ငါ့ကိုပြောလည်း ရပါတယ်ဟယ်၊ ဒါလေးပြောဖို့ တီတီရွှေ တီတီရွှေနဲ့ တ,နေစရာ မလိုပါဘူး"

"တီတီဒေဝီက အိုဗာတင်းဖျော်ရင်တောင် မကောင်းတာ ကို"

"ခွေးမလေး ... ငါ လုပ်ထည့်လိုက်ရင် နာဦးမယ်"

"ဟီး ... ဟီး"

ရွှေက အိုဗာတင်းတစ်ခွက်ကို အရသာရှိရှိလေးဖြစ် အောင် ဖျော်နေရင်း ပြုံးနေမိပါသည်။ ဒေဝီ့ထံက ဒီလောက်မြင်ရ ကြားရရင်လည်း ဒေဝီ့စိတ်တွေ လည်လာနေပြီဆိုတာ ရွှေ ရိပ်မိ ရပါသည်။ သူ့ချစ်သူဟာ သူ့ကို ကိုယ်ဝန်တစ်ခုနှင့် ခြေရာဖျောက် သွားသည်ဆိုတဲ့ အနာစိတ်က နဂိုညာဉ်ဆိုးလေးရှိတဲ့ ဒေဝီ့စိတ် တွေကို ခက်မာစေခဲ့တာပဲ မဟုတ်လား။ လက်ညှိုးထိုးလာမယ့် ပတ်ဝန်းကျင်ကို ကြိုကန်ကာ အတ္တကြီးစေခဲ့တာပဲ မဟုတ်လား။ ဒီကလေးကို လက်သင့်မခံချင်အောင် ပြည်ဖုံးကား ချပစ်ချင်စေခဲ့ တာ မဟုတ်လား။ သူ့ဘဝ ကျိုးကြေ မကျန်ရစ်ခဲ့ပါကြောင်း သက်သေတွေ ပြချင်စေခဲ့တာ မဟုတ်လား။ အထက်အမြင့် ဖြစ်နေရာကို မရမက တွယ်တက်ရပ်တည် အောင်လံထူနေလိုစိတ် ပေါက်စေခဲ့တာ မဟုတ်လား။ မတရားသဖြင့် ရှုံးနိမ့်ခံခဲ့ရသည် ဆိုတဲ့ အထင်အမြင်က တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ လက်ဦးအောင် ရယူဖို့ သူ့ကို တစ်ကိုယ်ကောင်းဆန်စေခဲ့တာ မဟုတ်လား။

မလှပခဲ့ပြီးသား ဇာတ်ကြောင်းတို့ကို ပိုမိုရုပ်ဆိုးအကျည်းတန်အောင် အရွဲ့တိုက်သလို ဖြစ်ခဲ့တာ အဖတ်တင်သည်။ လောကကြီးကို အတော်အတန်ရွဲ့ပြီးသောအခါ ပြန်တည့်ဖို့ဆိုမျိုးမရ ကွေးမရ အနည်းငယ် အခက်အခဲရှိပုံပင်။

သွေးသားဆိုတာက မတော်ချင်လို့ရတာတ်ပါသလား။ အခုကိုပဲ ဖြူဥ လိုအပ်ချိန်မှာ သွေးအမျိုးအစားချင်း တူနေတဲ့ ဒေဝီ့ထံကပဲ သွေးဖောက်လှူကာ ဖြူဥ ကိုယ်ထဲ ဒီသွေးကိုသွင်းထည့် စီးဆင်းစေရတာပဲ မဟုတ်လား။

"တီတီရွှေ"

"ဝေ ... ဖြူဥလေး"

"ဒီဦးဦးက ဘယ်သူလဲဟင်"

ဖြိုးမင်းက စိတ်မကောင်းသလို ပြုံးရှာသည်။ ရွှေနှင့် ဒေဝီ့ကို တစ်လှည့်စီ အားကိုးသလိုကြည့်သည်။ သူလည်း မဖြေတတ်၍ စစ်ကူရှာပုံပင်။ ဒေဝီက မကြားချင်ယောင်ဆောင် တစ်ဖက်လှည့်နေ၍ ရွှေက အပြင်းအထန် စဉ်းစားရပါသည်။ အနည်းငယ်မျှသောပတ်သက်မှု သူစိမ်းမဆန်မှုတို့ ပါဝင်သော ရည်ညွှန်းခြင်းမျိုးလည်း ဖြစ်စေလိုပါသည်။ ဒီလူဟာ သမီးနဲ့ ပတ်သက်တယ်။ ဒါကို ဖြူဥ သိစေချင်ကာ "အဖေ"လို့ တန်းပြောလိုက်ဖို့ရာတော့လည်း စောသေးတယ်လားလို့ပါ။ ဒေဝီက





လည်း ကျောပေးနေပေမယ့် ရွှေ ဘယ်လိုဖြေမလဲ စိတ်ဝင်စားစိတ်လှုပ်ရှားနေပုံရသည်။ အခန်းက တစ်ခဏ တိတ်ဆိတ်နေပြီးမှ ...

"ဒီဦးဦးက ... သမီးနဲ့ အမျိုးတော်တော့မှာ"

"ဟင် ... ဘာလို့လဲဟင်"

ဒေဝီက ပါးစပ်ကိုဟပြီး ဘယ်လိုပြောလိုက်မှာလဲဆိုတဲ့ပုံနှင့် ရွှေ့ကို စိုးရိမ်တကြီး ကြည့်သည်။

"ဘာလို့လဲ ဆိုတော့ ... တီတီဒေဝီ့ ... တီတီဒေဝီရဲ့ ... ဟို ..."

"ဟဲ့ ... ရွှေ ... နင်နော်"

"အဟင်း ဟင်း ဟင်း ... မဟုတ်လို့လား၊ နင်ကလည်း"

"ခိ ခိ ခိ ခိ ... သမီး သိပါပြီ"

ဖြိုးမင်းက ပြုံးကာ ဖြူဥ နဖူးပေါ်က ဆံစလေးကို ဖြည်းဖြည်းသပ်တင်ပေးနေလေသည်။ ဒေဝီက ရွှေ့ကို မျက်စောင်းနာနာထိုးကာ ပြေးရိုက်လိုက်ချင်သလို စိတ်တိုတို အသည်းယားယား ဖြစ်နေလျှင် ဘာမထီက တစ်ဖက်လှည့်ပြီး မသိချင်ယောင်ဆောင် ပြုံးနေမိရပါသည်။

လမင်းမိုမို

www.burmeseclassic.com

www.burmeseclassic.com



## မိဖုရားစာပေတိုက်မှ စာရေးဆရာမ လမင်းမိုမို၏ ထွက်ရှိပြီးသောစာအုပ်များ


၁။ ပုလဲတစ်ကုံး ဝတ္ထုတိုများ
နှစ်(၃၀)မြောက် အထူးထုတ်

၂။ ကောင်းကင်က ကြွေကျခဲ့ပါ ...

၃။ ချစ်သူရဲ့ လက်အစုံဖြင့် ဆူးထွင်လှည့်ပါ

၄။ ကျွန်မကမ္ဘာပြိုသောအခါ

၅။ အာဒမ်များနှင့်နံရိုးများ

၆။ ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်

၇။ တသွင်သွင်




# လမင်းမိုမို

## ချစ်ကြိုးနိုင်နိုင်ချည်

"အသည်းစိုင်မှာ...
စွဲနိုင်နိုင် အသာတိုး....
မခွဲနိုင် အဖြစ်မျိုးနဲ့...
ချစ်ကြိုးကိုတဲ့...
နိုင်နိုင်ချည်..."

www.burmeseclassic.com